# နှင်း ဂံပြာရှော်

မော်ဂျင်စော



ရှစ်လေးလုံး ပြည်သူ့အရေးတော်ပုံ နောက်ခံဝတ္ထု
www.facebook.com/NyisayEbookCreator

www.facebook.com/NyisayEbookCreator

စာအုပ်အစီအစဉ် - ၃၁

# နှင်းရိပ်ပြာမှောင်

## မောင်ရှင်စော

**ပုံနှိပ်မှတ်တမ်း**

**ပုံနှိပ်ခြင်း** - ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၁၂၊ **ထုတ်ဝေသူ** - ဦးစန်းမွန်းအောင်၊ (ငါတို့စာပေ)၊ **မျက်နှာဖုံး** - မုတ်သုံ၊ **မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်** - မိဘအေးရိပ်၊ **အုပ်ရေ** - ၁၀၀၀၊ **တန်းဖိုး** - ၂၀၀၀၊

**စာအုပ်ကတ်တလောက်အညွှန်း**

ရှင်စော၊ မောင်။ ၈၉၅.၈၃
နှင်းရိပ်ပြာမှောင်၊ မောင်ရှင်စော၊ ရန်ကုန်။
၁၇၀ စာ၊ ၁၂.၅ စင်တီ × ၁၈ စင်တီ
(၁) နှင်းရိပ်ပြာမှောင်။

အောင်ပင်လယ်စာအုပ်တိုက်
၀၉-၇၃၀၀၈၀၁၁

www.facebook.com/NyisayEbookCreator

မောင်ရှင်စောရဲ့ "နှင်းရိပ်ပြာမှောင်"ကို ဖတ်ရတယ်။ ကဗျာဆရာရေးတဲ့ စကားပြေဖြစ်လို့ မွှေးမြလတ်ဆတ်တယ်။ ဇာတ်အိမ်တည်ဆောက်မှုကလည်း သမရိုးကျ ကာလပေါ်အပေါ်စား ဝတ္ထုတွေနဲ့ ခြားနားတယ်။ တစ်ခါလာ မဲပြာပုဆိုးနဲ့ ဆီသည်မလက်သုပ်ပုဝါမဟုတ်ဘူး။ အဟောင်းထဲက ခွဲထွက်လာတဲ့ အစစ်ဖြစ်တယ်။ ခေတ်ပြိုင်ခံစားမှုနဲ့ သမိုင်းနောက်ခံ ပုံရိပ်တွေကို နှင်းရိပ်ပြာမှောင်ထဲမှာ လှလှပပ တွေ့ရတယ်။

အင်္ဂလိပ်လက်အောက်က ကျွန်တော်တို့မြန်မာနိုင်ငံဟာ ၁၉၄၈ ခုမှာ လွတ်လပ်ရေးရခဲ့တယ်။ လွတ်လပ်ရေး ရပြီး ၁၄ နှစ်အကြာ ၁၉၆၂ မှာ ပြည်သူလူထုက ဒီမိုကရေစီနည်းကျကျ ရွေးချယ်တင်မြှောက်ခဲ့တဲ့ ဦးနု (ပထစ) အစိုးရကို ဖြုတ်ချပြီး ဗိုလ်နေဝင်းက စစ်အာဏာသိမ်းခဲ့တယ်။ ၁၉၆၂ ခုကစပြီး ကျွန်တော်တို့ တစ်အမျိုးသားလုံးဟာ ဂျပန်ခေတ်ကပေါ်ခဲ့တဲ့ မျောက်သုံးကောင်မီးခြစ် Trade-mark ဒီဇိုင်းဖြစ်သွားပါတော့တယ်။ နားပိတ်၊ မျက်စိပိတ် ပါးစပ်ပိတ်ခံထားရတဲ့ ပြည်သူတွေရဲ့ ဘဝငြိမ်ဝပ်ပိပြား... တုံးအောက်ကဖားတွေလို...

ဗိုလ်နေဝင်းရဲ့ အမှောင်ခေတ်ကြမ်းထဲမှာ တစ်မျိုးသားလုံး ၂၆ နှစ်ကြာ နစ်မြောနေခဲ့ရပြီ။ ၁၉၈၈ မှာ သမိုင်းအလှည့်အပြောင်း အချိုးအကွေ့တစ်ကွေ့နဲ့ ရင်ဆိုင်ခဲ့ရတယ်။ ၁၉၈၈ မတ်လထဲမှာ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားတွေ မိမိတို့ရဲ့ ကျောင်းနယ်မြေမှာ ဆန္ဒပြခဲ့ကြတယ်။ ဗိုလ်နေဝင်းအစိုးရက ဆန္ဒပြကျောင်းသားထုကို အကြမ်းဖက်ပစ်ခတ်နှိမ်နင်းခဲ့တယ်။ ဗိုလ်နေဝင်းရဲ့ သမိုင်းမိန့်ခွန်းကတော့...

"ကျုပ်တို့ စစ်တပ်ဟာ ဘယ်တော့မှ မိုးပေါ်ကို ထောင်မပစ်ဘူး။

ပစ်ရင် တည့်တည့်ပစ်တယ်" ဟုတ်တယ် တည့်တည့်မှန်အောင် ပစ်တယ်။ တည့်တည့်ပစ်လို့ စက်မှုတက္ကသိုလ်ကျောင်းသားဘုန်းမော် သေနတ်မှန်ပြီး ကျရှုံး

www.facebook.com/NyisayEbookCreator



သွားရတာ မဟုတ်လား။ ၁၉၆၂ ဇူလိုင်မှာလည်း ကျောင်းသားထုကို ဗိုလ်နေဝင်းပဲ ပစ်သတ်ခဲ့တာပါပဲ။ "၈၈ အရေးတော်ပုံအစ စက်မှုတက္ကသိုလ်က..."လို့ပဲ ဆိုရပါ လိမ့်မယ်။ သမိုင်းခေတ်အဆက်ဆက်မှာ မီးသွေးခဲမို့ မည်းသကိုး... တို့ကျောင်းသား မို့ ရဲသကိုး... ဆိုတဲ့ ဆောင်ပုဒ်ဟာ ဝင်းလက်တောက်ပနေနေတုန်းပါပဲ။ ဘုန်းမော် ရဲ့ သွေးဟာ မီးတောက် မီးလျှံဖြစ်သွားပြီး မြန်မာနိုင်ငံ တန့်တလျားကို ကူးစက် သွားတယ်။

ဗိုလ်နေဝင်းဟာ ရာဇပလ္လင်ပေါ်က ဂျာအေးကဗျာထဲက မျောက်ကလေးလို ဆင်းပြေးခဲ့ရတယ်... မင်းဘူးဦးဩဘာသရဲ့ ဝေဿန္တရာဇာတ်ထဲက စကားလုံးကို ကျွန်တော် ပြေးပြီး အမှတ်ရမိတယ်။ ပြည်သူတင်းရင် မင်းမခံသာ... ပါတဲ့။

စက်မှုတက္ကသိုလ်ကျောင်းသားလှုပ်ရှားမှုထဲမှာ မောင်ရှင်စောကိုယ်တိုင် ထဲထဲဝင်ဝင် ရှေးတန်းက ပါဝင်ခဲ့သူဖြစ်တယ်။ ၈၈ အရေးတော်ပုံခြေရာတွေကို နှင်းရိပ်ပြာမှောင်ထဲမှာ တွေ့ရပါလိမ့်မယ်။ ဆရာဦးသိန်းဖေမြင့်ရဲ့ (အရှေ့က နေဝန်း ထွက်သည့်ပမာ) ဝတ္ထုကြီးဟာ သမိုင်းနောက်ခံ ဝတ္ထုဖြစ်တယ်။ ဗြိတိသျှနယ်ချဲ့ အင်္ဂလိပ်ခေတ်က ကျောင်းသားလှုပ်ရှားမှုနဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကို အရှေ့ကနေ ဝန်းထွက်သည့်ပမာ ဝတ္ထုထဲမှာ တွေ့ရတယ်။ နှစ် (၅၀) နီးပါး အမှောင်ခေတ်ထဲမှာ နေခဲ့ကြရတဲ့ ကျွန်တော်တို့နိုင်ငံမှာ အနုပညာအမှောင်ကျခဲ့ရတာ ဆန်းတော့ မဆန်း ပါဘူး။ သမိုင်းနောက်ခံဝတ္ထုတွေ လိုအပ်နေတာကြာပြီ။ ပွင့်လင်းမှု အရိပ်အရောင် သန်းစပြုလာပြီလို့ ဆိုသူဆိုနေကြတယ်။ ဟုတ်ကောင်းဟုတ်နိုင်ပါလိမ့်မယ်။ လမ်း ဆုံးရင် ရွာတွေ့မှာသေချာပေမယ့်။ လမ်းဆုံးကို မရောက်သေးပါ။ လမ်းတစ်ဝက် လောက်ပဲ ရောက်နေသေးတာ ဆက်လှမ်းရဦးမှာပါ...။

၈၈မျိုးဆက်ကျောင်းသားတွေလည်း ဝတ္ထုတွေရေးကြတယ်။ မင်းကိုနိုင်၊ မြအေး၊ ဂျင်မီတို့ရဲ့ ဝတ္ထုတွေထွက်လာကြတယ်။ သူတို့ရဲ့ဝတ္ထုတွေကို ရုပ်ရှင်ရိုက် ကူးဖို့ ဝယ်ကြတယ်လို့ သိရတယ်။ ဝမ်းသာရပါတယ်။ မောင်ရှင်စောလည်း ၈၈ မျိုးဆက်ကျောင်းသား တစ်ဦးဖြစ်တယ်။ သူ့ရဲ့ နှင်းရိပ်ပြာမှောင်...

မောင်သင်းနိုင်

www.facebook.com/NyisayEbookCreator

# နှင်းရိပ်ပြာမှောင်

နှင်းရိပ်ပြာမှောင်မှာ အများဆုံးတွေ့ရတဲ့ နာမည်တွေက 'မောင်'နဲ့ 'မမနှင်း' ပါ။ ဒါပေမယ့် ထူးခြားတာက (အစဉ်အလာ ဝတ္ထုတွေမျိုးနဲ့ မတူတာကို ထူးခြားတယ်ဆိုရင်ပေါ့) မောင်နဲ့ မမနှင်းတို့ဟာ သီးခြားဘဝတွေကို သီးခြားဖြတ်သန်းခဲ့ကြသူတွေဖြစ်နေတာပါပဲ။

ခေတ်တစ်ခေတ်ကို ဖော်ကြူးရာမှာ ခေတ်ရဲ့ အပြုခံအဖြစ်ကို ခေါင်းငုံ့ခံတဲ့ သရုပ်ဆောင် (Passive Character) နဲ့ လက်တုံ့ပြန်တဲ့ သရုပ်ဆောင် (Active Character) လို့ရှိပါတယ်။ ဒီဝတ္ထုမှာတော့ မမနှင်းက Passive Character မောင်က Active Character ။

မမနှင်းကတော့ Passive Character တွေရဲ့ သဘောသဘာဝအတိုင်း ခံပြင်းစရာ၊ သနားစရာ၊ ဘဝနောက်ဆုံး အဆုံးသတ်သွားပုံက မချိတင်ကဲဖြစ်စရာပါ။

မောင်ဟာ သူ့အကြောင်းသူပြောရင်းနဲ့ သူဖြတ်သန်းခဲ့ ဖြတ်သန်းနေရတဲ့ လူ့အဖွဲ့အစည်းအကြောင်းကိုလည်း ပြောပါတယ်။ မောင်ဟာ Active Character ဖြစ်တဲ့အတွက် ဒီလှုပ်ရှားမှုတွေအားလုံးရဲ့ နောက်ခံကားကြီးကို မလွှဲမသွေ ဖော်ကြူးရပါတော့တယ်။ အဲဒါကတော့ (၈-၈-၈၈) ရှစ်လေးလုံး အရေးတော်ပုံကြီး။

စာရေးသူဟာ ရှစ်လေးလုံးအရေးတော်ပုံကြီးရဲ့ ကနဦးကာလ (အာဇာနည်ဖုန်းမော်အရေးအခင်း)တွေကို ဖော်ကြူးရာမှာ ကိုယ်တိုင် အတွေ့အကြုံ (First-hand Experience) တွေကို ရေးပြတယ်လို့ ခံစားမိပါတယ်။ ဒါကိုကလည်း ဝတ္ထုကို ကြွတက်စေခဲ့တာပါ။

အောင်ပင်လယ်စာအုပ်တိုက်

www.facebook.com/NyisayEbookCreator



ဒီဝတ္ထုကို ဖတ်ရင်းနဲ့ ဆရာဇန်းမော်တင်အောင်ရဲ့ နောက်ဆုံးအမှာစကားကို သတိရမိသွားတယ်။ "လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူဖြတ်သန်းခဲ့တဲ့ ခေတ်ကြီးက သူ့ပခုံးပေါ်ကို တင်ပေးလိုက်တဲ့ တာဝန်ကို သူဘယ်လောက်ထမ်းနိုင်တယ်ဆိုတဲ့ အပေါ်မှာ တည်တယ်" ဆိုတဲ့စကား။

အခုလည်း သူဖြတ်သန်းခဲ့တဲ့ခေတ်ကြီးက သူ့ပခုံးပေါ်တင်ပေးလိုက်တဲ့ တာဝန်ကို တတ်စွမ်းသရွေ့ ထမ်းခဲ့တဲ့ မောင်နဲ့ သူ့ရဲ့ဘော်ရဲဘက်တွေအကြောင်းကို ဖတ်ရင်းနဲ့ စာဖတ်သူကိုယ်တိုင်လည်း ကိုယ့်လမ်းကြောင်းကိုကိုယ် ပြန်ကြည့်ရင်း…

ကျေးဇူးတင်ပါတယ် မောင်ရှင်စော။

ဇော်ဝင်းကို

www.facebook.com/NyisayEbookCreator

မောင်ရှင်စော၏ "နှင်းရိပ်ပြာမှောင်"သည် မခြောက်သွေ့၊ စိုပြည်လတ်ဆတ် စိမ်းမြလွန်းလှ၏။

ထင်ပင် မထင်ထား။ ရင်မှာ စွဲငြိသွားရသည်။

ထို့ပြင်...။

မောင်ရှင်စော၏ အရေးအသားနှင့် ခံစားချက်များသည် ရိုးသားခြင်းကို ထွင်းဖောက်မြင်နေရ၏။ လျှပ်ပေါ်လော်လီပြီး ကူလီကူမာများမပါ။ ဟန်ဆောင် ခံစားချက်များမရှိ။ ပကတိ ခံစားပုံရိပ်များ။

သို့သော်...။ ကျွန်တော့်ကို "မလှိုင်မြို့သား"ဟု ရေးထားသည်ကို ကျွန်တော် မကြိုက်။ "မလှိုင်မြို့နယ်က မြောက်ကုန်းရွာသား "တောသား"ဟု ဖော်ပြရေးသားမှ ကျွန်တော်က ကျေနပ်သူ...။ ဒါကို သူမသိခဲ့။

"ရစ်ဆယ့်ရှစ်အရေးတော်ပုံ"နှင့် ပတ်သက်၍ သူအစချီပြီး ချယ်မှုန်းသွားပုံမှာ သူ့ဇာတ်လမ်းအရ အကွက်စေ့၏။ အပိုအလိုမရှိ မှတ်တမ်းမဆန် ဇာတ်လမ်းဆန်ဆန် သူဖော်ညွှန်းသွားသည်။ ကြိုက်၏။ (တစ်နေရာတွင် အကြောင်းအမျိုးမျိုးကြောင့် တည်နေရာလွဲထား၏။ သဘောတူပါသည်။)

ဖြစ်စဉ်အမှန်တစ်ကွက်တော့ သူမေ့လျော့သွားခဲ့သည်။

ထိုနေ့က ၁၉-၉-၁၉၈၈။

မောင်ရှင်စော၏ ဇာတ်ကောင် "မောင်"ရယ်... ကျွန်တော်ရယ်... ဆရာကိုငွေးသိန်းနဲ့လှည်းတန်းက ကိုသီဟတို့ရယ်... ဆူးလေလမ်းကနေ ကမ်းနားလမ်း အတိုင်းပတ်ပြီး လှည်းတန်းကို ခြေလျှင်လျှောက်ခဲ့ကြစဉ်က...။

ကမ်းနားက ဂိုဒေါင်တွေကို လူအချို့က ဖောက်ထွင်းနေကြတော့ သေနတ်သံများက တဒိန်း...ဒိန်း...။

www.facebook.com/NyisayEbookCreator



ကျွန်တော်တို့ ရောက်သွားတဲ့အခါ သေနတ်သံတဒိန်းဒိန်းတွေကြောင့် ကျွန်တော်နှင့်မောင်က ပြယာခတ်ပြီး ညောင်ပင်ကြီးကို ကျည်ကွယ်မျက်ကွယ် အဖြစ် အမြန်နေရာယူ ပုန်းကွယ်လိုက်စဉ်မှာပဲ ဝန်ထမ်းတန်းလျားထဲက အဖွား အရွယ် အမျိုးသမီးကြီးတစ်ယောက်ရဲ့ အသံတစ်သံက ထိတ်လန့်တကြားနှင့် အော်ဟစ်လိုက်သည်…။

"ဟဲ့… ကလေးတွေ… နင်တို့နောက်က ပစ်နေတာဟဲ့…"

ကျွန်တော်တို့ ပြာသွားသည်။ ညောင်ပင်ကြီးကိုပတ်၍ အမြန်ပုန်းရှောင် လိုက်ရသည်။

ယခုခေတ်တွင်တော့…

ကျွန်တော်တို့ နောက်ကျောမှ သေနတ်များဖြင့် ပစ်ခတ်ခြိမ်းခြောက်မှုများ ကင်းစင်သွားလိမ့်မည်ဟု ထင်မြင်ယူဆရင်း…။

ညိုထွန်း
၁၉.၁၀.၁၂

www.facebook.com/NyisayEbookCreator



အသည်းနှလုံးကို မီးတင်၍ ဝတ္ထုရေးသူထဲ၌ မောင်ရှင်စော အပါအဝင် ဖြစ်သည်။ သူ့အကြောင်းကို အတွင်းသိ အစင်းသိ ဖြစ်၍ နာကြင်ကြေကွဲရသူများထဲ၌ ကျွန်တော်လည်း အပါအဝင် ဖြစ်ပါသည်။

သူ့ဝတ္ထုကို ကောင်းသည်ဟု ကျွန်တော် မပြောလိုပါ။ ရက်စက်လွန်းသည် ဟူ၍သာ ပြောချင်ပါသည်။

အောင်ကျော်ဆန်း
၁၉-၁၀-၁၂

www.facebook.com/NyisayEbookCreator



## မဆုံးသေးတဲ့နှင်းရိပ်ပြာမှောင်

မောင်ရှင်စောဆိုတဲ့ လူဟာ ကွဲကြေသွားခဲ့တဲ့ ကြေးမုံတစ်ချပ်ကို တစ်စစီ ပြန်ဆက်ပြီးမှ ကြေသမျှ ကွဲသမျှ တဆစ်ဆစ်နာကြင်ခဲ့သမျှကို နောက်တစ်ခါ နာအောင် ပြန်ခွဲပြနေတဲ့သူပဲ။

သတိရစရာ၊ အောက်မေ့စရာ၊ တမ်းတစရာ၊ ကြေကွဲစရာတွေ အဟောင်းတွေ အဟောင်းတွေ... အကုန်လုံး အသစ်ပြန်ဖြစ်ကုန်ပါရောလား။

သူ့ဝတ္ထုတစ်ပုဒ်လုံးဟာ ကြေကွဲစရာတွေချည်းပဲ။ ကြေတာကွဲတာတွေချည်း ရေးထားတာကိုး။

ကျွန်တော်တို့အဖို့မှာ နှစ်ခါကွဲတဲ့အသည်း မနာဘဲရှိမလားလို့ မေးရတော့မယ့်ပုံ၊ ဇာတ်ကောင်တွေကလည်း စုံလိုက်တာ။ စာဖတ်တဲ့ လူတွေမှတ်မှ မှတ်မိပါ့မလား။ ချက်ကော့ဗ်၊ ရဲ့ စည်းကမ်းကို ဖောက်ပြီး နံရံမှာချိတ်ရုံချိတ်ပြီး ပစ်မသွားတဲ့ သေနတ်တွေ အများကြီးပဲဗျ။

(ကိုယ့်ဆရာရေ... အဲဒီသေနတ်တွေ ဘာဖြစ်သွားလဲဗျ၊ ဟင်...။)

သူ့ဝတ္ထုက ဆုံးမှ မဆုံးသေးဘဲ။ ဆက်စရာတွေ ကျန်နေသေးတယ်။

ဆက်နိုင်မင်း

www.facebook.com/NyisayEbookCreator



မောင်က မောင်ရှင်စောရဲ့ နှင်းရိပ်ပြာမှောင် ဇာတ်ကောင်ပေါ့...။ တကယ်တော့ မောင်ဟာ မောင်ရှင်စောကိုယ်တိုင်ဖြစ်တယ်။ ကျွန်တော်လည်း ဖြစ်တယ်၊ ခင်ဗျားလည်း ဖြစ်တယ်။

ကျွန်တော်တို့ ခေတ်ရဲ့ ဇာတ်ကောင်ပေါ့။ မောင့်မှာ သူ့ကိုယ်ပိုင်ဘဝရှိသလို အများနဲ့ဆိုင်တဲ့ဘဝလည်းရှိတယ်။ အများနဲ့ဆိုင်တဲ့ဘဝဆိုတာ ကျွန်တော်တို့ ၈၈ မျိုးဆက်တွေရဲ့ ဘဝပေါ့။ အဲဒီတုန်းက မောင့်အသက်က နှစ်ဆယ်ကျော် အခု ကျွန်တော်တို့ အသက်က (၄၀) ကျော်။

ဩော်... ခေတ်ကြီးတစ်ခုဖြတ်ခဲ့ကြပေါ့...။ မောင့်ကို ဖတ်ရင်း အနှစ် (၂၀) ကျော်လောက် ပြန်ငယ်သွားတယ်။ မမနှင်း တွေကို သတိရတယ်။ ၈၈ ကို သတိရတယ်။ ဒီအတွက် မောင်နဲ့ မောင်ရှင်စောကို ကျေးဇူးတင်ပါတယ်။

မောင်တင်သစ်

၂၂·၁၀·၁၂

နှင်းရိပ်ပြာမှောင်ကို ဖတ်ရသည်မှာ ကျွန်တော်တို့ ငယ်ဘဝမှ ယခုအရွယ်ရောက်ပြီးချိန်ထိ ကာလကို တစ်ကွက်ချင်း တစ်ချပ်ချင်း ခင်းကျင်းပြသထားသော ဓာတ်ပုံပြပွဲ၊ ပန်းချီပြပွဲများ ကြည့်ရသလိုပင်ဖြစ်သည်။ မမနှင်းကား တစ်ပါတီအာဏာရှင်ခေတ် စနစ်အတွင်း ကျင်လည်ရသော အနိမ့်ခံ အစော်ကားခံပြည်သူကို ကိုယ်စားပြုသူ၊ မောင်မောင်ကား မတရားမှု မှန်သမျှကို ခေါင်းငုံ့မခံတတ်သူ၊ အမှန်တရားအတွက် ရဲရဲဝံ့ဝံ့တိုက်ပွဲဝင်ခဲ့သူ ရှစ်လေးလုံး အရေးတော်ပုံမျိုးဆက် ကျောင်းသား ခေါင်းဆောင်။

မမနှင်းကို သနားစာနာစိတ်၊ ချစ်စိတ်တို့ ယိုဖိတ်ခဲ့ရာမှတစ်ဆင့် မတရားမှု၊ အနိုင်ကျင့်စော်ကားမှုတို့ကို မုန်းတတ်သည့် မဟုတ်မခံ မောင်မောင်တို့မျိုးဆက် ပေါ်ထွက်လာခဲ့သည်ဟု ကျွန်တော်ယူဆသည်။ ဤလောကတစ်ခွင်တွင် မတရားမှု၊ နှိပ်စက်ညှင်းပန်းမှု၊ အမြင်ကျဉ်းမြောင်မှုတို့မကုန်ခမ်း မပပျောက်သေးသရွေ့ ကိုဝေလွင်တို့ မောင်မောင်တို့လို ကျောင်းသားမျိုးဆက်တွေ တစ်ယောက်ပြီးတစ်ယောက် ပေါ်ပေါက်နေဦးမည်ပင်...

နှင်းရိပ်တို့က ပြာမှောင်ရီဝေနေဆဲ...။ မမနှင်း၏ ဒုက္ခများကား အဆုံးသတ်သွားပြီဟု ကျွန်တော်မထင်၊ ကျောက်စွန်းပေါ်မှ ခုန်ချသွားသော မမနှင်း၊ သူမခံစားရသောဒုက္ခဝေဒနာများလည်း ပြီးဆုံးသွားပြီဟုလည်း ကျွန်တော်မယူဆ။ ခံစားရခက်မှုများ၊ လောကဓံ၏ မျက်နှာသာမပေးမှုများကို ပင်ပန်းကြီးစွာ ကြမ်းတမ်းသောမုန်တိုင်းကို ဖြတ်ကျော်သွားလာနေဆဲ မမနှင်းတွေ မည်မျှကျန်ရှိနေပါသနည်း...။ နှင်းရိပ်တို့ ပြာမှုန်ရီဝေနေသေးသရွေ့ မောင်မောင်တို့မျိုးဆက်နှင့် နောက်မျိုးဆက်သစ် ကျောင်းသားများ၏ တာဝန်တို့ကား ပြီးဆုံးသွားလိမ့်မည် မထင်ချေ...

ကျော်ကိုကို
ဇကာသများအဖွဲ့ချုပ်

www.facebook.com/NyisayEbookCreator



ဝမ်းနည်းသလို
လွမ်းစိတ်တို့နဲ့လွမ်းမောမိပါတယ်
မောင်ရှင်စောဟာ
သွေးအေးအေးနဲ့ ရယ်မောတတ်သူလားလို့
ကျွန်တော်က မေးမိမှာမဟုတ်ဘူး
သူက ကျွန်တော်တို့ပါပဲ…

ဟိန်းမြတ်ဇော်

www.facebook.com/NyisayEbookCreator

# အခန်း (၁)

ဝန်းကျင်တစ်ခို နှင်းတို့ဖြင့် ပြာမှောင်သည်။

စိမ်းညို့မှိုင်းရီသော တောတောင်တစ်ကြောတွင် တောင်ခိုးတို့က ပိုးချည်ဖောက်လျက်ရှိ၏။ နှင်းငွေ့ရိုက်ထားသဖြင့်ဖုန်မှုန့်တို့ သိပ်သည်းကျစ်လျစ်ကာ တောင်ပေါ်လမ်းကလေးမှာ ဖြူးဖြူးဖြောင့်ဖြောင့် ရှိလှသည်။

နားနှစ်ဖက်နှင့် လက်အစုံတို့အေးစက်ထုံကျင်နေသော်လည်း အာလူးကျောက်သေးသေးလေးများအပေါ်တွင် မလဲအောင် သတိထားနေရသည်မို့ခြေထောက်တို့ကတော့ သွေးပူနေကြပြန်သည်။ တောင်ကုန်းမို့မို့၏ ထိပ်ဖျားသို့ရောက်ခါနီးတွင် ကောင်းကင်ကို တိမ်အဆုပ်အခဲတို့ အနှောင့်အယှက်ဖြင့် မြင်ရသည်။ တောင်ကုန်းထိပ်၏ ဟိုဘက်အခြမ်းသည်ကား ဆင်ခြေလျှော မဟုတ်တော့ချေ။ ချင်းတွင်းမြစ်၏ ရေအလျဉ်က ဓားနှင့်တိကနဲ ပိုင်းချလိုက်သကဲ့သို့ ချောက်ကမ်းပါး၌သာ လမ်းဆုံးရ၏။

ဤနေရာ၌ ကမ်းပါးစွန်းမှာ မတ်စောက်လှသည်။ ကြီးမားသော ကျောက်စွန်းကြီးတစ်ခုမှာ မြစ်ဘက်သို့ ငေါထွက်နေသည်။ ကမ်းပါးစွန်းထိ သွားရသည့်အခါ တစ်ချက်တစ်ချက် ခြေချော်ကျမှာပင် စိုးရိမ်နေရသည်။ လေတိုက်စားပါများလွန်း၍ နုံနဲ့ပွယောင်းသော သဲကျောက်လွှာများ တဖြည်းဖြည်း ကွာကျရာမှ ပြောင်ချောနေသော အောက်ခံကျောက်သားများပေါ်တွင် ဘာပင်မှလဲ မပေါက်ရောက်တော့ချေ။

ကျောခိုင်းထားရာ လမ်းသွယ်ကလေးမှအပ ကျန်နေရာ အရပ်ရှစ်မျက်နှာ အားလုံးသည် အထီးကျန်ကျန် ဗလာဆန်လျက်ရှိ၏။ ကမ်းပါးစွန်း၌ ရပ်လိုက်လျှင် ဟင်းလင်းပြင်တစ်ခုထဲသို့ လွင့်မျောရောက်ရှိနေသလား ထင်ရသည်။ ဟူးဟူး

www.facebook.com/NyisayEbookCreator



ရားရား တိုက်ခတ်နေသောလေသည် နာနာဘာဝတို့၏ တံပိုးခရာမှုတ်သံတို့ဖြင့် လူတစ်ကိုယ်လုံး ပွေ့ချီသွားမည်လား ထင်ယောင်မှားရ၏။ အောက်ဘက်တွင်မူ ချင်းတွင်းမြစ်ရေသည် တသွင်သွင် စီးဆင်းမြဲ၊ တစ်လုံးနှင့်တစ်လုံး ထိပ်ပုတ် ခေါင်းပုတ်ဖြင့် တလိမ့်လိမ့် လိမ့်ဆင်းလာသော လှိုင်းခေါင်းဖြူများသည် ဤကမ်း ပါးစွန်းသို့ ရောက်လျှင် တစ်ခွေ နှစ်ခွေ ရစ်ခွေကာ ဝဲကတော့များ ဖန်တီးမြဲ၊ အောက်ခြေကမ်းပါးစွန်းအား ရေပန်းဂယက်တို့ဖြင့် ပွေ့ဖက်ကုတ်ခြစ်မြဲ၊ ဖွားခနဲ ဖြန်းခနဲ အလုံးခပ်ထွားထွား ရေပေါက်ရေစက်များကတော့ ကမ်းပါးစွန်းနှင့် မီလုမီခင်ထိ ခုန်တက်လာကာ လေထဲ၌ ကိုယ်အသာဖော့၍ တစ်ကျော့ နှစ်ကျော့ တေးသီရင်း ကြည်လင်သော မြစ်ရေထဲသို့ ပြန်လည်ခုန်ချ ရောနှောစီးဆင်းသွား ကြစမြဲပင်။

အောက်သို့ ငုံ့ကြည့်လိုက်လျှင် အစွယ်ငေါငေါနှင့် ထိုးထောင်စီတန်းနေ သော ကျောက်စွန်း ကျောက်စများကို စီးဆင်းနေသည့် ရေကြည်မြ၌ အထင်းသား မြင်ရသည်။ ဤနေရာသည် ချင်းတွင်းမြစ်၏ အကျဉ်းဆုံးနေရာများ ဖြစ်နေလေ သလား။ အခြားသူတို့အတွက် ဤကမ်းပါးစွန်းသည် ချင်းတွင်းမြစ်၏ မြစ်ကျဉ်း တစ်ခုပေါ်တွင် မိုး၍ထားသော သာမန်အငူတစ်ခုပင် ဖြစ်သော်လည်း သူတို့နှင့်ခြား နားသည်မှာ ဤကမ်းပါးစွန်းအား တံခါးတစ်ချပ်သို့မဟုတ် တံတားတစ်စင်းဟု လည်း မောင်ကတော့ ထင်ယောင်သည်။

သံကြိုးအထပ်ထပ်တုပ်နှောင်၍ လေးလံဖိစီးလျက်ရှိသည့် ဘဝ၏ စုံစီ နဖာသော ဒုက္ခသုက္ခများကို ဝုန်းကနဲ ဖြုတ်ချကာ သည်တံခါးကိုသာ ဖွင့်လိုက်လျှင် မျောလွင့်နေသော တိမ်မျှင်တန်းတို့က လက်ကမ်းကာ ကြိုဆိုကြမည်လား။ လွင့်စင် လာသော အသက်ဝိညာဉ်သည် လေထဲ၌ တရွေ့ရွေ့ပျံသန်းနေကြသော ဖြူလွလွ ငှက်အုပ်နှင့်အတူတူ လိုက်ပါစီးနင်းသွားနိုင်သလို ဟိုဘက်ကမ်းဆီမှ စိမ်းစိုသို သိပ်၍ သစ်တောများဝန်းရံသော တောင်ကျောမြပြာသာဒ်၌လည်း တစ်ခဏ ခိုနားနိုင်သေးသည်။

ဤကျောက်စွန်းကား တစ်စုံတစ်ယောက်သောသူအတွက် သေခြင်းနှင့် ရှင်ခြင်းအကြား ယှက်နွယ်ဖြောင့်စင်းသည့် တံတားတစ်စင်း ဖြစ်ခဲ့ပေလိမ့်မည်။ ဝဲတက်လာသော မျက်ရည်နွေးနွေးတို့အား မောင်ကတော့ မသုတ်ရက်ပါလေ။ ဆို့နင့်ကြေကွဲခြင်းဆိုသည်မှာ တဒင်္ဂမျှသာ ဖြစ်ပေါ်သည့် စေတသိက်တစ်ခု ဖြစ် သော်လည်း ထိုစေတသိက်ဖြစ်ပေါ်လာစေရန် အကြောင်းဖန်လာသည့် လွမ်းဆွတ် ဝမ်းနည်းဖွယ် အချက်အလက်တို့မှာကား ရေတွက်လို့မကုန်နိုင်အောင်ပင် များပြား လှပါသည် မမနှင်း။

www.facebook.com/NyisayEbookCreator



ဆယ်နှစ်ကျော်ကျော်ကာလအချိန်ရောက်ခါမှ မမနှင်း တွန်းဖွင့်ခုန်ချခဲ့ရာ ဤတံခါးပေါက်အား အသာခေါက်ရုံခေါက်ရန် လာရောက်ခဲ့သော မောင်မောင်ဆိုသည့် ငမိုက်သားအား နောင်ဆယ်ဘဝထိ မမနှင်း ခွင့်မလွှတ်ပါလေနှင့်။ သေခြင်းတရားဟူသည် မောင်နှင့်မသက်ဆိုင်သော အရာရယ်လို့ တစ်ဘဝလုံး အဝေးကြီးကို တွန်းပို့ထားသော်လည်း တစ်နည်းအားဖြင့် သေရန်အဆင်သင့် မဖြစ်သေးဟု မောင့်ကိုယ်မောင် ယူဆထားသော်လည်း မဆိုစလောက်တော့ဖြင့် မောင်ထိတ်လန့်ပါသည်။

မမနှင်းကတော့ သေခြင်းတရားထက်ပိုသည့် လောကဓံ၏ တစ်ဖက်စောင်းနင်း ကြိတ်ခြေခြင်းများကို မောင့်ထက် ခံနိုင်ရည်ရှိခဲ့ပါလျက် သည်လမ်းကိုမှ ဘာကြောင့်ရွေးချယ် သက်ဆင်းခဲ့ရပါသလဲ။ သေမင်း၏ သွေးဆောင်ဖျားယောင်းမှုကို ဘာလို့များ အဆောတလျှင် မငြိုငြင် မငြင်းဆန်ခဲ့ရပါသလဲ။ သည့်အတွက်တော့ဖြင့် မောင်က မမနှင်းကို တဆိတ် အပြစ်တင်စိတ်ကွက်လိုက်ချင်သည်။

ဤတံခါးကို တွန်းဖွင့်ဖို့ မမနှင်း ဘယ်လောက် စိတ်ပြတ်တောက်ခဲ့ရမည်ကို မောင်သိချင်ပါသေးသည်။ မောင်ဘယ်တော့မှ ကြားရမည်မဟုတ်သော ဤကမ်းပါးစွန်းမှ မမနှင်း၏ သိစိတ်နှင့် မသိစိတ်တို့၏ လွန်ဆွဲပွဲကို မောင်နားထောင်ချင်ပါသေးသည်။ ဤကမ်းပါးစွန်းအား မမနှင်းဘဝ၏ နောက်ဆုံးခြေရာချခဲ့ရာ ခရီးဆုံးမှတ်တိုင်အဖြစ် ဘာကြောင့်ဆုံးဖြတ်ခဲ့ရပါသလဲဟု မောင်ကသိလျက်နှင့် တမင်ရန်တွေ့ချင်ပါသေးသည် မမနှင်း။

ယခု မောင့်အသက် သုံးဆယ်ကျော်သော အချိန်အထိ အစအဆုံးတစ်ခါမှ မရွတ်ဆိုခဲ့ဘူးသော ပရိတ်တရားတော်တို့ကို မမနှင်းအတွက် မောင်ရွတ်ဖတ်ပါတော့မည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်က ဤနေရာ၌ ဘဝတစ်ပါးသို့ပြောင်းသွားရာခဲ့သော မမနှင်းအတွက်ရည်စူး၍ ယနေ့မနက်တွင် သံဃာတော်တို့အား ဆွမ်းများကပ်လှူ၍ သပိတ်သွတ်ခဲ့ပြီးလည်း ဖြစ်ပါသည်။

မောင်ပြုသမျှ ကုသိုလ်ကောင်းမှုတို့အတွက် မမနှင်း ရောက်ရာဘဝမှ သာဓုခေါ်ပါလေတော့၊ ဘဝဟောင်းအား ငဲ့စောင်း၍မျှပင် မကြည့်လိုပါနှင့်တော့၊ ဒုက္ခဆင်းရဲခြင်းအပေါင်းနှင့် မတွေ့ဆုံမကြုံကြိုက်ရသော ရုပ်ခန္ဓာ၌သာ ကပ်ငြိမှီတွယ်ရသော ဘဝအဖြစ် အသစ်တစ်ဖန်ပြန်လည်မွေးဖွားခွင့် ရပါစေတော့။

နှင်းတို့ကဖြင့် ပြာမှောင်လွှန်းလှပါသည်လေ။

# အခန်း (၂)

ဘဝဟူသည် ရှုပ်ထွေးကွေ့ကောက်သော ကြောင်လိမ်လှေကားသဖွယ် ဟု ဆိုငြားအံ့၊ ထို လှေကား၏ အတက်အဆင်း လမ်းထောင့်ချိုးတစ်နေရာ၌ ခလုတ် တိုက်မိကြသော လူနှစ်ဦးမှာ မောင်နှင့် မမနှင်းပင်ဖြစ်ပေလိမ့်မည်။

ဆုံစည်းခဲ့ရသော လေးငါးနှစ်တာ ကာလသည် အကြာကြီးဟု ထင်စရာ ရှိသော်လည်း လူ့သက်တမ်းနှင့် နှိုင်းယှဉ်လိုက်ပါက မေ့မည်ဆိုလျှင်ပင် ကောင်း ကောင်းကြီး မေ့နိုင်အားသော အချိန်ပင်တည်း။ သမုဒ္ဒရာ ရေမျက်နှာပြင်တွင် တဒင်္ဂသာ ပွက်ထလာသည့် ရေပွက်ပမာ ဘဝဝယ် တွေ့ဆုံချိန်နှင့် ခွဲခွာချိန်တို့ သည်သာ မှတ်မှတ်ထင်ထင်ရှိကြချေ၏။ မောင်နှင့် မမနှင်းတို့ တွေ့ဆုံကြုံ ကြိုက် ကြပုံမှာ သာမန်ဖြစ်ရိုးဖြစ်စဉ်တို့နှင့် ထူးမခြားနားလှသော်လည်း ကွဲကွာခဲ့ကြရပုံ မှာတော့ တစ်လောကလုံး ပြောင်းဆန်သွားအောင်ပင် ထူးခြားနာကျင်ခဲ့ရပါသည် မမနှင်း။

ထိုတစ်ည။

ထိုတစ်ညကို မောင်မှတ်မိနေပါသေးသည်။ မောင့်ရင်ထဲ၌ သိုဝှက် သိမ်းဆည်းထားသော ထာဝရမေ့ပျောက်၍ မရနိုင်သော အတွေ့အကြုံ၊ အချက် အလက်များထဲတွင် ထိုတစ်ညသည် ကြီးစွာသော ဖိစီးမွန်းကြပ်မှုတို့ဖြင့် အိပ် မက်တို့၌လည်း အဖန်တလဲလဲ နှောင့်ယှက်တတ်၏။

ထိုတစ်ညအား မောင့်မှတ်ညဏ်များထဲမှ အကြိမ်ကြိမ် အဖန်ဖန် နှင် ထုတ် မေ့ဖျောက်သော်လည်း နှလုံးသည်းပွတ်၌ စူးနစ်ဝင်ရောက်နေသည့်ကျောက် ဆူးချွန်ပမာ တည်မြဲလျက်ပင်တည်း။

www.facebook.com/NyisayEbookCreator



ထိုညကား လမိုက်ညဖြစ်သည်။ ကောင်းကင်၌ ကြယ်တစ်ပြောက်စ၊ နှစ်ပြောက်စသာ တိမ်ပုပ်များကြား နစ်ဝင်လျှက် ရှိ၏။ လေအသွေးတွင် ညမွှေးပန်းတို့၏ ရနံ့ဖြင့် ညသည် အိန္ဒြေရလျက်ရှိ၏။ သို့သော်လည်း ထိုငြိမ်သက်မှုမှာ မုန်တိုင်း မဆင်မီ ဖြစ်လေ့ရှိသော ပင်လယ်၏ ငြိမ်သက်မှုမျိုးပင်၊ သုခဘုံနှင့် ငရဲခန်းတို့အကြား ခြားနားထားသည့် အနက်ရောင် ခန်းဆီးစတစ်ခုပင် ဖြစ်၏။ ဘာ့ကြောင့် ဤခန်းဆီးစကို ထိုညက မောင်လှစ်ဟကြည့်ခဲ့မိပါသနည်း။ မမြင်အပ်သော လောက၏ အနိဋ္ဌာရုံတို့အား မောင့်မှတ်ဉာဏ်တွင် ကျောက်ချစွဲထင်မိအောင် အဘယ်နတ်ဆိုးတို့က တိုက်တွန်းနှိုးဆော်ခဲ့ပါသနည်း။

ပစ္စည်းများ လဲပြိုကျသံ ခပ်အုပ်အုပ်က တိတ်ဆိတ်နေသော ညကို လက်တို့၍ အသာနှိုးလိုက်သည်။ အသံတို့မှာ မမနှင်းတို့ တိုက်အိမ်ကြီးဆီမှ ဝေ့ဝဲလွင့်ပျံ၍ လာ၏။ စူးစမ်းလိုသော စိတ်တို့က မောင့်အား စေ့ဆော်ခဲ့လေသလား၊ ထူထဲနက်ရှိုင်းသည့် အမှောင်ထုကပင် မောင့်အား ဖမ်းစားခဲ့လေသလားမသိ၊ ညကြီးမင်းကြီးမှာပင် မောင့်ခြေလှမ်းတို့နှိုးထခဲ့ရ၏။ စာကျက်စရာလည်းမရှိ၊ အိပ်လို့လည်းကောင်းကောင်းမပျော်သည်ဖြစ်ရာ၊ မမနှင်းတို့ တိုက်အိမ်ကြီးရှိရာခြံဝန်းကျယ်ထဲသို့ မောင်တစ်ယောက်တည်း ကူးလာခဲ့မိသည်။ မမနှင်းတို့ တိုက်ခေါင်းရင်းမှ ဂေါ်သဇင်ပန်းရုံကြီးအောက် မရောက်မီမှာပင် တိုက်အိမ်ကြီးဆီမှ ဗုန်းဗုန်းဒိုင်းဒိုင်းအသံများကို မောင်ကြားလိုက်ရပြီး ခြောက်ခြားဖွယ်မဲမှောင်နေသည့် ပန်းရုံကြီးအောက်မှာ မောင်အကြာကြီးရပ်နေမိသည်။ မမနှင်းတို့တိုက်ကြီးဘက်ကို ဆက်သွားရကောင်းနိုး၊ မောင်တို့အိမ်ဘက် ပြန်ကူးရကောင်းနိုးဖြင့် မောင့်စိတ်တို့ ထွေပြားခဲ့သည်။

ထိုအချိန်မှာပင် အာခေါင်ခြစ်၍ ငယ်သံပါအောင်အော်လိုက်သော မမနှင်း၏ အသံကြောင့် မောင့်နှလုံးသွေးတို့ ရပ်တန့်၍ မောင့်ငယ်ထိပ်တို့ မြွေဆိပ်တက်သည့်ပမာ လှုပ်ရှားတုန်ယင်သော စိတ်တို့ဖြင့် မမနှင်းတို့အိမ်သို့ မောင်အပြေးတစ်ပိုင်းလာခဲ့မိတော့သည်။

အေးစက်တိတ်ဆိတ်နေသည့် ညသည် တစ်လောကလုံးအား အမှောင်ဖြင့် ညို့ယူဖြားယောင်းထားသော်လည်း မောင့်နဖူးပြင်၌ ချွေးစက်တို့ သီးခိုနေသည်။ မောင့်ခြေဖဝါးနှစ်ဖက်၌လည်း ဖိနပ်တို့ မပါတော့ချေ။ ဘောင်းဘီ အနားစတို့မှာ ရွှံ့ဗွက်တို့ဖြင့် လူးပေလျှက်ရှိ၏။ တိုက်ကြီးထဲမှ ဗလုံးဗထွေး ထွက်ပေါ်လာသော အသံများ တဖြည်းဖြည်း သဲကွဲလာလေလေ မောင့်နှလုံးခုန်သံတို့တဒုန်းဒုန်း ပြင်းထန် လာလေလေတည်း။

"အရှက်မရှိတဲ့ကောင်မ" "လင်တရူးမ" "ငါတို့တစ်မျိုးလုံးကိုအရှက်

www.facebook.com/NyisayEbookCreator



ခွဲတဲ့ကမြင်းမ'' မေမေကြီး၏ ကြိမ်းမောင်းဆဲဆိုသံများသည် ပြတင်းတံခါးဝမှ ဖိတ်အံကျလာကာ မောင့်အား အံ့ဩမင်တက်သွားမိစေခဲ့သည်။ မောင်ဘာကိုမှန်း မသိ ကြောက်သလိုလို၊ ရွံ့သလိုလို၊ ရှက်သလိုလို ထွေပြားသည့် စိတ်တို့ဖြင့် ပြတင်း ပေါက်ဆီသို့ အသာကပ်ကာ သံတိုင်တို့ကြားမှ တိုက်ကြီးထဲသို့ ချောင်းကြည့် လိုက်သည်။

မမနှင်းသည် သမံတလင်းပေါ်တွင်လဲလျက်၊ အဝတ်အစားတို့မှာ ဖရိုဖရဲ စုတ်ပြဲလျက်၊ ကျွတ်နေသောထဘီကို လက်တစ်ဖက်ဖြင့် စုကိုင်၍ အခြားလက်တစ် ဖက်ဖြင့် ကျရောက်လာမည့် ပြစ်ဒဏ်တို့ကို ခုခံတားဆီးလျက်ရှိ၏။ မေမေကြီး သည် သူ၏ သန်မာသောလက်ချောင်းများဖြင့် မမနှင်း၏ ဆံပင်တို့ကို ရစ်ပတ်ဆွဲ ဆောင့်ရင်း နောက်လက်တစ်ဖက်ဖြင့် မမနှင်း၏ နားအုံနားရင်းတို့ကို အားကုန် ထုရိုက်နေ၏။

မမနှင်း၏ ဖြောင့်စင်းသည့်ဆံနွယ်တို့မှာ မျက်ရည်တို့ဖြင့် လုံးထွေးစေး ကပ်လျက်၊ ပြူးထွက်နေသော မျက်လုံးများမှာ ကူကယ်ရာမဲ့လျက်၊ သွားရည်များ၊ ချွေးများနှင့်အတူ နှုတ်ခမ်းထောင့်ကွဲရာမှ သွေးစအနည်းငယ်နှင့်ရပ်ပျက်ဆင်းပျက် ဖြစ်နေရှာသည်။

''မိနှင်း ကောင်မပြောစမ်း၊ ညည်းအရှုပ်ထုပ်ကို အခုဖြေစမ်း၊ ငါ ဒီလောက် ဆုံးမနေတဲ့ကြားက၊ မိုက်လုံးကြီးပါ့အေ'' ''ပြောလေ၊ ပြော··· ဒါဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်လဲ ပြော၊ ငါလက်လွန်ကုန်လိမ့်မယ်နော်...''

မေမေကြီး၏ ဒေါသတကြီးပေါက်ကွဲသံတို့သည် အသံလုံလှသော တိုက် အိမ်ကြီးထဲတွင် ဟိန်း၍ ဟိန်း၍ ပဲ့တင်ထပ်နေ၏။ မမနှင်းကား ဆွံ့အလျက်၊ ဘာကိုမျှမမြင် ဘာကိုမျှ မကြားသည့်ပမာ အံကိုသာ တင်းတင်း ကြိတ်၍နေသည်။ အိမ်ခန်းထဲမှ မီးရောင်ဝါကျင့်ကျင့်အောက်တွင် မြင်ကွင်းမှာ တပြည်းပြည်း ထင်ရှား လာသည်။ ဤစစ်ပွဲတွင် မမနှင်းတို့ သားအမိနှစ်ဦးသာပါသည် မဟုတ်၊ မမနှင်း၏ ညီမ မမအေမီနှင့် မမအေမီ၏ အမျိုးသားကိုကိုဦးတို့သည် စိတ်ရှုပ်ထွေးဟန်ဖြင့် ပွဲကြည့်ပရိတ်သတ်အဖြစ် ငေးကြောင်ကြည့်နေကြ၏။ လေဖြတ်ထားသဖြင့် ပက် လက်ကုလားထိုင်ပေါ်တွင်လှဲနေသော အဖေကြီးဦးအေးမှာ အသံမပီကလာဖြင့် မေမေကြီးကို တားဆီးနေရှာသည်။

''ဟဲ့ မလုပ်ပါနဲ့ ခင်ခင်ကြီးရယ် မိနှင်းကို ဒီလောက်ကြီးမလုပ်ပါနဲ့ဟဲ့''

မေမေကြီးသည် သုန်မှုန်ခက်ထန်လှသော မျက်နှာထားနှင့် ထွီခနဲ တံတွေး ထွေးလိုက်ရင်း ''ကိုအေး၊ တော် ဝင်မပါနဲ့ တော်အလိုလိုက်လိုက်ပြီး၊ ကျုပ်ဆုံး

www.facebook.com/NyisayEbookCreator



မရင် ကာဆီးကာဆီးလုပ်နေလို့ ဒီကောင်မ ဒီလိုဖြစ်ရတာ'' ဘယ့်နှယ့်တော် လင်ကောင်မပေါ်ဘဲ ဗိုက်ကြီးရတယ်လို့၊ မိနှင်း ညည်း ဒီည ညည်းအကြောင်းတွေ ဖော်ချင်ဖော် မဖော်လို့ကတော့ မနက်ဖြန် ညည်းနဲ့ငါ တစ်ယောက်ယောက် အသေပဲ''

မေမေကြီး၏ ဒေါသတို့မှာ ဗုံးမိုးများရွာသကဲ့သို့ တစ်လုံးပြီးတစ်လုံး ပေါက်ကွဲလျက်ရှိ၏။

''ကဲ တော်ပါတော့ အမေရယ်၊ ပတ်ဝန်းကျင်ကြားလို့မှ မကောင်းဘူး၊ ညကြီးမင်းကြီးကို'' မမအေမီသည် မေမေကြီးကို ဖျောင်းဖျရင်း မမနှင်းအား ရွံသလို မသတီသလို မျက်နှာပေးဖြင့် ကြည့်နေ၏။ မမအေမီ၏ မျက်လုံးများသည် တစ်စုံတစ်ခုကို ထိတ်လန့်နေဟန်၊ ဖြေရှင်းရခက်တော့မည့် ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်နေဟန်ဖြင့် ရှုပ်ထွေးချာလည်လျက်ရှိ၏။ ကိုကိုဦးကတော့ သူ့မယားမိသားစု၏ အိမ်တွင်းရေးကို မပါဝင်၊ မစွက်ဖက်လိုပုံရကာ သက်ပြင်းများချလိုက်၊ တံတွေးများမြိုချလိုက်ဖြင့် နံရံကို ကျောမှီရင်း မျက်လွှာချထားလေသည်။

မေမေကြီး၏ အလိပ်လိုက်တက်လာနေသော ဒေါသများမှာ ဒီညအဖို့ ပြေတော့မှာမဟုတ်ကြောင်း တစ်အိမ်လုံးသိနေကြသည်။ အေးဆေးတည်ငြိမ်သလောက် ခေါင်းမာပြီဆိုလျှင် နှစ်ယောက်မရှိသည့် မမနှင်းနှင့် စိတ်နေအလွန်မြင့်ပြီး တစ်အိမ်လုံးကို တစ်သွေးတစ်သံ တစ်မိန့်ဖြင့် အုပ်ချုပ်တတ်သော မေမေကြီးတို့၏ စစ်ပွဲမှာ ညဦးနက်လေ ပိုမိုပြင်းထန်လာလေတည်း။

မေမေကြီးသည် မမနှင်းကို လိုမ့်၍ လိုမ့်၍ ကန်နေသည်။ တစ်ခါတစ်ခါ မမနှင်း၏ ဆံပင်တို့ကို ခြေထောက်ဖြင့် နင်းထားပြီး တစ်ကိုယ်လုံးကို တံမြက်စည်းဖြင့် လွဲ၍လွဲ၍ ရိုက်သည်။ မမနှင်းကလည်း နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ရင်းကြိတ်ခံနေရာမှ အသဲနိုက်အောင်နာသည့် အချိန်များတွင်မတော့ အသံကုန်ဟစ်၍ အော်တော့သည်။

မောင်ချောင်းကြည့်နေသည့် ပြတင်းပေါက်မှာ မှောင်ရိပ်ကျသည်မို့ မောင့်ကို ဘယ်သူမှ သတိမပြုမိကြပေ။ သံတိုင်တို့ကို ဆွဲခိုဆုပ်ကိုင်ထားသော မောင့်လက်ဖဝါးများ ပေါက်ပြိကုန်ပြီထင်သည်။ မောင်ရှိုက်ကြီးတငင် ငိုနေမိသည့် အဖြစ်ကို မောင့်ဘာသာမောင်ပင် သတိမထားမိပါချေ။ ခြင်ပုန်းများ ဝိုင်းအုံကိုက်ခဲ၍ ခန္ဓာကိုယ်တစ်ခုလုံး နီရဲဖြုတ်စပ်နေသောအဖုများ ထလာသည်ကိုလည်း မောင်အမှုမထားတော့ချေ။ မေမေကြီးအား မမနှင်းဘက်မှ ခံသတ်ချင်သော်လည်း မောင်မဝံ့ပါချေ။

www.facebook.com/NyisayEbookCreator



ဝမ်းနည်းခြင်း၊ ဒေါသထွက်ခြင်း၊ မမနှင်းကို နှိပ်စက်နေသော မေမေကြီးအား စိတ်ဆိုးခြင်းတို့ဖြင့်တုန်ယင် ဆို့နင့်ရင်း အမှောင်ထုထဲသို့သာ မောင်ပြန်လည် ပြေးထွက်ခဲ့မိတော့သည်။

ထိုအချိန်တွင် မောင်တို့အိမ်၌လည်း မောင့်မေမေတို့ ဒေါင်းတောက်နေချေပြီ။ ဖေဖေ၊ မေမေနှင့် မမတို့မှာ မောင်ပျောက်သဖြင့် တစ်အိမ်လုံးနှံ့အောင် ရှာဖွေမော ပန်းလျက်ရှိကြ၏။ မမနှင်းတို့အိမ်ဖက် မှောင်ကြီးမည်းကြီးထဲမှ ငိုယိုပြေးထွက်လာသော မောင့်အားပွေ့ဖက်ဆီးကြိုကြလေသည်။

မောင်က မေမေ့ရင်ခွင်ထဲသို့ ပြေးဝင်ကာ မမနှင်းတို့အိမ်ဖက်က ပြင်းထန်သော စစ်ပွဲအကြောင်း ရှိုက်သံများကြားမှ ဇာတ်ကြောင်းပြန်နေသည်ကို မောင်တို့ တစ်အိမ်လုံး ထိတ်လန့်တကြား နားထောင်ကြ၏။ မျက်ရည်စို့ကြ၏။ အပူငွေ့တို့ မှုတ်ထုတ်ကြ၏။ နောက်ဆုံး၌ မေမေက မောင့်ကို ဆုံးမလေသည်။

"လူလေး... ညဘက်ဆိုတာ သူများအိမ် အလည်သွားရတဲ့အချိန်မဟုတ်ဘူးလေကွယ်။ သွားချင်ရင်လည်း မေမေတို့ကို ခွင့်တောင်းမှပေါ့၊ ပြီးတော့ သူများ အိမ်တွင်းရေးလည်း မစပ်စုရဘူး။ ဒီနေ့ည လူလေးမြင်ခဲ့တွေ့ခဲ့တာတွေကိုလည်း မေ့ပစ်လိုက်တော့နော်၊ ကြီးမေတို့ အနှင်းတို့သိရင် မကောင်းဘူး၊ လျှို့ဝှက်အပ်တဲ့အရာဆိုတာ လျှို့ဝှက်ထားတာပဲကောင်းတယ်၊ အင်း... လူလေးက ငယ်သေးတော့ နားလည်မှာလည်းမဟုတ်ပါဘူး"ဟု ကြီးစွာသော စိတ်မကောင်းခြင်းဖြင့် မေမေက ပြောသည်။

မေမေကသာ မောင့်ကို ကလေးထင်နေပေမယ့်မောင်ကတော့ အရာအားလုံးကို နားလည်နေပြီထင်သည်။ မှတ်မှတ်ရရ ထိုနေ့သည် မောင် လေးတန်းအောင်၍ ငါးတန်းတက်ခါစ မောင့်အသက် ဆယ်နှစ်တင်းတင်းပြည့်သော အချိန်ပင် တည်း။

www.facebook.com/NyisayEbookCreator

# အခန်း (၃)

နေ့အသချေ၊ ညအသချေတို့ချိတ်ဆက် ခက်နွယ်ကာ ကွန်ယက်ပမာယှက်မိုးထားသည့် ဘဝလှောင်အိမ်အတွင်းဝယ် ကြည်နူးလိုက်မောဖွယ်ရာအချိန်တို့မှာ နည်းပါးလှသည်ဆိုသော်လည်း မှတ်မှတ်ထင်ထင်တော့ ရှိနေပါသေးသည် မမနှင်း။

မောင်ငါးနှစ်သားလောက်မှာ မောင့်ဖေဖေနယ်ပြောင်းရသည်။ ချမ်းအေးသော တောင်ပေါ်ဒေသဆီမှ ကန္တာရဆူးနှင့် ထနောင်းပင်ရိပ်များပေါများသည့် မိုးခေါင်ရေရှား နယ်မြို့ကလေးတစ်မြို့သို့ မောင်တို့ ပြောင်းရွှေ့ခဲ့ကြသည်။

အိမ်ထောင် ပရိဘောဂများ ကားနှစ်စီးတိုက် အပြည့်တင်ကာ တအိအိထွက်ခွာလာသော မောင်တို့မိသားစုမှာ ဖေဖေရယ်၊ မေမေရယ်၊ မမမှုံရွှေရည်ရယ်၊ မောင်ရယ် စုစုပေါင်းမှ လေးယောက် မျှသာတည်း။

မောင့်ကိုရင်ခွင်ထဲ၌ပွေ့ကာ မော်တော်ကားနှင့်အတူ ယိမ်းလှုပ်ရင်း မေမေနှင့် ဖေဖေတို့ စကားလက်ဆုံကျနေကြသည်။ မေမေအိမ်ဝယ်ချင်သည်မှာ ကြာလေပြီ။ ဖေဖေကတော့ သူ့ဆရာဝန်အလုပ်ကလွဲပြီး စိတ်ဝင်စားလှသည် မဟုတ်ရာ ကျန်တာအားလုံးမေမေ့ သဘောချည်းပင်။

"မြို့အစွန်ပေမယ့် ရပ်ကွက်ကလေးက သိပ်တိတ်ဆိတ်တာပဲ အစ်ကို၊ သူဌေးရပ်ကွက်လို့ ပြောတာပဲ၊ ဒီလောက်ပူလောင်ခြောက်သွေ့နေတဲ့ မြို့မှာတောင် သစ်ပင်တွေအုပ်ဆိုင်းပြီး စိမ်းစိုနေတာ၊ တစ်ထပ်တိုက်ကလေးပေမယ့် တော်တော်တော့ ကျယ်ဝန်းတယ်နော်၊ အိမ်အတွက် စရန်ငွေချေပြီးသားဆိုပေမယ့် မိတို့မရလိုက်မှာ နည်းနည်းတော့ စိတ်ပူတယ် အစ်ကိုရယ်"

ဖေဖေကတော့ သူငယ်စဉ်က နေထိုင်ခဲ့သော သူ့ဇာတိမြို့ကလေးသို့ ပြန်လည်ရောက်ရှိတော့မည်ဖြစ်၍ ခပ်ပြုံးပြုံးကြီးလုပ်နေလေ၏။

www.facebook.com/NyisayEbookCreator



မေမေသည် မောင်တို့ အသိုက်ပြောင်းကြသည့် ခရီးစဉ်တစ်လျှောက်လုံး အိမ်အသစ်လေးကို ချီးမွမ်းခန်း ဖွင့်နေတော့သည်။

မောင်ကတော့ နောက်ထပ်နာရီ အနည်းငယ်အကြာတွင် မောင့်ကမ္ဘာ၊ မောင့်ရဲတိုက်တို့အား သိမ်မွေ့နူးညံ့သည့် ပိုးသားချည်ခင်တို့ဖြင့် ရစ်ပတ်သိမ်းပွေ့ကာ အရှက်သည်းလှသော ငါးနှစ်သားကလေး၏ တောအုပ်ညို့ညို့၌ အချစ်ဟူသော စမ်းကလေး တစ်ချောင်းစီးဆင်းရန်လည်း တတ်နိုင်လှသော နတ်သမီးကလေး တစ်ပါးနှင့် တွေ့ဆုံရဦးတော့မည်ဆိုတာကို အဘယ်သိနိုင်ပါဦးမည်နည်း။

တောင်ပေါ်မှ မြေပြန့်သို့ အဆင်းတွင် မြို့တစ်မြို့ကို ဖြတ်လာရတိုင်း ဦးထုပ်၊ ခြေအိတ်၊ ကုတ်အင်္ကျီ၊ ဆွယ်တာ၊ အနွေးထည်များ တစ်ထည်ပြီးတစ်ထည် ချွတ်ချနေကြရသည်။

သေးငယ်သော ဆည်းလည်းလေးများ လှုပ်ခတ်နေသကဲ့သို့ အရွက်များ ဖားလျား ထူထပ်စေ့စပ်သည့် တမာပင် ညို့ညို့တို့အုပ်ဆိုင်းရာ ခရီးဆုံးမြို့ကလေးသို့ အဝင်တွင်မှာတော့ မောင့်ခန္ဓာကိုယ်ပေါ်တွင် ဂျာစီအင်္ကျီတစ်ထည်နှင့် ဘောင်းဘီတိုတစ်ထည်သာ ကပ်တော့သည်။ ရှူးဖိနပ်ကိုပင် ခြေအိတ်မပါဘဲ စီးရတော့၏။

တောင်ပတ်လမ်းများတစ်လျှောက် ကားတောက်ခဲ့ရပြီး၊ တစ်နေကုန်နီးပါးလည်း ခရီးပန်းကာ ငြီးစီစီဖြစ်နေသဖြင့် ဘယ်အချိန်ကပင် မောင်အိပ်ပျော်သွားလေသည်မသိ၊ မောင်တို့၏ အသိုက်အမြုံ အသစ်ကလေးဆီသို့ ဆိုက်ရောက်သောအခါတွင်မှ မောင်နိုးလာလေသည်။

အိပ်ယာက နိုးလာလျှင် မောင်ငိုချင်သလိုလိုရှိသည်။ ဖေဖေနှင့် မေမေတို့မှာ အိမ်ရှင်များနှင့် အရောင်းအဝယ် စာချုပ်ကိစ္စအတွက် ဟိုဘက်အိမ်ကြီးထဲတွင် အလုပ်ရှုပ်နေကြရာ ကားပေါ်တွင် မောင်တစ်ယောက်တည်း နဝေတိမ်တောင်နှင့် အိပ်ချင်မူးတူးဖြစ်ကာ မျက်လုံးများ ကြောင်လည်လျက်ရှိသည်။

ထို့နောက် ဖြုန်းခနဲဆိုသလိုပင် သင်းပျံ့သော ရနံ့တစ်ခုကို မောင့်အနံ့အာရုံ၌ ပျက်ပျက်ထင်ထင်မွှေးမြမိသည်ထင်၏။ အိပ်မက်လိုလို တစ်ကယ်လိုလိုနှင့် လေတိုးသံမှတစ်ပါး ဘာမှမကြားရသောနေရာတွင် ငါးနှစ်သားကလေး မောင်မှာ အနည်းငယ်တော့ ချောက်ချားရသေးသည်။

"မေမေရေ"

မောင်အော်ခေါ်လိုက်သော်လည်း အသံကထွက်မလာပြန်၊ လည်ချောင်းဝတွင်သာ လုံးထွေးတစ်ဆို့လျက် နံးချိမောပန်းရပြန်လေ၏။ ထိုအခိုက်မှာပင် မောင့်ညာဖက်ဘေး၊ ကားပြတင်းဝဆီမှ အဖြူရောင် အရာဝတ္ထုကလေးတစ်ခုသည် လေထဲ၌ တစ်ဝေ့နှစ်ဝေ့လည်လျက် မောင့်ကိုယ်ပေါ်သို့ ဖတ်ခနဲကျလာ၏။

www.facebook.com/NyisayEbookCreator



ရိုးတံရှည်ရှည်နှင့် ဖြူဖွေးနုဖတ်သော ပန်းကလေးတစ်ပွင့်ဖြစ်ပြီး ထိုပန်းကို ဇကရာဇ်ပန်းဟုခေါ်မှန်းပင် ထိုအချိန်က မောင်မသိတတ်သေးပါချေ။

ပန်းကလေးကို ကောက်ယူကာ မောင်နမ်းမွှေးလိုက်၏။ သင်းပျံ့ပျံ့၊ စိမ်းရွှေရွှေ လတ်ဆတ်သောရနံ့ကလေးကို မောင့်နှုတ်ခမ်းလေးများစူ၍ အနံ့ခံကြည့်၏။ နောက်ထပ်ပန်းသုံးလေးပွင့် ဖတ်ခနဲ ဖတ်ခနဲ ကျလာပြန်ရာ ကားပြူတင်းပေါက်မှ တစ်ဆင့် အပြင်သို့ မောင်ဆတ်ခနဲ လှည့်ကြည့်မိသည်။

ကောင်းကင်ပြာပြာဝယ် တိမ်ဖြူတို့မှိုအိနေပြီး၊ ဆည်းဆာ၏ ရောင်ခြည်မျှင်တန်းတို့သည် ထနောင်းပင်အကြိုအကြားမှ လင်းဖြာကွန့်မြူးလျှက်ရှိ၏။ ခြံစည်းရိုးတစ်ကြောဝယ် အဆုပ်လိုက်ပွင့်နေသော ထားဝယ်မှိုင်း ပန်းရောင်စုံတို့ ယှီးလေးခိုလျှက် ထိုထားဝယ်မှိုင်းရုံကြီးကို မုဒ်ဦးသဖွယ် ခုံးကလေးလုပ်ထားပြီး မောင်တို့အိမ်သစ်ကလေးနှင့် ဟိုတစ်ဖက်က ခြံကျယ်ကြီးကို ခြားနားထားသည်။

"ဟိတ်... ဒီနားမှာ ဘာလုပ်နေတာလဲ"

ဗြုန်းဆို မောင့်အနားတွင် အမျိုးသမီးကလေး တစ်ယောက်ပေါ်လာပြီး မောင့်ကို ခြောက်လှန့်လိုက်ရာ မောင့်နှလုံးသွေးတို့ ဒိတ်ခနဲ ရပ်တန့်သွားသလားထင်ရ၏။

"အမလေး... လန့်လိုက်တာ" ဝုန်းခနဲ ထခုန်ကာ အခြေအနေ ပျက်ယွင်းသွားသော မောင့်ကိုကြည့်၍ ထိုအမျိုးသမီးကလေးက တခစ်ခစ်ရယ်နေလေသည်။ သူမသည် မေမေတို့လောက် အသက်မကြီးသေးသော်လည်း ရုစ်တန်းတက်တော့မည့် မမမှုံရွှေရည်ထက်တော့ အများကြီး အသက်ကြီးလိမ့်မည်ထင်သည်။ ကျစ်ဆံမြီး နှစ်ဖက်ကျစ်ထားပြီး ဟိုဘက်သည်ဘက်ခွေရစ်ကာ ဆံထုံးကလေးနှစ်ထုံးထုံး၍ထားသည်။ ထိုဆံထုံးများ၏အခြေတွင် ပိရိသေသပ်စွာ သီကုံး၍ထားသော ဇကရာဇ် ပန်းကုံးများကို ဖောဖောသီသီ လိပ်ခွေပန်ဆင်ထားရာ ဆည်းဆာရိပ်၌ ဥစ္စာစောင့် မလေးလိုလို၊ နတ်သမီးလေးတစ်ပါးလိုလိုပင် မောင့်စိတ်တို့ ထင်ယောင်ဆန်းပြားရ၏။

ရင်ဖုံးအင်္ကျီဆိုသည်မှာ မေမေဝတ်ပါများ၍ မောင့်အမြင်၌ ရိုးနေပြီ ဖြစ်သော်လည်း ယခု အမျိုးသမီးကလေးနှင့်ကျမှပင် အလှဆိုသည်မှာ ဒါပါကလားရယ်လို့ မောင်စတင်ခံစားမိရ၏။ အစိမ်းနုရောင် ရင်ဖုံးအင်္ကျီ၌ အစိမ်းရင့်ရင့်ဖောင်းကနုတ်ပန်းခက်ကလေးများ သွယ်တန်းကာ ကြယ်သီးတပ်ရမည့်နေရာတွင် လေးထောင့်ကျောက်စိမ်းတုံးကလေးများ တွဲလောင်းကျနေပုံကိုလည်း ယခင်က မောင်မမြင်ခဲ့ဖူးပါချေ။

www.facebook.com/NyisayEbookCreator



ဘာဘာညာညာ ထွေလီဆန်းပြား အမျိုးအစားခွဲခြား၍ မောင်မပြတတ်သော်လည်း အချစ်ဆိုသည်မှာ ထိုအချိန်ကပင်စတင်ခဲ့ပြီဟု မောင်ထင်သည်။ မောင်ထင်သည့်အတိုင်းပင် မောင့်စိတ်ကို မောင်အမိန့်မပေးရဘဲလျက် ကားတံခါးကို ဖွင့်ကာ မမနှင်း၏ အပါးသို့ ဆင်းသက်ရောက်ရှိခဲ့ပြီတည်း။

"ဒေါက်တာသန့်စင်ရဲ့ သားထွေးကလေး မောင်မောင်ဆိုတာလားဟော့"

"ဟုတ်ကဲ့ပါ... ခင်ဗျ"

"အလယ်လယ်... ငါ့မောင်ကလေးက တယ်လဲလိမ်မာပါလားကွယ်"

မမနှင်းသည် မောင့်အားဆတ်ခနဲပွေ့ချီကာ လေပေါ်သို့ လွှားကနဲ မြှောက်လိုက်ပြီးမှ အသည်းတလှပ်လှပ် ဖြစ်နေသူကလေးကို မညှာမတာ နမ်းမွှေးလေ၏။

ထိုကဲ့သို့ဖြင့် မောင်နှင့်မမနှင်းတို့မှာ စတင်ဆုံတွေ့စဉ်ကတည်းကပင်ကြည်လင်သော ရေပြင်၌ ကြာပန်းတို့အရိပ်ထင်သကဲ့သို့ ချမ်းမြေ့ရွှင်လန်းပီတိတို့ဖုံးလွှမ်းနေခဲ့ရသည်။

"ကဲ... ပြော၊ ကလေးလေး အသက်ဘယ်နှစ်နှစ် ရှိပြီလဲ"

"မောင့်အသက်က ငါးနှစ်ရှိပါပြီခင်ဗျ"

"ဘာရယ် ဘာရယ် ပြန်ပြောလိုက်စမ်းပါဦး"

"မောင့်အသက် ငါးနှစ်ပါခင်ဗျ"

"ဟယ် ကြည့်စမ်း ကြည့်စမ်း သူ့ကိုယ်သူများ မောင်တဲ့၊ ငါးနှစ်သားမို့လို့ပဲ စကားတတ်လိုက်တာ"

မမနှင်းသည် မောင့်ပုခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး မေးခွန်းတွေထုတ်လိုက်၊ သဘောတကျဖြင့် ရယ်မောလိုက်လုပ်နေရာ မောင့်မှာ မျက်လွှာအသာချ၍ ရှက်ကိုးရှက်ကန်းမျက်နှာလွှဲရင်းက ဖြူဝင်းသော မမနှင်း၏ပါးပြင်တို့ကို အသာခိုးကြည့်ရ၏။

"ကဲ... ကလေးလေးလည်း မှတ်ထားနော်၊ မမနာမည်က မမနှင်းတဲ့၊ ကလေးလေးနဲ့ မမနှင်းတို့က အိမ်နီးနားချင်းဖြစ်သွားပြီ၊ ဟိုဘက်ခြံက မမနှင်းတို့ခြံလေ"

မောင်တို့တိုက်အိမ်ကလေး၏ တောင်ဘက်မှ ရဲတိုက်ကြီးသဖွယ် ခမ်းနားကြီးကျယ်သော အိမ်ကြီးကို မမနှင်းက လက်ညှိုးထိုးပြသည်။ မမနှင်းတို့ခြံကြီးမှာ အတော့်ကို ကျယ်ဝန်းလှသည်။ လူနှစ်ဖက်စာလောက်တုတ်သော ပင်စည်ရှိသည့် မန်ကျည်းပင်ကြီးများ၊ အပြွတ်လိုက်၊ အခိုင်လိုက် သီးနေကြသော အုန်းပင်တန်းကြီးများအပြင် ဖားဝေအုပ်မိုးနေသော သရက်ပင်တို့ကလည်း မနည်းမနောကြီးပင်။

www.facebook.com/NyisayEbookCreator



အပူပိုင်းဒေသဖြစ်၍ နေ့လည်နေ့ခင်းအရိပ်ရအောင် စင်ကြီးများပေါ်၌ ပန်းရုံကြီးများတင်ထားသည်။ အရွက်ပါးပါး ဝိုင်းဝိုင်းကလေးများ ခက်လက်စိတ် ဖြာတတ်သော ဂေါ်သဇင်ရုံကြီးများ အုံးအုံးထလျက်ရှိသည်။ နေ့ခင်းနေ့လည် လှဲလျောင်းရန်အတွက် ထိုပန်းရုံများ၏ နောက်ဘက်၌ ကွပ်ပျစ်များရိုက်ထားသည်။ ထို ကွပ်ပျစ်များ နံဘေး၌ နှင်းဆီပန်း နီနီကလေးများ စီတန်းကာ ပွင့်နေသည်ကို လည်း မောင်ငေးနေမိသည်။

''ကလေးလေးတို့ အိမ်ကလည်း အရင်က မမတို့ အိမ်ပဲ၊ အခုကလေးလေး တို့ကို သနားလို့ မမတို့က အပိုင်ပေးလိုက်တာ''

''ဟုတ်လဲ ဟုတ်ဘဲနဲ့၊ ဖေဖေတို့က ပိုက်ဆံပေးပြီး ဝယ်လိုက်တာများ''

''ဟယ်... အမလေး... ကလေးလေးတဲ့ဟယ်...၊ စကားများပြောတတ် လိုက်ချက်''

မမနှင်းက သဘောကျစွာရယ်ရင်း မောင့်ဘိုကေကို အသာမွှေ့လေသည်။

ခဏကြာလျှင် မမနှင်း၏ မိဘတို့လည်း ဖေဖေ မေမေတို့နှင့်အတူ မောင် တို့အိမ်ဘက်သို့ လိုက်လာကာ မိတ်ဆက်ကြ၏။ မမနှင်းတို့ မိဘများမှာ အနည်း ငယ် ဝင့်ထည်ပုံရသော်လည်း သဘောကောင်းကြပုံ ရလေသည်။

''အနှင်း... ဒီကိုလာဦး''

မမနှင်းတို့ အမေက ရုတ်တရက် လှမ်းခေါ်ကာ မောင့်မေမေနှင့် မိတ်ဆက် ပေးလေသည်။

''မိရေ... ဒါကြီးမေရဲ့ သမီးကြီး နှင်းနှင်းတဲ့၊ ဘွဲ့ထူးဂုဏ်ထူးတွေကတော့ တသီကြီးပဲ၊ ဆယ်တန်းကို လေးနှစ်ကျလေ၊ အသက်နှစ်ဆယ်ကျော်သာဆိုတယ်၊ ခုထိ ကလေးလိုပဲ၊ ပန်းကောက်ချင်တုန်း၊ ထုပ်ဆီးထိုးချင်တုန်း၊ အခု အငယ်မ အေမီလေးက ကျော်တက်တော့မယ် ဆယ်တန်းရောက်နေပြီ''

မေမေကလည်း ကြီးမေပြောသမျှ တရိုတသေနားထောင်ရင်း ပြန်လည် မိတ်ဆက်ပါလေသည်။ ''ဟုတ်ကဲ့ကြီးမေ... ဒါကမိရဲ့သားလေ၊ အထွေးဆုံးပဲ၊ မောင် မောင်တဲ့၊ အစိုးရကျောင်းကတော့ ဒီနှစ်မှ စထားရမှာ၊ အကြီးမ မှုံရွှေရည် ကတော့ ရှစ်တန်းတက်နေပြီ၊ တောင်ကြီးတုန်းကတော့ အမြဲတမ်းအဆင့်တစ်ချည်းပဲ ချိတ်တာ ကြီးမေရဲ့''

''ကြီးမေတို့လဲ ဒီဘက်အိမ်ကလေးကို အစကမရောင်းဘူးလို့ပဲ။ ဧည့်သည် သောင်သည်လာရင်တည်းရ နိုရအောင်ပြည့်ပြည့်စုံစုံကလေး ဆောက်ထားတာ၊ အခုတော့ စီးပွားရေးကလည်း သိပ်မကောင်းတော့ဘူး၊ ဘာမှလည်း လုပ်စား

www.facebook.com/NyisayEbookCreator



ကိုင်စားလို့ မလွယ်ကူလှပါဘူးကွယ်၊ ဆိုရှယ်လစ်ခေတ်ဖြစ်ကတည်းက ကြီးမေတို့လည်း တစ်ခုပြီးတစ်ခု ရောင်းစားနေကြရတော့တာပဲ... ဟင်း... ဟင်း... ဟင်း...''

လူကြီးတွေပြောသောစကားများကို သိပ်နားမလည်တတ်သည့်မို့ ငေးငိုင်ငြိုင်နေသော မောင့်အား မမနှင်းက အသာဆွဲခေါ်ပြီး မမနှင်းတို့ ခြံကြီးထဲ၌ မောင်တို့ နှစ်ယောက် ထိုနေ့က ပန်းအတူတူ ကောက်ကြလေသည်။

www.facebook.com/NyisayEbookCreator

# အခန်း (၄)

အချစ်ဆိုသည်မှာ အသက်အရွယ် အပိုင်းအခြားတို့နှင့် ကန့်သတ်စည်းခြား၍ ရကောင်းသည်လို့တော့ဖြင့် မောင်ကတော့ မထင်ရက်နိုင်ပါ မမနှင်း။

ညစ်ညမ်းသည်ဟု ယူဆကြသော ရမ္မက်ဟူသည့် အမျိုးအစားကလေး တစ်ခု မပါသည်ကလွဲ၍ ငါးနှစ်သားကလေး၏ ပူလောင်ခြင်းကို အသက် နှစ်ဆယ် အစိတ်တို့၏ ပူလောင်ခြင်းမျိုးနှင့် နှိုင်းယှဉ်လိုပါက နှိုင်းယှဉ်နိုင်ပါသေးသည်။ ယမင်းရုပ်ကလေးနှင့် လွဲခဲ့ရသည့်အတွက် ရင်ကွဲနာကျသေဆုံးသွားရှာသော "ဘကြီးအောင်ညာတယ်" ပုံပြင်ထဲမှ ကလေးလေး၏ ဇာတ်ကြောင်းကို ထိုစဉ်က မောင်မကြားဖူးသေးသော်လည်း ထိုကလေးငယ်ထက်ပင် မောင်က ပိုလိမ့်ဦးမည် ထင်ပါသည်။

မောင်တို့ အိမ်အသစ်ပြောင်းလို့မှ တစ်လမပြည့်ခင်မှာပင် မောင်နှင့် မမနှင်းတို့ ရည်းစားများ ဖြစ်ခဲ့ကြလေ၏။

မမနှင်းကလည်း မမနှင်းပင်၊ ကျန်တဲ့သူတွေနှင့်ဆိုလျှင် တည်ငြိမ်အိနြေ့ရ သလောက် မောင်နှင့်ကျတော့ ဆတ်ဆော့ချင်သည်။ သူ့အိမ်မှာသူ နာခံအေးဆေး တတ်သော သမီးကြီးတစ်ယောက် ဖြစ်သော်လည်း မောင်နဲ့ကျတော့ ပေါက်တီး ပေါက်ရှာတွေပြောတတ် လုပ်တတ်သည်။ စကားပြောရေလည်ကာစ မောင်ကလေး အတွက် သာလိကာကို ကဗျာရွတ်သင်ပေးသည့် လက်ဦးဆရာလည်းဖြစ်လေသည်။

"ဟိတ်... မှန်မှန်ပြောစမ်း၊ မောင်ကလေး... တောင်ကြီးမှာ ရည်းစား ဘယ်နှစ်ယောက် ကျန်ခဲ့လဲ"

မောင့်မျက်နှာတို့ ထူအမ်းပြီး မျက်လုံးများ ဝိုင်းစက်ရသည်။ ရည်းစားဆို တာကို မောင်မသိသော်လည်း လူကြီးတွေမကြိုက်တဲ့ အရာတစ်ခုလို့တော့ မောင်

www.facebook.com/NyisayEbookCreator



ရိပ်မိသလိုလိုရှိရာ ''သိဘူး၊ ရည်းစားဆိုတာ ဘာလဲဟင် မမနှင်း'' ဟု မောင်က စူးစမ်းရသည်။

''ရည်းစားဆိုတာ မိဘနဲ့သားသမီးကြား ပထမဆုံးချိုးဖောက်တဲ့ အတင်းကြပ်ဆုံး ဥပဒေပဲလို့ မောင်မှတ်ထား သိလား''

မောင်ခမျာ မမနှင်းရှင်းပြလိုက်မှ ခေါင်းတို့ ချာချာလည်ကာ ပိုမိုသိချင်စပ်စုချင်လာခဲ့သည်။

''မမနှင်းမှာရော ရည်းစားရှိလား… ကဲ''

မမနှင်းက နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပြီး ပြုံးစိစိ လုပ်ရင်းမှ ''အင်း ရှိတယ်'' ဟုဖြေလေသည်။

''ဒါဆို ဘယ်သူလဲပြော''

မမနှင်းသည် မျက်လုံးများကို ထောင့်ကပ်လိုက်၊ ပုခုံးနှစ်ဖက်ကို တွန့်လိုက်၊ ဟိုဟိုသည်သည် ကြည့်လိုက်နှင့် အကြာကြီး စဉ်းစားချင့်ချိန်နေပြီးမှ…

''မမနှင်းမှာ ရည်းစားတွေက အများကြီးပဲမောင်ရဲ့၊ ကျော်ဟိန်းရယ်၊ ဇော်ဝမ်းရယ်၊ ညွှန့်ဝင်းရယ်၊ ဟို နိုင်ငံခြားမှာတောင်ရှိသေးတယ်၊ အဲလ်ဗစ်ပရက်စလေတဲ့၊ ရှောင်ကွန်နရီတဲ့ မောင်သိလား''

''သိပါဘူး မမနှင်းကလဲ''

မောင်က စိတ်မရှည်သံနှင့်ပြောရာ မမနှင်းလည်း အူလှိုက်သည်းလှိုက်ရယ်လေတော့သည်။ ပြီးမှ…

ဒီတစ်ခါ အတည်ပြောမလို့၊ နားထောင်၊ မမနှင်းရဲ့ နောက်ဆုံးရည်းစားကလေးကလေ နာမည်က မောင်မောင်တဲ့၊ သူတို့ကတောင်ကြီးက ပြောင်းလာတာ၊ မမနှင်းတို့ အိမ်နားမှာနေတယ်၊ သူက မမနှင်း ဘုရားပန်းအိုးလဲရင် ပန်းရွက်အခြောက်တွေ ခြွေပေးတယ်၊ မမနှင်း ပန်းကန်တွေဆေးပြီးရင် အဝတ်ခြောက်နဲ့ သုတ်ပေးတယ်၊ မမနှင်း ဘုရားတင်ဖို့ ဇကရာဇ်ပန်းတွေကုံးရင် ပန်းတွေ ကောက်ကောက်ပြီး လာပေးတယ်၊ မမနှင်းထမင်းဟင်းချက်ရင် ခုံကလေးပေါ်ထိုင်ပြီး လာ လာ ငေးကြည့်တတ်တယ်၊ အဲ့ဒါ မမနှင်း အချစ်ဆုံး၊ မမနှင်းရဲ့ ရည်းစားလေး မောင်မောင်တဲ့''

''ဟုတ်ဘူး၊ ဟုတ်ဘူး''

မောင်က မမနှင်းလက်ထဲမှ အတင်းရုန်းကာ မောင်တို့ အိမ်ဘက်သို့ လုံးနေအောင် ထွက်ပြေးခဲ့သည်။ မမနှင်းကတော့ တဟားဟားရယ်မောရင်း မောင့်ကို နောက်မှလိုက်ဖမ်းလိုက် အသာလွှတ်ပေးလိုက်နှင့်ပင်။

www.facebook.com/NyisayEbookCreator



မောင်က လွတ်အောင်ပြေးရင်း မောင့်အခန်းထဲဝင်ကာ အိပ်ယာပေါ်တွင် စောင်တို့ဖြင့်လုံးထွေးလျက် တစ်နေကုန်အရှက်သည်းနေတော့သည်လေ။ ထိုနေ့မှ စ၍ မမနှင်းသည် မောင့်အား ''ရည်းစားကလေး'' ဟုအမြဲ ခေါ်လေတော့သည်။ ဖေဖေတို့ရှေ့မှာပင်လျှင် ''ဆရာ... အနှင်းရည်းစားကလေးရော'' ဟု မေးကာ မောင် ပုန်းနေရာနေရာကို သိလျှက် တမင်မသိဟန်ဆောင်ကာ ရှာဖွေနေတတ်သည်။ နောက်ဆုံးတွင်မှ မောင့်အခန်းထဲသို့ ခြေသံဖွဖွနင်း၍ တိတ်တိတ်ကလေး ဝင်လာပြီး မောင် ခြုံထားသော စောင်ကို အသာလှပ်ကာ ''ဝါး''ဟု အော်တတ်သည်။

မောင်အခန်းထဲသို့ မမနှင်းခဏခဏ အလည်လာသကဲ့သို့ မမနှင်း၏ အခန်းထဲသို့ တံခါးမရှိ ဓားမရှိ ဝင်နိုင်ထွက်နိုင်သော သူစိမ်းယောကျ်ားလေး မှာလည်း မောင်တစ်ယောက်သာတည်း။ မေမေကြီးတို့က စည်းကမ်း အလွန်ကြီးသည်။ မမနှင်းတို့ အပြင်ထွက်လည်သည်ဟု မောင်မကြားဖူးပါချေ။

ဆယ်တန်း တဖုန်းဖုန်းကျနေသော မမနှင်းအတွက် သူ့အချိန်နှင့်သူအလှည့် ကျ စာလာသင်ကြသော ဆရာများကို မောင်နေ့စဉ်တွေ့ရသည်။ များသောအားဖြင့် ဆရာမများဖြစ်ပြီး အမျိုးသားဆရာဆိုလျှင်လည်း အသက်ခပ်ကြီးကြီးထဲက ဖြစ်၏။ မမအေမီက သွက်သွက်လက်လက်၊ ထက်ထက်မြက်မြက်ရှိပြီး ဉာဏ်ကောင်း သလောက် မမနှင်းမှာ သချင်္ချာဘာသာရပ်၌ အလွန်ဖျင်းသည်ဟု မောင်ကြားဖူး သည်။

မမနှင်းနှင့် မမအေမီတို့ စာသင်နေသည်ကို မလှမ်းမကမ်း ဧည့်ခန်းထဲမှ ရုပ်ပုံစာအုပ်များကြည့်ရင်း မောင်က စောင့်ဆိုင်းနေတတ်ရာ စာသင်ချိန်ပြီး၍ ဆရာ နှုတ်ဆက်ပြန်သွားသည်နှင့် မမနှင်းက မောင့်ဆီ ပြေးလာတတ်ပြီး...

''အမလေး အခုမှပဲ လွတ်လပ်ရေးရတော့တယ်၊ စာတွေသင်နေရတာ ငရဲပြည်ကို အလည်သွားနေရသလိုပဲ'' ဟု ညည်းညူတတ်သည်။

ပြီးမှ မောင့်လက်ကို အသာဆွဲကာ မောင်ကလေးလာ မမနှင်း အခန်းထဲ သွားရအောင်ဟု ခေါ်တတ်သည်။

မောင့်အဖို့တော့ မမနှင်း၏ အခန်းလေးမှာ နတ်သမီးစံအိမ်ကလေး တစ်လုံးပင်။ အလှပြင်ဗီရိုကလေးထဲမှ အရုပ်မျိုးစုံတို့မှာ မောင့်အဖို့ လိုချင်စရာ၊ သွားရည် ကျချင်စရာတွေချည်းပဲ ဖြစ်သည်။

''မမနှင်း... မောင့်ကို ဒါလေးပေးနော်'' ဟု မောင်ကတောင်းလျှင်တော့ ''အံမယ် ဒီအတိုင်းတော့မရပါဘူး မမနှင်းကို အာဘွားဆယ်ခါပေးမှ'' ဟု ဆို တတ်လေသည်။

www.facebook.com/NyisayEbookCreator



မောင်ကလည်း အရုပ်ကလေးများကို သူ့နေရာနှင့်သူ ပြန်ထားရင်း "တော်ပြီ... ယူတော့ဘူး" ဟု ပြောလျှင် မောင့်အား တွန့်တိုရန်ကော ဆိုသည့် အကြည့်ဖြင့်ကြည့်ကာ သဘောကျနေတတ်သည်။

မမနှင်းသည် မောင့်ကို တစ်ခါမှလည်း စိတ်မဆိုးဖူးချေ။ တစ်ခါကတော့ လေသံမာမာနှင့် ဆုံးမဖူးသည်။ မမနှင်း၏ စာအုပ်ဗီရိုထဲတွင် စာအုပ်တွေနှင့် ကွယ်ထားသော ဓာတ်ပုံမှန်ဘောင်ကလေးတစ်ခုကို မောင်ယူဆော့မိသောကြောင့် ဖြစ်သည်။ ဓာတ်ပုံမှန်ဘောင်ကလေးမှာ အတော်ပင် ဟောင်းနွမ်းဆွေးမြေ့နေပြီး အထဲမှ ပန်းချီကားထဲတွင် သွေးတွေစီးကျနေသော လူတစ်ယောက်၏ပုံကို တွေ့ရာ မောင်ကျောချမ်းသွားလေ၏။

"မောင်... အဲဒီပုံတော်ကို မဆော့ရဘူး၊ သူ့နေရာနဲ့သူ ပြန်ထားလိုက်၊ အဲ့ဒါသခင်ယေရှုရဲ့ ပုံတော်"

မောင်လည်း မမနှင်းကို ကြောက်သွားသလိုရှိကာ နောင်လည်း ဘယ်တော့မှ ယူမဆော့ရဲတော့ချေ။

# အခန်း (၅)

အမှန်တရားဆိုသည်မှာ တစ်ခုသာရှိသော်လည်း တစ်ခါတစ်ရံ ထိုအမှန်တရားကို မသိရှိ၊ နားမလည်သေးဘဲ စိတ်ချမ်းသာစွာ နေရသည်ကမှ ပို၍ကောင်းလိမ့် ဦးမည်ဟု မောင်ထင်သည်။

မမမှုံရွှေရည်နှင့် မမအေမီတို့သည် ကျောင်းတစ်ကျောင်းတည်း၌ အတူတက်ရ၏။ မမအေမီသည် မမနှင်းကို နိုင်စားလွန်းသည်မှတစ်ပါး စိတ်ထားကောင်း ရှာပါသည်။ မောင့်ကိုတော့ မမနှင်း၏လူဟု သဘောထားကာ သိပ်အရောတဝင် မနေတတ်ပေ။ သူတို့ ညီအစ်မနှစ်ယောက်စလုံးသည် မမမှုံရွှေရည်အား ချစ်စနိုးဖြင့် ရွှေမှုံ ရွှေမှုံဖြင့် အလွန်ပင်ခင်ခင်မင်မင်ရှိကြလေ၏။

မမမှုံရွှေရည်က "မအေမီ" ဟု အစက ခေါ်သော်လည်း မမအေမီက "မအေမီဆိုတာကြီးက မမိုက်ပါဘူးကွာ အိုင့်ကို အေမီလို့ပဲခေါ်စမ်းပါ" ဟုပြောသဖြင့် ရွှေမှုံနှင့် အေမီဖြစ်သွားကြလေသည်။

တစ်ညသား၌ စပ်စပ်စုစုရှိလှသော မမမှုံရွှေရည်က မေမေ့အား ဟိုဘက်ခြံကြီးမှ မိသားစုအကြောင်း တီးတိုးပြောဆိုနေကြသည်ကို မောင်အခန်းထဲမှ နိုး၍ နားထောင်ရ၏။

"မေမေ... သမီး မေမေ့ကို စိတ်ဝင်စားစရာ သတင်းတစ်ပုဒ်ပြောမလို့... သိလား"

ဘာများတုန်း ဆိုသည့် အကြည့်နှင့်ကြည့်ကာ မေမေက ဆွယ်တာထိုးနေသည်ကို ရပ်ထားလိုက်သည်။

"ဒီနားတိုးပါ မေမေရဲ့၊ သူများတွေမကြားစေချင်လို့ပါဆို"

www.facebook.com/NyisayEbookCreator



မောင်ကလည်းလေ…၊ မကြားစေချင်ဘူးဆိုတာကိုမှ ပိုပြီးသိချင်လာကာ မောင့်အခန်းကာထားသော သုံးထပ်သား၏ သံပေါက်ကျယ်ကျယ်မှ ချောင်းကြည့်ရင်း အသာနားထောင်မိသည်။

"မမနှင်းက ကြီးမေတို့၊ အဖေကြီးတို့ရဲ့ သမီးအရင်းမဟုတ်ဘူးတဲ့ မေမေရဲ့၊ ချင်းတောင်ဘက်က မိဘမဲ့ကျောင်းတစ်ခုကနေ ခေါ်ပြီးမွေးစားထားတာတဲ့ သိလား"

မေမေက မျက်နှာကို တစ်ချက်ဆတ်ခနဲ တည်လိုက်ပြီးမှ "သမီးကို ဘယ်သူပြောတာလဲ" ဟုမေးသည်။

"အေမီပြောပြတာ မေမေ"

မေမေက သက်ပြင်းတစ်ချေချရင်း "မေမေတို့ သိပြီးသားပါကွယ်၊ အရင်က ကြီးမေတို့မှာ သားသမီးမထွန်းကားဘူး သမီးရဲ့၊ အသက်ကြီးတဲ့ အထိ သားသမီးမရကြတာနဲ့ မွေးစားဖို့ စီစဉ်ကြတာ၊ အနှင်း သုံးလေးနှစ်သမီးလောက်မှာပေါ့၊ အနှင်းကလေးကလည်း ကံဆိုးချင်တော့ သူ့ကို မွေးစားပြီးလို့ နှစ်နှစ်လောက်လည်းကြာရော ကြီးမေမှာ ကိုယ်ဝန်ရှိတာပဲတဲ့လေ"

"ဩော် ဒါကြောင့်ထင်တယ်နော်၊ အေမီက မမနှင်းကိုဆို သိပ်အနိုင်ကျင့်တာပဲ၊ သူ့အဝတ်အစားတွေဆိုလည်း မမနှင်းပဲ လျှော်ရတယ်၊ ထမင်းစားပြီးရင်တောင် ပန်းကန်ဆေးချင်တာမဟုတ်ဘူး၊ တစ်အိမ်လုံးအလုပ်ကို မမနှင်းပဲ ဒိုင်ခံလုပ်နေရတာ၊ အင်း… ဒါပေမဲ့ အေမီက သမီးအပေါ်တော့ ကောင်းရှာပါတယ် မေမေ"

မေမေက ခေါင်းတငြိမ့်ငြိမ့်ဖြင့် ပြုံးကာ ဆွယ်တာကို ဆက်ထိုးရင်းပြောသည်။

"ကြီးမေတို့ကလည်း တာဝန်မပျက်ပါဘူးကွယ်၊ အနှင်းကလေးကို ရွှေပေါ်မြတင်ထားပါတယ်၊ အနှင်းကလည်း လိမ္မာတာကိုး၊ ငယ်ငယ်တုန်းကတော့ ညီအစ်မ နှစ်ယောက် တော်တော်ချစ်ကြတာတဲ့၊ အသက်တွေကြီးလာတော့လည်း ကိုယ့်အတွေး နဲ့ကိုယ် တစ်မျိုးလေးတွေ ဖြစ်လာကြတာပေါ့"

"မမနှင်းက ခရစ်ယာန်လားဟင် မေမေ" မမမှုံရွှေရည်က စပ်စုသည်။

"အင်း… သုံးလေးနှစ်သမီးအထိ အသင်းတော်ကပဲ ပြုစုစောင့်ရှောက်လာတာလေ၊ အခုအထိ တစ်နှစ်ကို တစ်ခါလောက်တော့ ဖာသာတွေ လာလာလည်ကြတယ်၊ သူတို့ဆီက ကြီးပြင်းသွားတဲ့ သမီးကလေး အဆင်ပြေရဲ့လားလို့ပေါ့၊

www.facebook.com/NyisayEbookCreator



အနှင်းကတော့ ဗုဒ္ဓဘာသာဆိုလည်းဟုတ်၊ ခရစ်ယာန်ဆိုလည်းဟုတ် လို့ပြောရမလားပဲ၊ နှစ်ဘက်စလုံးကလည်း ကျေးဇူးရှင်တွေချည်းပဲ ဆိုတော့လေ''

နားထောင်နေရင်းပင် မောင်သည် မောပန်းနုံးချိသွားလေ၏။ နေ့လယ်က ကျောင်းမှာ ဆရာမပေးလိုက်သော အိမ်စာတစ်ထပ်ကြီးကိုလည်း မောင်မလုပ်ချင်တော့ပေ၊ မမနှင်းကိုသာ သနားသောစိတ်တို့ဖြင့် မောင်တစ်ညလုံး အိပ်မပျော်ဘဲ ဟိုလူး သည်လိမ့်နှင့်ပင် မိုးလင်းခဲ့ရသည်။ မမနှင်းဟာ ကံကောင်းတာလား၊ ကံဆိုးတာလား၊ ကံကိုပင် မောင်လက်မခံချင်တော့ပေ။

မမနှင်းဟာ မွေးစားသမီးတဲ့၊ မမနှင်းဟာ မွေးစားသမီးလေးတဲ့၊ ဟုတ်မှာပါပဲ၊ ဒါ့ကြောင့် မေမေကြီးတို့က မျက်နှာသာမှ မပေးတာ၊ ကျွန်လို တစ်နေလုံး ခိုင်းစားနေကြတော့တာပဲ၊ မမနှင်းခမျာ နားရတယ်လို့မှ မရှိပဲ၊ လှအောင်ပအောင် ဆင်ကြတယ်ဆိုတာကလည်း အလှစိုက်ပန်းအိုးထဲကို ပန်းကလေးတွေ လှအောင် ထိုးပြီး ဧည့်ခန်းထဲမှာ ထားသလို သူတို့ ဂုဏ်သိက္ခာကို အရောင်တင်ဖို့လောက်ပါပဲဟု မတွေးစဖူး မေမေကြီးတို့ အပေါ်တွင် ခပ်ရိုင်းရိုင်းတွေးလာမိလေ၏။

နောက်နေ့မနက်တွင် မောင်အစောကြီးထကာ မမနှင်းတို့အိမ်သို့ အပြေးသွားပြီး ဘုရားပန်းအိုး လဲနေသော မမနှင်း၏ပါးပြင် နှစ်ဖက်ကို တရွှတ်ရွှတ် မွှေးရင်း မမနှင်းကို မလွှတ်ဘဲ အတင်းဖက်ထားလေ၏။

''ဟဲ... ဟဲ... ဘယ်လိုဖြစ်ရတာပါလိမ့်တော်... ကျားသားမိုးကြိုးပါကလား''ဟု မမနှင်းက တအံ့တသြဆိုလျှင် ''မမနှင်းကို မောင်ချစ်လို့'' ဟုငိုသံပါနှင့် မောင်ဖြေမိ၏။

''အမလေး... နောက်မှ ချစ်ပါ ကိုအငုာရယ်... ဟိုမှာ ထမင်းအိုးမပွက်ခင် ဒါလေးအမြန်ပြီးအောင် လုပ်နေရတာ'' ဟုပြောရင်း မောင့်ငယ်ထိပ်ကို ခပ်ဖွဖွ ခေါက်၏။

မောင်လည်း ထိုနေ့မှစ၍ မမနှင်းတို့အိမ်က လူတွေအပေါ်တွင် တယ်မနှစ်မြို့တော့ချေ။ မမနှင်းကို မေမေကြီးဆူလျှင်၊ ပူလျှင် မောင်စိတ်ခုချင်လာသည်။ မမ အေမိက မရှိမသေပြန်ပြောလျှင် ငြိုငြင်စိတ်ကွက်ချင်သည်။ ဖေဖေကြီးက မမနှင်းကို နှင်းခိုင်းနှိပ်ခိုင်းသည်ကိုပင် မောင်မကြည်ဖြူချင်တော့၊ မမနှင်းတို့ အိမ်ကြီးဆီ အလည်သွားရတာကိုလည်း မောင်မပျော်ချင်တော့ပေ။

မေမေကြီးတို့ကတော့ မောင့်စိတ်တွေဖောက်နေတာကိုပင် အလျှင်းသိပုံမရပါချေ။ အတန်းထဲတွင် မောင်အဆင့်တစ်ရတိုင်း ဆုများချမြဲ၊ အခါကြီး ရက်ကြီးများ၌ မိသားစုသွားကန်တော့ကြလျှင် မုန့်ဖိုးတွေ တနင့်တပိုးပေးမြဲ၊ တစ်နယ်

www.facebook.com/NyisayEbookCreator



တစ်ကျေးသို့ ခရီးထွက်ရာမှ ပြန်ရောက်ကြလျှင် မောင့်အတွက် လက်ဆောင်တို့ အမှတ်တရ ဝယ်လာမြဲပင်။

ကြာတော့ မောင်ပင် စိတ်ပြေသလို ရှိလာကာ အရင်လို ဖီဖီမခါတော့ဘဲ အလိုက်သင့် အလျှားသင့် တွေးတတ် မြင်တတ်လာ၏။ ဘဝဆိုသည်မှာ ဒီလို အနိမ့်အမြင့် အတက်အကျတွေ ရှိတတ်ပါကလားရယ်လို့လည်း လောကဓံဆိုသည် ကို အသက်ငယ်ငယ်နှင့် ရှုတတ်မြင်တတ်လာလေ၏။

# အခန်း (၆)

မောင်တို့ မိသားစုနှင့် မမနှင်းတို့ မိသားစုမှာ ဆွေမျိုးရင်းချာမက ချစ်ကြခင်ကြသော်လည်း အယူအဆချင်းကတော့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းပါပေ။

အဖေကြီး ဦးအေးသည် အတန်းပညာသိပ်မတတ်ဟု ကြားဖူးသည်။ ငါးတန်းခြောက်တန်းသာအောင်ပြီး မေမေကြီးတို့မိဘများ၏ ဆန်စက်၌ စာရေးကလေးဝင်လုပ်ရာက စက်ပိုင်ရှင် သမီးနှင့် ညားခြင်းဖြစ်၏။ မေမေကြီးမှာလည်း သုံးလေးတန်းအရောက်တွင် ဒုတိယကမ္ဘာစစ်ကြီး ကူးစက်လာရာ တောဘက်သို့ စစ်ပြေးကြရင်း ကျောင်းမတက်ရတော့ချေ။ စစ်ကြီးပြီးသွားသော်လည်း ကျောင်းဆက်မတက်ဖြစ်တော့ဘဲ မိဘလက်ငုတ်လက်ရင်း ဆီစက်၊ ဆန်စက်များကို ဦးစီးခဲ့ရာက ချမ်းသာလာခဲ့ပြီး ခေတ်ပြောင်းချိန်တွင် စက်တွေအားလုံး ပြည်သူပိုင်အသိမ်းခံရကာ အထည်ကြီးပျက်ဘဝ ရောက်ခဲ့ကြခြင်းဖြစ်သည်။

သူဌေးသဘောမှောက်သည်ဆိုသော်လည်း ကုန်တင်ကား သုံးလေးစီးတော့ ပိုင်ပါသေးသည်။ စပယ်ယာ၊ ဒရိုင်ဘာများငှားကာ ခပ်မိန့်မိန့်ထိုင်စားနိုင်ပါသေးသည်။ ပွဲလမ်းသဘင်တို့၌ သားအမိတစ်တွေ စိန်ရောင်တဖျပ်ဖျပ်နှင့် မော်ကြွားနိုင်ပါသေးသည်။

လကုန်ရက်သို့ရောက်လျှင်တော့ မမနှင်းတို့အိမ်၌ လူစည်နေတတ်သည်။ အဖေကြီးဦးအေးက သဘောကောင်းပြီး ဟိုစပ်စပ် ဒီစပ်စပ်ပါတတ်ရာ မေမေကြီး မျက်စောင်းထိုးနေသည့်ကြားကပင် မောင်တို့ရပ်ကွက်၌ လူကြီးလုပ်လေ၏။

လကုန်ရက်ရောက်တိုင်း မမနှင်းတို့အိမ်တွင် တစ်ရပ်ကွက်လုံးလာ၍ မဲနှိုက်ကြရသည်။ နံပါတ်ဆယ့်သုံး ဒေါ်ဖွားဖြူအပ်ချည်လုံးသုံးလုံး၊ နံပါတ်ဆယ့်ငါး

www.facebook.com/NyisayEbookCreator



မောင်လှထွန်း ဘတ်စပရိုတစ်ပုလင်း၊ နံပါတ်ဆယ့်ငါး ဦးညွန့်မောင် ပက်ဆိုးဒင့် သွားတိုက်ဆေးတစ်တောင့်... စသည်ဖြင့် အဖေကြီးဦးအေး၏ အော်သံနှင့် ရပ်ကွက်ထဲမှလူများ၏ ရယ်သံမောသံများ ပွက်ပွက်ညံနေတတ်သည်။

ဖေဖေကမူ ဘယ်တော့မှမဲနိုက်သည်မရှိပေ။ ''(ပ·ပ·က) က မကုန်တဲ့ ပစ္စည်းတွေ ညာရောင်းနေတာပါကွာ၊ ဘာလုပ်မှာလည်း'' ဟုပြောတတ်သည်။

မေမေကတော့ အားနာတတ်သူပီပီ ''အို... ဦးလေးအေးက စိတ်ဆိုးနေပါလိမ့်မယ်ကွယ်... ဖေဖေမသိအောင် တို့အိမ်အတွက် ငါ့သားလေး မဲသွားနိုက်လိုက်နော်... ဟု လေသံတိုးတိုးဖြင့် မောင့်အားချော့မော့သွားခိုင်းလေသည်။

ထိုနေ့ရက်များဆိုလျှင် မောင်သည် မမနှင်းနှင့် မကစားရတော့ချေ။ မမနှင်းသည် မဲလိပ်တွေလိပ်လိုက်၊ ပစ္စည်းတွေစစ်လိုက်နှင့် အလုပ်ရှုပ်နေတတ်သည်။ မောင်ကတော့ သိပ်လည်းနားမလည်သည်နှင့် မမနှင်းလုပ်သမျှကို ငေးကြည့်နေရုံသာတည်း။

''မမနှင်း ဒီပစ္စည်းတွေကို ဘာလို့မဲဖောက်ရတာလဲဟင်''

''ဩော်... မောင်ကလဲ အဖေကြီးက (ရ·လ·က) ဆိုတော့ လုပ်ရတာပေါ့''

''ဟင်... ဒီကာဘော်လစ်ဆပ်ပြာတို့၊ သင်းပေါင်ဒါတို့၊ သက်သာဆပ်ပြာမှုန့်တို့က အပြင်မှာလည်း ဝယ်လို့ရရဲ့သားနဲ့''

''အို... မောင်ကလည်း... အပြင်မှာက မှောင်ခိုဈေးဆိုတော့ နှစ်ဆသုံးဆလောက်များတယ်လေ၊ ဒါကြောင့် သူတို့လည်း သက်သာလိုသက်သာငြား အလုပ်ပျက် အကိုင်ပျက် နေပူထဲထီးဆောင်းပြီး မဲလာနိုက်ကြတာပေါ့၊ ဒါပေမဲ့ သူဌေးအိမ်တွေကတော့ မလာပါဘူးနော်'' ဟု မောင်တို့အိမ်ဘက်ကို မျက်စပစ်ရင်း မောင့်ကိုစသည်။

''အဲ့ဒါ အလကားပေးတာလားဟင် မမနှင်း'' ''အို... မဟုတ်ပါဘူး၊ ပြည်သူ့ဆိုင်က ဈေးနဲ့ဆိုတော့ သက်သာတာပေါ့မောင်ရဲ့၊ ကဲ... စကားတွေများမနေနဲ့၊ လာ... မမနှင်းကို မဲလိပ်တွေကူလိပ်ပေးဦး'' ဟု ခေါ်တတ်သည်။

မေမေကြီးကတော့ လက်တစ်ပွေ့စာရှိသည့် ယွန်းဗျတ်အကြီးကြီးထဲတွင် အစီအရီထပ်ထားသည့် ပြောင်းဖူးဖက်များအား ရေအသာဆွတ်လိုက် ဖျန်းခနဲခါလိုက်ဖြင့် ပြောင်းဖူးဖက်လိပ်ရန်ပြင်ဆင်နေရင်း အော်လံသေးသေးကလေးနှင့် ဗျို့ဟစ်နေသော အဖေကြီးဦးအေးကို မျက်စောင်းတထိုးထိုး၊ နှုတ်ခမ်းတစူစူဖြင့် တဗျစ်တောက်တောက်ပြောဆိုနေတော့၏။

www.facebook.com/NyisayEbookCreator



''လူကြီးလုပ်လို စားရမယ်မှတ်နေကြလား မသိဘူး၊ အကုန်လုံး ကိုယ့်အိမ်က အိတ်စိုက်ချည်းပဲ၊ ဥက္ကဋ္ဌဆိုတဲ့ ဟိုမြင်းလှည်းမောင်းတဲ့ မြဆောင်ဆိုတဲ့အကောင် မြှောက်ပေးတိုင်း သူ့ကိုယ်သူအဟုတ်မှတ်နေတာလေ၊ ကိုအေး... တော်နဲ့ကျုပ် ညနေကျမှ စာရင်းရှင်းကျသေးတာပေါ့'' ဟု မကြားတကြား ကြိမ်းဝါးတတ်သည်။

ပြည်သူ့ဆိုင်၊ ပ·ပ·က၊ မှောင်ခိုဈေး၊ ပါတီယူနစ်၊ တန်းစီတိုး၊ တင်းပြည့်ပါတီဝင်... စသည့် စကားလုံးများမှာ မောင်ငယ်ငယ်ကပင် ရင်းနှီးခဲ့သော်လည်း အတိအကျတော့ မောင်ဘာသာမပြန်တတ်သေးပါချေ။ တစ်ခါတစ်ရံ ဖေဖေက မေမေ့ကို လေပြေကလေးဖြင့် ဆုံးမတတ်သည်ကိုလည်း မောင်ကြားရ၏။

''မိရေ... သုံးတာတော့သုံးပေါ့၊ မဖြုန်းမိစေနဲ့ကွာ၊ ကိုယ်တို့က ကုသိုလ်ကံလေးကောင်းနေလို့ စားဝတ်နေရေးမပူရ မပင်ရပေမယ့်၊ ဆေးရုံမှာ ဆေးမကုနိုင်လို့ သေကုန်ကြတဲ့ လူတွေအများကြီးပဲ၊ ဆေးရုံကလည်း နာမည်သာရှိတော့တာ၊ ဆေးမရှိ၊ အရက်ပုံမရှိ၊ ဂွမ်းမရှိနဲ့ အားလုံးမှောင်ခိုဈေးကွက်မှာချည်းပဲ၊ ဒီကြားထဲမှာ လမ်းစဉ် ပါတီမဝင်ရင် ရာထူးမတိုးဘူးတဲ့၊ ကိုယ်တော့ အလုပ်ကတောင် ထွက်ချင်လာပြီကွာ'' ဟု ညည်းတတ်သည်။

မမနှင်းတို့အိမ်တွင် လူစည်ကားတတ်သည့် လကုန်ရက်များအနက်မှ တစ်ရက်ကိုလည်း မောင်ကောင်းကောင်း မှတ်မိနေသည်။ နေကပူ၊ လူတွေကများ၊ မမနှင်းကလည်းမအားမို့ မောင်တစ်ယောက်တည်း မန်ကျည်းပင်ကြီးအောက်မှ ကွပ်ပျစ် ပေါ်တွင်ထိုင်ကာ နေကြာစေ့စားရင်း ရွှေဂေါင်းပြောင်ကာတွန်းတစ်အုပ်နှင့် ဇိမ်ကျနေသည်။

စတစ်အင်္ကျီအဖြူ၊ မာဆရိုက်ပုဆိုးအကွက်စိပ်စိပ် ဝတ်ဆင်ထားသော လူတစ်ယောက်သည် မောင့်ကို ကွက်ကြည့် ကွက်ကြည့်လုပ်နေရာက မောင်ထိုင်နေသော ကွပ်ပျစ်ဆီသို့လျှောက်လာကာ မောင့်နံဘေး၌ လာထိုင်လေသည်။

မောင်လည်း ကာတွန်းစာအုပ်ကို အသာချ၍ ထိုသူအား မော့ကြည့်မိရာ အသားမဖြူမညို၊ အရပ်မြင့်မြင့်၊ ဒေါင်ကောင်းကောင်းနှင့် ကြည့်ရတာ ချောချော ဖြောင့်ဖြောင့်ရှိလှ၏။ ထိုသူက လက်ကိုင်ပဝါကို အသာထုတ်၍ ချွေးသုတ်ရင်း မောင့်ဘက်သို့လှည့်ကာ ပြုံးပြလိုက်သည်။ ပြုံးလိုက်သည့်အခါ လှစ်ကနဲပေါ်သွားသော သွားတက်ကလေးများမှာ နှစ်လိုဖွယ်ရှိလှ၏။

''ကလေးနာမည်က မောင်မောင်လား''

''ခင်ဗျာ''

www.facebook.com/NyisayEbookCreator



“ဪ… ကလေးက ဟိုဘက်အိမ်က မောင်မောင်ဆိုတဲ့ ကလေးလေးလားလို့ ဦးကမေးတာပါ” ဟု ဆိုရင်း မောင်တို့အိမ်ဖက်ကို လက်ညှိုးထိုးပြ၏။

မောင့်စိတ်ဝယ် ဇဝေဇဝါနှင့် သူ့ကိုမှတ်မိလိုမှတ်မိငြား စဉ်းစားရ၏။ ဟင့်အင်း… သူ့ကို မောင်တစ်ခါမှမမြင်ဖူးပါချေ၊ မောင့်အတွက်သူသည် သူစိမ်းတစ်ယောက်သာဖြစ်၏။ သို့သော်လည်း ဘာကြောင့်မှန်းမသိ၊ သူ့ကို မောင့်စိတ်ထဲ ရင်းနှီးနေသလိုပင်ထင်ရ၏။

“ဟုတ်… ဟုတ်… ဟုတ်ပါတယ် ဦးဦး၊ သားက မောင်မောင်ပါ”

မောင်အထစ်ထစ်အငေါ့ငေါ့ဖြေမိလျှင် သူကလည်းပြုံး၍ မောင့်ကိုခင်မင်စွာကြည့်နေသည်။ သူသည် မောင်အရင် တွေ့ဖူးသူများနှင့် ကွဲပြားခြားနားနေသလိုထင်ရသည်။ သူ၏ တည်ငြိမ်သိမ်မွေ့မှုကြောင့်ပင် မောင်လှုပ်လှုပ်ရှားရှားဖြစ်ရ၏။

နှစ်ယောက်သား စကားမဆိုဖြစ်ပဲ အကြာကြီးထိုင်နေကြပြီးမှ

“ဦးဦးက ဟိုးနားမှာထိုင်နေတဲ့ နှင်းနှင်းရဲ့ သူငယ်ချင်းပါ”ဟု သူ့ကိုယ်သူ မိတ်ဆက်၏။ ထို့နောက် မောင့်လက်ဖဝါးကလေးကို သူ့လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း…

“ဦးအရမ်းအရေးကြီးတဲ့ ကိစ္စတစ်ခုရှိနေလို့၊ ကလေးဦးကို ကူညီနိုင်မလားဟင်”ဟုမေးလေသည်။ မောင့်မျက်လုံးတို့ ပုတ်ခတ်၍ ထိုလူအား နားမလည်နိုင်စွာ ကြည့်နေမိ၏။

“ဦးသွားတော့မယ်နော်၊ ဒါလေးကို အနှင်းလက်ထဲ ထည့်ပေးပါ၊ ဘယ်သူမှ မသိပါစေနဲ့”

ထိုသူ၏ လျှို့ဝှက်တတ်သော မျက်လုံးတို့က မောင့်နှုတ်ခမ်းတို့ကိုဆယ်နှစ်ကျော်ကျော်တိုင်အောင် ပိတ်ပစ်နိုင်ခဲ့ကြောင်း မောင်မပြောလိုတော့ပါချေ။

မောင်သည် စာရွက်ခေါက်သေးသေးကလေးကို လက်ထဲ၌ ကျစ်ကျစ်ဆုပ်ရင်း ရင်တွေတလှပ်လှပ် ခုန်နေခဲ့၏။ ထို့နောက်မှ လူကြီးတွေ မရိပ်မိစေရန် အကြံဉာဏ်ထုတ်ကာ လက်သီးဆုတ်နှစ်ဖက်ကို ဘေးသို့ ဆန့်တန်း၍ လေယာဉ်ပျံလုပ်တမ်း ကစားသလိုဟန်ဆောင်ကာ ပါးစပ်မှလည်း ဝေါ ဝေါ ဝေါ ဟု အသံမြည်ရင်း ပြေးထွက် လာခဲ့သည်။ မမနှင်းအခန်းထဲသို့ ရောက်ရောက်ချင်း တံခါးကိုအတွင်းမှ ဂျက်ချပြီးလျှင် တဆတ်ဆတ်တုန်ယင်နေသော မောင့် လက်သီးဆုပ်ထဲမှ စာရွက်ခေါက်ကလေးအား ဖွင့်၍ဖတ်ကြည့်ရကောင်းနိုး၊ မဖတ်ဘဲ ပေးလိုက်ရကောင်းနိုးဖြင့် ချီတုံချတုံ ဖြစ်နေပြန်သည်။

www.facebook.com/NyisayEbookCreator



အတန်ကြာမှ မဲလိပ်လောက်သာရှိသော စာရွက်ကလေးအား ဖြေလိုက်ရာ

**"နှင်းကလေး"**

*ကို မနက်ဖြန်... ကျောင်းပြန်တက်ဖို့ ရန်ကုန်ကို ပြန်သွားရမယ်၊ ဒီနေ့ည နှုတ်ဆက်ချင်တယ်...*

ဝေလွင်

စာရွက်ခေါက်ကလေးကိုကိုင်ရင်း တရားခံတစ်ယောက်ပမာ မောင်ဆွံ့အနေခဲ့သည်။ မောင်သည် မေမေကြီးတို့ မိသားစုက အကြီးမားဆုံးစွဲချက်တင်နိုင်သော ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ခဲ့မိလေပြီလား၊ အဖေကြီး ဦးအေး၊ မေမေကြီးနှင့် မမအေးမီတို့က တစ်ဘက်၊ ကိုဝေလွင်ဆိုသော လူစိမ်းဦးဦးနှင့် မမနှင်းတို့က တစ်ဘက်၊ ချိန်ခွင်လျှာကို မည်သည့်ဘက်သို့ ငိုက်လိုက်ရကောင်းမည်နည်းဟု ခေါင်းမီးတောက်နေခဲ့သည်။

ထိုစဉ်မှာပင် "ဟဲ့ အခန်းထဲက ဘယ်သူလဲ၊ တံခါးဖွင့်စမ်း"

ဟုဆိုရင်း တံခါးကို တစ်ဘုန်းဘုန်း ထုနေသော မေမေကြီး၏ အသံကို မောင်ကြားလိုက်ရ၏။

ဒိန်းကနဲ ဆူညံသွားသောအသံမှာ အပြင်ဖက်မှမဟုတ်ဘဲ မောင့်ရင်ဘတ်ထဲက အသံဖြစ်ကြောင်းပင် မောင်မဝေခွဲတတ်တော့ချေ။

မောင်လည်း စာရွက်ခေါက်ကလေးကို အိပ်ကပ်ထဲအသာထည့်ရင်း တုန်တုန်ချိချိဖြင့် တံခါးဖွင့်လိုက်ရသည်။ မေမေကြီးသည် မထင်မှတ်ဘဲ မောင့်ကို တွေ့လိုက်ရ၍ အံ့အားသင့်သွားဟန်ဖြင့် "ဩော်... ဖိုးမောင် ကလေးပါလား... သားမမ... မမနှင်းရောကွယ်" ဟုမေးလေသည်။

"မမနှင်း... အဖေကြီးနဲ့ အိမ်ရှေ့မှာ မဲလိပ်တွေလိပ်နေပါတယ် မေမေကြီး" ဟု မောင်ဖြေလျှင်

"အိမ်ရှေ့မှာလည်း မရှိလို့ကွယ့် သားရဲ့၊ မေမေကြီး ရှာတာလည်း တစ်အိမ်လုံးနှံ့နေပြီ အနှင်းကို မတွေ့လို့"

မေမေကြီးသည် တစ်စုံတစ်ခုကို သိနေသောပုံစံဖြင့် မောင့်အား စူးစမ်းသလိုကြည့်၏။

"ဘုရား ဘုရား... ငါ့အိတ်ကပ်ထဲက စာရွက်ခေါက်ကလေးကိုများ မေမေကြီးသိသွားပြီလား မောင်သည် ကိုယ့်အပူနှင့်ကိုယ် ချွေးစေးတွေပြန်လာကာ ဖျားချင်သလိုလိုပင် ဖြစ်လာလေ၏။

www.facebook.com/NyisayEbookCreator



"ဒီကောင်မလေး အမြီးအခန်းလည်း မသွားလောက်ပါဘူး၊ ဘယ်များသွား နေပါလိမ့်၊ ငါ့နယ်နော်၊ အနှင်းရေ… အေ… အနှင်း" မေမေကြီးသည် ပါးစပ်က မနားတမ်းပြောလည်းပြော၊ အော်လည်းအော်နှင့် မမနှင်းအပေါ်တစ်ခုခု စိုးရိမ် နေပုံရ၏။

"မေမေကြီး၊ မောင်လိုက်ရှာပေးရမလား ဟင်"

"နေပါစေ သားရယ်၊ အဖေကြီးများ တစ်ခုခုခိုင်းလိုက်သလားမသိပါဘူး၊ မဟုတ်တော့လည်း သူ့ထိုက်နဲ့ သူ့ကံပဲပေါ့ နေပါစေ… နေပါစေ… "

မေမေကြီးသည် မမနှင်းအခန်းထဲတွင် ဝင်ထိုင်ရင်း ဘာမှမလုပ်ရဘဲ မောပန်းနေလေ၏။

"ဟိတ်… မောင်ကလေး… မမအခန်းဝမှာ ဘာလုပ်နေတာလဲ"

ရုတ်တရက် မမနှင်းရောက်လာမှပင် မောင့်ရင်ထဲမှ အလုံးကြီးကျသွားကာ

"မေမေကြီး… မမနှင်း ဒီမှာ… မမနှင်း ဒီမှာ"ဟု ဝမ်းသာအားရ ဟစ်အော်မိ၏။

မမနှင်းလည်း အခုမှပင် မေမေကြီး သူ့အခန်းထဲ၌ ထိုင်နေသည်ကို မြင်ကာ လျှာကလေး အသာထုတ်၍ ဇက်ပုကာ မောင့်ကို ပြောင်ပြလေသည်။

"အယ်… အမေ… အနှင်းကို ရှာနေတာလား… အနှင်းဘာလုပ်ပေး ရမလဲ… ဇက်ကြောဆွဲပေးရမလား"

"မဟုတ်ပါဘူးအေ…၊ မတွေ့လို့မေးတာပါ၊ အေး… အေး၊ မောင်နှမနှစ် ယောက်နေရစ်ချေ၊ အမေ သွားတော့မယ်"ဟုဆိုကာ မေမေကြီး ထွက်သွားလေ တော့သည်။

မမနှင်းမှာ ယခုမှပင် စိတ်သက်သာရာ ရသွားဟန်ဖြင့် ကုတင်ပေါ်သို့ ခြေပစ်လက်ပစ်လဲလျောင်းရင်း "ကဲ ဒီမောင်ကလေးကရော မမနှင်းကို စောင့်နေ တာလား၊ မောတယ်ကွာ၊ ဒီနေ့မကစားချင်တော့ဘူး" ဟုပြောလေသည်။

မောင်လည်း မမနှင်းအနားသို့သွားကာ

"မမနှင်းကလည်း ထပါဦး၊ မမနှင်းကို မျက်လှည့်ပြမလို့၊ မျက်စိမှိတ် ထား"ဟု ပြောလိုက်သည်။

မမနှင်းက မျက်စိကိုအကုန်မပိတ်ဘဲ ခိုးကြည့်နေသော်လည်း မောင်မသိ ဟန်ဆောင်ကာ "မမနှင်း လက်ဝါးဖြန့်" ဟု ပြောလိုက်သည်။ မမနှင်းက လက်ဝါးနှစ်ဖက်ကို ဖြန့်ကာ "ကဲ ပြမှာဖြင့် မြန်မြန်ပြလေ မောင်ကလဲ"ဟုပြော လေ၏။

www.facebook.com/NyisayEbookCreator



မောင်က အိပ်ကပ်ထဲမှ စက္ကူလိပ်ကလေးကို အသာထုတ်၍ မမနှင်း လက်ဖဝါးထဲသို့ ထည့်လိုက်သည်။

မမနှင်းမှာ အံ့သြဟန် မပြသေးဘဲ ''သြော် ဒါလေးများမောင်ရယ်၊ ခုန မဲဖောက်နေတုန်းကဖြင့် လာမပေးပဲနဲ့၊ ဒါမောင်နှိုက်ထားတဲ့ မဲလိပ်ပေါ့လေ၊ ကဲ ဒေါက်တာသန့်စင်တို့အိမ်က နေရှင်နယ်ရေဒီယိုတစ်လုံး ပေါက်ပါစေတော်''ဟု ပြောရင်း စာရွက်လိပ်ကလေးကို ဖြေကြည့်လိုက်၏။

အထဲမှ စာကိုဖတ်လိုက်သည်နှင့် မမနှင်းတစ်ကိုယ်လုံး ဆတ်ကနဲ တုန်ခါသွားသည်ကို မောင်သတိထားမိလိုက်သည်။ မဖော်ပြတတ်သော အရိပ်အရောင်တို့သည် မမနှင်း၏ မျက်နှာပြင်ပေါ်၌ လှုပ်ခတ်ပြေးလွှားနေကြသည်။ မမနှင်းသည် သက်ပြင်းများချလိုက်၊ မျက်လုံးများဝေ့လည်လိုက်ဖြင့် အတွင်းစိတ်တို့ ယောက်ယက်ခတ်နေမှန်း သိသာလှ၏။

စာဖတ်နေချိန်မှာ တဒင်္ဂသာဖြစ်သော်လည်း ငေးငိုင်တွေဝေနေချိန်မှာ တစ်ကမ္ဘာမျှကြာသလိုပင်တည်း ''မမနှင်း... မမနှင်း''

မောင်ကလက်ဖြင့်အသာပုတ်တော့မှ မမနှင်းသတိပြန်ဝင်လာကာမောင့်ကို စေ့စေ့ကြည့်၍ ''မောင်... မောင် ဒါဘယ်သူ့ကိုပြလိုက်သေးလဲ ဟင်''

''ဟင်အင်း... ခုနတောင် မေမေကြီးသိမှာစိုးလို့ မောင်ဝှက်ထားတာ''

''အမလေး... အမလေး... တော်ပါသေးရဲ့ မောင်၊ အဖေတို့ အမေတို့သိရင် မမနှင်းကိုယ်ကျိုးနည်းမှာ၊ မမနှင်းကို သတ်ကြမှာ၊ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ မမနှင်းကို မောင်ကတိပေးနော်''

''အင်းပါ မမနှင်းကလဲ''

''ဘယ်သူ့ကိုမှတော့ မပြောလိုက်ပါနဲ့ မောင်ရယ်၊ အဲဒါမှ မိုးမီးလောင်မှာ၊ မမနှင်းလည်း အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမှာ၊ မမနှင်းတော့ သေသာ သေချင်တော့တာပါပဲ'' ဟုလည်း ငိုသံပါနှင့် ပြောသေး၏။

''သြော်... မပြောပါဘူးဆို'' ထို့နောက်တွင်မှ မမနှင်းသည် မောင့်ကို စိတ်ချသွားဟန်ဖြင့် သူ့စိတ်သူ တည်ငြိမ်အောင်ထိန်းရင်း ပြန်လည်ရင့်ကျက်လာပြန်လေသည်။

''မမနှင်း··· အဲဒီဦးဦးက မမနှင်း ရည်းစားလား ဟင်''

အတန်ငယ်အသံကျယ်သွားသဖြင့် မမနှင်းက မောင့်ပါးစပ်ကို လက်ဖဝါးဖြင့်အသာလှမ်းပိတ်သည်။

www.facebook.com/NyisayEbookCreator



''မဟုတ်ပါဘူးမောင်ရယ်၊ အဲဒါ ဆယ်တန်းတက်ခါစက မမနှင်းရဲ့ သူငယ်ချင်းပါ။ မတွေ့တာတောင် အတော်ကြာပါပြီ အမေတို့က ယောကျာ်းလေး သူငယ်ချင်း မထားရဘူးမောင်ရဲ့၊ အဲဒါမမနှင်းက အိမ်က မသိအောင် ခိုးလုပ် ရတာမို့ ကြောက်နေရတာ၊ အနှင်းရဲ့ ရည်းစားကလေးက ကမ္ဘာပေါ်မှာ ဟောဒီက မောင်ကလေးတစ်ယောက်ထဲရယ်'' ဟုဆိုတာ မောင့်ကို ခပ်တင်းတင်း ဖက်ထား လေ၏။

# အခန်း (၇)

အချစ်ဆိုသည်မှာ ထူးထွေဆန်းပြားလှသည့် အရာတစ်ခု မဟုတ်ပါဘဲ လျက် သူနှင့်တွေ့လျှင် တစ်ဘဝလုံး ကျွမ်းထိုးမှောက်ခုံ လှန်တတ်၏။ တည်ငြိမ်သောရေပြင်ကို ဝဲကတော့များ ပတ်ခွေ စီးဆင်း စေတတ်၏။ လေပြေညှင်းကို မုန်တိုင်းဆင်အောင်လည်း အသက်သွင်း တွန်းအား ပေးတတ်ပြန်သေးသည်။

လှိုင်းတံပိုးတို့ အုံကြွနေသော ပင်လယ်ပြင်ဝယ် လှေငယ်ကို မျှောရင်း မြုပ်ချည်ပေါ်ချည် ဘဝ၌ မမနှင်းနေပျော်တော့မည်လား၊ မောင့်မမနှင်းကား အာဏာကိုဖီဆန်၍ မိုက်မဲရန် အဆင်သင့် ဖြစ်နေချေပြီ။

ညကလည်း မမနှင်းကို မောင်အိပ်မက် မက်၏။ မမနှင်းသည် ဆွတ်ဆွတ်ဖြူ၍ ရှည်လျားပျောင်းနွဲ့သောဝတ်စုံကို ဝတ်ဆင်ကာ တောင်ထိပ်တစ်ခုပေါ်တွင် ရပ်လျက်ရှိသည်တဲ့၊ နှင်းတွေကလည်း ကျနေသည်တဲ့၊ အဖြူရောင် မဟုတ်ဘဲ ဆိုင်းဆို့ပြာမှောင်၍ နေသည်။

မမနှင်း၏ ကျောဖက်တွင် ဖြူဖွေးကြီးမားလှသော အတောင်ပံနှစ်ဖက်ကို ခပ်ပွပွ မြင်ရသည်။ မမနှင်းသည် တောင်ထိပ်ပေါ်မှ ဟုတ်ခနဲ ခုန်ချလိုက်ပြီး တောင်ပံများကို ဖြန့်ကားကာ လေထဲမှာ ပျံဝဲနေသည်။ မောင်က မမနှင်းရေ မမနှင်း ရေဟု အော်ခေါ်နေသော်လည်း မကြားဘူးတဲ့၊ ထို့နောက်မှ မမနှင်းနှင့် အလားတူ ပုံစံတူ လူတစ်ဦးကောင်းကင်ပေါ်ကကျလာကာ မောင်တို့ခြံခန်းတွင် ချိတ်ဆွဲထားသော ပန်းချီကားထဲမှ ကိန္နရီကိန္နရာမောင်နှံတို့ကဲ့သို့ ဟင်းလင်းပြင်ထဲ၌ လွင့်မျောနေကြသည်တဲ့၊ အဝေးကြီးကို ပျံသန်းသွားကြသည်တဲ့၊ ဖောက်ခနဲ ပေါက်ကွဲသံတစ်ချက် ကြားလိုက်ရပြီး အတောင်ပံတို့သည် အမှုန်အမွှားများ အဖြစ်

www.facebook.com/NyisayEbookCreator



ဖွေးဖွေးလှုပ်ကာ နှင်းငွေ့တို့ အကြိုအကြား၌ တိမ်မြုပ်ပျောက်ကွယ် သွားတော့ သည်တဲ့။

မောင်ကတော့မမနှင်းတို့ လွင့်ပါးမေးမှိန်သွားသည်ကို ကြည့်ကာ ငိုချင်းတွေ ရှည်ရသည်။ မောင်ငိုနေသည်မှာ အိပ်မက်ထဲမှာတင်မဟုတ်ဘဲ လန့်နိုးချိန်အထိ ငိုနေဆဲတည်း။

မေမေတို့ပင် အထိတ်တလန့်ဖြစ်ကာ အကျိုးအကြောင်း မေးမြန်းချော့မော့သော်လည်း မောင်ငိုတာကို ရပ်၍ မရချေ။ နောက် ဆယ်နှစ်၊ အနှစ်နှစ်ဆယ်အကြာတို့၌ ဤသို့ ထပ်မံပူဆွေးရဦးမည်ဆိုသည်ကိုလည်း မောင်မသိတတ်သေးပါချေ မမနှင်း။

ကြုံတွေ့ဖြတ်သန်းရမည့် အကျိုးအပြစ်တို့သည် ဘုရားသခင်၏ ကောင်းချီးပေး၊ ဒဏ်ခတ်ခြင်းတို့သာဟု မမနှင်းက ထင်မြင်ယူဆချင်သော်လည်း မောင်ကတော့ မပွင့်လင်းသည့် မမနှင်းကိုသာ မဆိုစလောက်အပြစ်တင်ချင်သည်။

"ကျွန်ုပ် ဒုက္ခတစ်ခါရောက်တိုင်း ချစ်သူလက်ကို တစ်ခါကိုင်ပါ ရစေ" ဟု ရှေ့ဆုံးတွင် ရေးသားလက်မှတ်ထိုးထားသော ကိုဝေလွင် လက်ဆောင်ပေးခဲ့သည့် စာအုပ်ကလေးကိုပင် မမနှင်းဗီရိုအောက်ဆုံးထပ် ကျောင်းသုံးစာအုပ်များကြားမှ မမနှင်းမသိအောင် မောင် ခိုးဖတ်ခဲ့ရသည်။

လျှို့ဝှက်သိပ်သည်းခြင်းဟူသည် အရာရာကို အဆင်ပြေချော့မွေ့ စေတတ်သော်လည်း ကာယကံရှင် ကိုယ်တိုင်အား ကြီးစွာ နာကျင်ခါးသီးစေတတ်မှန်း မမနှင်း မောင့်ကို မဖွင့်ဟခဲ့ချေ။

မောင်ကတော့ မပြောသော်လည်း သိနှင့်ပေပြီ။ ရှင်းမပြသော်မှ နားလည်မိချေပြီ။ နှုတ်ဖြင့် စကားလုံးမစီသော်လည်း စိတ်ဝိဉာဉ်က စာနာရလေပြီ။ ဆယ်နှစ်ကျော်ကျော်အချိန်တိုင် မသိတတ်ခဲ့သလိုပင် ဟန်ဆောင်ကောင်းခဲ့ချေပြီတည်း။

မောင်က မသိဟန်ဆောင်တတ်သေးသော်လည်း ကံကြမ္မာ၏ အချိုးအကွေ့မှာ အပွေ့အဖက်ကြမ်းလွန်းလှသည်။ နှစ်နှစ်ဟူသော အချိန်ကာလအတွင်း အမျိုးမျိုးအထွေထွေသော ဘဝတို့၏လည်ပတ်မှုမှာ လျှောင်လှုပ်စဉ် လဲပြိုကျခဲ့ရသော ချားရဟတ်ပမာတည်း။

မမမှုံရွှေရည် ဆယ်တန်းအောင်သောနှစ်မှာပင် မမအေးမီတစ်ယောက် ကောလိပ်တက်ရင်း လင်နောက်လိုက်ပြေးလေသည်။ မမနှင်းတို့ မိသားစု၏ အရွေ့အလျားမှာ မောင်တို့ အိမ်ဘက်အထိ ရိုက်ခတ်၏။ မမအေးမီကို ခိုးပြေးသော ကိုကိုဦး၏ အခြေအနေကို မမမှုံရွှေရည်ထံ အဖေကြီးဦးအေးနှင့် မေမေကြီးတို့

www.facebook.com/NyisayEbookCreator



လာရောက် အစ်အောက်ကြ၏။ မမမှုံရွှေရည်က မေးသမျှ ဘူးခံရာ မေမေကြီးတို့လည်း တယ်မယုံကြည်ကြပဲ စိတ်ခုကြ၏။ မေမေကြီးတို့ ပြန်သွားမှပင် မမမှုံရွှေရည်က မောင်တို့ သားအမိကို အကြောင်းစုံ ဖွင့်ချလေ၏။

"ကိုကိုဦးတို့က ပိုက်ဆံတော့ ချမ်းသာကြပါတယ်။ အားလုံးစုံ စမ်းပြီး သွားရင် မေမေကြီးတို့ စိတ်ချ သဘောတူမှာပါ။ သမီးစကားမှားသွားမှာစိုးလို့ မသိဘူးဘဲငြင်းရတာ။ ဒါပေမယ့် အပွေအရှုပ်ထဲကလို့တော့ ကြားတယ်မေမေ။ ကောင်မလေးတွေဆို ဟောတစ်ယောက် ဟောတစ်ယောက်ပဲတဲ့၊ လွန်လွန်ကြူးကြူး တွေတောင် ရှိတယ်ဆိုပဲ၊ အေမီက သမီးကို ပြောပြီး ခဏခဏ ညည်းရှာတယ်၊ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနဲ့ တရုတ်သွေးနဲ့နဲ စပ်တယ်ထင်ပါရဲ့"

ထို့နောက် မင်္ဂလာပွဲကြီး ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲကာ မမနှင်းချက်သည့် ထမင်းအိုး၌လည်း ဆန်တစ်ဗူး ပိုထည့်ရတော့၏။ မိဘက ချမ်းသာသော်လည်း ကိုကိုဦးမှာ ကောလိပ်ကျောင်းသားဘဝပင်ရှိသေးရာ မမနှင်းတို့အိမ်၌ ဘော်ကြော့ နေလေ၏။ မမနှင်းအပေါ်၌ လူတစ်ယောက်စာ ဝန်ပိုပိလာသည်မှ တစ်ပါး အခြား အရာ အားလုံး မပြောင်းလဲဟု ထင်စရာပင်။

ကိုကိုဦး ရောက်လာကာမှ မမနှင်း၏ ဦးစားပေးနေရာသည် သူတို့အိမ်၌ အောက်တစ်ထစ်သို့ ထပ်၍ နိမ့်ကျသွားပြန်သည်ကို မောင်သိရှိရိပ်မိရပြန်၏။ သူစိမ်းတစ်ယောက်ရောက်လာသည်ဖြစ်၍ မောင်တို့အိမ်က လူတွေပင် မမနှင်းတို့ ဘက်သို့ အကူးအသန်း တယ်မလုပ်တော့ချေ။ မမနှင်းကသာ သူ့အလုပ် အားချိန် ကလေးများတွင် မောင်တို့အိမ်သို့ အပြေးအလွှားလာရ၏။ မေမေကလည်း မမနှင်း အပေါ် သံယောဇဉ်ကြီးသူဖြစ်ရာ မမနှင်းလာလျှင် မုန့်တစ်ခုခုလုပ်စားတတ်ကြ စမြဲပင်။

မုန့်လုပ်စားသည် ဆိုသော်လည်း မေမေက အိမ်မှပစ္စည်းသာစိုက်ရပြီး အလုပ်အားလုံးကို မမနှင်းကသာ တလတွန်းလုပ်လေသည်။

"နေစမ်းပါ မမမိရယ်၊ အေးအေးသက်သာထိုင်ပြီး စကားပြောစမ်းပါ၊ အလုပ်တွေအကုန် အနှင်းပဲ လုပ်ပါ့မယ်။ အနှင်းက အကျင့်ပါနေပြီ၊ သူများ လုပ်ကျွေးတာ မစားတတ်တော့ဘူး ဟဲဟဲ၊ အိမ်မှာဆိုရင် စကားပြောဖော်မရှိလွန်း လို့ပါ"ဟုဆိုကာ ငရုပ်သီးထောင်းလည်းသူ၊ လက်ဖက်သုပ်လည်းသူ၊ ခေါက်ဆွဲ ကြော်လည်း သူမို့ မေမေတို့က အားနာနာနှင့်ပင် သူ့အား မျှော်ကြလေ၏။

မောင်ကတော့ လေးတန်းနှစ်မို့ အစိုးရစစ်စာမေးပွဲတွင် တစ်မြို့နယ် လုံးပထမရချင်သည်က တစ်ကြောင်း၊ အသက်အတန်ငယ်ကြီးလာသဖြင့် အသိမိတ်

www.facebook.com/NyisayEbookCreator



ဆွေတိုးလာကာ ကျောင်းမှသူငယ်ချင်းများနှင့် မြို့မြောက်ဘက်ရှိ သဲချောင်းထဲတွင် ဘောလုံးချိန်းချိန်းကန်ကြသည်က တစ်ကြောင်းတို့ကြောင့် မမနှင်းနှင့် အရင်က လောက် ဒွေးရောယှက်တင် မနေဖြစ်တော့ချေ။

မမအေမီတို့ကား ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျကြသည်ဖြစ်ရာ လင်မယား တစ်ကျက်ကျက် ရန်ဖြစ်နေကြတာက များသည်။ ကိုကိုဦးကလည်း ကိုကိုဦးပင်၊ ယောက္ခမ အိမ်တွင် လိုက်နေရသည်ဆိုပေမယ့် အမြဲလိုလိုသောက်ချင် စားချင်သည်။ အဖေကြီးဦးအေးတို့မှာ ဒရိုင်ဘာ၊ စပယ်ယာကအစ အသောက် အစား ကင်းသူကိုသာ အလုပ်ခန့်ခြင်းဖြစ်လေရာ ကိုကိုဦးနှင့်ကျမှ ရေငုံနှုတ်ပိတ် နေရတော့သည်။

ကိုကိုဦးကလည်း ရမ္မန်းသိသာအိ တစိုစိုပင်၊ ညနေစောင်းလျှင် သူငယ်ချင်း များ လာခေါ်သော ဂျစ်ကားဖြင့်လိုက်သွားပြီး အရက်ကလေး တမြမြနှင့် ပြန်လာ တတ်ရာ မမနှင်းတို့ မိသားစုမှာ အတော်ပင် စိတ်စနိုးစနောင့်ဖြစ်ကြ၏။

"အိမ်မှာနေရတာလည်း မွန်းကြပ်ပါတယ် မမမိရယ်၊ ဟိုတစ်နေ့က ညီမလေးတို့ လင်မယားရန်ဖြစ်တာ သူ့ကောင်လေးကလည်း ခပ်ထွေထွေဆိုတော့ လက်က ပါချင်ချင်ရယ်၊ အဲဒါ အနှင်းက ဝင်ပြောလိုက်မိတယ်၊ ဟဲ့ ဟဲ့ မောင်ဦး၊ ပြဿနာရှိရင်လည်း အေးအေးဆေးဆေးပြောကြပါကွယ်၊ ရိုက်မောင်းပုတ်မောင်း တွေတော့မလုပ်ပါနဲ့၊ လို့"

မမနှင်းသည် ရေတတ်သီးဖတ်စင်၍လား ဝမ်းနည်းနေ၍လားမသိ၊ မျက်စိကို အင်္ကျီလက်ဖျားဖြင့် သုတ်နေပြီးမှ "အဲဒါ အနှင်းကို ဘာပြောတယ်မှတ်လဲ... "ခင်ဗျားက အစ်မအရင်းလည်း မဟုတ်ဘဲနဲ့၊ သူ့စိမ်းက သူစိမ်းလိုနေစမ်းပါ၊ ကျုပ်တို့လင်မယားကြားထဲ လာလာမရှုပ်ပါနဲ့ တဲ့၊ အနှင်းလေ စိတ်တိုလိုက်တာ မပြောပါနဲ့တော့ မမမိရယ်၊ ညီမလေးမျက်နှာနဲ့ မို့သာ၊ ဒင်းကို အနှင်းသိပ်မုန်းတာပဲ၊ အဖေတို့ အမေတို့တောင် အနှင်းကို ဒီလို တစ်ခါမှ မပြောဖူးဘူး"ဟု မျက်ရည် တလည်လည်နှင့် ပြောတတ်သည်။

ထိုသို့ စကားကောင်းနေပြီဆိုလျှင် မမနှင်းတို့ ခြံကြီးဘက်မှ အနှင်းရေ အနှင်းဟူသော မေမေကြီး၏ တကြော်ကြော် အော်ခေါ်သံကြောင့် စကားစ အမြန် ဖြတ်ရပြီး "သွားဦးမှ သွားဦးမှ... တော်ကြာ ခြေမှာဖွေပါရပါ့မလား ဆိုပြီး အငေါက်ခံနေရဦးမယ်၊ မမမိရေ အနှင်းသွားပြီ၊ မမနှင်းရဲ့ အသက်ကလေးရေ မမနှင်းသွားပြီ တာ့တာ" ဟုဆိုကာ မောင့်ပါးပြင်ကို မနာအောင် တစ်ချက်ဆွဲလိမ် ကာ သုတ်ချေတင်ရလေပြီတည်း။

www.facebook.com/NyisayEbookCreator

# အခန်း (၈)

အတိတ်ကို တွေးတောအောက်မေ့ရသည်မှာ အခြားသူတို့အတွက် ခံစားချက်များ အသီးသီးရှိကြမည် ဖြစ်သော်လည်း မောင့်အဖို့တော့ မုတ်သုံရာသီတွင် တရိပ်ရိပ်ပြေးသော မိုးတိမ်တို့ အပေါ်၌ မှူးမိုက် ရသလိုပါပင်။

မျက်လှည့်ဆရာ၏ လက်ထဲမှ မှော်သေတ္တာကဲ့သို့လည်း အပြောင်း အလဲတို့က မြန်ဆန်လွန်းလှသည် ထင်မိ၏။ မမနှင်းကား လေအဟုန်တွင် ရုပ်တိုက်ပြေးလွှားရရှာသော မြက်ခြောက်ပင်တစ်ပင် ဖြစ်ခဲ့ပြီး မိုးကြိုးမုန်တိုင်းတို့ လှိုင်းထန်နေချိန်တွင် ကျွတ်ဆတ်သောသစ်ကိုင်း၌ ခိုနားမိခဲ့သော မိုးခိုငှက်တစ်ကောင်လည်း ဖြစ်ခဲ့၏။

ကိုယ်စီကိုယ်ငှ ဘဝတို့အား ဖြစ်စေပျက်စေဟု လက်ညိုးထိုးခိုင်းစေတတ်သော တန်ခိုးရှင်ဆိုသည်မှာ အမှန်တစ်ကယ် ရှိခဲ့သည်ဆိုငြားအံ့၊ ထိုသူသည် မစာနာ၊ မနာကျင်တတ်သူသာ ဖြစ်ပါလိမ့်မည်။ သုခနှင့် ဒုက္ခတို့အား ပြေပြစ်မျှတ သမအောင် ရောမွှေ၍ ရုပ်ပုံကားချပ်တို့ ဖန်ဆင်းရာတွင် ဆေးစပ် မကျွမ်းကျင်သော ပန်းချီဆရာပင် ဖြစ်ပေလိမ့်မည်။ သူ၏ မကျွမ်းကျင်မှုအတွက် မောင်က မမနှင်းအပေါ် ကြားထဲက အားနာရသည်လေ။ မဖြောင့်စင်းသော ဘဝတို့အတွက်လည်း သူ့အပေါ် နာခံရန် ခက်ခဲလှသည်။

ကံ၊ ကံ၏အကျိုးဟု ယိုးစွပ်ရအောင်ကလည်း အရာရာတွင် သိမ်မွေ့ဖြူစင်လှသော မမနှင်း၏ စိတ်ဝိညာဉ်နှင့် လွန်းဆင်ပေါင်းကူးထားသည့် လွန်ခဲ့သော ဘဝက မမနှင်းသည် ဤမျှ ယုတ်မာဆိုးသွမ်း သူဖြစ်လိမ့်မည်ဟူ၍ကား မောင်ကတော့ မထင်ရက်ပါချေ မမနှင်း။

www.facebook.com/NyisayEbookCreator



ဒါကြောင့်ပင် နှောင်တစ်ချိန်၌ မောင့်အား ဘာသာတရားတို့ကိုမလေး နက်မခိုင်မြဲတတ်သော မိစ္ဆာဒိဋ္ဌိကလေးဟု သူများတွေမေးငေါ့ကြခြင်း ဖြစ်လိမ့်မည် ထင်၏။

မေမေကြီးရိုက်နက်ဆုံးမသော ညမှတစ်ပါတ်အကြာတွင် မမနှင်းသည် ပျောက်ချင်းမလှ ပျောက်၍သွားသည်။ အဖေကြီးနှင့် မေမေကြီးတို့မှာ ပြာယာခတ် ကုန်ကြ၏။ အသိအကျွမ်းတို့ကို မေးစမ်းကြ၏။ စာတစ်ကြောင်းမျှ ချန်မထား၊ သဲလွန်စတစ်ခုမှလည်း မတွေ့ရသည်ဖြစ်ရာ မေမေကြီးတို့မှာ ရိုက်တုန်းက ဒေါသ အလျောက် မညှာမတာရိုက်ခဲ့ပြီး အခုမှ ငိုသံတွေတစ်ပါပါ မျက်ရည်တွေ တစ်စမ်း စမ်းနှင့် ဝမ်းနည်းစိတ်ပူနေကြပြန်သည်။

မောင့်ရင်ထဲမှ သောကမီးတောင်တို့ကား တဟုန်းဟုန်းတောက် လောင်နေ ခဲ့၏။ အပူလုံးဆို့သည်ဆိုတာကို ထိုစဉ်ကပင် မောင်ကောင်းကောင်း နားလည်ခဲ့ရ ၏။ ထိုစဉ်ကလောက် ဘယ်တော့မှ မောင်ရှိုက်ကြီးတငင် မငိုဖြစ်တော့ချေ။ မေမေတို့ကပင် မောင့်ကို အငိုတိတ်အောင် မချော့ရက်တော့ချေ။ ငါးတန်းတက်ရန် အလယ်တန်းကျောင်းသို့ ပြောင်းရသောနှစ် ကျောင်းစဖွင့်ဖွင့်ချင်းမှာပင် ကျောင်းမှ လေးငါးရက် ခွင့်ယူရ၏။

အဖျားကြီးကာ မမနှင်း... မမနှင်းဟု ကယောင်ကတမ်းတွေ အော်သဖြင့် ဖေဖေပင် ခေါင်းခြောက်အောင် ဆေးကုရ၏။ ဖေဖေ့ဆရာ အထူးကု ဆရာဝန် ကြီးနှင့် တိုင်ပင်ရ၏။ ''ရင်ကွဲနာ'' ဟု မမမှုံရွှေရည်တို့ ပြောကြဆိုကြသည် ကို ဖျားနေသည့်ကြားက ခပ်ဝါးဝါးကြားရသည်။ အလွမ်းဖျားဆိုသည်မှာ ငါးတန်း ကျောင်းသားနှင့် လားလားမျှမသက်ဆိုင်ဟုပင် မောင့်အား လှောင်ရက်သူမရှိ။ တစ်အိမ်သားလုံး မမနှင်းကို သနားသောစိတ်တို့ဖြင့်သာ ခြောက်သွေ့ရ၏။

မောင့်ကို လူမမာ လာမေးရင်း မောင်ဖျားနေသည်ကိုကြည့်ကာ မေမေကြီး လည်း ငိုရှာသည်။

''ကြီးမေ မှားတာပါ မိရယ်၊ တစ်ကယ်ဆို ချော့ချော့မော့မော့ဖြောင့်ဖျပြီး မေးရမြန်းရမှာ၊ တစ်သက်လုံး မိုင်းကောင်းကျောက်ဖိ နေလာပြီးမှ ဒီလိုဖြစ်ရလေ ခြင်း ဆိုပြီး ကြီးမေလည်း စိတ်မထိန်းနိုင်ဖြစ်သွားတာပါ။ ကြီးမေလက်လွန်သွား တာပါ၊ အနှင်းကလေ မွေးစားထားတယ်ဆိုပေမယ့် မိဘအပေါ်လိုလေသေးမရှိ သိပ်ဂရုစိုက်ရှာတာ၊ လေဖြတ်နေတဲ့ သူ့အဖေကြီးကိုလည်း ချေးကအစ သေးကအစ မရွံမရှာပြုစုတာ၊ အရင်းတွေတောင် အဲဒီလောက် စိတ်ရှည်မှာ မဟုတ်ဘူး၊ သူ့အသိ

www.facebook.com/NyisayEbookCreator



တတ်တွေ လွှန်လို့လည်း ကြီးမေတို့ အခု ယူကြုံးမရဖြစ်နေရတာပေါ့၊ ခုတော့ ဘာသတင်းမှလည်း မကြားရဘူး မိရယ်''

မေမေကြီးက ငိုလည်းငို ပြောလည်းပြောဖြင့် နှပ်တစ်ညှစ်ညှစ်ရှိသည်ကို မောင်အိပ်ချင်ယောင် ဆောင်နေရင်းက နားထောင်ရသည်။

''အနှင်းမှာ ရည်းစားသနာရှိတယ်လို့ရော သတင်းမကြားမိဘူးလား ကြီးမေရယ်''ဟု မေမေက စကားလမ်းကြောင်းလျှင်

''ကြားတာပေါ့ မိရယ်၊ ကြားလို့လည်း ကြီးမေတို့ သွားစုံစမ်းပြီးပါပြီ၊ ကောင်လေးက ရန်ကုန်မှာ ကောလိပ်တက်နေသတဲ့၊ ကျောင်းသားအရေးအခင်း ထဲမှာ ပါပြီး အခုတော့ အဖမ်းခံနေရတယ်လို့ ကြားတယ်၊ သူတို့အိမ်ကလည်း ရည်ရည်မွန်မွန် ပြန်ဖြေရှာပါတယ်။ သူတို့သား... ဘယ်ထောင်မှာ ရောက်နေတယ် ဆိုတာတောင် သူတို့မသိပါဘူးတဲ့၊ ကောင်လေးက ဦးသန့်အရေးအခင်းတို့၊ မှိုင်းရာ ပြည့်တို့မှာ ခေါင်းဆောင်ပိုင်းထဲက ပါခဲ့လို့တဲ့လေ။ သူတို့လည်း သူတို့အပူနဲ့သူတို့ ဆိုတော့ ကြီးမေတို့လည်း ဘာမှမပြောသာဘူးပေါ့၊ အနှင်းတော့ ဘယ်များရောက် နေတယ် မသိပါဘူး၊ ချင်းတောင်ဘက်ကို စုံစမ်းကြည့်တော့လည်း မလာပါဘူးတဲ့၊ ဖာသာကြီးတို့လည်း ကြီးမေတို့ကို စိတ်ဆိုးနေကြတယ်''ဟု ဆိုကာ ချုံးပွဲချ၍ ငိုပြန်လေသည်။

မမနှင်းကား လောင်မြိုက်ခြင်းပြင်းပြသည့် ကန္တာရအလယ်၌ ပူဆာညှိုး ခြောက်၊ လမ်းစပျောက်နေလေမလား၊ ဆင်ရိုင်းများ ကျက်စားလေသည့် တောမြိုင် လှိုုချောက်၊ သစ်ရိပ်အောက်ဝယ် သွေးဆာနေသော သားကောင်တို့၏ လက်ချက် ဖြင့် အသက်ပျောက်နေလေမလား၊ မဲမှောင်နက်ရှိုင်းသည့် သမုဒ္ဒရာ လှိုင်းလုံးတို့ အောက်ဝယ် နစ်မြုပ်ပျောက်ကွယ် သွားလေပြီလား၊ အဆုံးအစရယ်လို့ မထင်တတ် သော ကြယ်မှုန်ရှန်းကြွ အာကာသ၌ လွင့်သက်ကြေမွပျောက်ရှခဲ့လေပြီလား။

မောင်ကတော့ မလောက်လေးမလောက်စား ဖြစ်နေသည့် ကိုယ့် အသက် အရွယ်ကိုသာ အားမလို အားမရ ဖြစ်မိသည်။ မေမေကြီး ပြောဖူးသော ရှေးစကား များထဲမှ လူမမယ်ကလေးငယ် တစ်ယောက်အား မျက်တောင်တစ်ခတ်မျှ အချိန် အတွင်း၌ အရွယ်ရောက်သော ယောကျ်ားကောင်း တစ်ယောက်အဖြစ် ဖန်ဆင်း ပြောင်းလဲပေးနိုင်သော နတ်ရေကန်ဆိုသည်မှာ အမှန်တကယ်ပင် ရှိခဲ့လျှင် မည်မျှ ကောင်းမည်နည်းဟု မောင် တွေးနေမိသည်။

ထိုနတ်ရေကန်ထဲသို့ ဝုန်းခနဲ ခုန်ချကာ လူကြီးဖြစ်သွားခဲ့လျှင် မမနှင်းကို မောင် ယခုချက်ချင်းပင် လိုက်၍ရှာမည်။ မောင့်စိတ်ခွန်အားတို့ဖြင့် ကမ္ဘာကြီးအား

www.facebook.com/NyisayEbookCreator



ဆီးရှက်ပမာ ကျဉ်းမြောင်းသွားစေရမည်။ မောင့်ခြေဖဝါးတို့ ကွဲအက်ပူလောင်သည်ဖြစ်စေ၊ မဟာပထဝီမြေကြီး၏ အဆုံးစွန်တစ်နေရာအထိ တစ်ကြိမ်တစ်ခါ မိုက်မှားမိသူကလေးအား မတွေ့တွေ့အောင် လိုက်ရှာဖြစ်လိမ့်မည် ထင်သည်။

အခုတော့ ဘယ်ဆီဘယ်ဝယ် မသိရဘဲ ပုန်းခိုမေ့ပျောက် လမ်းစပျောက်နေသူကိုမှ တမ်းတပူဆွေး တအုံနွေးနွေး ဖြစ်နေရသည်။ ငိုရလွန်းသဖြင့် မျက်အိမ်များမို့မောက်ကာ မျက်လုံးများ ဖူးယောင်လာရုံသာ အဖတ်တင်သော်လည်း မောင့်မမနှင်းကဖြင့် ပြန်လာတော့မည်မဟုတ်ပါချေ။

www.facebook.com/NyisayEbookCreator

# အခန်း (၉)

မောင့်ဝေဒနာတို့ကို ကုစားပါးလျစေနိုင်သော အကောင်းဆုံးသမားတော်သည်ကား အချိန်သာလျှင် ဖြစ်လေ၏။

အတောင်အလက်တို့ တဖြည်းဖြည်းစုံလာသော ငှက်ငယ်ဘဝသည် သစ်ခွေးဝါးမျှင်တို့ဖြင့် ဝန်းခွေရက်ရှယ်သည့် အသိုက်ဟောင်းတစ်ခု မဟုတ်တော့ချေ။ လေဟုန်စီး၍ ခရီးနှင်လိုပါက စိတ်တိုင်းကျဝဲပျံနိုင်သော လွတ်လပ်ပွင့်လင်း နှောင်ကြိုးကင်းသည့် ကောင်းကင်ပြင်ကျယ်သာ ဖြစ်တော့သည်။

ဘဝဆိုသည်မှာ ကံဇာတ်ဆရာ၏လှည့်ကွက်များသော အော်ပရာ တစ်ပုဒ်ဟု ဆိုပါလျှင် မောင့်ဘဝ မောင့်ဇာတ်ခုံတွင် ကတ္တီပါကားလိပ်တို့က အတင်အချများလည်း များလွန်းလှ၏။

မမနှင်းပျောက်ဆုံးသွားပြီး၍ ဆယ်နှစ်ကျော်ကျော်အချိန်အတွင်း ဝယ်မောင်ကား လူပျိုကြီးဖားဖား ဖြစ်လာချေပြီ။ ငါးနှစ်သားကလေးနှင့် အသက်အစိတ်အရွယ် လုံမပျိုတို့၏ဇာတ်လမ်းမှာလည်း အေးစက်သွေ့ခြောက်၊ မေ့ပျောက်သလောက် ရှိခဲ့လေပြီ။

ရင့်ကျက်တည်ငြိမ်လာသော ပထမအရွယ်၌ မောင့်ဘဝ၊ မောင့် စိတ်နေစိတ်ထားတို့ကို ထောက်ကန် တည့်မတ်ပေးခဲ့သော အကောင်းဆုံး အဖော်မွန်တို့မှာ စာအုပ်များသာတည်း။ သည်လိုနှင့်ပင် မောင်သည် စာကြမ်းပိုးတစ်ယောက် ဖြစ်ခဲ့ရ၏။ ဂေါ်ကီ၏အမေသည် အားငယ်တတ်သည့် မောင့်အတွက် နို့တစ်ခွက်ဖြစ်ခဲ့၏။ မြသန်းတင့်၏ လေရှူးသုန်သုန်ကို မောင်ဆယ်တန်းနှစ်မှာပင် ဖတ်၍ပြီးခဲ့သည်။ ချေခွေဗားရား၊ ဂျူးလိယက်ဖူးချစ်၊ နော်မန်ဗက်သွန်း၊ ဗားတော့ဘရက်၊

www.facebook.com/NyisayEbookCreator



ဗန်းမော်တင် အောင်၏ရုပ်ကမ္ဘာ၊ နန္ဒသိန်းဇံ၏ ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ၊ သခင်ကိုယ်တော်မှိုင်း ၏ ဘွိုင်းကောက်ဋီကာ စသော ရန်ထုံသင်း စာပန်းခင်းဝယ် နေပျော်ကျက်စားသည့် ဝတ်ရည်စုတ်ငှက်တစ်ကောင် ဖြစ်ခဲ့ပြန်သည်။

ကျောင်းစာဘက်မှာလည်း မောင်က ထူးချွန်အဆင့်ထက် မလျှော့ခဲ့ပါချေ။ သမိုင်းနှင့် ရူပဗေဒဘာသာရပ်တို့ကို မောင်စိတ်ဝင်စား၏။ မောင်သည် စက်မှု တက္ကသိုလ်ကိုသာ မတက်ဖြစ်ခဲ့လျှင် ရူပဗေဒကို အဓိကဘာသာအဖြစ် မောင် ယူမိလိမ့်မည်ထင်သည်။

စကြာဝဠာ၏ အကန့်အသတ်ရှိမရှိကို မောင်စိတ်ဝင်စားသည်။ အလင်းနှစ်များစွာ ကွာဝေးသော ကြယ်စဉ်စုများ၏ ရွေ့လျားမှုကို မောင်သိလိုသည်။ အိုင်စတိုင်း၏ ရီလေတီဗတီသီအိုရီကို ရှင်းရှင်းလင်းလင်း နားလည်ချင်၏ အာနိမိဒိ ကိုအားကျ၏။ ဟိုက်ဇင်ဘတ်၏ မရေမရာဓမ္မတာရားကို စူးစမ်းလို၏။ ဘုရားသခင် သည် ကြွေအံ ကစားလား၊ မကစားလား မောင်ဒွိဟ မဖြစ်ချင်ပေ။

ရန်ကုန်စက်မှုတက္ကသိုလ်တွင် တစ်နှစ်တစ်တန်း မှန်မှန်တက်ကာ ဘာသာတိုင်းလိုလို ခရက်ဒစ်ဖြင့်အောင်ခဲ့သော်လည်း မောင်စိတ်ဝင်စားသည့် အခြားအရာ တို့ အပေါ်မှာလောက် ကျောင်းစာအပေါ် လေးလေးနက်နက် မရှိလှတော့ချေ။ တစ်ကယ်တော့ မောင်သည် အင်ဂျင်နီယာတစ်ယောက် ဖြစ်ချင်တာ မဟုတ်မှန်း တတိယနှစ်လောက်ရောက်မှ မောင့်ကိုယ်မောင် သိလာရသည်။

အလွန်စိတ်တိုတတ်သည့် ပါမောက္ခကြီး တစ်ဦးသင်ကြားသောသာ မိုင်းဒနမစ် ဘာသာရပ် စာသင်ချိန်၌ပင် မြသန်းတင့်၏ ရွှေပြည်တော် မျှော်တိုင်းဝေး ကို မောင်ခိုးဖတ်ခဲ့ဖူးပြီ။ အိုင်စီအင်ဂျင်လက်တွေ့ချိန်တွင် အတန်းလစ်ကာ အဆောင် ပေါ်တက် အခန်းတံခါးပိတ်ပြီး သပိတ်မှောက်ကျောင်းသားနှင့် ဒို့ဗမာအစည်းအရုံး သမိုင်းတို့ကိုလည်း စိတ်ဝင်တစား ဖတ်ရှုတတ်လာခဲ့ပြီ။

မောင်သည် ဖန်ချိုင့်ငယ်အတွင်းမှ အလှမွေးရွှေငါးလေး တစ်ကောင် မဟုတ်တော့ချေ။ တင်းကြပ်စွာ ချုပ်နှောင်ထားသော လှောင်အိမ်စက်ဝိုင်းအား ဖောက်ထွက် ခွပ်ပစ်မည့် ဒေါင်းပျိုတစ်ကောင် ဖြစ်၍နေခဲ့ပြီ။ နှင်းဆီခင်းအား ရှပ်ပြေးတိုက်ခတ်လာသည့် နံနက်ခင်းလေညင်းနုလည်း မောင်မဖြစ်လိုတော့ချေ။ လောကရှိ အမှိုက်သရိုက် အညစ်အကြေးတို့အား လွင့်ထွက်သန့်စင်သွားအောင်ရှင်းလင်းပစ်နိုင်သော မုန်တိုင်းတစ်ခု ဖြစ်ပေါ်တော့မည့်အချိန်တွင် မောင်သည် ထိုမုန် တိုင်း၏ ဗဟိုချက်၌ ရောက်ရှိနေသည့် တာဝန်ကျေပွန်သော ကျောင်းသား တစ် ယောက်သာ ဖြစ်လိုတော့သည်တည်း။

www.facebook.com/NyisayEbookCreator



တက္ကသိုလ်ကျောင်းသားဘဝတွင် မောင်တို့ ပထမဆုံးနဖူးတွေ့၊ ဒူးတွေ့၊ တွေ့ရသည့် အရေးအခင်းမှာ ရှစ်ဆယ်ခွန် ငွေစက္ကူ အရေးအခင်းဖြစ်လေသည်။ ထိုနေ့ကား စက်တင်ဘာငါးရက်နေ့ ဖြစ်သည်။ ထိုနေ့က မောင်ကိစ္စတစ်ခုဖြင့် ရန်ကုန်ပင်မတက္ကသိုလ် (ဝါသ) ကို သွားရာမှအပြန်တွင် ထူးခြားနေသလို ခံစားရသည်။ နေရာတိုင်းတွင် ယူနီဖောင်းဝတ်များ မဲမဲလှုပ်နေသည်။ ဘတ်စ်ကားပေါ်မှအဆင်း မောင်တို့စက်မှုတက္ကသိုလ်ဝင်း၏ ပစ္စည်းမဲ့ဂိတ်သို့ မဝင်သေးဘဲ လမ်းဘေးမှ ကွမ်းယာဆိုင်တွင် မုန့်ဝင်ဝယ်ရင်း

"ဘာထူးခြားလို့လဲဗျ၊ ခင်ဗျားမေးကြည့်သေးလား"ဟု မောင်က ဆိုင်ရှင်ကို စပ်စုလိုက်ရာ

"အေး သူတို့လည်း လုံခြုံရေးအရ *stand by* စောင့်နေရတာ၊ ဘာကိစ္စ အရေးကြီးမှန်းလည်း သူတို့ကိုယ်တိုင်တောင် မသိကြဘူး ထင်တာပဲ"ဟု ဖြေသည်။

အပြင်မှ ပြန်လာပြီး အဆောင်ပေါ်တက်ကာ အခန်းထဲတွင် စာကြည့်နေခိုက် တစ်ဆောင်လုံး အုံးအုံးကြွက်ကြွက်ဖြင့် ဝရုန်းသုန်းကားဖြစ်သွားသည်။

မြန်မာ့အသံရေဒီယိုမှ အထူးသတင်းတစ်ခုကို ထုတ်လွှင့်သည်ဟုကြားရသည်။ ၇၅ ကျပ်တန်၊ ၃၅ ကျပ်တန်နှင့် ၂၅ ကျပ်တန်ငွေစက္ကူများ တရားဝင်သုံးစွဲခွင့်အား ရုပ်သိမ်းလိုက်ကြောင်း တစ်ဆောင်လုံးပြောဆိုနေကြသည်။ မောင့်အခန်းဘေးတွင် နောက်ဆုံးနှစ်ကျောင်းသား ကိုကြည်အေးဆိုသူမှာ အလွန်ပင်ဒေါသထွက် နေပုံရသည်။

"ဒါ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ပြည်သူတွေဆီက ပိုက်ဆံတွေကို အေးဓားပြတိုက်လိုက်တာပဲ။ တိုက်ကြီးပေါ်က သူဌေးတွေကအစ လမ်းဘေးက သူတောင်းစားအဆုံး သူတို့အိပ်ကပ်ထဲက ပိုက်ဆံတွေကို လုယူခြင်းခံလိုက်ရတာပဲ။ ငါကတော့ငြိမ်မနေဘူးဟေ့။ လူသွားစုမယ်ဟုဆိုကာ ပုဆိုးတိုတိုဝတ်၍ ထွက်သွားပြီး အဆောင်မှ အခန်းတံခါးများကိုလည်း ခပ်ဆတ်ဆတ် ပုတ်၍ပုတ်၍ သွားလေ၏။

"အဲဒါ ဆလိုင်းတင်မောင်ဦးရဲ့ ညီတစ်ဝမ်းကွဲပေါ့ဗျ။ သူက စိတ်ဓာတ်အတော်ပြင်းတဲ့လူ"ဟု မောင့်ဘေးမှ ကျောင်းသားက ပြောသည်။

တချို့ကျောင်းသားများကလည်း သက်ဆိုင်ရာ အဆောင်မှူးတို့ထံသွားကာ အကြံညဏ်တောင်းကြသည်။ အဆောင်မှူးတို့မှာလည်း ထိုငွေစက္ကူများလက်ထဲတွင် မိနေသည်ဖြစ်ရာ မနက်ဖြန် ဈေးဖိုးပင် ခက်နေရသဖြင့် တောင်မင်းကို

www.facebook.com/NyisayEbookCreator



မြောက်မင်းမကယ်နိုင် ဆိုသလိုဖြစ်ရသည်။ ကျောင်းသားအများစုမှာ မိမိတို့ အဆောင်များပေါ်မှ ဆင်းလာကြပြီး Bulding One အဆောင်ကြီး၏ ခမ်းနားဝင့် ထည်လှသော ပေါ်တီကိုကြီးအောက်တွင် ဟိုတစ်စုသည်တစ်စု စုကာ ဘာလုပ် ရမည်ကို တိုင်ပင်နေကြသည်။ တဖြည်းဖြည်းနှင့် အဆောင်ပေါ်မှ ကျောင်းသား အားလုံးလိုလို တစ်နှစ်မှာ ဘွဲ့နှင်းသဘင်ရှိသော တစ်ရက်သာ ပန်းလေ့ရှိသော ရေပန်းကြီးအနီးတွင် စုမိကြ၏။

ထိုစဉ် ကျောင်းသား နှစ်ယောက် သုံးယောက်က စားပွဲခပ်ကြီးကြီးတစ်လုံး ကို မလာပြီး ကျောင်းသားအစုအဝေး၏ အလယ်လောက်တွင် ချလိုက်သည်။

အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် မျက်မှန်တပ်ထားသော ကျောင်းသားခပ်ကြီးကြီးတစ်ယောက် ထိုခုံပေါ်သို့ လွှားခနဲခုန်တက်ကာ တရား ဟောတော့သည်။

အောက်မှ ကျောင်းသားများသည် လက်ခုပ်တွေ တဖြောင်းဖြောင်း တီးကြ သည်။ ဆရာများလည်း တားမရသည့်အဆုံး လာ၍ နားထောင်နေကြသည်။ နေဝင်၍ မှောင်ရီပျိုးစ အချိန်အထိ လူစုမကွဲကြသေးပေ။

ထိုအချိန်တွင် ကျောင်းသားများထဲမှ တစ်ယောက်က ထ၍

"ဟေ့... ငါတို့ ကျောင်းတစ်ကျောင်းထဲ ဆန္ဒပြနေရုံနဲ့ မပြီးသေးဘူး။ ဒီကိစ္စကို တစ်တိုင်းတစ်ပြည်လုံးက မကျေနပ်ဘူးဆိုတာ သိအောင်ပြရမယ်။ ငါတို့ အခုပဲ RASU (ရန်ကုန် ဝိဇ္ဇာသိပ္ပံတက္ကသိုလ် (ပင်မ))ကို ချီတက်ကြစို့။ ရန်ကုန်တက္ကသိုလ်မှာ ဆန္ဒပြနေတဲ့ငါတို့ရဲ့ ညီအကိုတော်ကျောင်းသားတွေနဲ့ သွားပြီး ပူးပေါင်းကြစို့" ဟု အော်လိုက်ရာ အားလုံးက ဟေးခနဲ ထောက်ခံလိုက် ကြပြီး ကျောင်းရှေ့တွင် စုဝေးနေကြသော စက်မှုတက္ကသိုလ် ကျောင်းသားများသည် အင်းစိန်လမ်းမပေါ်သို့ ထွက်လာခဲ့ကြတော့သည်။ တချို့ကလည်း ကြွေးကြော် သံတွေ တိုင်ကြ၏။ လမ်းဘေးဝဲယာရပ်ကွက်များထဲမှ လူတွေကလည်း အထူး အဆန်းဖြစ်ကာ သူ့ထက်ငါ တိုးဝှေ့ကြည့်ရှုကြသည်။ တချို့သတ္တိကောင်းသူများ ကလည်း ကျောင်းသားထုနှင့်အတူ လိုက်ပါလာကြ၏။

ဆန္ဒပြသော လူအုပ်ကြီးသည် တစ်စတစ်စများလာပြီး လမ်းနှင့်အပြည့် ဖြစ်ကာ ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်ဘက်သို့ တအိအိ ရွေ့လျားနေလေသည်။ လမ်းမီးရောင် မှုန်ပျပျအောက်ဝယ် လူတန်းကြီးနှင့်အတူ ရွေ့လျားရသည်မှာ ပျော်စရာလည်းကောင်း၊ အတွေ့အကြုံသစ်အဖြစ် စိတ်ဝင်စားစရာလည်းကောင်း လှသည်။ တကယ်တော့ မောင်တို့သည် ထိုအချိန်က ရည်ရွယ်ချက် ကြီးကြီးမားမား

www.facebook.com/NyisayEbookCreator



မရှိကြသေးပေ။ ဒီမိုကရေစီဟူသောအသံကိုပင် ကြွေးကြော်သံအဖြစ် အတိုင်အလှည့် မညီတတ်ကြသေးပေ။ ရုတ်တရက် တညီတညာတည်း ထကြွလာသော မကျေနပ်မှု တစ်ခုတည်းဖြင့်သာ လမ်းပေါ်ရောက်လာကြခြင်း ဖြစ်သည်။

တရွေ့ရွေ့လျှောက်လှမ်းနေသော လူတန်းကြီးမှာ အင်းစိန်မီးသတ်ရုံးရှေ့ မရောက်မီတွင် ရုတ်တရက် ရပ်တန့်၍သွားတော့သည်။ မောင်တို့လည်း လူအုပ်ကြီး၏ အလယ်လောက်မှ ရှေ့သို့ အမြန်တိုးသွားကာ ရုတ်တရက် ရပ်တန့်သွားသော အခြေအနေကို သိချင်စိတ်ဖြင့် စူးစမ်းရသည်။

အင်းစိန်မီးသတ်ရှေ့တွင် အာဏာပိုင်တို့က စဝေးချီတက်လာသောလူတန်းကြီးကို တားဆီးလိုက်ကြပြီ ဖြစ်သည်။ ကားနှစ်စီးကို လမ်းကြောပေါ်တွင် ကန့်လန့်ဖြတ်ပိတ်၍ ယှဉ်ရပ်ကာထားသည်။ သံဆူးကြိုးခွေများဖြင့်လည်း လမ်းမကို ပိတ်ဆို့လိုက်ကြသည်။ မီးသတ်ကားများနှင့် လက်နက်ကိုင် တော်တော်များများကိုလည်း တွေ့ရသည်။ ကျောင်းသားအများစုမှာ ရုတ်တရက် အဓိုက်မိသွားကြကာ ဘာဆက်လုပ်ရမှန်းမသိကြတော့ဘဲ ထိုအနားတွင်ပင် ထိုင်သူကထိုင် ရပ်ပြီးအခြေအနေ ကြည့်သူကကြည့်ဖြင့် သွေးတိုးစမ်းနေကြသည်။

ပိတ်ဆို့ကာဆီးထားသော အတားအဆီးများအား ဖယ်ပေးရန်အတွက် တစ်ချို့ကလည်း အာဏာပိုင်တို့နှင့် သွား၍ ညှိနှိုင်းတောင်းဆိုချင်ကြ၏။ တစ်ချို့ကလည်း အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေကြသော လက်နက်ကိုင်တို့ကို စိတ်အချဉ်ပေါက်နေကြရာ မညှိနှိုင်းဘဲနှင့် ဖွတ်ချီတက်မည်လုပ်နေကြပြန်သည်။

အခြေအနေမှာ တစ်စတစ်စ အီလာပြီး ဆုံးဖြတ်ချက် တစ်စုံတစ်ရာမရခင်မှာပင် အဆောင်၌ကျန်ခဲ့သော ကျောင်းသားများက မီအောင်ပြေးလိုက်လာကြပြီး

"ဟေ့ကောင်တွေ၊ ဟေ့ကောင်တွေ ကျောင်းပိတ်လိုက်ပြီတဲ့ကွ၊ အခုပဲ သတင်းကြေညာတယ်၊ ကျောင်းပိတ်လိုက်ပြီတဲ့ကွ"ဟု အော်ဟစ်ပြီး လူအုပ်ထဲသို့ ပြေးဝင်လာကြသည်။

စက်မှုတက္ကသိုလ်ကျောင်းသားများ အားလုံးသည် စာမေးပွဲကြီးဖြေဆိုနေကြရင်း တန်းလန်းဖြစ်ကြရာ ကျောင်းပိတ်လိုက်သည်ဟု ကြားသည်နှင့် ဝေး... ခနဲ အော်ဟစ်လိုက်ကြပြီး ကျောင်းဘက်သို့ ပြန်ပြေးလာသူ လာကြကာ တဖြည်းဖြည်း လူစုကွဲသွားကြလေသည်။

ထိုနေ့ညက ည ၈နာရီ သတင်းတွင် စာမေးပွဲ ဖြေဆိုနေကြဆဲ ဖြစ်သော တက္ကသိုလ်များအား ၆.၉.၈၇ နေ့မှ စတင်ကာ ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း မြန်မာ့အသံမှ ကြေညာလေသည်။

www.facebook.com/NyisayEbookCreator



ထိုနှစ်က စာမေးပွဲကို နှစ်ကြိမ်ခွဲ၍ မောင်တို့ဖြေဆိုခဲ့ရသည်။ ငွေစက္ကူ အရေးအခင်းကြောင့် တစ်လခွဲခန့်ပိတ်သဖြင့် ဒုတိယပိုင်းဆက်လက်ဖြေဆိုရသော စာမေးပွဲမှာ အောင်ရုံပင်အနိုင်နိုင်ဖြင့် မနည်းကြိုးစားဖြေဆိုခဲ့ရသည်။

သို့သော်လည်း မောင်အပါအဝင် တက္ကသိုလ်ကျောင်းသားအများစုသည် နိုင်ငံရေးဆိုသောအရာနှင့် ခလုတ်တိုက်မိလာကြ၏။ ယခင်က ဘာသိဘာသာ သဘောထားခဲ့ကြသော မိမိနိုင်ငံ၏ ချို့ယွင်းခြစားမှုများကို စိတ်ဝင်စားလာကြ၏။ ဆင်းရဲတွင်းထဲတွင် စုံးစုံးမြုပ်နေသော မိမိနိုင်ငံအား ကယ်တင်ဆယ်မရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ရန် အားသန်လာကြ၏။ မူး၍မှူ ပင် ရှူစရာ မရှိခဲ့သော လူ့အခွင့်အရေးဆိုသည့်အရာကို လိုချင်တပ်မက်လာကြ၏။

ထိုပြင်းပြသည့် စိတ်ဓာတ်ခွန်အားများသည် ရှစ်လေးလုံးအရေးတော်ပုံကြီး ဖြစ်ပေါ်လာစေရန် တွန်းအားပေးခဲ့သော မီးပွားများပင် ဖြစ်လာလေတော့သတည်း။

www.facebook.com/NyisayEbookCreator

# အခန်း (၁၀)

လောက၌ အဖြူစင် အသန့်ရှင်းဆုံး လူတန်းစားကိုပြပါဟု တစ်စုံတစ်ယောက်က မောင့်ကို မေးခွန်းထုတ်ခဲ့သည်ရှိသော် မောင်သည် ကျောင်းသားထုကြီးအား လက်ညှိုးထိုးပြမိမည်ဖြစ်သည်။

မည်သည့်ပတ်ဝန်းကျင်မှလာသည့်သူပင် ဖြစ်စေ ကျောင်းသားဆိုသည်မှာ လောကကြီး၌ အဖြူထည်သက်သက်သာဖြစ်သည်။ လှျော်ဖွတ်ဆေးကြောစရာ အစွန်းအထင်းမရှိ၊ အခွင့်အရေးတစ်စုံတစ်ရာအတွက် ယိမ်းယိုင်ခဲ့ရသော ကိုယ်ကျင့်တရားများမရှိ၊ မတော်လောဘတို့၏ အပူရှိန်ကြောင့် ပုပ်သိုးခဲ့ရသော အကျင့်သီလတို့ မရှိသေးကြသော အရွယ်လည်း ဖြစ်သည်။

မတရားမှု၊ မမျှတမှုတို့ကို အကြည်လင်ဆုံးမြင်နိုင်သော အရွယ်များဖြစ်၍ အပြတ်သားဆုံးဆန့်ကျင်ရဲသူတို့မှာ ကျောင်းသားတို့ပင်ဖြစ်ရာ မည်သည့်နိုင်ငံတွင်မဆို ကြီးမားသော အရေးအခင်းကြီးများ ဖြစ်ပေါ်စေရန် ပထမဆုံးပွက်ထသော ဂယက်သည် တက္ကသိုလ်ကျောင်းများမှ စတင်လေ့ရှိသည်။

မောင်တို့ စက်မှုတက္ကသိုလ်ဝင်း၏ မျက်နှာချင်းဆိုင်တွင် ကြို့ကုန်းဟုခေါ်သော ရပ်ကွက်တစ်ခုရှိသည်။ ဘီပီအိုင်ဝင်းကြီး၏ ဘေးတွင်ရှိပြီး သာမန်လူလတ် တန်းစားများ နေထိုင်ကြသော ရပ်ကွက်ကလေးလည်း ဖြစ်၏။ အင်းစိန်လမ်းမကြီးမှာ ကားများ အသွားအလာ အလွန်ရှုပ်သဖြင့် မောင်တို့ကျောင်းသားများသည် ကျောင်းဆင်းချိန် ညနေဖက်များ၌ ထိုရပ်ကွက်ကလေးမှ လမ်းမများပေါ်တွင် အညောင်းပြေ၊ အညာပြေ လမ်းလျှောက်လေ့ရှိကြ၏။ အဆောင်ထမင်းစားလို့ မကောင်းသော နေ့များတွင် ထိုရပ်ကွက်ကလေးထဲမှ ထမင်းဆိုင်၊ အသုပ်

www.facebook.com/NyisayEbookCreator



ဆိုင်၊ မုန့်ဆိုင်များ၌ လူစည်ကား၍နေတတ်၏။ ကျောင်းသားတို့၏ အဝတ်အစား များကို လျှော်ဖွတ်ပေးသော ပင်မင်းဆိုင်များ၊ အဆောင်မရသည့် နှစ်ကျ ကျောင်း သားများ ငှားရမ်းနေထိုင်ကြရာ ဘော်ဒါဆောင်များ၊ ထမင်းလခပေး၍ စားရေး သောက်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးသော ဆိုင်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရှိလှသည်။ ကျောင်းသားများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများမှာလည်း အပြန် အလှန် မှီခိုနေကြရသော မိတ်ဆွေများဖြစ်ရာ အတော်ပင် ခင်ခင်မင်မင်ရှိကြ၏။

ကျောင်းသားနှင့် အရပ်သားဆိုသည်မှာ ထိုသို့ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ နေကြရသည်မှာ မှန်သော်လည်း စိတ်အလိုလိုက်တတ်သော အရွယ်များဖြစ် ကြရာ မည်သည့်တက္ကသိုလ်ကောလိပ်မဆို နီးစပ်ရာ ရပ်ကွက်နှင့် ပြဿနာအနည်းငယ် တော့ ရှိကြစမြဲပင်။

ရှစ်ဆယ့်ရှစ်ခုနှစ် မတ်လတွင်ဖြစ်ပွားခဲ့သော မောင်တို့ စက်မှုတက္ကသိုလ် ကျောင်းသားအချို့နှင့် ကြို့ကုန်းရပ်ကွက် လူငယ်တို့အကြားက ပြဿနာမှာ ထိုသို့ သော ပြဿနာများအနက်မှ သာမန်ရန်ပွဲကလေး တစ်ပွဲသာလျှင်ဖြစ်ပေသည်။

မှန်မှန်ကန်ကန် ကိုင်တွယ်ဖြေရှင်းနိုင်ပါက အလွယ်တကူ ဖြေရှင်း၍ရသော ပြဿနာမျိုးလည်း ဖြစ်ပါသည်။

ထိုနေ့ကနေသည် ခြစ်ခြစ်တောက်ပူလျက် အပူငွေ့တံလျှပ်တို့က ကတ္တရာ လမ်းပေါ်တွင် တလှပ်လှပ်ပြေးလျက်ရှိ၏။ မောင်တို့စီးလာသော စစ်ကြိုခေတ်က ဘတ်(စ်)ကားအိုကြီးမှာ တအိအိ မောင်းနှင်နေသဖြင့် အတွင်း၌ ပူလောင်အိုက်စပ် လွန်းလှသည်။ ကျောင်းရှေ့ပါတယ်ဟု မောင် အော်သံအဆုံးတွင် ဘတ်(စ်)ကား သည် တလိမ့် နှစ်လိမ့် လိမ့်လျက် မှတ်တိုင်တွင်ရပ်လေသည်။

မောင် ဘတ်(စ်)ကားပေါ်မှ ဆင်း၍ ကျောင်းထဲသို့ဝင်မည် အလုပ်တွင် လမ်းမ၏ ဟိုဘက်ဆီမှ အော်ဟစ်ကြိမ်းမောင်းနေသံများ ရုတ်တရက်ကြားလိုက်ရ သည်။ ကျောင်းသားအချင်းချင်း ထုံးစံအတိုင်း နောက်ပြောင်နေကြတာ ဖြစ်မှာပဲဟု ထင်ကာ စိတ်ထဲမှ အမှတ်မထားမိပဲ ကျောင်းထဲသို့ဝင်ခဲ့သည်။ မောင့် အခန်းသို့ ရောက်လျှင် အခန်းဖော်က ဆီး၍ သတင်းပြောတော့၏။

"မောင်မောင် ငါတို့ ကျောင်းက ကျောင်းသားတွေနဲ့ ကြို့ကုန်းက ကောင် တွေ ဆော်ကုန်ကြလို့ကွ၊ အခုပဲ ငါသွားကြည့်မလို့၊ မင်းရော လိုက်ခဲ့မလား"ဟု လည်း မေးသေးသည်။

မောင်ကတော့ နေပူရှိန်ကြောင့် အရမ်းပင်ပန်းနေပြီဖြစ်ရာ လိုက်မသွား တော့ဘဲ အခန်းမှာပင် အိပ်ပျော်သွားလေသည်။ ရန်ပွဲမှာ အနည်းငယ်ကြီးထွား

www.facebook.com/NyisayEbookCreator



လာပြီး သွေးထွက်သံယိုကိစ္စများပင် ပါဝင်လာရာ တစ်ဖက်နှင့်တစ်ဖက် အခဲမကြေနိုင်ကြဘဲ ခဲများ၊ တုတ်များနှင့် ပစ်ကြ၊ ခတ်ကြသည်အထိ ဖြစ်လာလေသည်။

ပို၍ဆိုးသည်မှာ ထိုနေ့ညက မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ပြီး ထိုမီးကို ရှို့မီးဟု ယူဆကြကာ မီးရှို့သူများမှာ ကျောင်းသားများဟု စွပ်စွဲလိုက်ခြင်းပင် ဖြစ်သည်။ မီးလောင်ကျွမ်းသွားသော အဆောက်အဦးမှာ လူနေအိမ်မဟုတ်ဘဲ သမဝါယမဆိုင်ဖြစ်နေခြင်းမှာ ကျောင်းသားများအဖို့ ပို၍ ဒေါသထွက်စရာ ဖြစ်နေတော့၏။

"နှစ်ချုပ်စာရင်းတွေ မရှင်းနိုင်လို့ သမလူကြီးတွေက သူတို့ဆိုင်ကို သူတို့ မီးရှို့ပြီး ငါတို့ ကျောင်းသားတွေကို စွပ်လားစွဲလားနဲ့ကွာ၊ သူခိုးက လူဟစ်လို့"ဟူ၍ ကျောင်းသားများကလည်း တောက်တစ်ခေါက်ခေါက်ဖြင့် စိတ်ဆိုးဒေါသထွက်နေကြ၏။

မောင် စဉ်းစားကြည့်မိတော့လည်း ကိစ္စက အရှင်းကြီးပင်။ ကျောင်းသားများက မကျေနပ်လို့ မီးရှို့မည် ဆိုလျှင်တောင်မှ သူတို့နှင့် ရန်ဖြစ်သူ၏ အိမ်ကို မီးရှို့ရမည်ဖြစ်သည်။ အဘယ့်ကြောင့် သမဆိုင်ကို ရှို့လိမ့်မည်နည်း။ သမဆိုင်ကလည်း ဘတ်ဂျက်လဆုံးခါနီးမှ ဘာကြောင့် မီးလောင်ရသနည်း။

ထိုပြဿနာကို အာဏာပိုင်တို့က ကိုင်တွယ်ဖြေရှင်းလိုက်သောအခါမှပင် မိုးမီးလောင်သလို ဖြစ်သွားလေတော့၏။ ဆူးစူးသည့်လက်ကို အပ်နှင့်မထွင်ပဲ အရင်းမှ ဖြတ်ချပစ်လိုက်သလို ဖြစ်ကုန်တော့သည်။ ထိုနေ့က မောင်တို့ ကျောင်းသားများ အတွက်သာမက မောင်တို့နိုင်ငံအတွက်ပါ မမေ့နိုင်သော နေ့တစ်နေ့ဖြစ်ခဲ့ရသည်။

နေ့အလင်းရောင် ပျောက်ကွယ်၍ အမှောင်ကျူးကျော်လာစအချိန်တွင် အင်းစိန်လမ်းမတစ်လျှောက် မောင်းနှင်လာသော မီးသတ်ကားများ၊ လုံထိန်းကားများ၊ အချုပ်ကားများသည် မောင်တို့ စက်မှုတက္ကသိုလ်ဝန်း၏ ရှေ့လမ်းမပေါ်၌ တန်းစီ၍ နေရာယူလိုက်ကြ၏။ ကျောင်းသားများမှာ အစက ကြောင်နေကြပြီး အခြေအနေကို နားမလည်ကြပဲ ရှိသည်။

ထို့နောက်မှပင် မိမိတို့၏ အမိကျောင်းပရဝုဏ်သည် မိမိတို့အတွက် အလုံခြုံဆုံးနေရာဟု သဘောပိုက်လျက် ကျောင်းဝင်းထဲသို့ တဖွဲဖွဲ ပြန်ဝင်လာကြသည်။ အာဏာပိုင်တို့ကလည်း လူစုခွဲဖို့ အော်ဟစ်အမိန့်ပေးကြသည်။ ဘာအတွေ့အကြုံမှ မရှိသေးသော မောင်တို့ ကျောင်းသားများမှာ ကြောက်ရ၊ လန့်ရမှန်းလည်း မသိကြသေးပေ။

www.facebook.com/NyisayEbookCreator



ကိုယ့်ကျောင်းဝင်းထဲကိုယ် ပြန်ဝင်လိုက်လျှင် ကိုယ့်တာဝန်ကျေပြီဟု သဘောထားကြကာ ကျောင်းစည်းရိုးအုတ်တံတိုင်း၏အတွင်းမှ ပြန်လည်အော်ဟစ်နေကြ၏။ ကျောင်းသားတို့မှာ ဘာရည်ရွယ်ချက်မှ မရှိကြဘဲ မကျေနပ်ခြင်းတစ်မျိုးတည်းဖြင့်သာ ဆဲဆိုအော်ဟစ်နေကြသော်လည်း အုတ်တံတိုင်း၏ ဟိုဘက်ခြမ်းမှ ဖြိုခွဲသူတို့ကတော့ အစီအစဉ်တကျ လုပ်ဆောင်နေကြပြီဖြစ်သည်။ မီးသတ်ပိုက်များကို ကိုင်၍ အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေသူများနောက်တွင် မီးသတ်ကားများက တံတိုင်းသဖွယ် တန်းစီ၍ ရပ်ထားပြီး ထိုမီးသတ်ကားများနောက်တွင် ပုန်းကွယ်၍ အဓိကရုဏ်းဖြိုခွဲရေးတပ်ဖွဲ့များက လူသတ်လက်နက်အပြည့်အစုံဖြင့် အသင့်နေရာယူစီးနင်းကြရန် ပြင်ဆင်နေကြပြီဆိုတာကိုတော့ ကျောင်းသားတို့ ကြိုတင် မသိရှာခဲ့ပါချေ။

မောင်ကတော့ ခပ်အေးအေးနေတတ်သူဖြစ်ရာ ကျောင်းကြီး၏ ဆင်ဝင်အောက်မှ ဧရာမတိုင်ကြီးကို မှီထိုင်၍ မြင်ကွင်းကို ငေးကြည့်နေမိသည်။

မကြာမီပင် စုဝေးနေကြသော ကျောင်းသားတို့အား မီးသတ်ပိုက်ဖြင့် ထိုး၍ လူစုခွဲတော့၏။ တစ်ကယ်တော့ မီးသတ်ပိုက်နှင့်ထိုးခြင်းမှာ လူစုခွဲရုံသက်သက်မဟုတ်ဘဲ မျက်ရည်ယိုဗုံးကျပါက လေထုသိပ်သည်းနေစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း ထိုစဉ်က မောင်တို့ နားမလည်ခဲ့ကြပေ။

"သကြင်္န်ကျလို့ ရေပက်တယ် ပျော်တယ်ဟေ့၊ ပျော်တယ်ဟေ့"

ဟူ၍ တစ်ချို့က သံချပ်များပင်ထိုးကာ မီးသတ်ပိုက်လောက်ကို မမှုကြောင်း ပြောင်လှောင်နေကြသည်။ မတ်လ၏ အပူဒဏ်ကြောင့် ခြောက်သွေ့နေသော ပတ်ဝန်းကျင်မှာ စိုထိုင်းထိုင်းဖြစ်သွားပြီး ရေမှုန်ရေမွှားတို့ကလည်း လေထုထဲတွင် ပျံ့နှံ့နေကြသည်။ မီးသတ်ပိုက်နှင့် အားရအောင်ထိုးပြီးသော အချိန်လောက်တွင် ဖောင်းခနဲ ဖောင်းခနဲ အသံများ ဆူညံသွားကာ ပတ်ဝန်းကျင် တစ်ခုလုံး မီးခိုးလုံးများ အူထွက်လာလေ၏။

"ပစ်တယ်ဟေ့၊ ပစ်တယ်ဟေ့"ဟူသော အသံများ ဆူညံပွက်လောရိုက်သွားပြီး လဲသူလဲ ပြိုသူပြိုနှင့် ကျောင်းသားတို့မှာ ဝရုန်းသုန်းကားဖြစ်သွားကြလေသည်။ မောင်လည်း ထိုမြင်ကွင်းကို ငေးကြောင်ကြည့်နေရာမှ မောင့်မျက်နှာကို အက်ဆစ်ဖြင့် ဖြန်းခနဲပက်လိုက်သကဲ့သို့ ခံစားရကာ မွန်းကြပ်မူးမိုက်၍ သွားလေသည်။

"မျက်ရည်ယိုဗုံးတွေ ဟေ့ ပြေး... ပြေး"ဟူသော အသံနှင့်အတူ ကျောင်းသားများက ကျောင်းဆောင်များဘက်သို့ ပြန်ပြေးကြသည်။ မောင့်ကိုလည်း

www.facebook.com/NyisayEbookCreator



အနားမှ ကျောင်းသားတစ်ယောက်က ဆွဲထူသဖြင့် မွန်ထူနေသော မီးခိုးလုံးများကြားမှ မောင်တို့ ဖြတ်၍ ပြေးကြရ၏။

ကျောင်းဆောင်များဘက်သို့ ဝင်ရောက်ပြေးလွှားနေကြသော ကျောင်းသားတို့၏ နောက်ကျောပြင်များသည် ဖြိုခွင်းသူများအတွက် လက်တည့်စမ်းစရာ အကောင်းဆုံးပစ်မှတ်များ ဖြစ်နေခဲ့ပါသလား။

အုပ်ထိန်းသူတို့သည် မိမိတို့၏ကလေးငယ်များအား ဤသို့သော အကြင်နာတရားမဲ့သည့် နည်းလမ်းတို့ဖြင့် ဆုံးမသင့်ပါသလား။ မောင့်အတွေးတို့ မဆုံးခင်မှာပင် ဖောက်ခနဲ ဖောက်ခနဲ သေနတ်သံများကို ထပ်၍ကြားလိုက်ရသဖြင့် မောင့်မှာ အသက်ရှူကြပ်၍ ဟပ်ထိုးဖြစ်နေသည်ကို ဂရုမစိုက်နိုင်ပဲ အကာအကွယ်ရှိရာသို့ ပြေးရလေတော့သည်။ မျက်ရည်ယိုဗုံးမှာ မည်မျှလောက် များများချလိုက်သည်တော့ မသိ၊ နောက်နေ့ မနက်တွင် ပြန်ကြားရသည်မှာ ဧကများစွာကျယ်သော မောင်တို့ RIT ဝင်း၏ အနောက်ဖက်မှ ရပ်ကွက်သူ ရပ်ကွက်သားများပင် အိမ်ထဲ၌ မနေနိုင်ကြတော့ပဲ ခြင်ထောင်ထဲမှ ကလေးပါမကျန်ပွေ့၍ အပြင်အတော်ဝေးဝေးထိ ပြေးကြရသည်ဟု ဆိုသည်။

ထိုနေ့တွင် ဓာတုအင်ဂျင်နီယာ ကျောင်းသားကိုဘုန်းမော်မှာ သေနတ်ဒဏ်ရာဖြင့် နေရာတွင်ပင် ကျဆုံးခဲ့ရလေတော့၏။ ဆရာများ၊ ကျောင်းသားများ တော်တော်များများမှာလည်း ဒဏ်ရာရသွားခဲ့ကြသည်။

နောက်တစ်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်အား ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြပြန်လေ၏။

www.facebook.com/NyisayEbookCreator

# အခန်း (၁၁)

ကျောင်းသားသမဂ္ဂဆိုသည့် စကားရပ်ကို မောင် လေး၊ ငါး၊ ခြောက်နှစ်သား ဘဝကတည်းက ကြားဖူးခဲ့သည်ဟုပြောပါက လွန်အံ့မထင်ပါ။

မောင်တို့ အိမ်ဧည့်ခန်းနံရံတွင် အစီအစဉ်ကျနစွာ ချိတ်ဆွဲထားသော ဓာတ်ပုံများ ရှိပါသည်။ မောင့်ဖေဖေဘက်မှ မျိုးရိုးသည် သခင်မျိုးရိုး ဖြစ်ကြောင်း ဖေဖေက ခဏခဏ ကြွားလေ့ရှိ၏။ မောင့်ဖေဖေ၏ အဖေ၊ မောင့်အဘိုးသည် မောင်တို့မြို့၌ အမျိုးသားကျောင်းကို တည်ထောင်ခဲ့သူဖြစ်သည်။

ဒို့ဗမာအစည်းအရုံးနှင့်တွဲလျက် ဖွဲ့စည်းခဲ့သော ဗမာ့လက်ရုံးတပ်ကို မောင်တို့မြို့တွင် စတင်ဖွဲ့စည်းသူမှာ မောင့်အဘိုးလေး တစ်ဦးဖြစ်သည်။ ဗမာ့လက်ရုံးတပ်ဝတ်စုံအပြည့်နှင့် ယော့ တို့ဗမာဟု လက်ရုံးကိုအထက်သို့ လေးဆယ့်ငါးဒီဂရီချိုမြှောက်ဆန့်တန်းကာ မာန်ပါပါ အလေးပြုနေသော အဘိုးလေး၏ ဓာတ်ပုံမှာ နံရံ၏ ထိပ်ဆုံးတွင် ဝင့်ထည်လျက်ရှိသည်။

မောင့်ဘကြီးတို့ ဇနီးမောင်နှံ၏ မင်္ဂလာဆောင်ဓာတ်ပုံကတော့ အနည်းငယ်ထူးခြားလေသည်။ မောင် သိတတ်ကာစ အရွယ်တွင် ပျင်းပျင်းရှိတိုင်း ဧည့်ခန်းမှ ဓာတ်ပုံများကို ကြည့်၍ မောင်သိချင်သမျှ အကြောင်းအရာတွေကို ဖေဖေ့အား မေးလေ့ရှိသည်။ မောင့်ဘကြီးတို့ မင်္ဂလာပွဲမှ ဓာတ်ပုံမှာ သာမန်ကာ လျှံကာ ကြည့်လျှင် မထူးခြားလှပေ။ ဘကြီးသည် မောင့်ကျက်သရေခေါင်းပေါင်းနှင့် ပိုးရင်ဖုံးတိုက်ပုံနှင့်၊ အဖွားလေးကလည်း ဘီးဆံထုံးမြင့်မြင့်ထုံး၍ ထိုင်မသိမ်းအင်္ကျီနှင့် သတို့သား သတို့သမီးများ ထိုင်လေ့ရှိသော ကတ္တီပါဖုံများပေါ်တွင် ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်နေကြသည်သာ ဖြစ်သည်။

www.facebook.com/NyisayEbookCreator



ထူးခြားသည်မှာ သတို့သားသတို့သမီး တို့နောက်မှ နောက်ခံအပြင်အဆင်ဖြစ်သော ခွပ်ဒေါင်းအလံပင်ဖြစ်သည်။ ချုပ်နှောင်ထားသော အဆီးအတားစက်ဝိုင်းကို အားမာန်အပြည့်ဖြင့် ထိုးဖောက်ရန်းထွက်နေသည့် ခွပ်ဒေါင်းပုံအလံကို မသိနားမလည်သေးသည့် အရွယ်ကပင် မောင်နှစ်ခြိုက်ခဲ့ရ၏။

"သားရဲ့ ဘကြီးတို့က သမဂ္ဂအသင်းတိုက်မှာ မင်္ဂလာဆောင်တာလေ။ အဲဒီတုန်းကတော့ သမဂ္ဂဆိုတာ ဂုဏ်အရှိန်အဝါ သိပ်ကြီးတာသားရဲ့၊ မြို့ကလူတွေ တော်တော်များများက အသင်းတိုက်မှာ မင်္ဂလာဆောင်ကြတာများတယ်။ ကာယဗလ ကြံ့ခိုင်ဖို့ ဝိတ်ကလပ်တွေ၊ ကျန်းမာရေးပစ္စည်းတွေလည်း အစုံပဲ၊ နှစ်တိုင်းနှစ်တိုင်း ကာယဗလမောင်ရွေးပွဲ၊ မယ်ရွေးပွဲတွေလည်း လုပ်ကြတယ်။ ဟိုးဘက်ညာဘက်ဆုံးကပုံက ဖေဖေ့အစ်မအကြီးဆုံး ရွှေခြံမယ် ရတုန်းကပုံပေါ့"

ဟု ဆိုကာ ဖေဖေက မောင့်ကို လက်ညှိုးထိုး၍ ရှင်းပြခဲ့ဖူးသည်။

ရွှေစင်ရုပ်ကိုပိုက်ကာ စလွယ်ကိုလွယ်လျက် ကျန်းမာသန်စွမ်းသည့် အမျိုးသမီးတစ်ဦး၏ နောက်တွင် ခွပ်ဒေါင်းအလံက ဝံ့ကြွားစွာရှိနေပြန်သည်။

ထို့ကြောင့်ပင် ကျောင်းသားသမဂ္ဂဟူသော စကားလုံးနှင့် ခွပ်ဒေါင်းအလံတို့မှာ မောင်ကလေးသူငယ်ဘဝကပင် မောင့်နား၌ ယဉ်ပါးနေသောအသုံးအနှုန်းများဖြစ်ကြ၏။

ကိုဘုန်းမော် ကျဆုံးပြီးနောက်တစ်နေ့တွင် မောင့်အခန်းဖော်က

"မောင်မောင်၊ ငါတို့အဆောင်ပြောင်းနေကြရအောင်ကွ၊ ငါ့အထင်တော့ ကျောင်းထဲကို ဝင်ဖမ်းတော့မယ်ထင်တယ်၊ လာကွာ တံတားဖြူဘက်မှာ ငါ့သူငယ်ချင်းတွေနေတဲ့ အဆောင်တစ်ဆောင်ရှိတယ်၊ အဲဒီကို သွားအိပ်ကြရအောင်"ဟု အဖော်ညှိသဖြင့် မောင်လည်း အဝတ်အစား တစ်စုံ နှစ်စုံထည့်ကာ သူနှင့်လိုက်လာခဲ့လေသည်။

ထိုဘော်ဒါဆောင်လေးမှာ တေးရေးကိုရဲလွင်၏ ပန်းခရမ်းပြာသီချင်းကို မွေးဖွားပေးခဲ့သော ခရမ်းပြာအဆောင်နှင့် မလှမ်းမကမ်းတွင်ရှိသည်။ လမ်းကြားလေးထဲသို့ ချိုးဝင်သွားပြီး နည်းနည်းလောက်လျှောက်မိလျှင် အတန်ငယ် ကျယ်ဝန်းသော နှစ်ထပ်တိုက်အိမ်တစ်လုံးသို့ ရောက်ကြ၏။

"ငါ့သူငယ်ချင်းတွေက အပေါ်ထပ်တစ်ထပ်လုံး ငှားထားတာကွ၊ ကြိုက်သလို နေလို့ရတယ်၊ အဆောင်လို မဟုတ်ဘူး"ဟုပြောကာ အိမ်ဘေးမှ လှေကားအတိုင်းတက်သွား၍ အပေါ်ရောက်လျှင် တံခါးကို သုံးချက် သုံးချက် သုံးခါ ခေါက်လိုက်သည်။

www.facebook.com/NyisayEbookCreator



အထဲမှ "အောင်အောင်လား" ဟူသော မေးသံကြားရလျှင် မောင့်အခန်းဖော်က...

"အေးပါဟ... ငါပါ... ဒီမှာဧည့်သည်လည်းပါတယ်" ဟုဖြေသည်။

တံခါးဖွင့်ပေးပြီး မောင်တို့နှစ်ယောက်ဝင်လာပြီးသည်နှင့် ထိုလူက တံခါးကိုပြန်ပိတ်ကာ ဂျက်ချလိုက်၏။ အပေါ်ထပ်အခန်းကျယ်ကြီးထဲတွင် ဆေးလိပ်နံ့တွေက မွှန်ထူနေလေသည်၊ ကြိုးတန်းများပေါ်တွင် ပုဆိုး၊ အင်္ကျီများက မြင်မကောင်းအောင်တွဲလောင်းများကျပြီး ရှုပ်ထွေးလျက်ရှိသည်။ အခန်းထဲတွင် အများဆုံးနေရာယူထားကြသည်မှာ ပွစာကြဲနေသည့် စာအုပ်များပင်ဖြစ်သည်။

မောင့်အခန်းဖော် အောင်အောင်က သူ့သူငယ်ချင်းများနှင့် မောင်ကိုမိတ်ဆက်ပေး၏၊

"ဒါက ကိုညိုထွန်းတဲ့ မြန်မာစာ မေဂျာက" မျက်နှာလေးထောင့်စပ်စပ်နှင့် မျက်မှန်တပ်ထားသော အသားညိုညို လူတစ်ယောက်ကိုပြ၍ မိတ်ဆက်လျှင် ထိုသူက...

"အေးဗျ... ခင်ဗျားတို့ RIT ကလူတွေလာတာနဲ့ အတော်ပဲ။ စာကူးစက် အသေးလေးတစ်လုံးလောက် တီထွင်ခိုင်းရမယ်"ဟု ရယ်ကျဲကျဲနှင့် နောက်လေ၏၊

"စာကူးစက်လား... လွယ်ပါတယ်ဗျာ ပိုက်ဆံပေးပြီး ဆိုင်မှာသွားဝယ်လိုက်ပေါ့" ဟုအောင်အောင်က ပြန်နောက်လိုက်ရာ ကိုညိုထွန်းက ဆဲလေသည်။

ဒီဘက်က ကိုတင်အေး၊ သူက ကိုမြင့်သိန်း အီကိုက၊ဟိုးဘက်ထောင့်မှာ ဆရာကြီးစတိုင်နဲ့ထိုင်ပြီး အင်္ဂလိပ်စာအုပ်တွေကိုဖတ်နေတဲ့သူက ကိုအောင်ကျော်ဆန်းတဲ့။ ဒါက ကိုဖေသက်နီ၊ ဒါက ကိုမင်းထက်မောင်၊ ဒါက ကိုဌေးမောင်၊ ဒါက ကိုအိပ်(ချ်)အကုန် ကဗျာဆရာတွေချည်းပဲ။ သူတို့ကို ကဗျာရေးနည်း ကျူပ်သင်ပေးထားရတာ၊ အားလုံး ကျူပ်တပည့်တွေချည်းပဲဟု ကိုညိုထွန်းက ပြောရာ အားလုံးက သူ့အား ဝိုင်းဆဲကြလေသည်။

မောင်သည် ခဏလေးသောအချိန်အတွင်းမှာပင် သူတို့နှင့် ခင်ခင်မင်မင်ဖြစ်သွားလေတော့၏။ ပြီးတော့မှ မောင်သိရသည်မှာ သူတို့သည် လျှို့ဝှက်စွာဖွဲ့စည်းထားသော ကျောင်းသားသမဂ္ဂ အဖွဲ့ဝင်များဖြစ်ကြပြီး သက်ဆိုင်ရာတက္ကသိုလ်များတွင် လျှို့ဝှက်လှုပ်ရှားနေသော တက်ကြွသည့် ကျောင်းသားများလည်း ဖြစ်ကြလေသည်။

နှစ်ယောက်၊ သုံးယောက်မှာ စာအုပ်ပုံများကြားတွင် တကုန်းကုန်းနှင့် အလုပ်ရှုပ်နေကြ၏၊ ကျောင်းသားထုအခွင့်အရေး ကြေငြာချက်များကို လက်လုပ်စာ

www.facebook.com/NyisayEbookCreator



ကူးစက်ကလေးဖြင့် ရိုက်ထုတ်နေကြခြင်းဖြစ်သည်။ ဖယောင်းစက္ကူများ၊ ကညစ်တံများ၊ ပုံနှိပ်မင်များကလည်း သူတို့နားတွင်ပြန့်ကျဲ၍နေသည်။

ကိုညိုထွန်းမှာ အဝတ်စအနီစကြီးတစ်စကို ဟိုလှန်သည်လှော ဖြင့်အလုပ်ရှုပ်နေရာ မောင်က သူ့အနားတွင် သွားထိုင်ပြီး ဘာလုပ်နေတာလဲဗျ ဟုမေးလိုက်သည်။

ကိုညိုထွန်းက ခေါင်းကိုတဖြင်းဖြင်းကုတ်ရင်း ခွပ်ဒေါင်းအလံဆွဲနေတာပါဗျာ၊ အဆင်မပြေသေးဘူးဟုဆို၏၊ မောင်က သူ့လက်ထဲမှ အဝတ်စကြီးကို အသာယူလိုက်ပြီး၊ ပေး ကျွန်တော် လုပ်လိုက်မယ်ဟု ပြောရင်း အဝတ်စကို ကြမ်းပြင်ပေါ်တွင် ပြန့်နေအောင်ဖြန့်ကာ မြေဖြူခဲဖြင့် အရာပေးလိုက်သည်။

ကိုညိုထွန်းက မောင့်ကျောကို ဗျန်းခနဲပုတ်၍

''ဟာ ဟော့လူ တယ်ဟုတ်ပါလား၊ ခင်ဗျားဘယ်တုန်းက ကျင့်ထားတာလဲ''

ဟုမေးသဖြင့် မောင်ကပြုံးရင်း

ဒီပုံကိုကြိုက်လို့ ကျွန်တော်ငယ်ငယ်ကတည်းက ခဏခဏ ကူးဆွဲဘူးတယ်လေ။ ကျင့်သားရနေတော့ မခက်ပါဘူးဗျ၊ ခင်ဗျားမယုံရင်ပေး နောက်တစ်ပုံဆွဲပြမယ်'' ဟုဖြေလိုက်သည်။

''အေး... အေ... လုပ်စမ်းပါဦးဗျ ရော့ဟုဆိုကာ သူ့လွယ်အိတ်ကြီးထဲမှ နောက်ထပ်အနီရောင် အဝတ်စတစ်စထုတ်ပေးပြန်လေ၏၊

ကိုညိုထွန်းသည် အရာပေးထားသော ခွပ်ဒေါင်းပုံပေါ်တွင် စုတ်ချက်ဆွဲရာမှာတော့ အလွန်တော်လေသည်။ မောင်တို့နှစ်ယောက် တစ်နာရီ၊ နှစ်နာရီလောက် အချိန်ယူပြီး ဆွဲလိုက်လျှင် ရဲရင့်သော အနီရောင်နောက်ခံပေါ်တွင် ပုံရိပ်ပေါ်လာသော ရွှေဝါရောင်ခွပ်ဒေါင်းပုံမှာ ကောင်းကင်ကိုတက်၍ ခွပ်တော့မည့်အလား ရုန်းကြွလျက်ရှိ၏။

ခွပ်ဒေါင်းအလံကိုသေသပ်လှပစွာ ဆွဲပြီးသည့်အချိန်တွင် မတ်လအပူရှိန်ကြောင့် မောင်တို့ နှစ်ဦးစလုံး၏ အင်္ကျီများမှာ ချွေးများဖြင့် ရွှဲနစ်နေတော့သည်။

မောင်က အဝတ်တန်းပေါ်မှ အဝတ်အစားများကို ကြမ်းပြင်ပေါ်တွင်ပုံ၍ အလံ၏အစွန်းနှစ်ဖက်ကို အဝတ်လှန်းသည့် ကလစ်ဖြင့်ညှပ်လိုက်သည်။ ကိုညိုထွန်းကတော့ သူတို့သောက်ထားသည့် ဆေးလိပ်တိုများ အပုံလိုက်ထည့်ထားသော ဒန်စလောင်းဖုံး အကြီးကြီး ယူလာပြီး အမှိုက်များကို ပုံးထဲသို့သွန်ကာ ဆေးမြန်မြန် ခြောက်အောင် အလံကို စလောင်းဖုံးဖြင့် ယပ်ခပ်နေလေသည်။

www.facebook.com/NyisayEbookCreator



မောင်တို့ ခန့်မှန်းထားသည့်အတိုင်းပင် မတ်လ ဆယ့်ငါးရက်နေ့တွင် လုံထိန်းတပ်များသည် စက်မှုတက္ကသိုလ်ဝင်းကို ဝင်ရောက်စီးနင်းခဲ့ကြသည်၊ ကြိမ်ဒိုင်း နံပါတ်တုတ်များကိုင်ဆောင်ထားသော လုံထိန်းခြောက်ရာကျော်သည် စက်မှုတက္ကသိုလ်ဝင်းအတွင်းသို့ ပြေးဝင်လာကြပြီး တွေ့သော ကျောင်းသား မှန်သမျှ အကုန်ဆွဲဖမ်းကာ ကားနောက်ပေါ်သို့တင်ရင်း မောင်းထွက်သွားကြသည် ဟု မောင်တို့ ကြားရသည်။

ကျောင်းသားများ ရာနှင့်ချီ၍ အဖမ်းခံကြရပြီး၊ အရိုက်အနှက်ခံကြရ သော ကျောင်းသားများလည်း တော်တော်များသည်ဟု သိရ၏။ သေနတ်ဖြင့် ပစ်ခတ်ခြင်းတော့ မရှိတော့ချေ။

မတ်လ ဆယ့်ခြောက်ရက်နေ့ နေ့လည်ပိုင်းတွင်မူ မောင်တို့တစ်ဖွဲ့လုံးသည် ရန်ကုန်ပင်မတက္ကသိုလ်ထဲတွင် စုဝေးရောက်ရှိနေကြပြီဖြစ်သည်။ ဆေးခြောက်သွား ပြီဖြစ်သော ခွပ်ဒေါင်းအလံကို ပြားနေအောင်ခေါက်၍ ပုံနှိပ်စာအုပ်များကြားတွင် ညှပ်ကာ သူ၏ကြီးမားသော ဂျပ်ခုတ်လွယ်အိတ်ကြီးထဲသို့ ကိုညိုထွန်းက တရို တသေ ထည့်ယူလာသည်။

မောင်တို့ ရောက်သွားချိန်တွင် ရန်ကုန်ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်ဝင်းအတွင်းတွင် ထောင်ပေါင်းများစွာသော ကျောင်းသားကျောင်းသူများ စုရုံးရောက်ရှိနေကြပြီး ဖြစ်သည်။ စက်မှုတက္ကသိုလ်တွင် ဖြစ်ပွားခဲ့သော အရေးအခင်းနှင့် ပတ်သတ်ပြီး မကျေမနပ် ဖြစ်နေသူများ၊ ဆင်းရဲတွင်းနက်သထက် နက်နေသော မောင်တို့ နိုင်ငံသည် ဒေဝါလီခံလိုက်ရပြီး ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးသော ကမ္ဘာ့ ဆယ် နိုင်ငံ စာရင်းတွင်ပါဝင်ခဲ့ရသဖြင့် အာဏာပိုင်တို့ကို နာကြည်းနေသော ကျောင်းသား များသည် မိန့်ခွန်းများပြောကြားနေကြသည်။ ကျောင်းသားအားလုံးမျက်နှာတွင် လက်ကိုင်ပဝါများ စည်းထားကြပြီး တစ်ဦးနှင့်တစ်ဦး မှတ်မိရန်ပင် မလွယ်ကူ လှပေ။ မောင်တို့လည်း အရင်နေ့ရက်များက လျှို့ဝှက်ရိုက်နှိပ်ထားခဲ့သော စာရွက်စာတန်းများကို ဝေငှကြသည်။

အတန်ကြာသောအခါ တရားပွဲမှာအနည်းငယ်အီလာသဖြင့် ရန်ကုန် တက္ကသိုလ်ဝင်းထဲတွင် စီတန်းလှည့်လည်၍ ကြွေးကြော်သံများတိုင်ကာ ဆန္ဒပြကြ သည်။ တက္ကသိုလ်ဝင်းအတွင်းရှိ စာသင်ဆောင်များဘက်သို့ လှည့်လည်ကာ ပူးပေါင်းပါဝင်ကြရန် စည်းရုံးနေကြသည်။

စာသင်ဆောင်အချို့မှာ ဝင်ပေါက် ထွက်ပေါက် ဘာဂျာတံခါးကြီးများကို သော့ခတ်ပစ်လိုက်ကြရာ အချို့ကျောင်းသူတို့မှာ လိုက်ပါချင်လျက်နှင့် ပါဝင်ခွင့်မရ

www.facebook.com/NyisayEbookCreator



ကြချေ။ အပြင်ထွက်ခွင့်မရကြသော်လည်း စာသင်ဆောင် မိန်းပေါက်ကြီးများသို့ အဝင်ပေါ်တီကိုကြီးများပေါ်မှ လေသာဆောင်ဝရန်တာကြီးများတွင် ကျောင်းသူများက ဖွေးဖွေးလှုပ်နေအောင် အားပေးကြလေသည်။

အချို့သော ကျောင်းသားများမှာ မျက်နှာကို အဝတ်စည်းရန် လက်ကိုင်ပဝါမပါကြသဖြင့် အပေါ်ထပ်ဝရန်တာမှ ကျောင်းသူတစ်ယောက်က လက်ကိုင်ပဝါတစ်ထည် ပစ်ချပေးလိုက်သည်။ ထို့နောက်တွင်မူ တတ်နိုင်သမျှ ကူညီအားဖြည့်ရန်ကြိုးစားသည့်အနေနှင့် ကျောင်းသူအားလုံးလိုလိုက မိမိတို့တွင် ပါသော လက်ကိုင်ပဝါများကို အောက်သို့ပစ်ချပေးကြလေရာ လေအဟုန်တွင် တလွင့်လွင့် ဝေ့ဝဲလွင့်ပျံနေကြသော လက်ကိုင်ပဝါတို့မှာ ကျောင်းသားထုကြီးအပေါ်တွင် ပိုက်ကွန်ကြီးသဖွယ် မိုး၍ သွားလေတော့သည်။

ရောမင့က်အုပ်ကြီး တစ်အုပ်ပျံသန်းနေရာမှ နားခိုရန် မြေပြင်သို့သက်ဆင်းနေကြသကဲ့သို့ ထင်ရသည်။ မောင့်တစ်သက်တာတွင် ဤမျှ ရင်ခုန်လှိုက်မောဖွယ်မြင်ကွင်းမျိုးကို ဘယ်တုန်းကမှ မမြင်ဘူးခဲ့ချေ။ အပေါ်ထပ်မှ ကျောင်းသူများနှင့်အောက်ထပ်မှ ကျောင်းသားထုတို့အကြား ယောခနဲ ယောခနဲ အော်ဟစ် နှုတ်ဆက်နေသံတို့မှာ ဘဝင်သို့ပင် ညံနေတော့သည်။

"လှိုင်တက္ကသိုလ်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ ညီအစ်ကိုတော် ကျောင်းသားတွေနဲ့ သွားရောက်ပူးပေါင်းကြပါစို့"

ဟု ကျောင်းသားတစ်ဦးက "ဆော်" လိုက်သည့်အခါ ထောင်ပေါင်းများစွာသော ကျောင်းသားတို့က တခဲနက်ထောက်ခံလိုက်ကြပြီး မွန်းလွဲသုံးနာရီလောက်တွင် ရန်ကုန်တက္ကသိုလ်မိန်းပေါက်ကြီးမှ ထွက်လာကြကာ အင်းလျားကန်ဘောင်နှင့်အနားသတ်ထားသော ပြည်လမ်းမကြီးအတိုင်း လှိုင်တက္ကသိုလ်ဘက်သို့ ဆက်လက် ချီတက်ကြတော့သည်။

မောင်တို့အဖွဲ့မှာ လူစုများခွဲလိုက်ကြပြီး မောင်နှင့် ကိုမြင့်သိန်းက တစ်တွဲကိုညိုထွန်းနှင့် ကိုတင်အေးက တစ်တွဲ စသည်ဖြင့် နှစ်ယောက်တစ်တွဲ လူဖြန့်ပြီးကျောင်းသားထုနှင့်အတူ လိုက်ပါလာကြသည်။

အကြမ်းဖက်ဝါဒကျဆုံးပါစေ၊ အာဏာရှင်စနစ်အလိုမရှိ စသော ကြွေးကြော်သံများမှာ ကျောင်းပတ်ဝန်းကျင်တစ်ခုလုံးတွင် ပဲ့တင်ထပ်၍နေတော့၏။ ကိုညိုထွန်းမှာ မနက်ကတည်းက ကျောင်းပေါက်ဝနှင့် မျက်နှာချင်းဆိုင်ကလမ်းတစ်ဘက်ရှိ ခြံစည်းရိုးအခြေတွင် အလံတိုင်အဖြစ် အသုံးပြုရန် ခပ်ချောချောဝါးလုံးရှည်တစ်ချောင်းကို အသင့်ဝှက်ထားပြီးဖြစ်သည်။ ကျောင်းသားထုကြီး

www.facebook.com/NyisayEbookCreator



ပြည်လမ်းပေါ်သို့ ရောက်လာသည်နှင့် ကိုညိုထွန်းက မျက်နှာကို ပဝါစည်းလိုက်ပြီး လွယ်အိတ်ထဲ၌ ဝှက်ယူလာသော ခွပ်ဒေါင်းအလံကို ထုတ်၍ ဝါးလုံးထိပ်၌ ချည်လိုက်ကာ အလံကို လွှင့်ထူလိုက်တော့၏။

ဗမာ့အမျိုးသားရေး သမိုင်းတစ်လျှောက်လုံးတွင် ဂုဏ်အင်္ဂါကြီးမြတ်ခဲ့သော အနီရောင်အောက်ခံ၌ ရွှေဝါရောင်ခွပ်ဒေါင်းပါရှိသည့် ကျောင်းသားထု၏ သင်္ကေတအလံတော်သည် လေ၌ တလူလူ လွင့်လျှက်ရှိသည်။ ရှေ့ဆုံးမှ ချီတက်လာသော ကျောင်းသားတစ်ယောက်က ကိုညိုထွန်း၏ လက်ထဲမှ ခွပ်ဒေါင်းအလံကို ရိုသေစွာ လွှဲပြောင်းယူရင်း လှိုင်တက္ကသိုလ်ဝင်းဘက်သို့ ဦးတည်၍ ချီတက်ခဲ့ကြတော့သည်။

သတင်းကြားသဖြင့် ဘယ်ကဘယ်လို ရောက်လာကြမှန်းမသိသော အထက်တန်းကျောင်းအသီးသီးမှ အဖြူ၊ အစိမ်းဝတ်ကျောင်းသား ကျောင်းသူလေးများကလည်း တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့်အတူ ပူးပေါင်းပါဝင်လာကြကာ လက်များတွဲ၍ ဆက်လက် ချီတက်ကြပြန်သည်။

ပြည်လမ်းမကြီးပေါ်တွင် ချီတက်နေကြသော ကျောင်းသားထုကြီးကို ကြည့်ရသည်မှာ ပင်လယ်လှိုင်းလုံးကြီးများ တအိအိ လိမ့်ဆင်းလာသည်နှင့် တူသည်။ မုန်တိုင်းတစ်ခု ဆင်ခါနီးအချိန်တွင် ကောင်းကင်ပေါ်သို့ တရိပ်ရိပ် ပြေးတက်လာသော မိုးတိမ်ထုကြီးနှင့်လည်း ဆင်တူလှသည်။

ပြည်လမ်းမကြီးပေါ်တွင် လမ်းမကြီးနှင့် အင်းလျားကန်ဘောင်ကို ဆက်သွယ်ပေးထားသော မြောင်းကူးတံတားလေးမှာ အမြဲပင် ဆေးအဖြူသုတ်ထားလေ့ရှိသဖြင့် တံတားဖြူဟု ခေါ်ဝေါ်ကြသည်။ ရန်ကုန်မြို့ထဲမှ ပြည်လမ်းအတိုင်း ဘတ်(စ်)ကားစီးလာလျှင် မာလာဆောင်မှတ်တိုင်ပြီးပါက နောက်လာမည့် မှတ်တိုင်သည် တံတားဖြူမှတ်တိုင်ဖြစ်သည်။

တံတားဖြူကလေး၏ ဟိုဘက်အခြမ်းတွင် ရှည်လျားလှသော အင်းလျားကန်ဘောင်ကြီးက ပိတ်ထားပြီး သည်ဘက်အခြမ်းက အိမ်များမှာ ရန်ကုန်လိုမြို့ကြီးမှာပင် ခြံကျယ်၊ ဝင်းကျယ်နှင့် နေထိုင်နိုင်ကြသော လူဂုဏ်တန်များ နေထိုင်ရာ ခြောက်မိုင်ခွဲရပ်ကွက်ဖြစ်သည်။

ချိုချဉ်စက်ရုံလမ်းကြားမှစ၍ အင်းလျားကန်ဘောင် ဆုံးသည်ထိ လမ်းမကြီးမှ ခွဲထွက်သွားသော လမ်းမြောင်လမ်းကြားဟူ၍ တစ်ခုမှမရှိတော့ချေ။ လူချမ်းသာတို့အိမ်များဖြစ်၍ အမြဲတမ်း တံခါးပိတ်ထားကြလေ့ရှိပြီး၊ ထိုစဉ်က ဈေးဆိုင်ဟူ၍လည်းမရှိပေ။ အိမ်တိုင်းတွင် သစ်ပင်များ အုံ့ဆိုင်းလျှက် ခြံစည်းရိုးအမြင့်ကြီးများ

www.facebook.com/NyisayEbookCreator



လည်း ကာထားတတ်ကြရာ လမ်းပေါ်မှ အထဲကို လှမ်းကြည့်လျှင် ရေးရေး ရိပ်ရိပ်သာ မြင်ရသော ဆိတ်ငြိမ်ရပ်ကွက်တစ်ခုလည်းဖြစ်သည်။

ခြုံ၍ပြောရလျှင် အင်းလျားကန်တစ်ဝက်လောက်မှ ဟိုဘက်အဆုံးအထိ ပြည်လမ်းမကြီးသည် ထွက်ပေါက်မရှိသည့် လမ်းပိတ်တစ်ခုပင် ဖြစ်တော့သည်။

ခြေလှမ်းကျဲကျဲဖြင့် ချီတက်လာကြသော ကျောင်းသားထုကြီးသည် တံတားဖြူကိုကျော်၍ အင်းလျားကန်အဆုံးအနားသို့ရောက်လျှင် ဖြုန်းခနဲ ရပ်တန့်သွားကြ၏။

မောင်တို့ ကျောင်းသားထုကြီး ချီတက်လာကြသောလမ်းကြောင်းကို အာဏာပိုင်တို့က ပိတ်ဆို့လိုက်ကြပြီဖြစ်သည်။ ရှေ့ဆုံးက ကျောင်းသားတို့နှင့် မလှမ်းမကမ်းတွင် သံဆူးကြိုးခွေများ အလိပ်လိုက်နှစ်ထပ် သုံးထပ်ကာထားသည်။ ထိုသံဆူးကြိုးခွေများ၏ နောက်တွင် စက်သေနတ်တပ်ဆင်ထားသော သံချပ်ကာကား ဘရင်းကယ်ရီယာစိမ်းစိမ်းကြီးများကို ဘွားခနဲတွေ့လိုက်ကြရ၏။ ထိုသံချပ်ကာ ကားကြီးများ၏ ရှေ့နောက်ဝဲယာတွင် အသင့်အနေအထားဖြင့် ချိန်ရွယ်ထားသော အဓိကရုဏ်းဖြိုခွဲရေးအဖွဲ့များက နေရာယူထား၏။

ကြွေးကြော်နေကြသော ကျောင်းသားထု၏ အသံတို့မှာ ကျယ်လောင်ရာမှ တဖြည်းဖြည်းတိုး၍ တိုး၍သွားသည်။ ကျောင်းသားအချင်းချင်း တိုင်ပင်သံ၊ စကား တီးတိုးပြောဆိုသံ၊ စိတ်ပျက်လက်ပျက် ညည်းညူသံတို့မှလွဲ၍ ပတ်ဝန်းကျင်တစ်ခုလုံးသည် တိတ်တိတ်ဆိတ်ဆိတ်ကြီး ဖြစ်၍ သွားလေသည်။

ကျောင်းသားအများစုမှာ စိတ်ဆိုးဒေါသထွက်ရမည့်အစား ဆို့နင့်ကြေကွဲ၍ နေကြသည်။ လက်နက်ဟူ၍ အပ်တိုတစ်ချောင်းမှမပါကြသော၊ အကြမ်းဖက်မှုဟူ၍ စိတ်မျှပင်မကူးခဲ့ကြသော ကလေးသာသာ နုနယ်ငယ်ရွယ်သေးကြသော ကျောင်းသားများကို လက်နက်ကြီးများဖြင့် ပစ်ခတ်ရန် ချိန်ရွယ်ရက်ကြသည့် အာဏာပိုင်တို့၏ လုပ်ရပ်အတွက် ဝမ်းနည်းပက်လက် ဖြစ်နေကြရသည်။

မောင်တို့ကိုယ်တိုင်ပင် ရင်ဝ၌ မီးပူနှင့် ကပ်လိုက်သကဲ့သို့ ပူလောင်လောင် တစ်ဆို့ဆို့ကြီးဖြစ်လာကာ နှာပိတ်ချင်သလို၊ မျက်ရည်စို့ချင်သလို ဖြစ်လာကြ၏။ ရှည်လျားလှသော ကျောင်းသားတန်းကြီးကို အစအဆုံး မမြင်ရသဖြင့် ကိုမြင့်သိန်းသည် မောင့်နားကိုတိုးလာပြီး

"ကိုမောင်မောင်…လာဗျာ မြင်ကွင်းကို အစအဆုံးမြင်ရအောင် ကျွန်တော်တို့ ကန်ဘောင်ပေါ်ကနေ တက်ကြည့်ရအောင်"ဟု ခေါ်လေသည်။

မောင်တို့နှစ်ယောက်လည်း မြက်ခင်းများကို ဖြတ်၍ ကန်ဘောင်ပေါ်သို့ တက်သော ဆင်ခြေလျှောပြင်ညီစောင်းပေါ်သို့ တက်လာခဲ့ကြသည်။

www.facebook.com/NyisayEbookCreator



ထိုအချိန်တွင် နာကျင်နေသော နှလုံးသားများဆီမှ ညီညာစွာ သံပြိုင်သီဆို လိုက်ကြသော နိုင်ငံတော်သီချင်းသည် ပြည်လမ်းမကြီးတစ်လျှောက် ဆွေးဆွေး မြေ့မြေ့ ထွက်ပေါ်လာလေသည်။

"ကမ္ဘာမကျေ... ဗမာပြေ ဒို့ ဘိုးဘွား အမွေအနှစ်မို့ ချစ်မြတ်နိုးပေ"

ပြည်လမ်းမကြီးသည် တိတ်ဆိတ်သွားရာမှ သီချင်းသံတို့ဖြင့် ပြန်လည် အသက်ဝင်လာလေသည်။ ကျောင်းသားတို့မှာ သစ်ပင်များကို မှီသူကမှီ ဖိနပ်များကို ဖင်ခုံ၍ ထိုင်သူကထိုင်ရင်း နိုင်ငံတော်သီချင်းကို လေးလေးတွဲ့တွဲ့ကြီး သီဆို၍ နေကြသည်။ စိတ်အားတက်ကြွခြင်း၊ တုန်လှုပ်ချောက်ချားခြင်း၊ နာကျင်ကြေကွဲခြင်း စသည့် အမျိုးမျိုး အထွေထွေသော စိတ်ခံစားမှုတို့ ရောယှက်ကာ ထွက်ပေါ်လာ သည့် သီချင်းသံသည် အပူရှိန်များ တလှပ်လှပ် ထနေသော ကတ္တရာလမ်းမပေါ်မှ ကောင်းကင်ယံအထက်ထိ ဟိန်း၍ပျံလွင့်သွားလေသည်။

မြက်ခင်းပြင်ပေါ်တွင်ထိုင်၍ ထိုမြင်ကွင်းအား မသက်မသာထိုင်ကြည့် နေသော မောင့်အား ကိုမြင့်သိန်းက ခပ်ဆတ်ဆတ်ပုတ်၍ သတိပေးလိုက်၏

"ဟေ့လူ ငေးမနေနဲ့ ဟိုမှာ ဟိုမှာ၊ နောက်ဘက်မှာ လုံထိန်းကားတွေ ကျုပ်တို့ကို ပိတ်ထားလိုက်ကြပြီ"

မောင်တို့နှစ်ယောက်လည်း အမြန်မတ်တတ်ထ၍ နောက်ဘက်ကို မျှော် ကြည့်လိုက်ကြ၏။

ကျောင်းသားထုကြီး၏ကျောဘက်တွင် လုံထိန်းကားများ ပိတ်ရပ်လိုက် ကြပြီး လုံထိန်းတပ်များသည် ကြိမ်ဒိုင်းများ၊ နံပါတ်တုတ်များ ကိုင်ဆောင်၍ ကားများပေါ်မှ လွှားခနဲ လွှားခနဲ ခုန်ဆင်းကာ တန်းစီ၍ အသင့်အနေထားဖြင့် နေရာယူနေကြသည်။

ရှေ့တွင် စက်သေနတ်များ သံဆူးကြိုးခွေများဖြင့် ပိတ်ဆို့ထားပြီး နောက် တွင် နံပါတ်တုတ်ကိုင် လုံထိန်းတို့ဖြင့် ကျောင်းသားထုအား ညှပ်ပူး ညှပ်ပိတ်ကြိတ် ချေရန် အစီအစဉ်တကျ ဆောင်ရွက်လိုက်ခြင်းပင်တည်း။ မောင်တို့နှစ်ယောက်မှာ မြင်ကွင်းအား အပေါ်စီးမှ ကြည့်နေကြသဖြင့် အားလုံးကို မြင်နေရသော်လည်း ရှေ့ဆုံးမှ ကျောင်းသားတို့မှာ ကြားက လူအုပ်ကြီးကွယ်နေသဖြင့် မကြာမီ ရက်စက်စွာ နှိမ်နင်းခံရတော့မည့် သူတို့ကံကြမ္မာကို မရိပ်မိကြသေးပါချေ။ မောင်က ကိုမြင့်သိန်းအား

"ဟေ့လူ လာဗျာ... ရှေ့က ကျောင်းသားတွေကို နောက်မှာ လုံထိန်းတပ် တွေ ရောက်နေပြီဆိုတာ သွားပြီး သတိပေးကြရအောင်" ဟုပြောလျှင်

www.facebook.com/NyisayEbookCreator



''အေးသွားရအောင်''ဟု သူက ပြန်ပြောရင်း ပုဆိုးကို တိုတိုဖြစ်အောင် ပြင်ဝတ်နေ၏။

သို့သော်လည်း မောင်တို့နှစ်ယောက်လုံး နောက်ကျသွားကြလေပြီ။ ရွှီးခနဲ ရွှီးခနဲ ခရာမှုတ်သံများနှင့်အတူ လုံထိန်းတပ်များသည် ညာသံများပေး၍ ကျောင်းသားထုဆီသို့ ဝါးလုံးထိုးပြေးဝင်လာကြကာ မဲမဲမြင်ရာ အကုန်ရိုက်နှက် ကြတော့သည်။

''ဟာ... ရိုက်ကုန်ပြီဟေ့ ရိုက်ကုန်ပြီ... လူစုခွဲကြတော့ လူစုခွဲကြတော့'' ကိုမြင့်သိန်းသည် ပါးစပ်ကလည်းအော်ရင်း ဆင်ခြေလျှောတစ်လျှောက် ပြေးဆင်းလိုက်ရာ လေးငါးဆယ်လှမ်းလောက်လှမ်းပြီးလျှင် ခြေချော်၍ အောက်သို့ ဒလိမ့်ခေါက်ခွေး လိမ့်ကျသွားတော့သည်။ မောင်လည်း အမြန်ပြေးဆင်းကာ ကိုမြင့်သိန်းကို ထူမ၍ လမ်းမပေါ်သို့ ပြေးဆင်းလာရသည်။ ကိုမြင့်သိန်းမှာ တော်တော်နှင့် မထနိုင်ပဲ မူးဝေ၍နေသေးသည်။ မောင်တို့ပြည်လမ်းပေါ်သို့ ခြေချမိကြလျှင် နောက်ဘက်မှ ပြေးတက်လာသော လုံထိန်းများနှင့် အလွန်ပင် နီးကပ်၍ နေလေပြီ။

ဗီခနဲ၊ ဒုတ်ခနဲ လွဲနေ ရိုက်နေသော အသံများက လမ်းပေါ်တွင်ပွက်ပွက်ညံလျှက်ရှိ၏။ ပြန်လှန်ဆဲဆိုသံများ၊ အော်ဟစ်ညည်းတွားသံများ၊ ငယ်သံပါအောင် ကုန်းအော်လိုက်သောအသံများဖြင့် ပြည်လမ်းမသည် ငရဲပွက်လျက်ရှိသည်။ မောင်တို့နှစ်ယောက်လည်း လမ်းမကိုကန့်လန့်ဖြတ်၍ အပြေးတွင် မောင့်ဘေးလေးငါးပေအကွာမှ ကျောင်းသားတစ်ယောက်လဲကျသွားသည်ကို ရိပ်ခနဲမြင်လိုက်ရ၏။ ကိုမြင့်သိန်းမှာ လုံထိန်းတစ်ယောက်နှင့် ရင်ဆိုင်တိုးမိပြီး ထိုလုံထိန်းက လွှဲ၍ အရိုက်တွင် အရှောင်ကောင်းသဖြင့် ပုခုံးကိုသာ ရှပ်ထိသွားရာ ထောင်းခနဲ ဒေါသထွက်သွားလေသည်။

ပြန်၍ ခုခံရန်လုပ်နေသော ကိုမြင့်သိန်းလက်ကိုဆွဲကာ မောင်က လမ်းတစ်ဘက်ခြမ်း လူနေရပ်ကွက်ဘက်ဆီသို့ ဆွဲပြေးရလေ၏။

ထိတ်လန့်တကြား လူအားဖြင့် တွန်းဖွင့်လိုက်ကြသဖြင့် ဝင်းတံခါးတို့မှာ ကျိုးပျက်၍နေပေသည်။ ထိုတံခါးပေါက်ကလေးများမှ တိုးဝှေ့၍ လွတ်ရာလွတ်ကြောင်း ကြိုးစားနေကြသော ကျောင်းသားများနှင့်အတူ မောင်တို့နှစ်ယောက်လည်း လူအုပ်ကြီးထဲတွင် ညပ်၍ ပါသွားတော့သည်။ ခြံကျယ်ကြီးတစ်ခုထဲသို့ ရောက်ကြလျှင် ကျောင်းသားတို့မှာ ခြံကိုဖြတ်၍ ပြေးကြလေ၏။

မောင်တို့ရောက်ရှိသွားသော ခြံကျယ်ကြီးမှာ အိမ်ရှင်တွေ ရှိဟန်မတူပေ၊ နှစ်ထပ်ဆောက်ထားသော အဆောက်အဦးမှာ အတော်ပင်ခမ်းနားကြီးကျယ်ပြီး

www.facebook.com/NyisayEbookCreator



အိမ်တံခါးများ အားလုံးပိတ်ထားသည်ကိုတွေ့ရသည်။ အိမ်ဖော်ဟု ယူဆရသော အမျိုးသမီးကြီးတစ်ဦးသည် သံပန်းတံခါးများကြားမှ ထိတ်လန့်တုန်လှုပ်စွာဖြင့် တိုက်ထဲကနေ အပြင်ဘက်မြင်ကွင်းကို ချောင်းကြည့်နေသည်။

ကိုမြင့်သိန်းက မောင့်အား

''ဟော့လူ သိက္ခာကျတယ်ဗျာ မပြေးနဲ့''ဟုဆိုကာ ထော့နဲ့ထော့နဲ့ လမ်းလျှောက် လာရင်း မောင့်ဘေးတွင်ရပ်ကာ လမ်းပေါ်မှ မြင်ကွင်းကို လှမ်းကြည့်နေပြန်သည်။

လမ်းမပေါ်တွင်မူ ကျောင်းသားများမှာ ရုတ်ရုတ်သဲသဲပြေးလွှားဆဲ၊ ကျိုးပျက်နေသော ဝင်းတံခါးပေါက်များမှ တိုးဝှေ့ဝင်လာနေကြဆဲဖြစ်သည်။ လုံထိန်းတို့မှာ ခြံဝင်းများအတွင်းသို့တော့ ဝင်၍ မရိုက်ကြချေ။ ပြေးလွှားလာရသော ကျောင်းသားအချို့မှာ ခေါင်းကွဲသူကွဲ၊ အင်္ကျီများတွင် သွေးများ ရွှဲသူရွှဲ စိတ်ဆိုးဒေါသထွက်ကာ တောက်တခေါက်ခေါက် ဖြစ်နေကြသည်။

မောင်တို့နှစ်ယောက်လည်း ကျောင်းသားများနှင့်အတူ ခြံကျယ်ကြီးထဲကို ဖြတ်၍ နောက်ဘေးဘက် အုတ်တံတိုင်းဆီသို့ ခပ်သုတ်သုတ် လျှောက်လာကြသည်။ အုတ်တံတိုင်းမှာ လက်ခုတ်တဖောင်မကမြင့်ပြီး သံဆူးကြိုးတန်းများကာထားသဖြင့် ကျော်၍မရဘဲရှိသည်။ မောင်တို့လည်း အပေါ်တက်ရန် လမ်းစရှာကြရာ ခြံဝင်း၏ထောင့်၌ အိမ်သာ ရေချိုးခန်းတွဲလျှက် အဆောက်အဦးတစ်ခုကို အုတ်တံတိုင်းနှင့် ကပ်လျှက်တွေ့ရ၏။ ထိုအဆောက်အဦး၏ခေါင်မိုးမှာ သွပ်မိုးမဟုတ်ဘဲ အင်္ဂတေ လောင်းထားသည်ဖြစ်ရာ မောင်တို့လည်း ထိုအဆောက်အဦးကလေးဆီသို့ ပြေးလွှားသွားရ၏။ ကျောင်းသူကလေးများက အမိုးပေါ်အလွယ်တကူမတက်နိုင်၍ အပေါ်သို့ရောက်အောင် အနီးနားမှ မောင်တို့ကျောင်းသားများက ကူညီလျှက် ခက်ခက်ခဲခဲ တင်ပေးကြရသည်။ နောက်ကျောဘက်ခြံက မာလကာပင် အကိုင်းမှာ ဒီဘက်အိမ်သာခေါင်မိုးပေါ်ကျနေသဖြင့် သံဆူးကြိုးကိုကျော်ကာ ထိုမာလကာပင်အကိုင်းမှတစ်ဆင့် အပင်ပေါ်သို့တက်ပြီး တစ်ဖက်ခြံထဲသို့ လျှောဆင်းကြရ၏။

တစ်ဖက်ခြံထဲမှ ထွက်လိုက်လျှင် လမ်းကြားတစ်ခုထဲသို့ ရောက်ကြသည်။ မောင်တို့နှစ်ယောက်လည်း အဆောင်သို့တန်းမပြန်ကြသေးပဲ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဟန်မပျက်ဝင်ထိုင်နေလိုက်ကြသည်။

လက်ဖက်ရည်ဆိုင်ထဲတွင်မူ လောလောလတ်လတ် ဖြစ်ပေါ်ခဲ့သော ကျောင်းသားအရေးအခင်းအကြောင်း တစ်ယောက်တစ်ပေါက်ပြောဆိုနေကြလေ၏။

www.facebook.com/NyisayEbookCreator



''ရေထဲဆင်းပြေးတဲ့ ကျောင်းသူတွေကို လုံထိန်းတွေက နှစ်သတ်လို့တဲ့''

''သွေးအိုင်ထဲမှာ တုံးလုံးပက်လက်လဲနေတဲ့ ကျောင်းသားကျောင်းသူတွေ အများကြီးပဲတဲ့''

''လော်ရီကားကြီးတွေ မောင်းဝင်လာပြီး ဒဏ်ရာရနေတဲ့ ကျောင်းသားတွေကို ကားပေါ်ပစ်တင်သွားကြသတဲ့၊ ပြီးတော့မှ တာလပတ်တွေအုပ်ပြီး မောင်းထွက်သွားကြသတဲ့''

''မြန်မာအသံအဆောက်အဦးကနေ ဦးစိန်လွင်က အမိန့်ပေးနေတာကို စကားပြောစက်တွေမှတစ်ဆင့် အတိုင်းသားကြားနေရတယ်တဲ့''

စသည်ဖြင့် ဆိုင်ထဲမှာ လူအားလုံးသည် ထိုသတင်းကိုပင် စိတ်ဝင်တစား ပြောဆိုနေကြတော့သည်။

သွေးအေးသွားပြီဖြစ်၍ ကိုမြင့်သိန်း၏လက်မောင်းရင်းမှာ မခံနိုင်အောင် နာလာရာ မောင်တို့လည်း အဆောင်သို့ပြန်လာခဲ့ကြတော့သည်။ ဘာကြောင့်မှန်းတော့ မသိ ထိုနေ့က လက်ဖက်ရည်ဖိုးရှင်းကြရာ ဆိုင်ရှင်က မောင်တို့အား စိတ်မကောင်းသည့် အမူအရာဖြင့်ငေးကြည့်ရင်း လက်ဖက်ရည်ဖိုးမယူလိုက်ပေ။ မောင်တို့နှစ်ယောက်လည်း ထိုအခါမှ ဘယ်အချိန် ကျွတ်ကျခဲ့မှန်းမသိသော ဖိနပ်တို့ကို သတိရကာ ရှက်မနေနိုင်တော့ဘဲ ခြေဗလာဖြင့်ကိုမြင့်သိန်းတို့ အဆောင်သို့ တပ်ခေါက်ခဲ့ရ တော့သည်တည်း။

နောက်တစ်နေ့တွင် ရန်ကုန်တက္ကသိုလ်ဝင်းထဲ၌ ဆက်လက်ဆန္ဒပြကြသော ကျောင်းသားတို့ကို အာဏာပိုင်တို့က အပြင်မှ ဝိုင်းဝန်းပိတ်ဆို့လိုက်ကြပြီး လူဖမ်းပွဲကြီး ကျင်းပကြတော့သည်။

အသားတင်သော ကွန်တိန်နာကားကြီးများပေါ်တွင် ကျောင်းသား၊ ကျောင်းသူများအား ပိတ်ဆို့ခေါ်ဆောင်သွားကြရာ အထဲတွင် အသက်ရှူကျပ်၍ ကျောင်းသားများ သေဆုံးကုန်ကြသော သတင်းလည်း ထွက်ပေါ်လာလေသည်။

ထိုအချိန်က ဆက်သွယ်ရေးစနစ်များမှာ ဤမျှလောက် ကောင်းမွန်မှုမရှိသေးပေ။ တယ်လီဖုန်းဆိုသော အရာသည်ပင် လူချမ်းသာအိမ်များ၌သာ ရှိတတ်သည့် ရှားပါးပစ္စည်းဖြစ်လေရာ အိမ်ရှေ့ပူနေသည့်အဖြစ်ကို အိမ်နောက်ကသိရန်ပင် ခဲယဉ်းလှလေ၏။ ကျောင်းဝင်းထဲတွင် ဖြစ်ပွားနေသော အဖြစ်အပျက်တို့ကို ရန်ကုန်မြို့လူထုက ဂဃနဏ မသိနိုင်ကြပေ။ ထို့ကြောင့် ကျောင်းသားအများစုတို့သည် ကျောင်းဝင်းထဲ၌ ဆန္ဒပြရင်း နေ့စဉ်အဖမ်းခံနေကြမည်လား၊ အပြင်ထွက်၍ ပြည်သူလူထုတစ်ရပ်လုံးသိအောင် ထုတ်ဖော်ပြသကြမည်လား၊ နှစ်ခုထဲမှတစ်ခုကို ရွေးချယ်လိုက်ကြရတော့သည်။

www.facebook.com/NyisayEbookCreator



ဤသို့ဖြင့် ရန်ကုန်တက္ကသိုလ်ထဲမှ ကျောင်းသားထုကြီးသည် အစု၊ အစုများခွဲ၍ ရန်ကုန်မြို့ထဲသို့ ဖြန့်ကျက်ကြရတော့၏။ ဆူးလေဘုရား၊ လွတ်လပ်ရေးပန်းခြံ၊ ရန်ကုန်ဆေးရုံကြီး စသောနေရာတို့တွင် ဆန္ဒပြမှုများ ဆက်တိုက်၊ ဆက်တိုက် ပေါ်ထွက်လာကြသည်။ အာဏာပိုင်တို့ကလည်း သတင်းရသည့်နေရာများတွင် လုံထိန်းတပ်များ၊ အချုပ်ကားကြီးများ အဓိကရုဏ်းနှိမ်နင်းရေးအဖွဲ့များ၊ ချက်ချင်းချက်ကာ မည်သည့်ဆန့်ကျင်မှုကိုမဆို နှိမ်နင်းရန် အသင့်ပြင်ကြလေ၏။

မောင်တို့အဖွဲ့မှာလည်း ကိုယ့်အစီအစဉ်နှင့်ကိုယ် လှုပ်ရှားနေကြသော ကျောင်းသားအဖွဲ့အစည်းတို့အား တပေါင်းတစည်းထဲဖြစ်ရန် ကြိုးစားကြရတော့သည်။

မောင်တို့လည်း အစုကလေးများဖွဲ့၍ တစ်မြို့လုံးအနှံ့သွားကာ ကိုယ်စီကိုယ်စီဖွဲ့စည်းထားကြသော ကျောင်းသားအဖွဲ့အစည်းတို့နှင့် ချိတ်ဆက်ကြရ၏။

မောင်နှင့်ကိုငွေးမောင်တို့က ပုဗ္ဗန်တောင်ဘက်မှ ကိုအောင်တို့အဖွဲ့၊ စက်မှုတက္ကသိုလ်မှ ကိုနီနှင့် ကိုအောင်ဒင်တို့အဖွဲ့တို့နှင့် အဆက်အသွယ်ရ၏။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိန်းဆိုစည်းဝေးကြမှပင် တစ်ယောက်နှင့်တစ်ယောက် မြင်ဖူးတွေ့ဖူးကြသည်ဖြစ်ရာ အစကတော့ တစ်ဦးနှင့်တစ်ဦး သိပ်အယုံအကြည် မရှိကြသေးပေ။ အစည်းအဝေးစလျှင် ကိုယ်နာမည်ကိုယ် မိတ်ဆက်ကြရာမှ အော် ဒီလူကတော့ ဘယ်သူပါလား ဟုသိကြရသည်။ ကျွန်တော် မောင်မောင်ပါ စက်မှုတက္ကသိုလ် (RIT) ကပါဟု မောင်က မိတ်ဆက်လျှင် မောင့်ဘေးတစ်ယောက်ကျော်တွင် ထိုင်နေသော မောင့်ထက်အသက်အတန်ငယ်ကြီးသူ တစ်ယောက်က ကျွန်တော်လည်း RIT ကပါ ကျွန်တော့်နာမည် အောင်ဒင်ပါ။ ဒဏ္ဍအမည်နဲ့ ကဗျာရေးပါတယ်ဟု မိတ်ဆက်ကာ လက်ဆွဲနှုတ်ဆက်လေ၏။

ထိုမှပင်... မောင်ကြိုက်နှစ်သက်ခဲ့ရသော ကဗျာများကို ရေးသားခဲ့သည့် မောင်လေးစားရသော ကဗျာဆရာပါလားဟု အံ့သြဝမ်းသာရသည်။ ခပ်လှမ်းလှမ်းမှ အမျိုးသမီးတစ်ဦးအား မောင်မြင်ဖူးသလိုလိုရှိ၍ ကြည့်နေခဲ့ရာ ကျွန်မ ပန်းအိစံပါဆိုမှ နာမည်ကြီးအဆိုတော်တစ်ဦး ဖြစ်ကြောင်းသိရသည်။

ဤသို့ဖြင့် အလွှာပေါင်းစုံမှ ကျောင်းသားခေါင်းဆောင်တို့နှင့် မောင်တို့ အဆက်အသွယ်ရခဲ့တော့သည်။ မောင်တို့ချိတ်ဆက်မိသည့်အထဲတွင် ပါမောက္ခချုပ်တစ်ဦး၏ သားပင်ပါသေးသည်။ ရုပ်ရှင်မင်းသားငယ်တစ်ဦးနှင့် မင်းသားကြီးတစ်ဦး၏သား တစ်ယောက်လည်းပါလေရာ အသိုင်းအဝိုင်းပေါင်းစုံ၌ ကျင်လည်ရလေ၏။

www.facebook.com/NyisayEbookCreator



ကိုတင်အေးတို့အဖွဲ့က ကိုမိုးသီးတို့နှင့်လည်းကောင်း၊ ကိုညိုထွန်းတို့အဖွဲ့က ကိုမင်းကိုနိုင်၊ ကိုသူရိန်တို့အဖွဲ့နှင့်လည်းကောင်း အသီးသီးချိတ်ဆက်မိကြရာ လျှို့ဝှက်စွာ အမြစ်တွယ်နေပြီဖြစ်သော ကျောင်းသားသမဂ္ဂအဖွဲ့အစည်းကြီးသည် တ ဖြည်းဖြည်းအင်အားကြီးမားလာလေတော့သည်။

မတ်လ တံတားနီအရေးအခင်းအပြီးတွင် ရက်အကန့်အသတ်မရှိ ပိတ်လိုက်သော တက္ကသိုလ်များအား မေလကုန် ဇွန်လဆန်းလောက်တွင် ပြန်လည်၍ ဖွင့်လှစ်ပြန်လေသည်။

အချို့နယ်မှ မိဘများမှာ မိမိတို့၏သားသမီးများအား ရန်ကုန်သို့ပင် ပြန်မလွှတ်တော့ချေ။ ကျောင်းတစ်နှစ်နားလိုက်ရတာ ကိစ္စမရှိဘူး၊ ကျောင်းပို့လိုက်မှပဲ ကိုယ်သားလေး ပြန်မှလာပါ့မလား၊ အဖမ်းပဲခံနေရမလား ဟူ၍ တစ်အိမ်လုံး ရင်တထိတ်ထိတ်ဖြစ်နေရမည်ကို စိုးရိမ်ကာ ကျောင်းသို့ပြန်မလွှတ်တော့ချေ။

ထိုအချိန်တွင် ရန်ကုန်မြို့မှာ နိုင်ငံရေးဒီရေ တဖြည်းဖြည်း မြင့်တက်လာပြီး နီးကြား တက်ကြွနေသော အချိန်လည်းဖြစ်သည်။ ဗိုလ်ချုပ်အောင်ကြီးထံမှ ဗိုလ်ချုပ်ကြီး နေဝင်းထံ အိတ်ဖွင့်ပေးစာတစ်စောင်လည်း ထွက်ရှိလာသည်။

ကျောင်းသားထုအကြားတွင် ကျောင်းသားသမဂ္ဂပြန်လည်ပေါ်ထွန်းရေးသည် အတော်ပင်ရေပန်းစားလာလေသည်။

တက္ကသိုလ် အသီးသီးမှ အဖမ်းဆီး၊ အထိမ်းသိမ်းခံထားရသော ကျောင်းသားများမှာလည်း ပြန်မလွှတ်ကြသေးရာ ကျောင်းလာတက်ကြသော ကျောင်းသားများအဖို့ သတိရစရာ၊ပြန်လည်အောင့်မေ့ နာကျည်းစရာများ ဖြစ်လာပြန်လေ၏။

ဇွန်လအလယ်လောက်သို့ရောက်လျှင် ငြိမ်သက်နေသော ရန်ကုန် တက္ကသိုလ်ကြီးသည် တရားပွဲများဖြင့်ပြန်လည်နိုးထလာပြန်သည်။ ကျောင်းသားများ၏ အခွင့်အရေးများကို တောင်းဆိုရန် ကျောင်းသားသမဂ္ဂတစ်ခုရှိကိုရှိရမည်ဆိုသော စိတ်ဓာတ်တို့သည် ကျောင်းသားထုအကြားတွင် အခြေခိုင်လာသည်။ တောင်ငူ ဆောင်ရှေ့တွင်လည်းကောင်း၊ ဂျပ်ဆင်ရှေ့မြက်ခင်းပြင်တွင်လည်းကောင်း၊ အာစီရှေ့၊ အဓိပတိလမ်းမပေါ်တွင်လည်းကောင်း နေ့စဉ်လိုလို တရားပွဲများ ကျင်းပကာ၊ အာဏာပိုင်တို့၏ မတရားမှုများအကြောင်း ထုတ်ဖော်ဟောပြောကြသည်။ ထောင်သောင်းချီသောကျောင်းသားပရိသတ်တို့မှာလည်း လက်ခုပ်များ တဖြောင်းဖြောင်း တီး၍ အားပေးကြသည်။ ဟောပြောသူကော နားထောင်သူများပါ မျက်နှာကို ပဝါများ စည်း၍ထားကြသည်။ ထိုစဉ်မှာပင် လူပုံခပ်သေးသေးနှင့် အင်္ကျီအဖြူဝတ်ထားသော ကျောင်းသားတစ်ယောက် တရားဟောရန် စာသင်ခုံများဖြင့် ယာယီ

www.facebook.com/NyisayEbookCreator



ပြုလုပ်ထားသော စင်ပေါ်သို့တက်လာသည်။ မျက်နှာကိုအဝတ်မစည်းပေ။ ထိုစဉ်အခါကမူ မျက်နှာကို အဝတ်စည်း၍ ရုပ်မဖျက်ဘဲ ဟောရဲပြောရဲသူမှာ သူရဲကောင်းပင်ဖြစ်ရာ လက်ခုပ်သံများ တစ်ကျောင်းလုံး ဟိန်းထွက်သွားလေသည်။ မိုလ်ချုပ်အောင်ဆန်း၏လေသံ၊ အမူအရာတို့ဖြင့် ထိုသူက မာန်ပါပါ ဟောပြောလေရာ အားပေးသံများ ပွက်ပွက်ညံသွားလေတော့၏။ ထိုသူမှာ ကျောင်းသားခေါင်းဆောင် ကိုမောင်မောင်ကျော်ပင်တည်း။

အဓိကရုဏ်းနှိမ်နင်းရေးကားများက ကျောင်းဝင်းအပြင်တွင် ဝိုင်းထားသော်လည်း ဝင်ရောက်ဖြိုခွင်းခြင်းတော့ မရှိတော့ချေ။ နောက်ရက်များတွင် ကိုမိုးသီးတရားဟောရာ အချက်အလက်မိမိနှင့် အဟောအပြောကောင်းလှသဖြင့် ကျောင်းသားထုက တစ်ခဲနက် ထောက်ခံအားပေးကြကာ ဇွန်လအရေးအခင်း၌ ထင်ပေါ်ကျော်ကြားလာသည့်အတွက် သူ့အား မိုးသီးဇွန်ဟု အမည်နာမ ပေးလိုက်ကြလေ၏။

ရန်ကုန်တက္ကသိုလ်ဝင်းထဲ၌ နေ့စဉ် အစိုးရဆန့်ကျင်ရေးတရားပွဲများ အုံးအုံးခြိမ့်ခြိမ့်ကျင်းပနေကြသည်ကို ရန်ကုန်မြို့လူထုကလည်း သိရှိလာကြပြီး၊ ရပ်ကွက်များထဲမှ အစားအသောက်များပင် ပို့လာကြသည်။ ဆရာ၊ ဆရာမများ၊ သံဃာတော်များ၊ အလုပ်သမားများ၊ အဖြူအစိမ်းဝတ်ကျောင်းသား၊ ကျောင်းသူကလေးများလည်း လာရောက်စူးစမ်းလေ့လာနားထောင်ကြရာ ရန်ကုန်တက္ကသိုလ်ဝင်းထဲတွင် အင်အားတစ်သောင်းခန့်ထိပင် ကြီးထွားလာလေသည်။

ဇွန်လနှစ်ဆယ့်တစ်ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်စက်မှု တက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်တို့အား ရက်အကန့်အသတ်မရှိ ပိတ်လိုက်ကြောင်း ရေဒီယိုမှ ကြေငြာလိုက်တော့၏။

ရန်ကုန်တက္ကသိုလ်ကို ပိတ်လိုက်သဖြင့် ကျောင်းသားအများစုသည် ကျောင်းဝင်းအပြင်ဘက်၌ စုဝေးရောက်ရှိလာကြပြီး ရန်ကုန်မြို့လယ်သို့ ဦးတည်ကာ စုရုံးချီတက် ဆန္ဒပြရန် စီစဉ်ကြတော့သည်။

ရန်ကုန်တက္ကသိုလ်မှ မြို့ထဲသို့ သွားရာလမ်းပေါ်တွင် ပြည်သူ့လွှတ်တော်အဆောက်အဦရှိလေရာ အာဏာပိုင်တို့က ဆန္ဒပြချီတက်လာကြသော စစ်ကြောင်းကြီးအား လွှတ်တော်ရှေ့ရောက်သည်အထိ ခွင့်မပြုကြတော့ပေ။ လွှတ်တော်မရောက်ခင် မြေနီကုန်းမီးပွိုင့်အနီးမှ ဟန့်တားလိုက်ကြတော့၏။

စစ်ကြောင်းကြီးမှာ ကျောင်းသားများ သာမကတော့ပဲ၊ ပြည်သူများ၊ အလုပ်သမားများ၊ အထက်တန်းကျောင်းသား၊ ကျောင်းသူကလေးများပါ ပါဝင်လာကြသဖြင့် မျက်စိတဆုံး များပြားလှသည်။

www.facebook.com/NyisayEbookCreator



ထိုနေ့တွင် ဆန္ဒပြသူများနှင့်အာဏာပိုင်တို့ ရှုန်းရင်းဆန်ခတ် ဖြစ်ပွားကြရာ နှစ်ဘက်စလုံး အသေအပျောက်ရှိသဖြင့် အစိုးရက ရန်ကုန်မြို့အတွင်း စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေငြာကာ ညမထွက်ရအမိန့် ထုတ်ပြန်လိုက်လေသည်။

ရန်ကုန်မြို့အတွင်းတွင် မာရှယ်လောထုတ်လိုက်ပြီး နေရာအနှံ့ လုံခြုံရေးများ အပြည့်ချထားလေတော့ရာ ကျောင်းသားလှုပ်ရှားမှုများ ခေတ္တရပ်တန့်သွားလေသည်။ ဦးဆောင်ဟောပြောကြသော ကျောင်းသားများအားလည်း အဖမ်းအဆီးများရှိလာသဖြင့် ကျောင်းသားများမှာ ရှောင်ကြတိမ်းကြရတော့သည်။

မောင်တို့အဖွဲ့မှာလည်း တစ်အိမ်ထဲတွင် စုမနေတော့ဘဲအုပ်စုများခွဲကာ သူငယ်ချင်းများ၏အိမ်တွင် သွားရောက်အိပ်စက်ကြရတော့၏။

ကျောင်းသားတို့၏ လှုပ်ရှားမှုဒီရေမှာ အာဏာပိုင်တို့၏အင်အားသုံးဖြိုခွဲမှုကြောင့် နှစ်ပတ်ခန့်လောက် ငြိမ်သက်သွားလေသည်။ ထိုအချိန်အတွင်းဝယ် စုစည်းချိတ်ဆက်မိကြသော မောင်တို့အဖွဲ့အစည်းများသည် ဆဲဗင်းဇူလိုင်နှစ်ပတ်လည်နေ့အတွက် ပစ်မှတ်ထား၍ အပြင်းအထန်လျှို့ဝှက်လှုပ်ရှားကြရတော့၏။

ထိုနေ့က... ကောင်းကင်တွင် မိုးရိပ်တို့အနည်းငယ်ရှိသော်လည်း နေကကျဲကျဲတောက် ပူသည်။ မောင်နှင့်ကိုငွေမောင်သည် လွယ်အိတ်ကိုယ်စီလွယ်၍ စုရပ်ဖြစ်သော ရန်ကုန်ဆေးရုံကြီးဆီသို့ ဘတ်စ်ကားစီးပြီးလာခဲ့ကြသည်။ သတ်မှတ်ချိန်မှာ နေ့လည် ၂ နာရီ ဖြစ်သော်လည်း ပတ်ဝန်းကျင်အနေအထားတို့အား လေ့လာရန် နေ့လည်တစ်နာရီလောက်ကတည်းက စော၍ထွက်ခဲ့ကြ၏။ မောင်တို့အဖွဲ့အစည်းများသည် အထူးလျှို့ဝှက်စွာ ချိန်းဆိုထားကြသည်ဖြစ်ရာ အာဏာပိုင်တို့ဘက်မှ အချိန်၊ နေရာအတိအကျ သတင်းရပုံမရချေ။ ရန်ကုန်ဆေးရုံကြီးတစ်ဝိုက်တွင် လုံခြုံရေးများ အရိပ်အခြေ မတွေ့ရပေ။ ရန်ကုန်တက္ကသိုလ်ဘက်နှင့် ဆူးလေဘုရားဘက်တို့တွင်သာ ထူထူထပ်ထပ်တွေ့ရ၏။ မောင်တို့နှစ်ဦးလည်း ဘတ်စ်ကားပေါ်မှ ဟန်မပျက်ဆင်း၍ ဆေးရုံဝင်းကြီးအတွင်း ဝင်ခဲ့ကြသည်။ ထို့နောက် ဆေးရုံဝင်းကြီးအတွင်း တစ်ပတ် ပတ်၍ လမ်းလျှောက်ကာ အရိပ်အခြေကို ကြည့်နေကြသည်။ ရန်ကုန်ဆေးရုံဝင်းကြီးအတွင်း လူနာလာကြည့်သူများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများသည်လည်း ပုံမှန်လည်ပတ်သွားလာ၍နေကြသည်။ နေကျဲကျဲပူနေသဖြင့် သစ်ပင်ရိပ်များ၊ အဆောက်အဦများအောက်တွင် အရိပ်ခိုနေကြသူများကို တွေ့ရသည်။

တစ်နာရီခွဲလောက်မှ နှစ်နာရီထိုးရန် စောင့်ဆိုင်းရသောအချိန်သည် ကုန်ခဲလှသည်ဟု မောင်ထင်မိသည်။ မောင်တို့နှင့် ချိတ်ဆက်ထားသော အဖွဲ့မှ

www.facebook.com/NyisayEbookCreator



ကျောင်းသားများ ရောက်နေပြီလားဟုလည်း ရင်တထိတ်ထိတ်နှင့် စောင့်မျှော်နေရသည်။ မျက်စိရှင်ရှင်နှင့် မသိမသာရှာဖွေရသည်။ နေပူသည့်ဒဏ်ကော ရင်ခုန်စွာ စောင့်ဆိုင်းနေရသည့် အဖြစ်ကောပေါင်းကာ မောင်တို့နှစ်ဦးမှာ ချွေးများရွှဲနေကြ၏။ နှစ်နာရီထိုးရန် ဆယ့်ငါးမိနစ်အလိုတွင် မောင်တို့နှစ်ဦးလည်း အရိပ်ရသော အဆောက်အဦထဲမှ ကွင်းပြင်ဘက်သို့ ခြေလှမ်းမှန်မှန်နှင့် လျှောက်လှမ်းလာခဲ့ကြသည်။ မောင်တို့နှင့် မလှမ်းမကမ်းတွင် လွယ်အိတ်လွယ်ထားသော ကျောင်းသား ဖြစ်ပုံရသူ အုပ်စုနှစ်စု သုံးစုမှာလည်း မောင်တို့ထွက်လာသည့် ကွင်းပြင်ဆီသို့ ဟန်မပျက်ထွက်လာကြလေသည်။ မကြာမီပင် မောင်တို့စောင့်ဆိုင်းနေရသော နေ့လည်နှစ်နာရီအချိန်သည် ကွက်တိရောက်ရှိလာတော့၏။

မောင်နှင့် ကိုငွေးမောင်သည် လွယ်အိတ်ထဲ၌ ဝှက်၍ယူလာကြသော ဝီစိ(ခရာ)ကလေးများကို ထုတ်၍လက်ထဲတွင် ဆုပ်ထားလိုက်ကြသည်။ နှစ်နာရီထိုးပြီး နှစ်မိနစ်၊ သုံးမိနစ်ကြာသည်ထိ ပတ်ဝန်းကျင်မှာ ငြိမ်သက်နေသဖြင့် မောင်တို့နှစ်ယောက်လည်း အချင်းချင်း မျက်ရိပ်ပြကာ လက်ထဲတွင် ကိုင်ထားကြသော ဝီစီကလေးများအား နှုတ်ခမ်းတွင်တေ့၍ ရှီး... ခနဲ၊ ရှီး... ခနဲ အားကုန်မှုတ်လိုက်ကြတော့၏။

ထိုအချိန်တွင် မောင်တို့နှင့် မလှမ်းမကမ်းမှလည်းကောင်း၊ အတော်ဝေးဝေးနေရာတို့မှ လည်းကောင်း၊ ဆေးရုံဝင်း၏ထောင့်တစ်နေရာမှလည်းကောင်း ရှီးခနဲ၊ ရှီးခနဲ ခရာမှုတ်သံများ ဟိုမှသည်မှ ဆူညံကာ ထွက်ပေါ်လာကာ၊ ဆေးရုံဝန်းကြီးတစ်ခုလုံး လှုပ်လှုပ်ရှားရှား ဖြစ်သွားကြလေ၏။

တစ်ချို့မှာလည်း အကြောင်းအရင်းကိုမသိကြပဲ ရှောင်တိမ်းပြေးလွှားကြသည်။ ခရာမှုတ်လိုက်ကြသော အစု၊ အစုကလေးများမှာ ကွင်းပြင်၏အလယ်၌ အားလုံးစုမိကြပြီး ထိုလူစု၏အလယ်တွင် ခွပ်ဒေါင်းအလံကို လွှင့်ထူလိုက်ကြတော့သည်။

ထိုအခါမှပင် စုဝေးရောက်ရှိနေကြသူများမှာ ကျောင်းသားများဖြစ်ကြောင်း အားလုံးသဘောပေါက်သွားကြလေသည်။

ဟာ... ကျောင်းသားတွေဟေ့၊ ကျောင်းသားတွေ ဆန္ဒပြကြတာကွ၊ ဆန္ဒပြပွဲတွေ ပြန်စပြီဟေ့စသည်ဖြင့် စိတ်ဝင်တစား လာရောက်ပူးပေါင်းကြသော လူအုပ်ကြီးမှာ နာရီဝက်အတွင်းထောင်ချီ၍ များပြားလာတော့သည်။

''အာဏာရှင်စနစ်အလိုမရှိ

လူသတ်ဝါဒ ကျဆုံးပါစေ...'' စသည်ဖြင့် ကြွေးကြော်သံများ အော်ဟစ်

www.facebook.com/NyisayEbookCreator



ကာ လူအုပ်ကြီးမှာ ဆေးရုံကြီးထဲမှ လမ်းမပေါ်သို့ ပြုံဆင်း၍ ကျလာသည်။ အနီးအနားမှ ပြည်သူများလည်း သတင်းကြားသဖြင့် အပြေးအလွှား လာရောက်ပူးပေါင်း၍ ဆန္ဒပြကြရာ ထောင်ပေါင်းများစွာသော လူအုပ်ကြီးမှာ စစ်အုပ်ချုပ်ရေးကို တွန်းလှန်၍ စုဝေးမိကြပြန်လေသည်။

လူစုလူဝေးကြီးမှာ လမ်းမကြီးအတိုင်းဆန်တက်သွားကြရာ လမ်းတစ်လျှောက်ထောက်ခံအားပေးကြသော ပြည်သူလူထုများမှာလည်း ပူးပေါင်းပါဝင်လာကြသည်။ ချီတက်ဆန္ဒပြကြချိန်မှာ သိပ်မကြာလိုက်ပါပေ။ လမ်းမကိုပိတ်၍ သံဆူးကြိုးလိပ်များချကာ သတင်းရသော အာဏာပိုင်များက ပိတ်ဆို့တားဆီးလိုက်ကြသည်။ ကိုဌေးမောင်၊ ကိုအောင်တို့က ပိတ်ဆို့ထားသူခေါင်းဆောင် အရာရှိများနှင့် သွားရောက်ဆွေးနွေးကြသည်။ အတားအဆီးများအား ဖယ်ပေးရန် ပြောသော်လည်း၊ အထက်အမိန့်အရ ဖယ်ပေး၍မရကြောင်း အမြန်ဆုံးလူစုခွဲကြရန် တောင်းပန်သဖြင့် ထိုနေရာတွင်ပင် ရပ်၍ ကြွေးကြော်သံများတိုင်ကာ အထိအခိုက်အကျအဆုံးမရှိဘဲ အောင်မြင်စွာ လူစုခွဲလိုက်ကြလေသည်။

ထိုသို့ ရန်ကုန်မြို့ကြီးတစ်ခုလုံး ဆန္ဒပြပွဲများ ပြောက်ကျား၊ ပြောက်ကျား ဆင်နွှဲနေကြချိန်တွင် လူတိုင်း၏ပါးစပ်ဖျား၌ ဘီဘီစီဟူသော စကားလုံးသည် ခေတ်စား လာသည်။ ဘီဘီစီမှ သတင်းထောက် ခရစ္စတိုဖာဂန်းနက်သည် ရန်ကုန်မြို့ရှိ ဆန္ဒပြနေသူများနှင့် လျှို့ဝှက်စွာတွေ့ဆုံ၍ သတင်းများကို နေ့စဉ်ဘီဘီစီမှ ထုတ်လွှင့်ပေးသဖြင့် မြန်မာတစ်နိုင်ငံလုံးမှ သန်းပေါင်းလေးဆယ်သော လူထုတို့သည် ဘီဘီစီကိုစိတ်ဝင်တစား နားထောင်လာကြသည်။

မြန်မာ့အသံမှလွှင့်သည့် အစိုးရ၏အာဘော်များနှင့် ဘီဘီစီသတင်းဌာနမှ ထုတ်လွှင့်ချက်တို့သည် ဆန့်ကျင်ဘက်များဖြစ်ကာ လေလှိုင်းထဲတွင် စစ်ပွဲများ ဆင်နွှဲကြလေသည်။

ရွှေတိဂုံရင်ပြင်တော်ပေါ်၌ ငြိမ်းချမ်းစွာဆန္ဒပြတရားဟောကြသော သံဃာတော်များနှင့် သပိတ်မှောက်ကျောင်းသားငယ်များကို မြန်မာ့အသံက ဆူပူလိုသူ တစ်စုဟု အမည်တပ်လိုက်၏။ ထိုသပိတ်စခန်းအား အာဏာပိုင်တို့က အကြမ်းဖက်၍ ဖြိုခွင်းပြီးလျှင်

"ရွှေတိဂုံစေတီတော်ပေါ်၌ ဘုရားဖူးများအား နှောင့်ယှက်ခြင်း၊ မိန်းမပျက်များနှင့် ပျော်ပါးခြင်း"များ ပြုလုပ်၍ နှိမ်နင်းရခြင်းဖြစ်ကြောင်း အစိုးရသတင်းစာ၌ ရက်ရက်စက်စက် စွပ်စွဲရေးသားကြ၏။

နိုင်ငံခြားအသံလွှင့်ဌာနများကမူ ရွှေတိဂုံရင်ပြင်ပေါ်တွင် ငြိမ်းချမ်းစွာ

www.facebook.com/NyisayEbookCreator



ဆန္ဒပြနေသော သပိတ်စခန်းအား အစိုးရမှ အကြမ်းဖက်ဖြိုခွဲရာတွင် အဓိကရဏ်း နှိမ်နင်းရေးတပ်သားများသည် ဖိနပ်မချွတ်ပဲ ရင်ပြင်တော်ပေါ်သို့တက်ကာ လက်နက်များဖြင့် ဆန္ဒပြသူများအား အကြမ်းဖက်၍ လူစုခွဲခဲ့ကြောင်း၊ အသံလွှင့်ကြလေသည်။

မကြာသေးမီက ကျင်းပခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အရေးပေါ်ညီလာခံတွင် ပါတီဥက္ကဋ္ဌဦးနေဝင်းက ရေဒီယိုမှတဆင့် တိုင်းပြည်သို့ မိန့်ခွန်းပြောကြားခဲ့ရာ လူထုအနေနှင့် ပါတီစုံစနစ်နှင့်တစ်ပါတီစနစ် ဘယ်ဟာကိုကြိုက်နှစ်သက်ကြောင်း လူထုဆန္ဒခံယူပွဲကျင်းပမည်ဟု ပါရှိခဲ့သည်။

အထွေထွေကြပ်တည်းမှုများ၊ စားဝတ်နေရေးအဆင်မပြေမှုများ၊ ပျောက်ဆုံးနေသော လူ့အခွင့်အရေးများကြောင့် အုပ်ချုပ်သူအစိုးရတို့အား ငြီးငွေ့စိတ်ပျက်ကာ အသစ်တစ်ခုကို မျှော်လင့်စောင့်စားနေကြသော ပြည်သူလူထုတို့၏ ပါးစပ်များတွင် ပါတီစုံဒီမိုကရေစီဟူသော ဝေါဟာရသည် ပိတ်ဆို့၍မရအောင် ပွင့်ကန်ထွက်လာကြလေ၏။

တစ်ပါတီအာဏာရှင်စနစ်၏ ဒလိမ့်တုန်းအောက်တွင် ပြားပြားဝပ်၍ ရှားပါးမှု၊ မတရားမှု၊ ဆင်းရဲမွဲတေမှု၊ အနိုင်ကျင့်မှု၊ အကျင့်ပျက်ခြစားမှု၊ ဥပဒေမဲ့မှုများကို အံကြိတ်၍ သည်းခံနေကြရသော ပြည်သူလူထုကြီးမှာ ဒီမိုကရေစီဆိုသော စကားလုံးအား ကယ်တင်ရှင်သဖွယ် သဘောထားလာကြတော့သည်။

လူတိုင်းသည် ဒီမိုကရေစီကို မျှော်လင့်လာကြသည်။ ဆန္ဒပြပွဲများတွင်လည်း ဒီမိုကရေစီရရှိရေး ဟူသော ကြွေးကြော်သံမှာ မပါမဖြစ်သော ပင်တိုင်ကြွေးကြော်သံဖြစ်လာခဲ့တော့သည်။

ဘီဘီစီအသံလွှင့်ဌာနမှ သတင်းထောက်နှင့် ကျောင်းသားခေါင်းဆောင်တစ်ဦး တွေ့ဆုံမေးမြန်းခန်းတွင် ထိုကျောင်းသားခေါင်းဆောင်က ၈-၈-၈၈ ရှစ်လေးလုံးနေ့တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အထွေထွေသပိတ်ကြီး ဆင်နွှဲသွားမည်ဟု ပြောဆိုလိုက်လေသည်။

ထိုသတင်းမှာ မြန်မာတစ်ပြည်လုံး ပျံ့နှံ့သွားပြီး တစ်တိုင်းပြည်လုံးမှ ပြည်သူလူထုတို့သည် ထိုရှစ်လေးလုံးနေ့ကို စောင့်မျှော်လျှက်ရှိကြတော့သည်။

အာဏာပိုင်တို့ဘက်မှလည်း ရန်ကုန်မြို့၌ ရှိသမျှအင်အားကို အစွမ်းကုန်အသုံးချကာ ပိတ်ဆို့တားဆီးရေးများအတွက် ကြိုတင်ပြင်ဆင်ကြသည်။ ဆန္ဒပြမှုများ ဆက်လက်မဖြစ်ပွားစေရန် ခြိမ်းခြောက်ကြသည်။ ရှစ်လေးလုံး အရေးတော်ပုံကြီးဖြစ်ပွားကာနီး နှစ်ရက် သုံးရက် အလိုတွင် အာဏာပိုင်တို့က လုံခြုံရေး

www.facebook.com/NyisayEbookCreator



အင်အားကို ထပ်မံတိုးမြှင့်လိုက်သည်။ ရန်ကုန်မြို့နေရာအနှံ့တွင် အဓိကရဏ်း နှိမ်နင်းရေးကားများ၊ အပြာရောင်အချုပ်ကားကြီးများ၊ သံဆူးကြိုးခွေများ၊ လက်နက် အပြည့်တပ်ဆင်ထားသော ဖြိုခွဲရေးတပ်များ ဥဒဟိုသွားလာနေကြသည်။

လူစုလူဝေးဖြင့် သွားလာလှုပ်ရှားခြင်းများ မပြုလုပ်ကြရန်နှင့် ညမထွက်ရအမိန့်များအား အသံချဲ့စက်တပ်ဆင်ထားသောကားများဖြင့် လိုက်လံသတိပေးနေသံတို့ကိုလည်း ဟိုမှ သည်မှ ကြားနေရသည်။ ပြည်သူလူထုကြီးမှာလည်း ရှစ်ရက်၊ ရှစ်လတွင် တစ်တိုင်းပြည်လုံးအံ့ကြွရန် အားယူနေသည့်အလား ခြောက်ရက်၊ ခုနှစ်ရက်နေ့တို့တွင် ငြိမ်ငြိမ်သက်သက်ပင် ရှိကြလေသည်။ ထိုငြိမ်သက်မှုများမှာ အင်အားကြီးမားလှသော မီးတောင်ကြီးတစ်ခု ပေါက်ကွဲခါနီး အချိန်၌ ငြိမ်သက်လေ့ရှိသော ငြိမ်သက်မှုမျိုးသာတည်း။

အားလုံးမျှော်လင့်ထားကြသည့်အတိုင်းပင် ရှစ်ရက်၊ ရှစ်လ၊ ရှစ်ဆယ့်ရှစ်နှေ့၌ ရန်ကုန်တစ်မြို့လုံးမှ ပြည်သူတို့သည် လှည်းနေလှေအောင်းမြင်းဇောင်းမကျန် လမ်းများပေါ်ထွက်လာကြကာ ဆန္ဒပြကြတော့သည်။ တစ်ပါတီအာဏာရှင်စနစ်၏ ဖိနှိပ်ချုပ်ချယ်မှုကို တစ်သက်လုံးခါးစည်း၍ ခံလာရသော ပြည်သူလူထုကြီးသည် မိမိတို့ရင်ထဲမှ ပွင့်အံလာသော ဆန္ဒတို့ကို မချုပ်တည်းနိုင်ကြတော့ပေ။ ရဟန်းရှင်လူများ၊ ကျောင်းသားကျောင်းသူများ၊ အလုပ်သမားများ၊ လယ်သမားများ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ လူတန်းစားပေါင်းမြောက်များစွာတို့မှာ သောင်းနှင့်သိန်းနှင့်ချီသော စစ်ကြောင်းကြီးများအဖြစ် အသွင်ကူးပြောင်း လိုက်ကြသည်။ တစ်နေကုန် ခြေလျှင်လျှောက်ကာ စစ်ကြောင်းကြီးများထဲတွင် ပါဝင်၍ ကြွေးကြော်သံများ အော်ဟစ်ဆန္ဒပြကြရာ ညနေဘက်ရောက်လျှင် အသံတွေပင်ဝင်ကုန်ကြတော့၏။ အဆမတန်များပြားလှသော လူလှိုင်းလုံးကြီးများ လမ်းမပေါ်သို့ လိမ့်ဆင်းလာသောအခါ၊ အာဏာပိုင်တို့၏ အတားအဆီးမှန်သမျှတို့လည်း ပြိုလဲကြရတော့သည်။ ပိတ်ဆို့တားဆီးထားသော လက်နက်ကိုင်တပ်များသည် သံဆူးကြိုးများကို လမ်းဘေးတွင်ကပ်၍ စီတန်းချီတက်သွားကြသော စစ်ကြောင်းကြီးကို မယုံကြည်နိုင်စွာ ငေးကြည့်နေကြသည်။ ဆန္ဒပြသူ ပြည်သူလူထု တို့ကလည်း သူတို့အား ရန်ပြုခြင်း၊ ပြောင်လှောင်ခြင်းများ မပြုလုပ်ကြပါပေ။ အချို့က လက်များပင် ဝှေ့ယမ်းနှုတ်ဆက်သွားကြပေသေးသည်။

မောင်တို့လည်း ဆန္ဒပြသောစစ်ကြောင်းကြီးနှင့်အတူ မျောပါသွားတော့ရာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းပင် မသိတော့ချေ။ ကြံတောသချိုင်းဘက်တွေလည်းရောက်၊ နာနတ်တောရပ်ကွက်ဘက်တွေလည်းရောက်နှင့် ရန်ကုန်တစ်မြို့လုံး

www.facebook.com/NyisayEbookCreator



နဲ့တော့သည်။ မှောင်စပျိုးမှပင် ပြန်ခဲ့ကြတော့၏။ မောင်နှင့်ကိုဋ္ဌေးမောင်မှာ အဆောင်သို့ ပြန်မအိပ်ကြတော့ဘဲ ကိုဋ္ဌေးမောင်၏အဒေါ်မိသားစု နေထိုင်ရာ မြို့ထဲမှ တိုက်ခန်းတွင်သွား၍ အိပ်ကြသည်။ သပိတ်ကာလတစ်လျှောက်လုံးပင် မောင်တို့တစ်ဖွဲ့လုံးမှာ နေရာပြောင်း၍ အိပ်စက်ကြရ၏။ တစ်နေရာတည်းတွင် မနေကြတော့ပေ။ တစ်ခါတစ်ရံ မောင့်အစ်ကိုဝမ်းကွဲ ဒေါက်တာတင်စိုးတို့ဆီ သွားအိပ်တတ်ကြပြီး တစ်ခါတစ်ရံ နီးစပ်ရာ သူငယ်ချင်းများ၏ အိမ်တို့၌ အိပ်လိုက်ကြ၏။ စားသတိ၊ သွားသတိ၊ နေသတိဖြင့် နေကြရ၏။ မနက်မိုးလင်းမှပင် ဆုံရပ်တစ်ခု သတ်မှတ်ကာ အားလုံးဆုံကြပြီး တာဝန်များ ခွဲဝေဆောင်ရွက်ကြမြဲ ဖြစ်သည်။

ရှစ်ရက်နေ့ညက မောင်တို့ မောမောနှင့်အိပ်ပျော်နေခိုက် မြို့တော်ခန်းမ ဘက်ဆီမှ ဆူဆူညံညံအသံများကြောင့် လန့်နိုးလာကြသည်။ အတွဲလိုက်ဆွဲ၍ ပစ်နေသောသေနတ်သံများ၊ အော်ဟစ်ဆဲဆိုပြေးလွှားသံများ၊ ခပ်သဲ့သဲ့ကြားရ၏။ မောင်နှင့်ကိုဋ္ဌေးမောင်က အပြင်ထွက်၍ စနည်းနာရန် တံခါးဖွင့်မည် အလုပ်တွင် ကိုဋ္ဌေးမောင်၏အဒေါ်များက ဝိုင်းဝန်းတားဆီးကြသည်။

"မနက်မှပဲသွားကြပါ... ငါတို့ရယ်၊ ပုဒ်မ တစ်ရာလေးဆယ့်လေး ကလည်း ရုပ်သိမ်းသေးတာမဟုတ်ဘူး၊ မတော်တစ်ခုခုဖြစ်သွားရင် မင်းတို့ ဆက်လုပ်စရာ အလုပ်တွေ နှောင့်နှေးကုန်လိမ့်မယ်၊ မသွားကြနဲ့၊ မသွားကြနဲ့" ဟု ဆိုကာ အတင်းဆွဲသဖြင့် မောင်တို့လည်း အိမ်ထဲမှာပင်နားစွင့်နေကြရသည်။

မနက်မိုးလင်း၍ အပြင်ထွက်မှပင် မောင်တို့ကြားရသောသတင်းမှာ မနက်စောစောစီးစီး မကြားအပ်သော အမင်္ဂလာသတင်းပင် ဖြစ်နေတော့၏။

မနေ့က ဆန္ဒပြသော လူအုပ်ကြီးများထဲမှ အချို့မှာ ညဆယ့်တစ်နာရီထိပင် လူစုမခွဲကြသေးပဲ မြို့တော်ခန်းမရှေ့၌ ထိုင်သူထိုင်၊ လမ်းမပေါ် အိပ်သူအိပ်ဖြင့် ဆက်လက် စုဝေးဆန္ဒပြနေကြသည်ဟု ဆိုသည်။

ယင်းကို အာဏာပိုင်တို့က ပစ်ခတ်လူစုခွဲရာ လူအများအပြား ထိခိုက် သေကြေဒဏ်ရာရကုန်ကြကြောင်း စိတ်မသက်သာဖွယ်သတင်းကို ကြားရ၏။

ရန်ကုန်ဆေးရုံကြီး၌လည်း သွေးထွက်သံယိုလူနာများဖြင့် ခြေချစရာ မရှိအောင် ပြည့်နှက်၍နေသည်။ မောင်တို့လည်း ရန်ကုန်ဆေးရုံကြီးဘက်သို့ သွားကာ အခြေအနေကိုသွားလေ့လာကြသည်။ ဆေးရုံကြီး၏ အဆောင်ရှေ့တွင် ဘုတ်ပြားအကြီးကြီးတစ်ခု ထောင်ထားသည်ကို တွေ့ရသည်။ လူနာများထံမှ

www.facebook.com/NyisayEbookCreator



ထွက်လာသော သွေးစများဖြင့်ပေကျံ၍ နီရဲရွှဲနစ်နေသော ဂွမ်းစများကို ကော်ဖြင့် ကပ်ခါ စာလုံးများအဖြစ် ဖန်တီးရေးသားထားခြင်း ဖြစ်သည်။

"နှစ်ဆယ့်လေးနာရီလုံးလုံး အနားမယူဘဲ ကုသပေးနေပါသည်။ အပစ် အခတ်ရပ်စဲပေးပါ"ဟူသော သွေးစွန်းသော ဂွမ်းစများဖြင့် ကပ်ထားသည့် စာတန်း ကို ဖတ်၍ မောင်တို့လည်း သက်ပြင်းကိုယ်စီ ချလိုက်မိလေ၏။

မနေ့ညက ပစ်ခတ်နှိမ်နင်း၍ လူစုခွဲထားသော်လည်း အရှိန်ရနေပြီဖြစ် သော လူထုကြီးမှာ ကိုးရက်နေ့၌ ဆက်လက်စုဝေးချီတက်ဆန္ဒပြကြပြန်သည်။ အာဏာပိုင်များကလည်း မနေ့ကကဲ့သို့ အလျှော့မပေးတော့ချေ။ ကားများဝူးကနဲ ထိုးဆိုက်လာပြီး ပစ်ခတ်လူစုခွဲကာ၊ သေဆုံးသူကော၊ ဒဏ်ရာရသူများကိုပါ ထရပ်ကားကြီးပေါ် ပစ်တင်၍ မောင်းထွက်သွားကြသည်ဟုဆိုသည်။ နောက်ရက် များ၌ ရန်ကုန်ဆေးရုံကြီးရှေ့တွင် ဆန္ဒပြကြသူလူအုပ်ကြီးကို ပစ်ခတ်လူစုခွဲရာ ထိုမြင်ကွင်းကို ဆရာဝန်များ၊ သူနာပြုဆရာမလေးများက ဆေးရုံဝရန်တာများ ပေါ်မှ ထွက်၍ စူးစမ်းကြည့်ရှုကြလေသည်။

ယင်းကို လက်နက်ကိုင်တို့က မြင်သွားပြီး ဆေးရုံကြီးဘက်သို့ပါ ဝှေ့ယမ်း ပစ်ခတ်လိုက်ရာ သူနာပြုဆရာမတစ်ချို့ ထိမှန်ဒဏ်ရာ ရကုန်တော့၏။

ထိုအချိန်ကာလသည်ကား မြန်မာ့နိုင်ငံရေးစာမျက်နှာတွင် အပြောင်းအလဲ အများဆုံး၊ အမြန်ဆုံးသောကာလတစ်ခု ဖြစ်သည်။ ၇-လပိုင်း၂၃ရက် နေ့တွင် ဦးနေဝင်းက ပါတီဥက္ကဌ အဖြစ်မှ အနားယူပြီး ဦးစိန်လွင်အား သမ္မတအဖြစ် ခန့်အပ်၏။ ဦးစိန်လွင်၏သက်တမ်းမှာလည်း တစ်လပင်မခံပါချေ။ ရှစ်လပိုင်း ဆယ့်နှစ်ရက် နေ့တွင် နုတ်ထွက်သွားပြီး ဒေါက်တာမောင်မောင် သမ္မတအဖြစ် တက်လာပြန်လေ၏။

ဒေါက်တာမောင်မောင်သည် ပညာတတ်တစ်ဦးဖြစ်ပြီးသဘောထား ပျော့ပြောင်းသူလည်းဖြစ်သည့်အလျောက် ရွှေပြည်အေးမိန့်ခွန်းများဖြင့် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှတဆင့် ပြည်သူတို့အား နားချပြန်လေသည်။

သို့သော်လည်း ဒီရေအရှိန်အမြင့်ဆုံးသို့ ရောက်နေပြီဖြစ်သော ပြည်သူလူ ထုကြီးက နားမယောင်တော့ပေ။ သမ္မတဒေါက်တာမောင်မောင်အား ပြောင်လှောင် သော ကြွေးကြော်သံများဖြင့်သာ တုန့်ပြန်ကြတော့၏။

မောင်တို့လည်း ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ ဗကသ(ယာယီ) ကို ဖွဲ့စည်းလိုက်ကြပြီး သမဂ္ဂသတင်းစာ ထုတ်ဝေရာတွင် ကူညီလုပ်ကိုင်ကြရ၏။

www.facebook.com/NyisayEbookCreator



နိုင်ငံကျော်ရုပ်ရှင် ကုမ္ပဏီကြီးတစ်ခု၏ အပေါ်ထပ်တိုက်ခန်းသည် သမဂ္ဂသတင်းစာတို့ဖြင့် ပြည့်နှက်သွားတော့သည်။

ရန်ကုန်ဆေးရုံကြီးသည်လည်း ပြန်ကြားရေးဌာနတစ်ခုလိုဖြစ်သွားကာ တစ်ပါတီအာဏာရှင်စနစ်နှင့် အစိုးရခေါင်းဆောင်များအား သရော်ထားသော ကာတွန်းများ၊ ပိုစတာများ၊ လွတ်လပ်စွာ ရေးသားထားသော ပုဂ္ဂလိကဂျာနယ်များ ကပ်၍ထားသဖြင့် လာရောက်ကြည့်ရှုသူများ စည်ကားလျက်ရှိသည်။ ရန်ကုန်ဆေးရုံကြီးသည် သပိတ်မှောက်သူများစုဝေးရာ သပိတ်စခန်းတစ်ခုဖြစ်သွားပြီး နိုင်ငံကျော် စာရေးဆရာကြီးများ၊ ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ ဓာတ်သဘင် ပညာရှင်များ၊ ဌာနပေါင်းစုံမှ ဝန်ထမ်းများ၊ မြို့နယ်အသီးသီးမှ ပြည်သူလူထုများသည် မိမိတို့ သက်ဆိုင်ရာ အသင်းဘုတ်များ ကိုင်ဆောင်၍ လာရောက်စုစည်းမိကြတော့သည်။

ထိုအချိန်တွင် မောင်တို့နိုင်ငံရှိ သန်းလေးဆယ်သောတိုင်းသူပြည်သားအားလုံး၏ နှလုံးသည်းပွတ်များထဲမှ အလေးစား၊ အချစ်ခင်၊ အမြတ်နိုးဆုံးဖြစ်သော အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေးစာမျက်နှာပေါ်သို့ စတင်ရောက်ရှိလာခဲ့တော့သည်။ မောင်တို့ တိုင်းသူပြည်သားအားလုံးသည် ဒေါ်စုအား ဒီမိုကရေစီတော်လှန်ရေးကြီး၏ ခေါင်းဆောင်အဖြစ် တညီတညွတ်ထဲ တင်မြှောက်လိုက်ကြတော့၏။ နိုင်ငံရေးထဲတွင် ဒေါ်စုဝင်ရောက်လာသဖြင့် စိတ်ဓာတ်ခွန်အားတို့လည်း ပိုမိုတက်ကြွလာကြပြန်သည်။

ရှစ်လပိုင်း နှစ်ဆယ့်လေးရက်နေ့တွင် ရန်ကုန်ဆေးရုံကြီးသပိတ်စခန်း၌ ဒေါ်စုက ပြည်သူလူထုနှင့် စတင်မိတ်ဆက်မိန့်ခွန်းပြောကြားပြီး နှစ်ဆယ့်ခြောက်ရက်နေ့တွင် ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၌ လူထုတရားပွဲကျင်းပလေသည်။ စာအုပ်များတွင် ဖတ်ဖူးခဲ့သော ကြက်ပျံမကျ စည်ကားသည်ဟူသော စကားလုံးကို ယခုမှပင် မောင်တို့ နဖူးတွေ့ ဒူးတွေ့ တွေ့ဖူးတော့၏။ သန်းချီ၍ လာရောက်အားပေး နားထောင်ကြသော ပရိသတ်မှာ လူပင်လယ်ကြီးပမာ ထင်ရလေသည်။

ထိုနေ့ညတွင် မှတ်မှတ်ရရ မောင်ကဗျာတစ်ပုဒ်ရေးဖွဲ့မိ၏

"အဲဒီညဟာ

တောမီးလောင်နေတဲ့ တောင်ကုန်းတွေကို

ပထမဆုံးမြင်ဖူးတဲ့

ကမ္ဘာဦး လူတွေရဲ့ည

www.facebook.com/NyisayEbookCreator



ဘုရင်အဆူဆူရဲ့
သရဖူ အကျိုးအပဲ့တွေကို
ကမ္ဘာမြေရဲ့ လက်ဖျံရိုးနဲ့
အစားထိုးလိုက်တဲ့ည
ကျောက်ဆောင်ပေါ်က
မီးပြတိုက်ကလေးဆီမှာ
သူတို့ဝိညာဉ်ကို ပုံအပ်လိုက်ကြတဲ့
ဇင်ယော်ကလေးတွေရဲ့ ညပါ''

မှန်ပေသည် ဒေါ်စုသည်ကား မောင်တို့ တိုင်းသူပြည်သားများအတွက် ကျောက်ဆောင်ပေါ်က မီးပြတိုက်ကလေးပင် ဖြစ်ပေတော့၏။

မောင်တို့၏ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ကြီးသည်လည်း ရပ်လုံးပေါ်လာပြီးဖြစ်ရာ ဩဂုတ်လနှစ်ဆယ့်ရှစ်ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ထဲတွင် သမဂ္ဂတည်ထောင်ဖွဲ့စည်းပွဲကို စတိတ်စင်ကြီးများထိုး၍ ခမ်းနားစွာကျင်းပပြီး၊ ဥက္ကဋ္ဌကိုမင်းကိုနိုင်၊ ဥက္ကဋ္ဌကိုကိုကြီး၊ အတွင်းရေးမှူးကိုမိုးသီးဇွန်၊ တွဲဖက်အတွင်းရေးမှူး (၂) ဦး၊ CEC (၄) ဦးတို့အား တင်မြှောက်ခဲ့ကြသည်။

ကိုညို့ထွန်းမှာ ဗဟိုအလုပ်အမှုဆောင်အဖြစ် တာဝန်ယူ၍ မောင်နှင့်ကို ငွေးမောင်တို့ကပြန်ကြားရေးဘက်တွင် တာဝန်ကျလေသည်။

ထိုနေ့မှစ၍ မောင်တို့သည် လူထုလူတန်းစား အလွှာအသီးသီးတွင် ဖွဲ့စည်း၍ထားပြီးပြီဖြစ်သော သမဂ္ဂပေါင်းစုံနှင့် ပူးပေါင်းဆောင်ရွက်ကြရ၏။

တက္ကသိုလ်ဆရာများသမဂ္ဂ၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ၊ အလုပ်သမားများသမဂ္ဂ၊ ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းသမဂ္ဂများ၊ သံဃာတော်များ သမဂ္ဂ၊ ရှေ့နေများသမဂ္ဂစသော သမဂ္ဂအသီးသီးမှ ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်ပေါင်း တစ်ရာကျော်ပါသော အထွေထွေသပိတ်ကော်မတီကို သရက်တောဘုန်းကြီးကျောင်းတိုက်အတွင်းတွင် စည်းဝေး၍ ဖွဲ့စည်းနိုင်ခဲ့ကြသည်။ တက္ကသိုလ်ဆရာများ သမဂ္ဂမှ ဆရာနှောင်၊ ဆရာကိုဇော်ထက်၊ ဆရာကိုငွေးလွင်နှင့် ဆရာဦးမြင့်လှိုင်တို့မှာ မောင်တို့နှင့် အလွန်ပင်ရင်းနှီးခင်မင်ကြလေသည်။

အထွေထွေသပိတ်ကော်မတီ (GSC) ကိုဆေးရုံကြီးဝင်းထဲရှိ အဆောက်အဦးတစ်ခုထဲတွင် ရုံးခန်းဖွင့်၍ သပိတ်နှင့် ပတ်သက်သော ကိစ္စအဝဝ အတွက် စီမံဆောင်ရွက်ကြရတော့၏။

✦ ✦ ✦

www.facebook.com/NyisayEbookCreator



မောင်တို့ခေတ် တက္ကသိုလ်ကျောင်းသားဘဝမှာ လေးသံမြားသံတဝုန်းဝုန်းကြား၌ အသည်းယားစရာကောင်းသလို သည်းထိတ်ရင်ဖိုစရာလည်း ကောင်း၏။ ''မင်းတို့ကို ကျောင်းပို့ရတာကလည်း ရှေ့တန်းကို ပို့ရသလိုပါပဲကွာ''ဟု ဖေဖေကပင် ညည်းရှာသည်။ လှို့ဝှက်စွာဆန့်ကျင်လှုပ်ရှားကြသည်ဖြစ်၍ ရင်ခုန်စိတ်ဝင်စားစရာလည်း ကောင်းသည့်အပြင် သမိုင်းတစ်ခေတ်ကို မိမိပုခုံးပေါ်၌အတိုင်း အတာတစ်ခုအထိ ထမ်းရွက်ခဲ့ဖူးသူအဖြစ် ဘဝ၌နေပျော်ပြီဖြစ်ရာ ဂုဏ်ယူဘဝင်မြင့်ချင်စရာလည်းဖြစ်တော့၏။

ကျောင်းသားအရေးအခင်းတို့သည် တစ်ပါတီအာဏာရှင်စနစ်အောက်၌ ငိုက်မြည်းအိပ်မောကျနေသော ရန်ကုန်မြို့ကြီးကို လှုပ်နှိုးလိုက်ကြသည်။ ပြင်းထန်သော လျှောင်လှိုင်းလုံးများ တစ်လုံးပြီးတစ်လုံး ရိုက်ခတ်ပြီး နေအိမ်တိုက်တာအဆောက်အဦးများအတွင်းမှ အဖိနှိပ်ခံပြည်သူတို့သည် လမ်းမပေါ်သို့ တဖြည်းဖြည်း ရောက်ရှိလာကြသည်။ ဝေါခနဲ လိမ့်ဝင်လာသော ရေအလျဉ်တို့ကဲ့သို့ အဆီးအတား မှန်သမျှကို ချိုးဖြတ်ပစ်လိုက်ကြသည်။

ကျောင်းများဖွင့်ချည်တစ်ခါ၊ ပိတ်ချည်တစ်လှည့်ဖြင့် အမျိုးမျိုးအထွေထွေပြောင်းလဲနေသောကြောင့် ကျောင်းသားများမှာလည်း ရန်ကုန်နှင့် မိမိတို့ဇာတိ မြို့များအကြား သွားချည်တစ်ခါ၊ ပြန်ချည်တစ်လှည့် ဖြစ်နေကြရာ၊ မောင်တို့ကတော့ အရေးကြီးလှသည့်အချိန်ဝယ် အညာမြို့ကလေးသို့ မပြန်ဖြစ်တော့ပဲ ရန်ကုန်မှာပင် သူငယ်ချင်းတစ်ယောက်၏ အိမ်၌သောင်တင်နေကြလေ၏။ ဖေဖေမေမေတို့ကလည်း ချော့မော့ဖျောင်းဖျ၊ နားချကြသောစာများ အကြိမ်ကြိမ် လူကြုံပါးကာ ပြန်လာရန် တောင်းပန်ကြသည်။

''*မောင်မောင်*

တိုင်းပြည်မှာ သားကောင်းရတနာတွေ အများကြီးရှိပေမယ့် ဖေဖေတို့မိသားစုမှာတော့ သားတစ်ယောက်ပဲ ရှိတယ်ဆိုတာ သားအမြဲသတိရပါ။

ဖေဖေ''

ဖေဖေရေးပို့သော စာတို့မှာ တိုတိုတုတ်တုတ်နှင့် ထိမိလှသော်လည်း ဒီရေတက်နေသူ မောင့်အတွက်တော့ တစ်ခေါက်လောက် အကြမ်းဖျင်းဖတ်ကာ စာအုပ်တစ်အုပ်ကြားထဲ အသာညှပ်လိုက်ရုံသာတည်း။ ငှက်ဆိုသည်မှာ ကောင်းကင်၌သာ ပျော်စမြဲ၊ လှိုင်းတံပိုးဆိုသည်မှာ ပင်လယ်၌သာ ပျော်စမြဲပင်၊ ထိုနှစ်က ခြောက်လတိုင်တိုင် ပင်လယ်ထဲ၌ မောင်တို့ လက်ပစ်ကူးခဲ့ကြလေ၏။

www.facebook.com/NyisayEbookCreator



အရေးတော်ပုံကြီးမှာ တဖြည်းဖြည်း အုံကြွလာရာက တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားလေသည်။ ဒီမိုကရေစီဟူသောအသံကို လေသံမျှ မဟာရဲကြသော ဘဝတို့မှ လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန် ထိုအသံကို အုံးအုံးခြိမ့်ခြိမ့် ကြားရတော့၏။ မြို့တိုင်းနယ်တိုင်း၌ သပိတ်ကော်မတီများ ဖွဲ့စည်းခဲ့ကြရာ မောင်တို့ မြို့နယ်ရှိ သပိတ်ကော်မတီတွင် ဖေဖေနှင့် မမတို့ပင်ပါဝင်လာကြ၍ မောင့်မှာ ရန်ကုန်သပိတ် သတင်းများကို နေ့စဉ် သူတို့ထံ ဖုန်းတဂွမ်ဂွမ်ဆက်၍ ပို့ပေးနေရတော့၏။

# အခန်း (၁၂)

ခြောက်လတိုင်တိုင် အံ့ဩဘနန်း ကြီးကျယ်ခမ်းနားစွာ မို့မောက်ခုန်ပျံ လှိုင်းကြီးသည်းထန်ခဲ့သော ပင်လယ်ပြင်သည် စက်တင်ဘာလ အလယ်လောက် အရောက်၌ အေးစက်ငြိမ်သက်ခဲ့ရသည်။ မြောက်မြားလှစွာသော အစိမ်းရင့်ရင့် သံချပ်ကာ တင့်ကားကြီးများသည် ရန်ကုန်မြို့တွင်းသို့ တအိအိ ဝင်ရောက်လာသည်။ လူထုချီတက်ပွဲများ၊ သပိတ်စခန်းများဖြင့် ကြက်ပျံမကျစည်ကားခဲ့ကြသော လမ်းမကြီးငယ် အသွယ်သွယ်တို့မှာ သံဆူးကြိုးခွေများဖြင့် အရုပ်ဆိုး အကျည်းတန်လျက် ခြောက်ကပ်တိတ်ဆိတ်၍ သွားလေသည်။

မြို့သူမြို့သားတို့မှာ မိမိတို့မြို့ကို မိမိ ချောင်းကြည့်နေကြရတော့၏။ မောင်တို့ အဖွဲ့အစည်းများသည်လည်း လှုပ်ရှားမှုတို့ကို ခေတ္တရပ်တန့်ကာ လူစုခွဲ၍ ကိုယ့်ရပ်ကိုယ့်ရွာသို့ ပြန်လာခဲ့ကြတော့သည်။

မြို့သို့ ပြန်ရောက်လျှင် ရောက်ချင်း မေမေက မောင့်အား သင်္ကန်းဆီးရန် ပြော၏။

‘‘လုပ်တုန်းက အသက်စွန့်လုပ်ခဲ့ပြီး အခုမှ အဖမ်းခံရမှာကြောက်လို့ သာသနာ့ဘောင်ဝင်တာမျိုးကတော့ ကုသိုလ်မရပါဘူး မေမေရာ၊ မောင်မဝတ်ချင်ပါဘူး၊ နောင်နှစ်မှပဲ မောင်ရဟန်းခံပါ့မယ်’’ဟု မနည်းပင် ပြောယူရသည်။

အရင်က ခပ်အေးအေးနေတတ်ခဲ့သော မမပင်လျှင် မောင့်အနားက မခွာတော့ပဲ မောင့်အား ရန်ကုန် အတွေ့အကြုံတို့ကို စိတ်ဝင်တစားဖြင့် တစ်မေးတည်း မေးနေတော့၏။

မတ်လ ၁၇ ရက်နေ့ ရန်ကုန်တက္ကသိုလ်ကို ပိတ်ပြီးဖမ်းကြတုန်းက မောင်နဲ့မလှိုင်မြို့နယ်က မြောက်ကုန်းရွာသား ကိုညိုထွန်းတို့ ကျောင်းထဲမှာ

www.facebook.com/NyisayEbookCreator



ပိတ်မိနေကြတာပေါ့၊ နေ့လည် ဆယ့်နှစ်နာရီလောက်ကတည်းက လက်နက်ကိုင်တွေ အယောက်တစ်ထောင်လောက် ရှိမယ်ထင်တယ်။ ဆယ်ပေ၊ ဆယ့်ငါးပေလောက်ခြားစီ တစ်ယောက်နှုန်းနဲ့ ကျောင်းဝင်းကိုကျောပေးပြီး အသင့်အနေအထားနဲ့ နေရာယူလိုက်ကြတယ်။ လည်စည်းအနီ ရောင်တွေနဲ့။

မောင်တို့ကျောင်းသားတွေကတော့ ဂရုမစိုက်ပါဘူး၊ ကျောင်းဝင်းထဲကို ဝင်လိုက်ထွက်လိုက်နဲ့ပဲ၊ မောင်တို့က ရပ်ကွက်တွေထဲက လှူကြတဲ့ ထမင်းထုပ်တွေကို တောင်းကြီးနဲ့ မပြီး ကျောင်းဝင်းထဲ ဝင်လာကြတာပေါ့။ ကျောင်းထဲမှာ တရားဟောတဲ့သူကဟော၊ လက်ခုပ်တီးပြီး အားပေးတဲ့သူက ပေးနဲ့၊ ရင်ထဲကတော့ တထိတ်ထိတ်နဲ့ပေါ့လေ။ ကျောင်းထဲတော့ ဝင်မဖမ်းလောက်ပါဘူးပေါ့။

နေ့ခင်း ၂ နာရီလောက်ကျတော့မှ ရှိသမျှကျောင်းတံခါးတွေ အကုန်ပိတ်ပြီး လက်နက်ကိုင်တွေရော၊ နံပါတ်တုတ်နဲ့ ဒိုင်းတွေ ကိုင်ထားတဲ့သူတွေပါ အားလုံး ကျောင်းထဲဝင်လာကြတာ။ ညာသံတွေပေးပြီး ဝင်လာကြတာ မမရာ။ သူပုန်စခန်းကို ဝင်စီးတာကြနေတာပဲ။ မဲမဲမြင်ရာ အကုန်ဖမ်း၊ ကားပေါ် အကုန်ဆွဲတင်ပေါ့၊ ရိုက်လိုက်ကြတာလဲ တခွမ်းခွမ်းနဲ့၊ မောင့်သူငယ်ချင်းတစ်ယောက်တော့ ရေချိုးခန်းတစ်ခုထဲ ဝင်ပုန်းနေတာ လုံထိန်းနဲ့တွေ့တော့ နာရီနဲ့ လက်စွပ်ချွတ်ပေးပြီး မဖမ်းပါနဲ့လို့ ပြောတာ လွတ်သွားတယ်တဲ့။

မောင်တို့လည်း ခြေဦးတည့်ရာပြေးရတာပေါ့ မမရာ။ မောင်တို့ရှေ့မှာတင် ပြေးရင်းလွှားရင်းပါသွားတဲ့ ကျောင်းသားကျောင်းသူတွေလည်း အများကြီးပဲ။ မောင်တို့လည်း နောက်ကျတဲ့ဖနောင့် သစ္စာဖောက်ဆိုပြီး ပြေးရတာ ဖိနပ်တောင် မပါတော့ဘူး။

မောင်တို့နှစ်ယောက်က ကံကောင်းချင်တော့ ကျောင်းဝင်းထဲမှာ အဆောက်အဦတစ်ခု ဆောက်နေတဲ့ ပန်းရန် အလုပ်သမားအဖွဲ့နဲ့ သွားတွေ့တယ်။ အဆောက်အဦက လနဲ့ချီပြီး ဆောက်ရတာဆိုတော့ ကျောင်းဝင်းထဲမှာပဲ အိုးခွက် ပန်းကန်တွေ ယူလာပြီးချက်စားနေကြတဲ့ ပန်းရန်မိသားစုတွေပေါ့။ သူတို့ကို အကူအညီတောင်းတော့ သူတို့ကလည်း အားတက်သရော ကူညီကြပါတယ်။ မောင်တို့ နှစ်ယောက်လည်း အင်္ကျီတွေ နာရီတွေ အမြန်ဆွဲချွတ်ပြီး ချုံပုတ်ထဲ ဝှက်ထားလိုက်ကြတယ်။ ပြီးတော့မှ နှစ်ယောက်သား အပေါ်ပိုင်း ဗလာနဲ့ ခါးတောင်းတွေ မြှောင်နေအောင် ကျိုက်ပြီး အဲဒီနားက ဖွက်အိုင်ထဲဆင်းလူးရတာပေါ့။ မောင်က

"ဟေ့လူ ကိုညိုထွန်း ခင်ဗျားမျက်မှန်ကြီး ချွတ်ဦးလေဗျာ"ဆိုမှ

"အေး ဟုတ်သားပဲဟ... ငါမေ့နေတာ" တဲ့။

www.facebook.com/NyisayEbookCreator



အဲဒီလိုနဲ့ မောင်တို့နှစ်ယောက်လည်း ပန်းရန်အစစ်တွေထက်တောင် ပိုတူသွားသလိုပဲ။ ကိုညို့ထွန်းကလည်း နဂိုကတည်းက တောသားဆိုတော့ သိပ်တောင်ရုပ်ဖျက်စရာ မလိုပါဘူး။ ပြီးမှ ကိုညို့ထွန်းက ပန်းရန်အစ်မကြီး လက်ထဲက ကလေးတစ်ယောက်ကို ကောက်ပြီးချီထားလိုက်တယ်။ မောင်ကတော့ မီးဖိုပေါ် တည်ထားတဲ့ ရေနွေးအိုးကို မီးထိုးချင်ယောင် ဆောင်လို့ပေါ့။

လုံထိန်းတွေ မောင်တို့အနားက တစ်ယောက်ပြီးတစ်ယောက် ဖြတ်ဖြတ်သွားကြတာ အများကြီးပဲ၊ မောင်တို့ကို ဘယ်သူမှ ဂရုမစိုက်မိကြဘူး။ ဒီကြားထဲ ကလေးက ငိုနေလို့ မလှိုင်မြို့သားက ''အေး... အေး... မငိုပါနဲ့ ငါ့သားရယ် မင်းအမေပြန်လာတော့မှာပဲကွာ... နို့ဆာနေပြီလား'' ဘာညာနဲ့ချော့နေသေးတာ။ မောင်တို့မှာ ငိုရခက် ရယ်ရခက်နဲ့၊ အရေးထဲမယ် သူက စချင်နောက်ချင်နေသေးတယ်၊ ညနေမိုးကြီးချုပ်မှ ပန်းရုံတွေနဲ့အတူ ပြန်ထွက်လာရတယ်။

မမသည် ပါးစပ်အဟောင်းသားနှင့် မောင်ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရှာလေသည်။ တံတားနီအရေးအခင်းအကြောင်း၊ ရုပ်ရှင်မင်းသားကြီး ဦးအောင်လွင်၏ တိုက်ခန်းတစ်ခု၌ ကျောင်းသားသမဂ္ဂဖွဲ့ရန် မောင်တို့ဆွေးနွေးတိုင်ပင်ကြပုံများအကြောင်း၊ ဆေးရုံကြီးထဲမှာ မောင်တို့ သပိတ် စခန်းဖွင့်ကြခဲ့ပုံ၊ သရက်တောဘုန်းကြီးကျောင်းဝန်းကြီးထဲမှာ အစည်းအဝေးလုပ်ကြပုံတွေ၊ မင်းကိုနိုင်၊ မိုးသီးဇွန်နှင့် ကဗျာဆရာဒဂ္ဂုခေါ် ကိုအောင်ဒင်တို့အကြောင်း၊ အိပ် ရာဝင်ခါနီးအထိပင် စကားစမပြတ်နိုင်တော့ပေ။

မောင့်အလှည့်ပြီးလျှင် မမက မောင်မရှိတုန်း ဖြစ်ပျက်ခဲ့သည့် မောင်တို့မြို့က အကြောင်းအရာတို့ကို ပြန်လည် ဖောက်သည်ချပြန်လေသည်။

မမလည်း မောင့်ကို ပြောစရာတွေရှိသေးတယ်။ သပိတ်ကာလတုန်းက အသွားအလာ၊ လမ်းခရီးတွေပိတ်ပြီး စားသောက်ကုန်တွေ အကုန်ဈေးတက်ကုန်တယ်လေ။ ဆန်ဈေးဆိုရင် ဆယ်ဆလောက် ခုန်တက်သွားတာ။ ပိုက်ဆံပေါတဲ့သူတွေက မထောင်းတာလှုပေမယ့် လက်လုပ်လက်စားတွေကတော့ စားရမဲ့ သောက်ရမဲ့ ဖြစ်ကုန်ကြတယ်မောင်။

ချမ်းသာတဲ့သူတွေကလည်း မဆိုးရှာပါဘူး။ ဆန်ပြုတ်တွေ မိုးပြဲဒယ်ကြီးတွေနဲ့ ဆယ်လေးငါးဒယ် ပြုတ်ပြီး စေတနာ သဘောမျိုးဝေကြတယ်။ တချို့လည်း ဆန်တွေဝေတယ်။ ထမင်းဝေတဲ့ သူတွေလည်းရှိတယ်။ မမတို့ မိတ်ဆွေ အန်တီရင်ရင်တို့ ဆေးလိပ်ခုံကို သိတယ်မဟုတ်လား။ သူတို့အိမ်ကလည်း

www.facebook.com/NyisayEbookCreator



နေ့တိုင်းလိုလို ဆန်ပြုတ်ဝေတာလေ။ လှူမနိုင်လို့ မမတို့ပါ သွားပြီး လုပ်အားပေးကြတယ်။ အစကတော့ လူတွေက ရက်လို့ထင်ပါရဲ့။ သိပ်မလာကြဘူး။ မမတို့လည်း ဒီမနည်း မနောဆန်ပြုတ်တွေ ကုန်မှ ကုန်ပါ့မလားလို့ စိတ်ပူနေရတာပေါ့။

အမလေး… တစ်စတစ်စနဲ့ လူတွေက များများလာလိုက်တာ၊ နောက်တော့ အားလုံးကို တန်းစီကြပါ၊ တန်းစီကြပါ လို့အော်ပြီး တောင်းပန်ယူရတယ်။ လူတန်းကြီးက အရှည်ကြီးပဲ မောင်ရယ်။ မမတို့က ဆန်ပြုတ်တွေကို ယောက်ချိုနဲ့ ခပ်ခပ်ပြီး သူတို့ယူလာတဲ့ချိုင့်တွေ ဇလုံတွေထဲ ထည့်ပေးရ တာပေါ့။

အဲ… အခုမှ သတိရတယ်။ မောင့်ကို မမ အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောရဦးမယ် မောင်။ ငါ့မောင် စိတ်မကောင်းတော့မဖြစ်နဲ့ဦး၊ ပြောသာပြောရတယ် မမတောင် စိတ်မကောင်းဖြစ်လွန်းလို့ အဲဒီနေ့က ထမင်းတောင်စားလို့ မဝင်ဘူး။

မမသည် ပြောလက်စ စကားကို ခဏရပ်လိုက်ပြီး မောင့်ကို ကြေကွဲသော မျက်လုံးများဖြင့် အတန်ကြာစိုက်ကြည့်နေသည်။

‘‘ပြောပါဦး မမ… ဘာဖြစ်လို့လဲ’’

‘‘ပြောပါ့မယ်ဟာ…၊ မမကလည်း ပြောချင်နေတာပါ၊ မောင်စိတ်ဆင်းရဲနေမှာစိုးလို့’’

ဒီလောက် စကားပလ္လင်တွေ ခံနေပုံထောက်တော့ ဘာကိစ္စလဲ မသိဘူးဟု မောင်က ပို၍ပင် သိချင်လာမိပြန်သည်။

‘‘အင်းပါ… ပြောမှာသာ ပြောစမ်းပါ မမရယ်၊ ဘာအကြောင်းမို့လို့လဲ’’ မောင်က စိတ်မရှည်သံဖြင့် မေးမိသည်။

‘‘အေးပါ ပြောတော့မလို့ပါပဲ၊ နားထောင်ငါ့မောင်’’ ဟုဆိုကာ စီကာပတ်ကုံး ပြောပြလေသည်။

မမလည်း ဆန်ပြုတ်ဝေရတာ လက်တွေညောင်းနေပြီ၊ လူတန်းကြီးကလည်း အရှည်ကြီးကျန်သေးတယ်၊ အဲဒီတုန်းမှာ မမအနားကို မိန်းမတစ်ယောက်လာရပ်တယ်။ တဘက်တစ်ထည်ကို ခေါင်းပေါင်းလို့ လက်ထဲမှာလည်း ချိုင့်ခပ်ရွယ်ရွယ် တစ်လုံးနဲ့။ မမကလည်း ဒီမိန်းမဘာလဲပေါ့၊ တန်းတော့မစီဘဲနဲ့ ကြားဖြတ်ပြီး လာတောင်း ရပ့်မလားပေါ့။

‘‘အဲဒီမိန်းမကလေ… မမအနားထိတိုးလာပြီး မမကို ရွှေမှုံ ရွှေမှုံ ဆိုပြီး ခေါ်တယ်။ မမလည်း အံ့ဩသွားတာပေါ့။ ငါ့ကို ရွှေမှုံလို့ခေါ်ရအောင် ဒီမိန်းမက ဘယ်သူမိုလို့လဲပေါ့။ ဘယ်သူမှတ်သလဲ မောင်… မမနှင်းကြီးရယ် သိလား၊ မမ နှင်းကြီးကလေ ငိုမဲ့မဲ့နဲ့ မမအနားတိုးလာပြီး ခပ်တိုးတိုးပြောရှာတယ်’’

www.facebook.com/NyisayEbookCreator



"ရွှေမှုံရယ်တဲ့... ငါရှက်လည်းရှက်ပါတယ်အေတဲ့၊ ငါတန်းစီရမှာတော့ ရှက်လို့ပါတဲ့၊ ငါ့ကို ဆန်ပြုတ်လေးနည်းနည်း ထည့်ပေးပါအေတဲ့"

မမလေ ယောက်ချိုကြီးကို အိုးထဲပစ်ချပြီး မမနှင်းကို ဖက်ငိုလိုက်ရတာ ဟယ်။ နှစ်ယောက်စလုံးလည်း စကားမပြောနိုင်ကြဘူး၊ စကားပြောမယ်လုပ်ရင်း ငိုချင်ရင်းပဲ။ လူတွေကလည်း မမတို့နှစ်ယောက်ကို စိုက်ကြည့်လို့၊ မမလည်း ရှက်မနေတော့ပါဘူး၊ မမနှင်းကို တစ်ခါမှ ဒီလိုပုံစံမျိုးနဲ့ မတွေ့ဖူးတော့ အားရ ပါးရကို ငိုချပစ်လိုက်တော့တာ။

မောင်သည် အိပ်ရာပေါ်တွင် တုံးလုံးလှဲ၍ နားထောင်နေရာက ဝုန်းခနဲ ခုန်ထလိုက်မိသည်။ မောင့်ရင်တို့သည် ဒိန်းခနဲ ဒိန်းခနဲ ခုန်လာ၏။ ဖြစ်မှ ဖြစ်ရလေဟု ယူကျုံးမရဖြစ်မိ၏။ လွန်ခဲ့သော ဆယ်နှစ်ခန့်က ရွှေလက်ကောက် တချွင်ချွင်၊ ရွှေခြေချင်းတမမနှင့် မင်းသမီးကလေးတစ်ပါးပမာ နေခဲ့ရသော မမနှင်းသည် ဒီလိုဘဝမျိုးရောက်ရပါ့မလားဟု မောင့်စိတ်တို့ မယုံကြည်နိုင်အောင် ဖြစ်သွားမိသည်။

မောင်သည် ဘယ်သူ့ကို စိတ်တိုရမှန်းမသိ၊ ထောင်းခနဲ လွတ်သွားသော ကိုယ့်စိတ်ကိုယ်ပြန်ထိန်း၍ မမမှုံရွှေရည်ကိုပင် အော်ဟစ်ပစ်လိုက်မိသည်ထင် သည်။

"ဟာ... မမရာ... နင်ကလည်း အိမ်ကို မခေါ်ခဲ့ဘူးလား"

မမသည် ဝမ်းနည်းစိတ်တို့လျော့ပါးသွားစေရန် တံတွေးတွေသာတွင် တွင်မြိုချနေသည်။ ပြီးတော့မှ "ငါမပြောဘူးလား မောင်မောင်၊ နင်စိတ်ထိခိုက် ရပါလိမ့်မယ်လို့၊ ငါ ဆက်ပြောပါ့မယ်ဟယ်၊ နားထောင်မှာ နားထောင်စမ်းပါ" ဟု ဆိုကာဆက်ပြောလေသည်။

မမလည်း အိမ်ကို လိုက်ခဲ့ဖို့ အတန်တန်ခေါ်ပါတယ်မောင်၊ ဒါပေမဲ့ မမနှင်းက ဘယ်လိုခေါ်ခေါ် မလိုက်ဘူး၊ ဟိုဘက်အိမ်ကို သူရင်မဆိုင်ချင်ဘူးတဲ့ လေ၊ မမလည်း သူ့ချိုင့်ထဲ ထမင်းဟင်းတွေ အပြည့်ထည့်ပေးပြီး ပိုက်ဆံအိတ်ထဲ ပါလာသမျှ ပိုက်ဆံအကုန်ပေးလိုက်ရတယ်။ ဒါတောင် အစကသူမယူဘူး အတင်း ငြင်းတာ၊ မမနှင်းအကြောင်းလည်း မောင်အသိသားနဲ့၊ ဖွတ်အတင်း လမ်းထိပ်အထိ လိုက်ထည့်ပေးမှ မမကိုအားနာပြီးယူသွားတယ်။ ဘယ်မှာနေလဲ မေးတော့လည်း မဖြေဘူး၊ မျက်ရည်တွေပဲ ကျနေတယ်။

မောင်ကတော့ မမကိုပင် အပြစ်တင်ရှုသာတည်း။

www.facebook.com/NyisayEbookCreator



"မမရာ… နင်ဟာ… လိပ်စာလေးတောင်မှ ရအောင်မမေးလိုက်ဘူးလား" မောင် အားမလိုအားမရနှင့် စိတ်များထွေရသည်။

"မေးတော့မေးတာပဲ မောင်ရယ်၊ သူမှမဖြေချင်တာ၊ နောက်တော့ သူလည်း ချိုင့်လေးဆွဲပြီး ခပ်သုတ်သုတ် ထွက်သွားတာ၊ မမ သူ့နောက်က လိုက်သွားတော့ လူတွေကြားထဲ ပျောက်သွားတာပဲ။ ပြန်သွားတဲ့အထိလည်း ငိုနေတုန်းပဲ ဝမ်းနည်းလို့ ထင်ပါရဲ့ဟယ်"

စိတ်ဆင်းရဲစရာပါ မောင်ရယ်၊ မမနှင်းရဲ့ အရင်ရုပ်ကို မနည်းဖမ်းယူရတယ်။ မျက်နှာနဲ့ အသားအရေတွေကလည်း ညိုညစ်ညစ်ဖြစ်နေပြီ။ နေလည်းသိပ်မကောင်းဘူးထင်ပါရဲ့။ အာဟာရပြတ်ပြီး ချုံးကျနေသလိုပဲ။ အဝတ်အစားတွေကလည်း နွမ်းဖတ်လို့ပါဟယ်။

"တော်ပါတော့ဗျာ… တော်ပါတော့မမရယ်… မောင်ထပ်နားမထောင်နိုင်တော့ဘူး" မောင်သည် ဒဏ်ရာရထားသော ကျားတစ်ကောင်လို အော်ဟစ်လိုက်ရင်း မောင့်အိပ်ယာဘေးမှ ပြတင်းပေါက်မှန်ကို ခွမ်းခနဲနေအောင် မောင့်လက်သီးဖြင့် ထိုးခွဲလိုက်မိလေတော့သည်။

# အခန်း (၁၃)

ကြေးမုံပြင်တို့မည်သည် မည်မျှပင် ဟောင်းနွမ်းဆွေးမြေ့နေစေကာမူ ပုံရိပ်တို့ကတော့ ထင်စမြဲပင်၊ အနည်းငယ်စွန်းကွက်မှုံဝါးသည်ကလွဲ၍ ပြင်ပမှ အရောင်အသွေးတို့အား ထပ်တူထပ်မျှရောင်ပြန်ဟပ်ကြသည်ချည်းသာဖြစ်သည်။

မောင့်ငယ်ဘဝကြေးမုံပြင်၌ ရာခိုင်နှုန်းအများဆုံးထင်ဟပ်ခဲ့သော ပုံရိပ်တို့မှာ မမနှင်း၏ ပုံရိပ်များပင်ဖြစ်ရာ ငယ်စဉ်က ရည်းစားကလေးဟု နောက်ပြောင်ပြီး ချစ်ခဲ့ရသကဲ့သို့ ယခုလည်း အစ်မလို၊ နှမလို၊ အမေလို မမနှင်းအပေါ် ချစ်ခင်နှစ်လိုမြဲသာတည်း။

မောင့်ရင်ထဲ၌ မမနှင်းနှင့် ပြန်လည်တွေ့ဆုံလိုစိတ်တို့မှာ တစ်နေ့တစ်ခြားကြီးထွားလာခဲ့သည်။ မမနှင်းနှင့် ကိုဝေလွင်တို့ ပြန်လည်ပေါင်း ဖက်ခဲ့ကြပြီလား၊ ကိုဝေလွင်ရော အချုပ်အနှောင်ခံဘဝမှ လွတ်မြောက်ပါရဲ့လား၊ မမနှင်း၏ ဝမ်းဗိုက်ထဲမှ သန္ဓေသားကလေးမှာ လူသားတစ်ယောက်အဖြစ် ရှင်သန်ခွင့် ရမှရခဲ့ပါရဲ့လား၊ ဆယ်နှစ်တာလုံးလုံး မမနှင်းသည် အဝေးကြီးကို ထွက်ပြေးမသွားဘဲ မောင်တို့မြို့ကလေးမှာပင် ခြေရာဖျောက်နေထိုင်ခဲ့ခြင်းပေလား၊ မောင့်ရင်ထဲမှ လားတွေတစ်အုပ်ကြီးသည် မမနှင်းအား လိုက်ရှာရန် တိုက်တွန်းလျက်ရှိကြသည်။

မေမေတို့ကလည်း မောင်အပြင်သို့ ခဏခဏ ထွက်မည်ကိုစိုးရိမ်နေကြသည်။ နိုင်ငံရေး စိတ်ဝင်စားသော သူငယ်ချင်းများနှင့် လက်ဖက်ရည်ဆိုင်တွင် တရန်းရန်း ငြင်းခုန်ကြသည်ကို အာဏာပိုင်တို့က မျက်စိစ ပါးမွေးစူးမှာ ကြောက်ကြသည်။ အေးအေးလူလူနေတတ်သော မိသားစုအတွင်းတွင် အပူမီးများ တောက်လောင်လာမည်ကို ကြောက်ကြ၍။ အချိန်တိုင်း၊ နေရာတိုင်း လိုလိုတွင် အကြောက်တရားများနှင့်သာ ပြည့်နှက်နေသောကြောင့် အိမ်မှာနေရတာကိုပင် မောင်မွန်းကြပ်လာသည်။

www.facebook.com/NyisayEbookCreator



အိမ်ကလူများစိတ်ပူနေမည်ကို သိလျက်နှင့်ပင် မနက်မိုးလင်းသည်နှင့် စက်ဘီးတစ်စီးကိုဆွဲကာ အပြင်သို့မောင်နေ့တိုင်းထွက်လေသည်။ မောင်တို့မြို့က လေးထဲမှာပင် အရင်က မောင်မရောက်ဖူးသော နေရာများစွာကို မောင်ရောက်ခဲ့၏။

မောင်တစ်ခါမှ မရောက်ဖူးသော လမ်းကြိုလမ်းကြားများ၊ ချောင်ကျကျရပ်ကွက်များ၊ ဘုန်းကြီးကျောင်းအိုများ၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်းများကို ဖြတ်၍ တစ်နေကုန်လိုလို မောင်စက်ဘီးပတ်စီးသည်။ မောလျှင် လက်ဖက်ရည်ဆိုင် တစ်ဆိုင်တွင် ခဏနားရင်း မမနှင်းအကြောင်းကို စုံစမ်းရသည်။

"ဒီရပ်ကွက်မှာ မနှင်းနှင်းဦးဆိုတဲ့ အမျိုးသမီးတစ်ယောက်များနေတယ်လို့ ကြားဖူးသလားခင်ဗျာ" ဟူသော စကားတို့မှာ မောင့်စိတ်က မပြောရသေးခင်မှာပင် မောင့်ပါးစပ်မှ အလိုလိုထွက်ပေါ်လာတတ်နေပြီတည်း။

အသက်လေးဆယ်ကျော် အမျိုးသမီးများကို တွေ့တိုင်း မောင် ဂရုစိုက်ကြည့်ရသည်။ အရွယ်ရောက် ပြီးသော အမျိုးသမီးတစ်ဦးသည် ဆယ်နှစ်လောက်အချိန်အတွင်း၌ မမှတ်မိနိုင်လောက်အောင်တော့ မပြောင်းလဲကောင်းသေးပါဘူးဟု မောင်အားတင်းထားရ၏။

ပျောက်သောသူရှာလျှင်တွေ့ဆိုသော စကားမှာ ပြောတော့လွယ်သလောက် တစ်ကယ့်တစ်ကယ် ရှာဖွေရတော့ ခက်ခဲလှသည်။ လပေါင်းအတန်ကြာသည်အထိ မောင့်ကြိုးစားအားထုတ်မှုတို့မှာ သဲထဲရေသွန် အချည်းနှီးဖြစ်ခဲ့ရသည်။ မမနှင်း၏ အရိပ်အယောင်မျှပင် မောင်မတွေ့ရ၊ မမနှင်းအကြောင်းသတင်းစကားမျှပင် မောင်မကြားခဲ့ရပေ။

တစ်နေ့ မောင်အိမ်ပြန်အရောက်တွင် မမက

"နေ့လည်က ဆရာနောင်ဆိုလား ဖုန်းဆက်တယ်မောင်၊ မတ်လထဲမှာ ပန်းချီပြပွဲရှိတယ်ဆိုလားပဲ၊ ဖုန်းနံပါတ်ပေးထားတယ်... သူ့ဆီကို ပြန်ဆက်ပါတဲ့"

မောင်သိလိုက်ပြီ၊ မောင်ရန်ကုန်ကို ပြန်သွားရတော့မည်။ မမနှင်းနှင့် မောင်တို့၏ ဘဝရေစက်သည် ဤမျှနှင့်သာ ပြီးဆုံးတော့မည်လားမသိ။

မောင်ကတော့ မမနှင်းကို ရှာဖွေရန်ကိစ္စကို လက်မလျှော့ချင်သေးပေ။ ရန်ကုန်ကိုလည်း မောင်ပြန်သွားရတော့မည်ဖြစ်ရာ အကြံခက်နေရင်းကပင် စိတ်ကူးတစ်ခုရလိုက်မိ၏။ မောင့်ထံတွင်ရှိသော မမနှင်း၏ ဓာတ်ပုံကို ဆယ်ပုံတိတိ မောင် ကော်ပီကူးယူလိုက်သည်။ ထို့နောက် သူငယ်ချင်းများကို အကူအညီတောင်းရ၏။

အောင်ပင်လယ်စာအုပ်တိုက်

www.facebook.com/NyisayEbookCreator



"တကူးတကတော့ မရှာပါနဲ့ဗျာ။ သွားရင်းလာရင်း ဒီဓာတ်ပုံထဲက အမျိုးသမီးနဲ့တွေ့ရင် ကျွန်တော့်ကို တစ်ချက်လောက်အကြောင်းကြားပေးပါ"

မောင့်သူငယ်ချင်းတို့သည် ဓာတ်ပုံကို သေသေချာချာကြည့်ရင်း "ဘယ်သူ တုန်းဟ၊ ထောက်လှမ်းရေးကလား" ဟုမေးသည်။

"မဟုတ်ပါဘူးဗျ... ကျွန်တော့်အစ်မဝမ်းကွဲပါ၊ ငယ်ငယ်ကတည်း ကကွဲ သွားတာ၊ ဘယ်ရောက်နေမှန်းမသိလို့ အကူအညီတောင်းရတာ၊ ကိုယ်ရေးကိုယ် တာ ကိစ္စပါဗျာ"

သူငယ်ချင်းများ၏ လက်ထဲတွင် ဓာတ်ပုံတွေအပ်ပြီး မောင်လည်းရန်ကုန် သို့ ပြန်ဆင်းခဲ့တော့သည်။

မောင်က ရန်ကုန်သို့ပြန်အရောက်တွင် အခြေအနေတွေက အနည်းငယ် ပြောင်းလဲနေပြီဖြစ်သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ အုပ် ချုပ်မှုအောက်တွင် ရန်ကုန်မြို့သည်ငြိမ်ဝပ်ပိပြားလျက်ရှိသည်။ ယခင်က လွတ်လပ် ပွင့်လင်းသောနေမင်း၏ အလင်းရောင်အောက်တွင် ထင်ရှားသွက်လက်စွာ ဆောင် ရွက်ခဲ့ရသော လုပ်ငန်းများစွာကို မှုံမှုံသာပြေးသည့် ကြယ်ရောင်ရေးရေးအောက်ဝယ် ကူးလူးဆက်သွယ် ရတ္တန်းရှယ်ရသဖြင့် နှောင့်နှေးကြန့်ကြာလွန်းလှသည်။

သံကွန်ခြားအုပ်ဆောင်းအောက်မှ ဒီမိုကရေစီဟူသော ရတနာခဲအား ဘွားခနဲတွေ့မြင်နှစ်သက်စုံမက်ခွင့် ရပြီးကာမှ သော့အထပ်ထပ်ပိတ်၍ ကန့်လန့်ကာ အလွှာလွှာခြားခြင်းခံလိုက်ရသဖြင့် အားမလိုအားမရဖြစ်ကြရသည်။ လှုပ်ရှားဆောင် ရွက်ရသော အဝန်းအဝိုင်းသည် တစ်စတစ်စပြန်လည် ကျဉ်းမြောင်း၍ လာပြန်ပြီ တည်း။

လေးသံ မြှားသံများလည်း ဟိုမှ သည်မှ ပြန်လည်ထွက်ပေါ်၍လာသည်။ နေရာတိုင်းတွင် မေးမြန်းစစ်ဆေးခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ သတင်းများ ခပ်စိပ်စိပ် ပြန်ကြားလာရ၏။ ဗကသမှ အချို့ခေါင်းဆောင်ပိုင်းများက ပါတီ ထူထောင်လိုက်ကြသဖြင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ အဖွဲ့ ချုပ် (ယာယီ)ကို ပြန်လည်ဖွဲ့စည်းလိုက်ကြသည်။

ဖိနှိပ်ချုပ်ချယ်မှုများကြောင့် ယခင်လိုပေါ်ပေါ်ထင်ထင် မဟုတ်တော့ဘဲ လျှို့ဝှက်စွာ ပြန်လည်ဖွဲ့စည်းခဲ့ကြရာ ကိုမင်းကိုနိုင်က ဥက္ကဋ္ဌ၊ ကိုကိုကြီးနှင့် ကိုအောင်ဒင်တို့က ဒုဥက္ကဋ္ဌ၊ ကိုညီထွန်းက အထွေထွေအတွင်းရေးမှူး အဖြစ် တာဝန်ယူကာ တစ်နိုင်ငံလုံးရှိမြို့နယ်များတွင် ကျောင်းသားသမဂ္ဂအဖွဲ့အစည်းများ ဖွဲ့စည်းနိုင်ရေးအတွက် စီမံဆောင်ရွက်နေကြသည်။

www.facebook.com/NyisayEbookCreator



မောင်လည်း ရန်ကုန်သို့ရောက်ရောက်ချင်း ဆရာနောင်တို့၊ ကိုညိုထွန်းတို့နှင့် တွေ့ဆုံရ၏။

ကိုမင်းကိုနိုင်နှင့် ကိုညိုထွန်းတို့က မောင့်အားမန္တလေးသို့ သွားရန်ပြောသည်။ မန္တလေးတွင် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ် (အထက်ဗမာပြည်)ကို ဖွဲ့စည်းပြီးပြီဖြစ်သဖြင့် ဗကသ(အထက်ဗမာပြည်)နှင့် ဗကသ(အောက်ဗမာပြည်)တို့ လုပ်ငန်းများအချိတ်အဆက်မိရေးအတွက် ဆောင်ရွက်ရန် မောင်နှင့်ကိုမြင့်သိန်းတို့ သွားကြရမည်ဖြစ်ကြောင်းပြောပြီး ကိုညိုထွန်းက မိတ်ဆက် စာတစ်စောင်ရေးပေးလိုက်သဖြင့် မောင်တို့နှစ်ဦးလည်း မန္တလေးသို့ ချီတက်ခဲ့ရတော့၏။

မန္တလေးသို့ရောက်လျှင် ဗကသ အထက်ဗမာပြည် အစည်းအဝေးတစ်ခုသို့ မောင်တို့တက်ရောက်ပြီး ကိုညိုထွန်းနှင့် ကိုမင်းကိုနိုင်တို့ ရေးပေးလိုက်သော ဗကသများအဖွဲ့ချုပ်ခေါင်းစည်းပါသည့် မိတ်ဆက်စာကို ပေးရ၏။

မန္တလေးအသိုင်းအဝိုင်းမှာ ရန်ကုန်ထက်ပို၍ စုစုစည်းစည်း ကျစ်ကျစ်လျစ်လျစ်ရှိသည်ဟု မောင်ထင်သည်။

ထိုအချိန်က မန္တလေးတွင် လူထုထောက်ခံမှုအရဆုံးပါတီနှစ်ခုမှာ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု(မနတ) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ဖြစ်ကြပြီး ထိုပါတီများ၊ကျောင်းသားသမဂ္ဂများ၊ဆရာသမဂ္ဂများ၊ သံဃာသမဂ္ဂများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်လျှက်ရှိကြပြီး တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း ဆောင်ရွက်တတ်ကြသည်။

မစိုးရိမ်ကျောင်းတိုက်မှ ဆရာတော်ဦးကဝိန္ဒသည် ခေါင်းဆောင်နိုင်စွမ်းပြည့်ဝသည့် ရဟန်းတော်တစ်ပါးဖြစ်ပြီး အဖွဲ့အားလုံးအပေါ်တွင် ဩဇာညောင်းသဖြင့် အားလုံး၏နာယကသဖွယ် လေးစားကြည်ညိုခြင်းခံရသည်။ အစည်းအဝေးစလျှင် မန္တလေးတက္ကသိုလ် မြန်မာစာဌာနမှ ဆရာမြတ်က အာဘောင် အာရင်းသန်သန်ဖြင့် အဖွင့်အမှာစကား ပြောကြားပြီး ဗကသများအဖွဲ့ချုပ် အထက်ဗမာပြည် (ယာယီ)ကို သက်ဆိုင်ရာတက္ကသိုလ်အသီးသီးမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းလိုက်ကြသည်။

မန္တလေး ဂျီတီအိုင်ကျောင်းသား ကိုထွန်းအောင်ကျော်က ဥက္ကဋ္ဌ၊ ဆေးတက္ကသိုလ် နောက်ဆုံးနှစ် အပိုင်း(က)မှ ကိုသန့်ဇင်က အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ကြပြီး အထက်ဗမာပြည်ရှိ မြို့များမှ ကျောင်းသားသမဂ္ဂအသီးသီးနှင့် ချိတ်ဆက်ကြသည်။

www.facebook.com/NyisayEbookCreator



မောင်နှင့်ကိုမြင့်သိန်းတို့လည်း မန္တလေးတက္ကသိုလ်ဝင်းထဲတွင် အဆောင်ကလေးတစ်ဆောင်ငှားကာနေကြသည်။ အရှာရှိဝန်ထမ်းအိမ်ယာတစ်လုံးမှ မီးလင်းဖို အခန်းကျဉ်းကလေးသည် မောင့်ဘဝထဲမှ မမေ့နိုင်စရာတို့အနက် တစ်ခု အပါအဝင်ဖြစ်လာတော့၏။ အဆောင်ပိုင်ရှင်၏သား ကိုမြတ်နိုး(ခေါ်)ကိုဖိုးစံမှာလည်း ကျောင်းသားသမဂ္ဂအဖွဲ့ဝင်တစ်ဦးပင်ဖြစ်လေရာ မောင်တို့သုံးယောက်မှာ အတော်ပင် တွဲမိကြလေ၏။

မန္တလေးရှိ ကျောင်းသားအသင်းအဖွဲ့များအနက် မန္တလေးဆေးတက္ကသိုလ် ကျောင်းသားများသမဂ္ဂအဖွဲ့သည် အင်အားအတော်ကောင်းသော အဖွဲ့ဖြစ်လေသည်။ ကိုသန့်ဇင်၊ ကိုနေဝင်း၊ ကိုရည်မွန်၊ ကိုသက်နောင်၊ ကိုဟန်မျိုး၊ မဥမ္မာမြင့် စသည်ဖြင့် အင်အားကောင်းလှပြီး တစ်ဦးချင်းမှာလည်း ဘက်စုံထူးချွန်သူများဖြစ်ကြသည်။

ကိုထွန်းအောင်ကျော်၊ ကိုညီညီကျော်တို့၏ ဂျိတီအိုင်ကျောင်းသားများ သမဂ္ဂ၊ ကိုမြင့်သိန်း၊ မသင်းသင်းထွေးတို့၏ စီးပွားရေးတက္ကသိုလ် ကျောင်းသားများ သမဂ္ဂ၊ ကိုဇော်မိုးကျော်၊ ကိုသော်သော်ထွန်း မထားထားထက်၊ မအေးအေးမင်းတို့၏ မန္တလေးတက္ကသိုလ်ကျောင်းသားများ သမဂ္ဂ(မတကသ)၊ ကိုကျော်ထင်၊ ကိုဘိုဘို တို့၏ ရေဆင်းတက္ကသိုလ်ကျောင်းသားများသမဂ္ဂစသည်ဖြင့် တက္ကသိုလ်ကောလိပ် ပေါင်းစုံမှ အဖွဲ့များ စုံစုံလင်လင်ဖြင့် စနစ်တကျလည်းရှိလှသည်။

အခြေခံပညာကျောင်းများမှ အဖွဲ့အစည်းများမှာ သပိတ်ကာလတုန်းက ဖွဲ့စည်းခဲ့သော်လည်း စုစုစည်းစည်းမရှိတော့သဖြင့် မန္တလေးခရိုင်ကျောင်းသားများ သမဂ္ဂကို အင်အားကောင်းကောင်း စုစုစည်းစည်း ပေါ်ထွက်လာရေးအတွက် ကိုရည်မွန်နှင့်မောင်တို့ ကူညီလုပ်ဆောင်ကြရသည်။

မောင်နှင့် ကိုရည်မွန်တို့လည်း စက်ဘီးတစ်စီးဖြင့် မန္တလေးမြို့ တစ်မြို့လုံး နေရာအနှံ့သွားကာ သီးခြားစီတည်ရှိနေကြသော အခြေခံပညာကျောင်းသား သမဂ္ဂများနှင့် သွားရောက်တွေ့ဆုံပြီး မန္တလေးမြို့ပေါ်ရှိ ကျောင်းများအားလုံးမှ သမဂ္ဂ အားလုံးတစ်စုတစ်စေးထဲ ဖြစ်စေရန် ညီလာခံကျင်းပနိုင်ရေးအတွက် အကူအညီ ပေးရသည်။

မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂညီလာခံကို မစိုးရိမ်ဘုန်းတော်ကြီး ကျောင်းတွင် ကျင်းပခဲ့ကြသည်။

ညီလာခံတက်ရောက်ကြသော ကျောင်းသားများက ဆန္ဒမဲပေးကြပြီး အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ ကိုညိုမင်းထက်၊ ကိုနေမျိုး၊ ကိုသန်းထိုက်၊

www.facebook.com/NyisayEbookCreator



ကိုမင်းနိုင်လွင်၊ ကိုကျော်စန်းလွင်၊ ကိုအောင်မှိုင်းဆန်း၊ ကိုမိုးကျော်လေး၊ မခင်စန္ဒာအောင်၊ ကိုကျော်ထိုက် စသော အရည်အချင်းပြည့်ဝသော ကျောင်းသားလူငယ်များဖြင့် မန္တလေးခရိုင်ကျောင်းသားများသမဂ္ဂသည် ရုပ်လုံးပေါ်လာတော့သည်။

ထို့နောက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (အထက်ဗမာပြည်) ညီလာခံကို ၁၉၈၈ခု မတ်လ ၁၁ ရက်နေ့တွင် ဘုရားကြီးကျောင်းတိုက် ဆရာတော်ဦးရေဝတကျောင်းတွင် ကျင်းပခဲ့ကြပြီး၊ ဥက္ကဋ္ဌကိုသန့်ဇင်၊ ဒုဥက္ကဋ္ဌများအဖြစ် ကိုမြတ်မင်းသူနှင့် ကိုထွန်းအောင်ကျော်၊ အတွင်းရေးမှူးအဖြစ် ကိုဇော်မိုးကျော်တို့အား ဆန္ဒမဲဖြင့်ရွေးကောက်တင်မြှောက်လိုက်ကြ၏။ မီးဒုတ်သတင်းစာ၊ ဗဟိန်းသတင်းစာတို့ကို ထုတ်ဝေကြ၏။

မန္တလေးကျောင်းသားလှုပ်ရှားမှုများမှာ ရန်ကုန်ကဲ့သို့ စုစည်းရန် မခဲယဉ်းလှပေ။ အဖွဲ့အစည်းအားလုံးလိုလို အချိတ်အဆက်မိပြီးသားဖြစ်သဖြင့် အစည်းအဝေးပြုလုပ်ပြီး လှုပ်ရှားမှုဖော်ဆောင်ကြသည်။ မောင်ရောက်ရှိပြီးနောက် အထင်ရှားဆုံး လှုပ်ရှားမှုများမှာ ၈၉ခုနှစ် တော်လှန်ရေးနေ့ ချီတက်ပွဲနှင့် ဗကသ (အထက်ဗမာပြည်)၊ဗကသ(အောက်ဗမာပြည်) နှစ်ရပ်လုံး ပေါင်းစည်းကျင်းပသည့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂညီလာခံတို့ပင် ဖြစ်သည်။

မတ်လ(၂၇)ရက်နေ့ တော်လှန်ရေးနေ့ ချီတက်လှုပ်ရှားမှု မတိုင်မီ တစ်ရက်အလို မတ်လ(၂၆)ရက်နေ့တွင် မနက်ဖြန်ချီတက်ပွဲအတွက် မောင်တို့အဖွဲ့ဝင်များက မြို့နေလူထုအား ဖိတ်စာဝေကြသည်။

ဖိတ်စာဝေပုံမှာလည်း တစ်မျိုးတစ်ဘာသာ ထူးခြားနေပြန်သည်။ မောင်တို့အဖွဲ့ဝင်များစုကာ စက်ဘီးအစီးတစ်ရာကျော်ခန့်စီတန်း၍ ဈေးချိုတော်ကိုဖြတ်ပြီး နင်းကြသည်။ ကျောင်းသားအားလုံး အင်္ကျီအဖြူ ကချင်ပုဆိုးအစိမ်းတို့ကို ဝတ်ဆင်ထားသည်။ စက်ဘီးတစ်စင်းတွင် လူနှစ်ယောက်ပါပြီး ရှေ့က တစ်ယောက်က စက်ဘီးနင်း၍ နောက်မှထိုင်လိုက်သူ ကျောင်းသားက ဖိတ်စာများကိုင်ကာ ကျောင်းသားသမဂ္ဂသီချင်းကို သံပြိုင်ဆို၍ တွေ့သမျှသော မြို့နေလူထုအား ကြေငြာချက်များ ဝေငှကြခြင်းဖြစ်သည်။

ဈေးချိုတော်ဘေးမှ လမ်းမကြီးမှာ ဈေးသည်ဈေးဝယ်များနှင့် ပုံမှန်အတိုင်း စည်ကားနေရာမှ စီတန်းလှည့်လည်လာသော မောင်တို့ စက်ဘီးတန်းကြီး ရောက်လာသောအခါ လမ်းမပေါ်ရှိ ပြည်သူလူထုတို့သည် ပလက်ဖောင်းပေါ်သို့တက်၍ လမ်းရှင်းပေးကြရာ လမ်းမပေါ်တွင် လူတစ်ယောက်မှ မရှိတော့အောင် ရှင်းလင်း

www.facebook.com/NyisayEbookCreator



သွားလေသည်။ ဆူဆူညံညံ အသံများဖြင့် ပွက်လောထနေသော ဈေးမြင်ကွင်းသည် မီးကိုရေနှင့် ငြိမ်းသတ်လိုက်သည့်အလား တိတ်ဆိတ်၍သွားလေသည်။

ထိုအချိန်တွင်

''တိုင်းပြည်ကိုဦးဆောင်ကာ၊ ဒို့ကျောင်းသားတွေညီ၊ စံနမူနာတင် ကျောင်းသားသမဂ္ဂတို့ဖြစ်သည်၊ ကမ္ဘာတစ်ဝှမ်းမှာ၊ မြန်မာအစွမ်းကို မော်ကွန်းတင်ပါမည်၊ တို့တာတွေသွေးစည်းညီ''ဟူသော ကျောင်းသားသမဂ္ဂသီချင်းသည် တိတ်ဆိတ်နေသော ပတ်ဝန်းကျင်တွင် ညီညာတက်ကြွစွာ ဟိန်း၍… ဟိန်း၍ ထွက်ပေါ်လာလေသည်။

ဈေးချိုတော်ဘေးမှ လူထုပရိသတ်ကြီးသည် ပထမငေးကြောင်၍ကြည့်နေရာမှ လက်ခုပ်သံများ မိုးလုံးဟိန်းမျှ ထွက်ပေါ်လာလေသည်။ စက်ဘီးနောက်မှ ထိုင်၍ လိုက်လာကြသောကျောင်းသားတို့က လူအုပ်ကြီးအတွင်းသို့ တော်လှန်ရေးနေ့နှင့် ပတ်သက်သော ကြေငြာချက်စာရွက်များ ဆုပ်၍ ဆုပ်၍ ကြဲကြသည်။ စက်ဘီးများကို ဖြေးဖြေးနင်းရင်း ဈေးချိုတော်ကိုတစ်ပတ်ပတ်ပြီး သတ်မှတ်ထားသောနေရာအရောက်တွင် လူစုခွဲလိုက်ကြရာ စက်ဘီးများဖြင့် စီတန်းလှည့်လည်လာသော ကျောင်းသားထုကြီးမှာ လူထုကြားထဲတွင် ပျောက်ကွယ်၍သွားတော့၏။

နောက်တစ်နေ့ ၁၉၈၉ ခုနှစ် မတ်လ (၂၇) ရက်နေ့တွင် တော်လှန်ရေးနေ့ ချီတက်ပွဲကြီးကို ကျင်းပခဲ့ကြသည်။ မနက်၈ နာရီခွဲခန့်တွင် မန္တလေး မဟာမြတ်မုနိဘုရားကြီးတွင် ကျောင်းသားအဖွဲ့များ စုစုလင်လင်ရောက်ရှိလာကြသည်။

လူစုံလျှင်ဗုဒ္ဓမြတ်စွာဘုရားဆင်းတုတော်ကြီးရှေ့တွင် အားလုံးတန်းစီထိုင်လိုက်ကြပြီး သရဏဂုံဆောက်တည်ကာ ငါးပါးသီလခံယူကြ၏။ နိုင်ငံ၏အကျိုး၊ ကျောင်းသားထု၏အကျိုးကို ဦးလည် မသုန်ဆောင်ရွက်ပါမည်ဟု သစ္စာပြုကြသည်။ ဘုရားကြီး အာရုံခံထဲတွင် တည်ငြိမ်လေးနက်စွာ သစ္စာပြုနေကြသော ကျောင်းသားတို့၏ သံပြိုင်ရွတ်ဆိုသံမှာ ရင်ပြင်တော်ပေါ်တွင် ပဲ့တင်ရိုက်ခတ်လျက်ရှိ၏။

မောင်ပင် ကြက်သီးများထလာကာ စိတ်အားများတက်ကြွလာသလိုခံစားရသည်။ ခဏအကြာတွင် မောင်တို့ချီတက်ကြမည့် လမ်းကြောင်းများကို အာဏာပိုင်တို့က ပိတ်ဆို့လိုက်ပြီးဖြစ်ကြောင်း ဘုရားကြီးရင်ပြင်တံခါးများကိုလည်း ပိတ်ဆို့ရန်လာနေကြပြီဖြစ်ကြောင်း သတင်းရသဖြင့် ၉နာရီထိုးသည်အထိ မစောင့်တော့ပဲ ခွပ်ဒေါင်းအလံကို လွှင့်ထူလိုက်ပြီး ချီတက်ပွဲကို စတင်ခဲ့ကြတော့သည်။

အနီပေါ်တွင် ကြယ်ဖြူပွင့်ပါသော ခေါင်းစည်းများ၊ လက်ပတ်များကိုယ်

www.facebook.com/NyisayEbookCreator



စီဖြင့် ကျောင်းသားသမဂ္ဂသီချင်း၊ ခေတ်သစ်ကမ္ဘာမကြေသီချင်းတို့ကို သံပြိုင် သီဆို၍ ချီတက်လာကြသော တော်လှန်ရေးနေ့ချီတက်ပွဲကို မြို့နေလူထုက သောင်း သောင်းဖျဖျကြိုဆိုကြသည်။ လမ်းတစ်လျှောက်မှ ကျောင်းသားပြည်သူများ သံဃာတော်များပါ... ပါဝင်ချီတက်ကြရာ အင်အား ငါးထောင် ခြောက်ထောင် အထိ များပြားလာခဲ့သည်။

လမ်းမကျယ်ကြီးများပေါ်တွင် တင့်ကားများ၊ အမြောက်ကားများ၊ ယာဉ် တန်းများဖြင့် အာဏာပိုင်တို့က ပိတ်ဆို့ထားသဖြင့် လမ်းလွှဲကာ ချီတက်ရသည်။ လမ်းတစ်လျှောက် ပြည်သူလူထုကြီးက အောင်သပြေပန်းများ၊ နှင်းဆီပန်းများ၊ စံပယ်ပန်းကုံးများ ဆက်ကာ ကြိုဆိုကြရာ ထိုနေ့က ဈေးချိုတော် ပန်းဆိုင်တန်းတွင် ပန်းများ ရောင်းစရာမကျန်အောင် ပြတ်ထွက်သွားကြောင်း မောင်တို့နောက်မှ ကြားရသည်။

အထက်ဗမာပြည် သပိတ်တပ်ပေါင်းစု ဥက္ကဋ္ဌ ဆရာတော်ဦးကဝိန္ဒက စိတ်မချသဖြင့် ချီတက်ပွဲတစ်လျှောက် လိုက်ပါလာခဲ့သည်။ ကျောင်းသားပြည်သူ များ အုံကြွ ပေါက်ကွဲမှု မဖြစ်ပွားစေရန်နှင့် အပြစ်မဲ့ပြည်သူများ အကျအဆုံးမရှိ စေရန် ပိတ်ဆို့ထားသော အာဏာပိုင်အရာရှိများအား ဆရာတော်နှင့် ကိုသန့်ဇင်တို့ အကြိမ်ကြိမ် သွားရောက်ဆွေးနွေးကာ လမ်းလွှဲ၍ ချီတက်ကြသည်။

ထို့နောက် ခေတ်သစ်ကမ္ဘာမကြေ သီချင်းကိုသီဆို၍ တော်လှန်ရေးနေ့ ချီတက်ပွဲ အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းကာ လူစုခွဲလိုက်ကြတော့သည်။

မောင်နှင့် ကိုမြင့်သိန်းလည်း လူထူထပ်သော လမ်းမပေါ်တွင် ဟန်မပျက် လျှောက်နေရင်းမှ အနီးရှိတိုက်တစ်လုံးထဲသို့ ဖတ်ကနဲဝင်လိုက်ကြသည်။ အိမ်ပိုင်ရှင် အမျိုးသမီးကြီးမှာ ရှမ်းအမျိုးသမီးဖြစ်ပုံရသည်။ အသားနီစပ်စပ်နှင့် အသက်ငါး ဆယ် ခန့်လောက်ရှိမည်ထင်၏။ သူတို့သည်လည်း ခုနကချီတက်ခဲ့သော မောင်တို့ချီ တက်ပွဲကို သွားရောက်အားပေး၍ ယခုမှ အိမ်ပြန်ရောက်ကြခြင်း ဖြစ်ပုံရသည်။

အမျိုးသမီးကြီးမှာ မောင်တို့နှစ်ယောက် ဘာမှမပြောရသေးခင်မှာပင် လက်ညှိုးကလေးထောင်၍ "ရှူးတိုးတိုး" ဟူသော အမူအရာလုပ်ပြကာ မောင်တို့ အား တိုက်အပေါ်ထပ်သို့ ခေါ်သွားတော့၏။ ပြီးမှ "နင်တို့ အဲဒီအဝတ်အစားတွေနဲ့ မြို့ထဲလျှောက်သွားနေရင် အဖမ်းခံရလိမ့်မယ်။ ရော့ ဒီမှာ ငါ့သားရဲ့ အင်္ကျီတွေ ပုဆိုးတွေ၊ မြန်မြန်လဲလိုက်၊ နင်တို့ အဝတ်အစားတွေထားခဲ့၊ နောက်နေ့ကြုံမှ လာလဲကြ၊ သွားသွား"ဟုဆိုကာ အဝတ်လဲရန် အခန်းတစ်ခုထဲသို့ တွန်းပို့သည်။

မောင်တို့နှစ်ယောက်လည်း ဝတ်ဆင်လာသော စတစ်အင်္ကျီအဖြူနှင့် ကချင်

www.facebook.com/NyisayEbookCreator



ပုဆိုးတို့အား စပို့ရှပ်များ ပလေကပ်ပုဆိုးများဖြင့် လဲလှယ်ဝတ်ဆင်လိုက်ကြပြီး အခန်းအပြင်ရောက်လျှင်

''လာ... လာ ကော်ဖီသောက်ကြဦး''ဟု ဆိုကာ ကော်ဖီနှင့် မုန့်များ ချကျွေးပြန်သည်။ တစ်မနက်ခင်းလုံး လမ်းလျှောက်လာရသဖြင့် မောကမော ဗိုက်ကဆာ ဖြစ်နေကြရာ မောင်တို့နှစ်ယောက်လည်း ကျွေးသမျှ ပြောင်နေအောင် အကုန်စားပစ်လိုက်ကြတော့၏။ မောင်တို့နှစ်ယောက်အား သူတို့တစ်အိမ်သားလုံး ရပ်ကြည့်နေကြသည်ကိုပြီးမှ သတိထားမိကာ မောင်ပင်ရှက်တတ်တတ် ဖြစ်သွားရသည်။

ပြီးမှ ကျေးဇူးစကားဆိုကာ မနက်ဖြန်တွင် အဝတ်အစားများ ပြန်လာပေးပါမည့် အကြောင်းပြောရ၏။

''အို... အရေးမကြီးပါဘူး၊ လမ်းကြုံမှ လာလဲပါ။ မကြုံရင်လည်း ယူလိုက်ကြတော့၊ သတိဝီရိယနဲ့ နေကြဦး၊ အဖမ်းမခံရစေနဲ့'' စသည်ဖြင့် မောင်တို့အား တစ်ယောက်တစ်မျိုး သတိပေးကြသည်။ သူတို့သည် မောင်တို့နှင့် တစ်ခါမှ သိဖူး ကျွမ်းဖူးသူများ မဟုတ်ကြပါပေ။ သို့သော်လည်း သူတို့သည် မောင်တို့အပေါ်စိုးရိမ် ကြ၏။ မောင်တို့အား ယုံကြည်ကြ၏။ ဓမ္မနှင့် အဓမ္မကို ကွဲကွဲပြားပြား သိကြ၏။ ဖိနှိပ်ချုပ်ချယ်မှုကိုမုန်းတီးကြ၏။ သူတို့သည် ပြည်သူများကြားမှ မိသားစုဖြစ်၍ ပြည်သူတို့၏ စိတ်ဆန္ဒကို နားလည်ကြ၏။

နောက်နှစ်ရက်အကြာတွင် မောင်တို့ ထိုအိမ်သို့ နောက်တစ်ခေါက်ထပ်သွားကာ အဝတ်အစားများ လဲလှယ်ခဲ့ကြပါသည်။

ထိုအချိန်တွင် ရန်ကုန်၌ အဖမ်းအဆီးတွေ စတင်နေပြီဖြစ်၏။ ကိုမင်းကိုနိုင်ကို မတ်လ(၂၃)ရက်နေ့ ညနေ၄နာရီခွဲခန့် တွင် အနောက်ရန်ကင်းလမ်း၊ စက်မှု (၁)ဂိတ်အလွန်တွင် လက်နက်ကိုင်အပြည့်ပါသော ဟိုင်းလပ်ကားနှစ်စီးနှင့် ဖမ်းဆီး ခေါ်ဆောင်သွားကြကြောင်း သတင်းကြားရသည်။

ကျောင်းသားများအား ဖမ်းဆီးချုပ်နှောင်ခြင်းတို့ကို ကန့်ကွက်ရှုံ့ချဆန္ဒပြပွဲများ ဗကသ(အထက်ဗမာပြည်)က ဦးစီး၍ ကျင်းပခဲ့ကြသေး၏။

မောင်တို့နှစ်ယောက်လည်း ၄ားထားသောအဆောင်တွင် မနေဖြစ်ကြတော့ပေ။ ကိုဖိုးစံပါ မောင်တို့နှင့်အတူလိုက်လာပြီး မစိုးရိမ်ကျောင်းတိုက်တွင် စတည်းချကြသည်။ မီးတုတ်နှင့် ဗဟိန်းသတင်းစာကိုနေ့စဉ်ထွက်ရှိနိုင်ရေးအတွက် လုံးပန်းကြရသည်။ ဆရာတော်ဦးကဝိန္ဒနှင့် ဦးကောသလ္လတို့မှာ မောင်တို့နေရေးထိုင်ရေးကို အစားအသောက်မှအစ သူတို့သပိတ်ထဲမှ ချန်၍ကျွေးမွေးကြသည်။

www.facebook.com/NyisayEbookCreator



ဘုန်းတော်ကြီးကျောင်းမှ ဟင်းပေါင်းမှာ မောင့်တစ်သက်မမေ့နိုင်သော ဟင်းလျာ တစ်ခွက် ပင်တည်း။ ထိုဟင်းပေါင်းထဲတွင် ကြက်သားလည်းပါသည်။ ဗယာကြော်လည်း ပါသည်၊ ပုန်းရည်ကြီးလည်းပါသည်။ ကန်စွန်းရွက်လည်းပါသည်။ စားတော်ပဲပြုတ်လည်း ပါသည်။ ဆွမ်းခံ၍ရသော ဆွမ်းဟင်းခွက်များထဲမှ ဘုန်းတော်ကြီးများ ဘုဉ်းပေးအပြီး မွန်းလွဲပိုင်းတွင် ဒန်အိုးကြီးတစ်လုံးထဲ၌ ဟင်းခွက်ပေါင်းများစွာရော၍ ကျိုချက်ထားသောဟင်းဖြစ်ရာ အရသာအမျိုးမျိုးကို တစ်ပြိုင်တည်းခံစားရသလိုပင်ဖြစ်တော့သည်။

ဆရာတော်များကလည်း မောင်တို့အပေါ် တော်တော်သံယောဇဉ်ကြီးရှာပါသည်။ မစိုးရိမ်တိုက်မှာ နေစဉ် တစ်ညကို မောင်မှတ်မိနေသေးသည်။ ထိုနေ့က မောင်တို့အဖွဲ့ ဆယ်ယောက်လောက်ရှိမည်ထင်သည်။ မနက်ဖြန်ထွက်မည့် ဂျာနယ်များ အစဉ်လိုက်ထပ်သူထပ်၊ ချုပ်သူချုပ် လုပ်ကိုင်နေကြစဉ် ကိုရင်ကလေးတစ်ပါး အပြေးအလွှားရောက်လာပြီး မစိုးရိမ်ကျောင်းတိုက်ကို ဝိုင်း၍ အထဲရှိ စတည်းချနေသော ကျောင်းသားများကို ယနေ့ည ဖမ်းရန် အာဏာပိုင်တို့က စီစဉ်နေပြီဟု ကြားသဖြင့် သတင်းလာပေးသည်။

မောင်တို့လည်း စာရွက်စာတမ်းများကို ထုပ်ရ၊ သိမ်းရ၊ ဝှက်ရသည်။ ညဆယ်နာရီ၊ ဆယ့်တစ်နာရီဖြစ်နေပြီမို့ ဟိုသွားရကောင်းနိုး ဒီသွားရကောင်းနိုးနှင့် ခေါင်းခြောက်နေကြသည်။ ထိုစဉ် ဆရာတော်ဦးကဝိန္ဒကြွလာပြီး အကျိုးအကြောင်းမေးမြန်းကာ အပြင်သို့ မထွက်ကြရန်ပြောသည်။

ထို့နောက် မောင်တို့ကို ကျောင်းဝန်းထဲရှိ အဆောက်အဦးတစ်ခုဆီသို့ ခေါ်လာသည်။ အဆောက်အဦးမှာ ခပ်သေးသေးကလေးပင်ဖြစ်သည်။ ဖုန်တက်နေသော သော့ခလောက်ကို ဖွင့်၍ အထဲသို့ဝင်ကြသည်။

အထဲတွင် ရွှေပိန်းချထားသော ဘုရားဆင်းတုတော်တစ်ဆူကို ကြည်ညို ဖွယ် ဖူးရ၏။ ဘုရားစင်၏ဘေးတွင် တရားစာအုပ်များထည့်ထားသော ဗီရိုကြီးများ လေးငါးလုံးရှိ၏။ ဆရာတော်က ထိုဗီရိုကြီးများထဲမှ တစ်လုံးကို မောင်တို့အား ဘေးသို့တွန်းရွှေ့ခိုင်းသည်။ ဗီရိုကြီးမှာ ကျွန်းဘီရိုကြီးဖြစ်၍ ထင်သလောက်မလေးလှပေ။ ပေါ့ပေါ့ပါးပါးပင်ဖြစ်ရာ ဘေးသို့အလွယ်တကူပင်ရွှေ့သွားတော့၏။ ထိုဗီရိုကြီး၏အောက်ဘက် လျှာထိုးကြမ်းပြင်တွင် အံဝှက်တံခါးတစ်ခုရှိပြီး ထိုတံခါး အပေါ်သို့ ဆွဲလှပ်လိုက်လျှင် အောက်ထပ်မြေအောက်ခန်းသို့ ဆင်းသော အပေါက် တစ်ပေါက် ဖြစ်သွားတော့သည်။

ထိုအပေါက်မှ မောင်တို့ တစ်ယောက်ပြီးတစ်ယောက် ဆင်းကြ၍ အောက်

www.facebook.com/NyisayEbookCreator



သို့ရောက်လျှင် ဘုန်းဘုန်းက အံဖုံးတံခါးကို ပြန်ပိတ်လိုက်ပြီး အပေါ်မှ ဘီရိုကိုတွန်း ရွှေ့လိုက်သံကြားရ၏။

မြေအောက်ခန်းဟုဆိုသော်လည်း လေးပေလောက်သာမြင့်သဖြင့် မတ်တပ်ရပ်၍မရပေ။ မောင်တို့အားလုံးထိုင်လျက်သာ နေကြရ၏။ မှောင်မည်းနေသဖြင့် အစက တစ်ယောက်နှင့်တစ်ယောက် မမြင်ကြရပေ။ နောက်မှ အမှောင်ထဲတွင် တဖြည်းဖြည်းကျင့်သားရလာပြီး လှုပ်လှုပ်ကွဲလာ၏။ အခြားသူများမှာ လူကောင်ခပ်သေးသေးတွေချည်းမို့ မထောင်းတာလှသော်လည်း ကိုဇော်မိုးကျော်မှာ အရပ်က ခြောက်ပေလောက်ရှိပြီး လူကောင်ကလည်းထွားလှသည့်အတွက် အတော်ကသိက အောက်ဖြစ်နေရှာသည်။ တကိုယ်လုံးလည်း ကြပ်ခိုးများ ဖုန်များပေပွနေရသည့် အထဲ မတ်လအပူရှိန်ကြောင့် ပူလှအိုက်လှသဖြင့် အားလုံးအင်္ကျီများချွတ်ကာ ချွေးစေးများနှင့် သဲများပေးလူးလျက်ရှိကြသည်။ ထိုအခိုက်တွင် အရပ်ရှစ်မျက်နှာမှ ပြေးထွက် လာကြသောခြင်အုပ်ကြီးက မောင်တို့အား ဒုက္ခပေးတော့သည်။ အသံ ထွက်မည်စိုးသဖြင့် ရိုက်လည်း မရိုက်ရဲ၊ ပူအိုက်လှသဖြင့် အင်္ကျီလည်း မကပ်နိုင် ဖြစ်နေရာ ချွတ်ထားသော အင်္ကျီများဖြင့် အသံမထွက်အောင် ခြင်ယမ်းကြရ တော့၏။

ထိုစဉ် ထောင့်တစ်နေရာမှ "ခြင်ကိုက်တာ ကျားကိုက်တာထက် ပိုဆိုးပါ လားကွယ်"ဟု ကိုဇော်မိုးကျော်က ပြောင်လိုက်ရာ အားလုံးမထိမ်းနိုင်ဘဲ တခွိခွိ ကြိတ်၍ရယ်ကြသည်။ အောက်ကလည်း သမံတလင်းမို့ တစ်နာရီလောက်ကြလျှင် ခါးတွေကိုက်လာ၏။ ကိုဇော်ကြီးခမျာ လူကောင်က ထွားလှသဖြင့် ပုံစံပြောင်း၍ အညောင်းဖြေဖို့ပင် မလွယ်ကူလှရာ အင်္ကျီကို ခေါင်းအောက်ခု၍ ပက်လက်အိပ်၍ နေရတော့သည်။ ထိုအချိန်တွင် ကျောင်းတိုက်အပြင်ဘက်၌ ထရပ်ကားငါးစီးခန့်ရပ် ထားပြီး အခြားကားများမှာ ကျောင်းတိုက်ကိုပတ်၍ အခြေအနေကြည့် နေကြသည် ဟု ဆိုသည်။

မောင်တို့လည်း တစ်ယောက်ရင်ခုန်သံကိုတစ်ယောက်က ကြားနေရသလို ထင်မိ၏။ တစ်ယောက်ကျောက ဖုတ်တွေကို တစ်ယောက်ကသုတ်ပေးရင်း စကား တီးတိုးပြောရ၏။ အရေးထဲ ဆေးလိပ်သောက်ချင်သူကရှိသေးရာ ဝိုင်းဆဲကြရ၏။

နှစ်နာရီလောက်ကြာလျှင် ဟိုနားက ကျွတ်... ကျွတ် ဒီနားက ကျွတ် ကျွတ်နှင့်စုပ်သပ်သံများ ခပ်ကျိတ်ကျိတ်ထွက်လာပြီး၊ ကျဉ်းကျဉ်းကျပ်ကျပ် အခန်းလေးထဲဝယ် အညောင်းဆန့်ချင်နေကြရာ အတော်ပင် ဒုက္ခရောက်လှသည်။

www.facebook.com/NyisayEbookCreator



"အဖမ်းခံရချင်ခံရပစေတော့ဗျာ... ကျွန်တော်တော့မနေနိုင်တော့ဘူး။ အပြင်ထွက်ချင်ပြီ" ဟု တစ်ယောက်က ပြောသည်။

"အိုကွာ... ထောင်ကျလို့ တိုက်ပိတ်ခံရရင် ဒီထက်တောင် ပိုဆိုးဦးမှာ၊ ဒါအစမ်းသဘောလေ့ကျင့်တာလို့ မှတ်လိုက်"ဟု ကိုသန့်ဇင်က ပြောသဖြင့် သူ့ အားဝိုင်း၍ မေတ္တာပို့ကြ၏။

နာရီပြန် နှစ်ချက်တီးလောက်တွင် အပေါ်ထပ်မှ သော့ခလောက်ဖွင့်သံ ကြားရပြီး မောင်တို့ခေါင်းပေါ်ရှိ ကြမ်းပြင်ပေါ်မှ ခြေသံများ တရုပ်ရုပ်ကြားရသဖြင့် အားလုံးစကားမပြောကြပဲ ငြိမ်ကုပ်ကာ တိတ်ဆိတ်နေကြသည်။ ခဏကြာလျှင် အခန်းထဲတွင် လင်းကနဲဖြစ်သွားသဖြင့် အံဖုံးတံခါးကို ဖွင့်လိုက်ပြီဖြစ်ကြောင်း သိရသည်။ ထို့နောက် လက်နှိပ်ဓာတ်မီးရောင် ဝင်းခနဲ၊ ဝင်းခနဲ မောင်တို့ ခန္ဓာကိုယ်များပေါ်သို့ ဖြာကျလာပြီး အပေါ်ထပ်မှ စကားသံတစ်သံကို ကြားလိုက်ရတော့၏။

"ဒကာကြီးတို့ ထွက်ခဲ့ကြတော့ ကျောင်းဝင်းအပြင်က ကားတွေပြန်ထွက်သွားကြပြီ၊ အန္တရာယ်မရှိတော့ဘူး"

ဘုန်းဘုန်း၏အသံလောက် သာယာနာပျော်ဖွယ်ကောင်းလှသော အသံမှာ ဒီကမ္ဘာပေါ်တွင် မရှိတော့ဟု မောင်တို့ထင်မှတ်လိုက်ကြသည်။ အံဖုံးတံခါးကို လည်း ငရဲပြည်နှင့် နတ်ပြည်ခြားနားထားသကဲ့သို့ မှတ်ထင်ကာ အံဖုံးတံခါးဆီသို့ အမြန်လျှောက်ကြရာ ကြမ်းပြင်နှင့် ခေါင်းနှင့်ဆောင့်မိ။ မဆောင့်မိပင် မသိကြတော့ချေ။

ထိုနေ့ညက မောင်တို့အားလုံး ရေတစ်ခါပြန်ချိုးကြရပြီး၊ ခြေပစ်လက်ပစ် အိပ်လိုက်ကြတော့သည်။

နောက်တစ်နေ့မှစ၍ မောင်တို့လည်း လူစုခွဲ၍ အိပ်ကြရတော့သည်။ ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်းနှင့် သူငယ်ချင်းအိမ်တို့တွင်လှည့်၍ နေရာပြောင်းကာ အိပ်ကြ၏။ ထို့နောက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားညီလာခံကြီး ကျင်းပနိုင်ရေးအတွက် လုံးပန်းကြရပြန်သည်။

တစ်နိုင်ငံလုံးတွင် ဒီမိုကရေစီ အင်အားစုများနှင့် အာဏာပိုင်တို့အကြား ထိပ်တိုက်တွေ့မှုများအကြောင့် ပို၍တင်းမာလာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ခနုဖြူ-ညောင်တုန်း စည်းရုံးရေးခရီးစဉ်တွင် ပစ်မိန့်ပေးသည်အထိအခြေအနေမှာ တင်းမာလာခဲ့သဖြင့် မောင်တို့အားလုံးလည်းပို၍ သတိဝီရိယ ထားနေကြရ၏။

www.facebook.com/NyisayEbookCreator



မိုးထဲလေထဲမှာပင် ညီလာခံဖြစ်မြောက်ရေးအတွက် နယ်များသို့ စည်းရုံးရေးဆင်းကြရ၏။

အစည်းအဝေးများ အကြိမ်ကြိမ်ကျင်းပကာ၊ အထက်ဗမာပြည် အောက်ဗမာပြည် မြို့နယ်အသီးသီးမှ တက်ရောက်ကြမည့် ကိုယ်စားလှယ်များအတွက် နေရေးစားရေး စီစဉ်ပေးရ၏။

ဤသို့ဖြင့် ဗကသများအဖွဲ့ချုပ် အထက်ဗမာပြည်နှင့် အောက်ဗမာပြည်တို့ ပူးတွဲကျင်းပသည့် ကျောင်းသားများညီလာခံကြီးကို မန္တလေးတက္ကသိုလ်ဝင်းအတွင်း အင်း၀ခန်းမဆောင်၌ မေလ ၂၀ ရက်နေ့တွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ကြသည်။ လူအင်အား ၅၀၀၀ ကျော်ခန့်တက်ရောက်ကြသော ထိုညီလာခံကြီးသည် အာဏာသိမ်းပြီးနောက် ကျောင်းသားသမဂ္ဂများ၏ အင်အားအကြီးဆုံးစုစည်းမှုပင်ဖြစ်လေသည်။

မောင်တို့လက်လှမ်းမမီသော တနင်္သာရီနှင့်ရခိုင်ပြည်နယ်မှလွဲ၍ ကျန်တိုင်းနှင့် ပြည်နယ်များမှ ကိုယ်စားလှယ်အသီးသီးတို့တက်ရောက်ကြပြီး ကိုညီထွန်းဦးဆောင်သော သဘာပတိအဖွဲ့ကစင်ပေါ်တွင် အသီးသီးနေရာယူလျက် ကျောင်းသား ရေးရာနှင့် နိုင်ငံ့ရေးရာပြဿနာများကို ဆွေးနွေးညှိနှိုင်းကာ ဆုံးဖြတ်ချက်များချကြသည်။ ရန်ကုန်တိုင်းမှ ကိုရန်မျိုးသိန်း၊ ကိုဇော်ဇော်အောင်နှင့် ကိုရွှေဘုန်းလူတို့လည်း ပါဝင်ဆွေးနွေးကြသည်။ ဗကသ၏အခြေခံမူငါးချက်ကို ဆက်လက်စွဲကိုင်သွားကြရန် သဘောတူညီမှုရကြပြီး အထစ်အငေါ့ အနည်းငယ်ရှိသည်မှအပ အခမ်းအနားကို ပြီးဆုံးအောင်မြင်အောင် ကျင်းပနိုင်ခဲ့ကြလေသည်။

သည်တစ်ခါတော့ ပင်လယ်ပြင်မှာ လှိုင်းထန်ရုံသာမကတော့ပဲ မိုးကြိုးမုန်တိုင်းများပါ ပြင်းထန်ပေါက်ကွဲလေတော့သည်။ မောင်တို့လည်း ရန်ကုန်နှင့်မန္တလေးကို ကူးချည်သန်းချည်နှင့် အလုပ်များနေခဲ့ရာက ဇွန်လအရောက်တွင် မြို့ကလေးသို့ မောင်ပြန်လာခဲ့ရပြန်လေသည်။

www.facebook.com/NyisayEbookCreator

# အခန်း (၁၄)

*"လောကသားအပေါင်းတို့သည် ဆေတန်၏လက်၌ ရှိကြသည်။ ဆေတန်သည် မုန်းတီးမှုအတိဖြစ်ပြီး လှည့်စားတတ်သည့် ရက်စက်ကြမ်းကြုတ်သူ ဖြစ်၏။ ထို့ကြောင့် သူ့ဩဇာအောက်တွင်ရှိသော ဤလောကသည် မုန်းတီးမှု၊ လှည့်စားမှု၊ ရက်စက်ကြမ်းကြုတ်မှုတို့နှင့် ပြည့်နေခြင်းဖြစ်သည်။ ယင်းသည် ဆင်းရဲ ခက်ခဲမှု ဤမျှ များပြားရသည့် အကြောင်းရင်းတစ်ခုပင်တည်း"*

(၁ ယောဟန် ၅ း ၁၉)

တစ်ဦးနှင့်တစ်ဦးကို ဆုံတွေ့ခွင့်မပေးဘဲ ကြန့်ကြာခက်ခဲအောင် လောကကို ဖျားယောင်းထားသူမှာ ဆေတန်ဖြစ်ပါက မောင်နှင့်မမနှင်းတို့သည် ဆေတန်ဖန်ဆင်းသည့် ဥယျာဉ်ဝယ် မျက်စိလည် လမ်းပျောက်နေကြခြင်းသာ ဖြစ်လိမ့်မည်။

မောင်တို့နှစ်ဦးသည် ဝက်ပါထဲတွင် ပိတ်မိနေသူတို့လို နံရံတစ်ချပ်သာခြားသော်လည်း ဟိုဘက်သည်ဘက် မမြင်နိုင်ကြပဲ နီးလိုက်ဝေးလိုက်ဖြင့် သေးငယ်ကျဉ်းမြောင်းသည့် ဤမြို့ကလေးဝယ် သံသရာလည်နေကြခြင်းသာ ဖြစ်လိမ့်မည်။

မောဟိုက်ပင်ပန်းစွာ ပြန်လာခဲ့ပြီး အိမ်၌အနားယူလို့မှ တစ်ရက်မပြည့်မီမှာပင် မမနှင်းအကြောင်း သတင်းစကားတို့ကို မောင်ကြားသိရတော့သည်။ ထိုနေ့တွင် မောင့်သူငယ်ချင်း ကိုသိန်းဇော်သည် မောင့်အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ၏။

www.facebook.com/NyisayEbookCreator



“မောင်မောင်... မင်းအားရင် ငါနဲ့ခဏ လိုက်ခဲ့ဦး၊ မင်းရှာခိုင်းလိုက်တဲ့ အစ်မကြီးနေတဲ့ နေရာကို ငါသိလာပြီ”

မမျှော်လင့်ဘဲ သတင်းစကားကြားလိုက်ရသဖြင့် မောင်ပင် ဒေးကြောင်ဆွံ့ အ၍သွားသည်။ ဟေးခနဲထအော်ကာ ခုန်ပေါက်မြူးတူးလိုက်ရမည့်အစား မောင့် စိတ်တို့ ထိုင်းမှိုင်းလေးလံလျှက်ရှိရာ ကိုသိန်းဇော်ပင် အူလည်လည် ဖြစ်သွားရ၏။

ပင်ပန်းခက်ခဲစွာ အရှာကြီးရှာခဲ့ပြီး နဖူးတွေ့ဒူးတွေ့ တွေ့ရတော့မည် ဆိုကာမှ မမနှင်းကို ဆင်းရဲချို့ငဲ့နေသော ပုံစံနှင့်မမြင်ရက်သလိုလို မတွေ့ချင်သလို လိုဖြစ်လာပြန်လေ၏။

နိမ့်ပါးအောက်ကျနေသော မမနှင်းကို မောင်ကရုဏာသက်မိတာလား၊ အနိဋ္ဌာရုံတို့ကို မမြင်ချင်မတွေ့ချင်သော အင့်စိတ်က မောင့်တစ်ကိုယ်ကောင်းဆန် မှုတို့ကို လေပင့်ပေးနေသည်လား မောင်မဝေခွဲတတ်တော့ပါချေ။ ရုတ်တရက် မောင့်ကိုယ်မောင် ခါးသီးစက်ဆုတ်လာမိကာ

“လာ... သွားမယ်ဗျာ...” ဟုပြောရင်း ပိုက်ဆံအိတ်ကို ခါးကြား ထိုးကာ စက်ဘီးပေါ်တက်၍ ထွက်လာခဲ့တော့သည်။ တစ်လမ်းလုံး စကားမပြော ဖြစ်ကြဘဲ ရှေ့မှ ကိုသိန်းဇော်နင်းသွားသော လမ်းအတိုင်းလိုက်နင်းရင်း မောင့်ရင်တို့ ဗလောင် ဆူလျှက် ရှိသည်။

မမနှင်းနဲ့တွေ့ရင် ဘာတွေပြောရပါ့မလဲ၊ မောင့်ကို ဆယ်နှစ်သားက လေးလိုပဲ မမနှင်းမှတ်ထင်နေဦးမည်လား၊ ရင့်ကျက်ကြီးထွားလာသည့်မောင့်ကို ရုတ်တရက် ချက်ခြင်း မမနှင်း မှတ်မိနိုင်ပါဦးမည်လား၊ ကလေးဘဝတုန်းကလိုပင် မောင့်ကိုပွေ့ဖက်၍ မောင့်ရင်ခွင်၌ မျက်နှာအပ်ကာ မမနှင်းငိုကြွေးနေဦးမည်လား၊ မမနှင်းကရော သည်လိုဘဝမျိုးနှင့် မောင့်ကို မြင်ချင်တွေ့ချင်စိတ်ရှိပါ့မလား။

ဘာပဲဖြစ်ဖြစ် မမနှင်းနှင့် ပြန်လည်တွေ့ဆုံရတော့မည်ဖြစ်၍ မောင့် စိတ်တို့ ပြန်လည်ရွှင်လန်းမြူးတူး၍ လာသည်။ ဆယ်နှစ်လောက် ပြန်ငယ်သွားသလို ဖြစ်ကာ ပြာလဲ့သော ကောင်းကင်သည်ပင် ပို၍ ကြည်စင်သွားသလို ထင်လာ မိသည်။

ဆယ်နှစ်ကျော်လုံးလုံး ဇာတ်မြုပ်နေခဲ့သူကို တွေ့ဆုံရန် မောင်အရောက် လာခဲ့ပါပြီ မမနှင်း။ ချောက်ကမ်းပါးထဲမှ မပြည့်စုံမလုံလောက်ရှာသူ ဒုက္ခသည်ကို မြေ ပြင်ပေါ်သို့ ဆွဲတင်ကူမရန် မောင်မတတ်နိုင်သေးသော်လည်း မမနှင်းရင်ထဲမှ သော ကမီးတို့ကို ခဏတာလောက်တော့ ငြိမ်းအေးစေနိုင်ပါလိမ့်မည်။ သံပူပြား

www.facebook.com/NyisayEbookCreator



ပေါ်တွင် ရေတစ်ပေါက်ကျသကဲ့သို့ အငွေ့ပျံလွင့် အရာမထင်နိုင်ပါသော်လည်း ထိုတဒင်္ဂအချိန်ပိုင်းကလေးအတွင်းတွင် မမနှင်းစိတ်ချမ်းသာပျော်ရွှင်ရပါစေမည်။

တစ်လောကလုံးတွင် မောင်တစ်ဦးတည်းသာ ရိပ်မိသလိုရှိသော ဖြေရှင်းရခက်သည့် မမနှင်း၏ဘဝပုစ္ဆာတို့ကိုလည်း ကူညီတွက်ချက်နိုင်ပါလိမ့် မည်ထင်ပါသည်။ ကိုဝေလွင်အား ကူညီရှာဖွေပေးရန် ပျက်ကွက်ခဲ့သည့် မောင့်ကို မမနှင်းအပြစ်မတင်လျှင်သော်မှ မောင်ကတော့ မောင့်ကိုယ်မောင် စွဲချက်တင်ရဦးတော့မည်။ မမနှင်းကတော့ ခွင့်လွှတ်တတ်သူပင်၊ ဖွေမယူတတ် မဥပါဒ်တတ်သူပင်။ မောင်တို့၏ တာဝန်မကျေ မေ့မေ့ပျောက်ပျောက်ပြုမှုတို့အတွက်သာ မမနှင်းကျေ နပ်သည်အထိ တောင်းပန်ရန် မောင်လာခဲ့ပါပြီ မမနှင်း။

စက်ဘီးစီးရင်း နှစ်ဆလောက် ပို၍ အားစိုက်ရသလို ဖြစ်လာမှပင် မောင်သတိထားလိုက်မိသည်မှာ မောင်တို့သွားနေသည့်လမ်းသည် လမ်းချောမြေမာမဟုတ်တော့ဘဲ သဲဖုတ်တို့ အတန်ငယ်ထူသည့် လှည်းလမ်းသာသာ လမ်းကြားကလေး တစ်ခုဖြစ်နေခဲ့ပြီ။

မောင့်ရှေ့ မလှမ်းမကမ်းမှ ကိုသိန်းဇော်သည်ပင် အောက်သို့ဆင်းကာ စက်ဘီးကို တွန်း၍ သွားနေသည်။ အစိမ်းရင့်ရင့် ကန္တာရဆူးခြုံပုတ်များသည် သဲလမ်းကလေး၏ ဘေးတစ်ဖက်တစ်ချက်တွင် ငိုက်မျည်းလျှက်ရှိကြ၏။ ချောင်းကမ်းပါး၏နံဘေးတွင် တဲအိမ်ကလေးများသည် ကြပ်ကုန်းကလေးသဖွယ် စုစုဝေးဝေးရှိကြသည်။ ဝါးနွယ်တန်းကလေးများဖြင့် ခြံခတ်ထားပြီး ဆူးခက်များကာရံထားကြ၏။ တစ်ဖက်ရပ် တဲကလေးများ၊ သက်ငယ်မိုးထရံကာပြီး ဝါးကြမ်းခင်းထားကြတာက များသည်။ အတန်ငယ်တောင့်တင်းပြီး သွပ်မိုးပျဉ်ကာထားသောအိမ်ကလေးများကိုလည်း ကွက်ကြား ကွက်ကြားတွေ့ရ၏။

အပူပိုင်းဒေသဖြစ်၍ မိုးနည်းလှသောကြောင့် သဲချောင်းကြီးမှာ ရေမစီးတာကြာပြီဖြစ်ရာ ချောင်းစပ်မှ စိတ်ချလက်ချဆောက်လုပ်နေထိုင်ကြသော ကျူးကျော်ရပ်ကွက်ကလေးတစ်ခုပင် ဖြစ်၏။

တစ်မြို့တည်းမှာပင် ဖြစ်သော်လည်း ဒီလိုနေရာမျိုးတွေကိုတော့ မောင်အရင်က မရောက်ခဲ့ဖူးပါချေ။ ကိုသိန်းဇော်သည် သပ်သပ်ရပ်ရပ် ဆောက်လုပ်ထားသော နှစ်လုံးတွဲအိမ်ကလေးရှိရာ ခြံဝန်းကလေးတစ်ခုရှေ့တွင် စက်ဘီးကို ဒေါက်ထောက်လျှက်ရှိသည်။ မောင်ကလည်း စက်ဘီးကို မြန်မြန်အားစိုက်တွန်းကာ သူ့အနားတွင် ကပ်၍ ရပ်လိုက်၏။

www.facebook.com/NyisayEbookCreator



"ဟေ့လူ... စက်ဘီးကို သော့ခတ်ဗျ၊ ဒီရပ်ကွက်က မလွယ်ဘူး၊ ခင်ဗျားရဲ့ စပေါ့ဘီးကလေးပါသွားလိမ့်မယ်"

ကိုသိန်းဇော်က မောင့်ကိုသတိပေးရင်း သူ့စက်ဘီးသူလည်း သော့ခတ်လိုက်သည်။ ခြံဝန်းနှင့် အိမ်နှစ်လုံးသည် ကွက်တိဖြစ်အောင်ဆောက်ထား၏။ အိမ်ကလေးနှင့် ခြံဝန်းတံခါးကြားတွင် လူတစ်ယောက်သွားစာသာရှိသည်။ ဝန်းတံခါးမှာ လေးငါးပေသာ ကျယ်ပြီး ရင်စို့လောက်မြင့်သည်။ လုံလုံခြုံခြုံကလေးပင်။

"မရီရီမြင့်... ဗျို့... မရီရီမြင့်"

ဝန်းတံခါးရှေ့တွင် မတ်တတ်ရပ်ရင်း အတွင်းသို့ လှူရိပ်လှူခြေကြည့်ကာ ကိုသိန်းဇော်က အော်ခေါ်လိုက်သည်။

"ဟေ... လာပြီ၊ လာပြီ... ဘယ်သူတွေလဲ မသိဘူး"

အိမ်ထဲမှ အသက်လေးဆယ်ကျော် အမျိုးသမီးတစ်ဦး ထွက်လာကာ အိမ်ပေါ်မှ ဆင်း၍ ဝန်းတံခါးလေးကို ဖွင့်ပေးသည်။

"ဩော်... ဖိုးသိန်းကြီးပါလား၊ ဘယ်က လှည့်လာတာလဲ၊ လာ ဝင် ဝင်"

မောင်တို့နှစ်ယောက်လည်း အိမ်ထဲဝင်ကြမည်အလုပ်တွင် ကိုသိန်းဇော်က မျက်စိတစ်ဖက်မှိတ်ပြရင်း အသာနေ သူကြည့်လုပ်မယ်ဆိုသည့် သဘောဖြင့် မောင့်ကို အချက်ပြလိုက်သည်။

မောင်လည်း ဘာမှ ဝင်မပြောဘဲ အိမ်ကလေးအတွင်းသို့ ဝင်ကာ အစ်မကြီး ခင်းပေးသော မြက်ဖျာပေါ်၌ ထိုင်ရင်း အိမ်ထဲသို့ စူးစမ်းရသည်။ အိမ်ကလေးမှာ ဆယ်ပေပတ်လည် အခန်းနှစ်ခန်းစာသာ ကျယ်ဝန်းပြီး နောက်ဖေးတွင် ထမင်းဟင်းချက်ရန် အဖီကလေးချထား၏။ အိမ်ထောင်ပရိဘောဂ မရှိချေ။ အိမ်ထောင့်တွင် ခေါင်းအုံးနှင့် ခြင်ထောင်များကို လုံးထွေးထားသော အိပ်ယာလိပ်တစ်လိပ်ရှိ၏။ ခြေရင်းရှိ ကြိုးတန်းတွင် ဝတ်လက်စအဝတ်ဟောင်းများ မျက်နှာသုတ်ပဝါများ လွှားထားသည်ကို တွေ့ရသည်။

အစ်မကြီးသည် ရေနွေးကြမ်းအိုးနှင့် ထန်းလျက်ပန်းကန်တို့ကို မောင်တို့ရှေ့တွင် ချတည်ပြီး

"ကဲ... ဆို သိန်းဇော်ကြီး... ဘာကိစ္စရှိလို့ မလာစဘူး အလာထူးရတာပါလိမ့်"ဟု စကားစ၏။

"ဘာရယ်မဟုတ်ပါဘူး မရီရာ ကျွန်တော်တို့နှစ်ယောက် စက်ဘီးလျှောက်စီးရင်း မောပြီး ရေဆာလာတာနဲ့ ကျွန်တော့် အသိအိမ် တစ်အိမ်ရှိတယ် ဆိုပြီး ဝင်လာတာ"

www.facebook.com/NyisayEbookCreator



''အေး… အေး… သောက်ကြပါတော်၊ ဟောဒီမှာ ရေအေးကော ရေနွေးကော ကြိုက်ရာသောက်ပါ။ တို့က ဆင်းရဲသားအိမ်ဆိုတော့ ဖွယ်ဖွယ်ရာရာတွေ ဘာမှမရှိဘူးကွယ်၊ အားနာလိုက်တာ ဟိုဘက်က မောင်လေးလည်း ထန်းလျက်စားပါဦး'' ဟုဆိုကာ မောင့်ဘက်သို့ ထန်းလျက်ပန်းကန်ကို တိုးပေးလေ၏။ မောင်ကတော့ ကိုသိန်းဇော်ကိုပင် စိတ်သိပ်မရှည်ချင်တော့ပေ။ ဒီအိမ်မှာ မမနှင်းရှိပါသလားလို့သာ ပွင့်ပွင့်လင်းလင်း မေးချလိုက်ချင်နေတော့၏။

မောင့်အမူအယာကို ရိပ်မိနေသော ကိုသိန်းဇော်က အသာလက်ကုတ်သဖြင့် မောင်လည်း ဘာမှဝင်မပြောဘဲ ထန်းလျက်တစ်ခဲကို ကောက်၍ မြုံ့နေလိုက်၏။

''မရီကြီး အိမ်ဘက်မလာတာတောင် တော်တော်ကြာပါပြီ၊ အခု ဘာတွေလုပ်နေလဲ''ဟု ကိုသိန်းဇော်က စကားစ၏။

''အေးဟယ် ဖိုးသိန်းတို့ အိမ်ဘက်တောင် အဝတ်လာမလျှော်ရတာကြပါပြီ။ ကြာဆို အလုပ်တွေများနေလို့ ငါ့မောင်ရေ၊ အိမ်ကလည်း ပစ်ထားလို့မရဘူးလေ၊ ခေတ်ကြီးက မကောင်းတော့ဘူး၊ လူမရှိရင် အဝတ်အစားတောင် ဝင်းထရံပေါ် မလှန်းရဲတော့ဘူး၊ ကုန်ပြီသာ မှတ်ပေတော့၊ မရီတို့ အခု ဒိုဘီလုပ်ငန်းလုပ်နေတာလေ၊ မြို့ထဲက အိမ်တွေကိုလှည့်ပြီး အဝတ်အစားအညစ်တွေ စက်ဘီးနဲ့လှည့်ယူ၊ အိမ်မှာ လျှော်ဖွတ်မီးပူတိုက်ပြီး ပြန်အပ်ပေါ့၊ အိုးမကွာ အိမ်မကွာဆိုတော့ မဆိုးဘူးပေါ့ ငါ့မောင်ရယ်၊ အားတဲ့အချိန်ကျတော့ ဆေးလိပ်တံဆိပ်ပတ်တာပေါ့၊ နားရတယ် လည်းမရှိပါဘူး၊ ဒါတောင် ဟိုတစ်လောက ဆန်ဈေးတွေတက်ပြီး ဝက်ကြ၊ ပြတ်ကြတော့ အတွေ့ကြုံရောက်ကြတာ၊ ဖိုးသိန်းတို့အိမ်ကို ခဏခဏ ဆန်လာတောင်းရတာလည်း အားနာလာလို့ တို့တစ်အိမ်လုံး ထမင်းဝေတဲ့ဆီသွားပြီး တန်းစီရသေးတယ်ဟု ရယ်ကျဲကျဲနှင့် ပြောလေသည်။

ကိုသိန်းဇော်ကလည်း ရောယောင်ကာ လိုက်၍ရယ်ရင်း

''ဒါနဲ့ ဟိုဘက်အိမ်ကလေးကကော မရီတို့အိမ်ပဲလား''ဟု စကားထောက်လိုက်၏။

''အေး…ဟဲ့ ငှားထားတာ၊ သားအမိလေးနှစ်ယောက်တည်းမိုလို့ လခတော့ များများစားစားမရပါဘူး၊ ဒါပေမယ့် သူရှိလို့မှ မရီတို့ အဆင်ပြေကြသေးရဲ့၊ အလုပ် အတူတူလုပ်ကြတာလေ၊ ဒိုဘီပေးတဲ့ အဝတ်တွေ လျှော်ကြ၊ မီးပူတိုက်ကြရင် မရီတို့နှစ်ယောက် အတူတူပေါ့၊ သူက အမြင်လည်းရှိတော့ သတင်းစာစက္ကူတွေဝယ်ပြီး ကော်ကပ်၊ စက္ကူအိတ်ကလေးတွေ လုပ်ပြီးတော့ ဈေးဆိုင်တွေ၊ အထည်ဆိုင်တွေကို အိတ်ပြန်သွင်းကြတာ''

www.facebook.com/NyisayEbookCreator



ကိုသိန်းဇော်ကလည်း သရုပ်ဆောင်ကောင်းကောင်းနှင့် ဆက်၍ စကား နှိုက်၏။

''မရီကလည်း... ဘယ်ကဟာတွေမှန်းလည်း မသိပဲနဲ့၊ ပြဿနာလည်း တက်နေဦးမယ်''

''အမလေး... သူက အဲ့လိုအစားထဲက မဟုတ်ပါဘူးဟဲ့၊ အထည်ကြီး ပျက်လားမသိဘူး သန့်လိုက် ပြန့်လိုက်တာလည်းလွန်ရောပဲ၊ မရီတို့ အိမ်နဲ့များ တစ်ခြားစီပါတော်... မနှင်းတဲ့၊ ချင်းတောင်ဘက်ကလို့ ပြောတာပဲ''

မောင့်ရင်ထဲဝယ် သံမဏိမြားတံများ အစင်းပေါင်းသိန်းသောင်းချီ၍ ထိမှန်လိုက်သကဲ့သို့ တဒုတ်ဒုတ် မြည်ဟီးသွားလေသည်။ ထိုအစ်မကြီး ပြောနေ သော စကားသံတို့ကိုပင် မကြားတစ်ချက် ကြားတစ်ချက် ဖြစ်ရ၏၊ ရေနွေးကြမ်း ပူပူကို မမှုတ်ဘဲ သောက်လိုက်မိ၍ အာခေါင်တို့ အပူလောင်ရ၏။ ပန်းကန် ကိုင်ထားသော လက်တို့ မတုန်ယင်အောင် ကြိုးစား၍ ထိန်းချုပ်ရ၏။

ခုနစ်ထွေမျှသော စောင်းကြိုးတို့အပေါ်တွင် ရှပ်ယှက်ခတ်အောင် တို့ထိကစားနေသော ဘဘင်သည်၏ လက်ချောင်းများကဲ့သို့လည်း မောင့်စိတ်တို့ ခါခါလှုပ်လှုပ် ယောက်ယက်ခတ်ရ၏။ လေး၊ ငါး၊ ဆယ်မိနစ် မျှသော အချိန်သည် ကပ်ကမ္ဘာအနန္တပမာ ရှည်ကြာလွန်းလှသည်ဟုပင် ထင်မိတော့သည်။

''မနှင်းက အလုပ်လည်းတအားလုပ်နိုင်တာရယ်၊ မိုးလင်းက မိုးချုပ် ဇယ်စက်သလိုပဲ၊ သူမို့လို့ လုပ်လည်းလုပ်နိုင်တယ်။ မရီတောင် သူ့ကိုကြည့်ပြီး အရင်လို အပျင်းမထူတော့ဘူး''

ရောက်လေရာဘဝမှာ တာဝန်ကျေတတ်သော မမနှင်းကို မောင့်စိတ်ထဲမှ ကျိတ်၍ချီးကျူး လိုက်မိသည်။ မောင်တွေ့ချင်နေပြီ၊ မမနှင်းကို မောင်အမြန်ဆုံးပင် တွေ့ချင်နေလေပြီ။ စကားကြောတွေရှည်နေသော ကိုသိန်းဇော်ကို မောင် မျက် မှောင်ကြုံ့ပြလိုက်၏။ ကိုသိန်းဇော်က ခေါင်းတစ်ချက် အသာညိတ်ပြကာ စကား ဆက်လိုက်သည်။

''ဪ... အဲဒီ သားအမိလည်း မမြင်ပါလား မရီ... အိမ်တံခါးကြီးလည်း သော့ခတ်လို့နော''

''ဪ... သူတို့လား၊ မနေ့ကတင် ချင်းတောင်ကို ပြန်သွားကြတယ် ကွယ့်၊ တစ်ပတ်လောက်ကြာမှ ပြန်ရောက်မယ်ပြောတယ်။ အခုတောင် အလုပ် တွေပုံနေလို့ သူ့ကိုသတိရနေတာ၊ တခြားလူခေါ်တော့လည်း စိတ်မချရဘူး၊ စေတနာ လည်းမပါကြဘူးဟယ်။ ဘုရားသိကြားမလို့ မြန်မြန်ပြန်လာကြပါစေ

www.facebook.com/NyisayEbookCreator



တော်၊ ဩော်… နေကြဦး… နေကြဦး… ကြောင်အိမ်ထဲမှာ ရေစကြိုထန်းသီးမုန့်တွေ ရှိသေးတယ်၊ နေ့လည်ကမှ ဝယ်ထားတာ… စားသွားကြဦး ''ဟုဆိုကာ ထိုင်ရာမှ ထလေ၏။

ကိုသိန်းဇော်လည်း မောင့်ကိုမျက်ရိပ်ပြပြီး

''တော်ပြီ တော်ပြီ မရီ၊ ကျွန်တော်တို့ပြန်တော့မှာ… ဘာမှမလုပ်နဲ့တော့… အိမ်ပြန်နောက်ကျနေမှာစိုးလို့၊ ကဲ သူငယ်ချင်းငါတို့ပြန်ရအောင် မိုးချုပ်တော့မယ်''ဟုဆိုကာ မောင်တို့နှစ်ယောက်လည်း ကျူးကျော်ရပ်ကွက် ကလေးဆီမှ အောင်မြင်စွာ ဆုတ်ခွာလာခဲ့ကြတော့သည်။

မောင်သည် မောပန်းနုံးချိကာ စက်ဘီးနင်းရတာကိုပင် စိတ်မပါသလိုရှိသည်။ အို… မတွေ့ရတော့လည်း ဘာဖြစ်လဲ၊ လိပ်စာသိပြီဆိုတော့ ဘယ်အချိန်လာတွေ့တွေ့ရတာပဲဟု ဖြေသိမ့်ရင်း မောင့်ကိုယ်မောင် အားတင်းရသည်။

ဆည်းဆာ၏ မှောင်ရီဖြိုးဖျ အလင်းစတို့အောက်ဝယ် မမနှင်းတို့နေထိုင်သည့် ကျူးကျော်ရပ်ကွက်ကလေးသည် တစ်ဖြည်းဖြည်း ဝေး၍ကျန်နေရစ်ခဲ့တော့၏။

www.facebook.com/NyisayEbookCreator

# အခန်း (၁၅)

ဘဝဇာတ်ဆရာသည် ကံကြမ္မာဖဲချပ်တို့ကို ရုတ်တရက် မှောက်လှန်ပစ်တတ်၏။ အနည်းအများ မညီမျှသော ဂဏန်းအပွင့်တို့အား ထိုးသားတို့ မျက်စိလည်အောင်ရောထွေးမွှေနှောက်၍ မျက်စိရှေ့မှာပင်ကျွမ်းကျင်စွာ ထင်မှားခြောက်ခြားစေတတ်၏။ ရှစ်ဆယ့်ကိုးခုနှစ် အာဇာနည်နေ့မတိုင်ခင် သုံးရက်အလို ဖြစ်သော ဇူလိုင်လဆယ့်ခြောက်ရက်သည်ကား အချိုးအကွေ့ကြမ်းတမ်းလှသော မောင့်ဘဝခရီးလမ်းဝယ် လမ်းချော်ကာ ချာချာလည်သွားစေအောင်ပင် ထင်ထင်ရှားရှားရှိလှချေ၏။

ထိုနေ့နံနက်ခင်းမှာ ကြည်ကြည်လင်လင် ပွင့်ပွင့်လင်းလင်းမရှိလှပေ။ ကောင်းကင်ပြင်တစ်ခုလုံး မိုးတိမ်တို့ ထူထပ်စွာ မှိုင်းညို့လျက် အုံ့ပျဝေရီသည်။ လေငြိမ်သဖြင့် အိုက်စပ်စပ်ဖြစ်ကာ ချွေးအတန်ငယ် စို့ချင်၏။ အညာမိုးဦးကား ရှားနိုင်ခဲလှသည်။ ''တစ်ကြော့နှစ်ကြော့ထပ်ခါဆို မြက်ခြောက်ဟာစ်လို့ငို''ဆိုသည့်အတိုင်း နေရာတိုင်းလိုလိုတွင် ခြောက်သွေ့ပူလောင်မှုက မင်းမူသည်။

မောင်သည် နေ့လည်စာ စားပြီးကတည်းက ပက်လက်ကုလားထိုင်တွင် ထိုင်ကာ ဆရာ့ဂုန်တာရာ၏ ကြာပန်းရေစင်ဝတ္ထုကို ဖတ်ရင်းဖိမ်ကျနေသည်မှာ အတော်ပင် ကြာသွားလေ၏။

မျက်စိတို့ညောင်းညာလာသဖြင့် စာဖတ်တာကို ခဏနားလိုက်သည်။ တစ်ချက်နှစ်ချက်အပျင်းကြော ဆန့်လိုက်ပြီး ဟိုးအဝေးကြီးက အကိုင်းအခက်များ တောင့်တင်းဝေဆာဆဲ ဖြစ်သော ထနောင်းပင်အိုကြီးကို ငေးမောနေလိုက်၏။ ပြီးမှ ကိုသိန်းဇော်ကို သတိရကာ အပြင်ထွက်ဦးမှပဲဟု စိတ်ကူးရမိသည်။

www.facebook.com/NyisayEbookCreator



စွပ်ကျယ်ပေါ်တွင် ရှပ်အင်္ကျီကို ထပ်ဝတ်လိုက်ပြီး စက်ဘီးတစ်စီးနှင့် ကိုသိန်းဇော်တို့ အိမ်ဘက်ဆီသို့ ခြေဦးလှည့်လိုက်၏။ အနောက်ဘက်တစ်ခွင်လုံး အနီရင့်ရင့်တိမ်ရောင်တို့ စိုးမိုးလျက်ရှိရာ ညနေစောင်းလျှင် လေနီကြမ်းတိုက်မလား ဟုပင် ထင်ရလေသည်။

ကိုသိန်းဇော်တို့အိမ်သို့ရောက်လျှင် သူ့အမေက "မောင်မောင်ပါလား၊ သား ခဏလေးထိုင်စောင့်လိုက်ဦးနော်၊ အန်တီ သိန်းဇော်ကို ကိစ္စလေးတစ်ခု ခိုင်းလိုက်လို့၊ အခုပဲပြန်လာတော့မှာပါ။ ဧည့်ခန်းထဲမှာ သံပုရာရည်လေး သောက်ရင်း ထိုင်ဦးနော်၊ သိန်းဇော်ကလည်း သူ့သူငယ်ချင်းလာရင် ပြောစရာရှိလို့ စောင့်နိုင်းထားပါဦးလို့ အန်တီ့ကို မှာထားတာ" ဟု ပြောလေသည်။

သူ၏ ခဏကလေးမှာ တစ်နာရီလောက်ပင်ကြာ၏။ မောင်လည်း လုပ်စရာ ထွေထွေထူးထူးကိစ္စမရှိသည်နှင့် မဂ္ဂဇင်းတစ်အုပ်ကောက်လှန်ရင်း စောင့်နေလိုက်သည်။ ညနေခြောက်နာရီလောက်မှပင် ကိုသိန်းဇော်သည် အပြင်မှ စက်ဘီးတစ်စီး ဖြင့်အမောတစ်ကောပြန်ရောက်လာသည်။

"ဟာ... ရာလိုက်ရတာ မောင်မောင်ရာ၊ ငါမင်းကို တစ်မြို့လုံးပတ်ရှာ နေတာကွ၊ လက်စသတ်တော့ မင်းက ငါ့အိမ်ရောက်နေတာကိုး"

ကိုသိန်းဇော်သည် အလွန်အရေးကြီးသည့်ပုံစံဖြင့် စက်ဘီးကို ပစ်ထားခဲ့ ကာ မောင့်လက်ကိုဆွဲ၍ သူ့အခန်းထဲသို့ ခေါ်၏။

"လာကွာ... အပြင်မှာ ပြောလို့မကောင်းဘူး၊ ငါ့အခန်းထဲသွားရအောင်"

မောင်တို့နှစ်ယောက် သူ့အခန်းထဲသို့ ရောက်ကြလျှင်

"မောင်မောင်... ရန်ကုန်မှာရော မန္တလေးမှာပါ ဖမ်းတာဆီးတာတွေ တအားများနေတယ်တဲ့၊ ရှစ်ဆယ့်ရှစ်နောက်ပိုင်း ဆက်လှုပ်ရှားနေသေးတဲ့ သူတွေ ကို ရွေးဖမ်းတာလို့ ကြားတယ်။ မနေ့ညက မန္တလေးက ငါ့မိတ်ဆွေ တချို့တောင် အဆွဲခံရတယ်တဲ့ကွာ၊ မင်းလည်း သတိဝီရိယနဲ့နေနော် ဟော့ကောင်"

ကိုသိန်းဇော်က မောင့်ကို စိတ်အရမ်းပူနေသော်လည်း မောင့်အတွက်တော့ သိပ်မထူးသလိုပါပင်

"ဖမ်းတာကတော့ဗျာ၊ ကိုပေါ်ဦးတို့လည်း မတ်လကတည်းက ပါသွား တာပဲ၊ တစ်နိုင်ငံလုံးနေရာတိုင်းမှာ ဖမ်းချင်ဖမ်းနေတာကြာတာပဲဟာကို၊ ကျွန်တော့် အတွက်တော့ သိပ်စိတ်မပူပါနဲ့ ကိုသိန်းဇော်ရာ၊ ကျွန်တော့်က ဒီမြို့မှာ ဘာလှုပ်ရှားမှု မှ ရှိတာမဟုတ်ပါဘူး၊ ရန်ကုန်၊ မန္တလေးတို့မှာ လုပ်ခဲ့တာတွေလည်း ဒီမြို့က ဘယ်သူမှ မသိကြပါဘူး"ဟု သူ့အား သိပ်စိတ်မပူရန် ရှင်းပြရသည်။

www.facebook.com/NyisayEbookCreator



"အေးကွာ ဒါပေမယ့်... မင်းအပြင်တွေလည်း သိပ်ထွက်မနေနဲ့၊ ကိုယ့်အိမ်ထဲမှာပဲ ကိုယ်နေ၊ ပျင်းရင်ငါလာလည်မှာပေါ့၊ မိုးမပြိုဘူးဆိုပေမယ့် ပြိုခဲ့သည်ရှိသော် ပေါ့ကွာ၊ သူတို့နဲ့တော့ ထိပ်တိုက်သွားမတွေ့နဲ့ဟေ့၊ သူတို့က လွယ်တာ မဟုတ်ဘူး၊ ဒေါ်အောင်ဆန်းစုကြည်ကိုတောင် ခနဖြုံမှာ ပစ်မယ် ခတ်မယ် လုပ်ကြသေးတာ၊ ဆိုးပါတယ်ကွာ"

ကိုသိန်းဇော်သည် ရင်ပူလာသဖြင့် ရေတစ်ခွက်ထသောက်ပြီး မောင့်ဘေးတွင်လာထိုင်ကာ ရောက်တတ်ရာရာ ပြောကြဆိုကြသည်။

တရုတ်ပြည် တိန်အန်မင်အရေးအခင်းတွင် ကျောင်းသားများ အဖြိုခွဲခံလိုက်ရသည့် အကြောင်း၊ နိုင်ငံရေးပါတီများ အကြောင်း၊ ဦးလေးဦးဝင်းတင် အထိန်းသိမ်းခံလိုက်ရသည့်အကြောင်း... စသည်ဖြင့် စကားစ တော်တော်နှင့် ဖြတ်၍ မရပေ။ များသောအားဖြင့် မောင်တို့နယ်မြို့ကလေးတွေမှ လူတို့သည် ရန်ကုန်အရေးအခင်းအကြောင်း အလွန်စိတ်ဝင်စားကြရာ မောင်ကလည်း တဖွဲ့တနွဲ့ ပြောပြရ၏။

"ဟေ့ကောင် မောင်မောင်... ရွှေတိဂုံဘုရား အနောက်ဘက်မုခ်မှာ ဒေါ်အောင်ဆန်းစုကြည် လူထုတရားပွဲကျင်းပတော့ မင်းတို့ ဘယ်နားက နားထောင်ရလဲကွ"ဟု မေးလေသည်။

"အစက သိမ်ဖြူကွင်းဘက်မှာ စဉ်ကြတာဗျာ၊ နောက်တော့မှ ရွှေတိဂုံဘုရားဘက်ပြောင်းလိုက်တာ၊ ကြိုတင်ပြီးမြို့ထဲမှာ တရားပွဲအကြောင်း ကြော်ငြာတွေ လိုက်ကပ်ရတာဗျ၊ တရားပွဲစတော့ ကျွန်တော်တို့က အမေစုရဲ့ နောက်ဘက်မှာ ကျွန်တော်ရယ် ကိုဌေးမောင်ရယ်ပေါ့။ ကျွန်တော်တို့လည်း အလုပ်တွေရှုပ်နေလို့ အမေစု ဘာပြောသွားသလဲတောင် ကောင်းကောင်းမကြားလိုက်ရပါဘူးဗျာ၊ လူတွေကတော့ တဖွဲဖွဲလာလိုက်ကြတာ တစ်မြို့လုံးကလူတွေ မကျန်တော့သလောက်ပဲ၊ လူပင်လယ်ကြီးလိုတောင်ဖြစ်နေတာ၊ အသံတွေကလည်း တအုံးအုံးနဲ့ တော်တော်နဲ့ကို မငြိမ်နိုင်ကြဘူး၊ လုံခြုံရေးတာဝန်ယူထားတဲ့ ကျောင်းသားတွေက စည်းကမ်းရှိပါ၊ စည်းကမ်းရှိပါ ဆိုပြီးသံပြိုင် အော်ရတယ်၊ အဲဒီကျမှ နည်းနည်းငြိမ်သွားတယ်၊ ကျွန်တော်တို့ကတော့ မြင်ကွင်းတစ်ခုလုံးကို အပေါ်စီးက အကုန်မြင်ရတယ်။ လူထုကြီးကို ကြည့်ရတာလည်း ကြက်သီးထစရာပါဗျာ၊ မျက်ရည်တောင် စို့မိတယ်၊ တချို့ မိန်းကလေးတွေဆို စိတ်လှုပ်ရှားလွန်းလို့ မူးမေ့လဲကုန်ကြတာတောင် ရှိတယ်။

ဘုရားပေါ်ကနေ တရားဟောတဲ့ စင်ဘက်ကိုဝင်တဲ့ မုခ်တံခါးက ပိတ်ထား

www.facebook.com/NyisayEbookCreator



တာဗျ၊ ကျွန်တော်နဲ့ ကိုဌေးမောင်က အဲဒီတံခါးနားမှာ ရပ်နေကြတာ၊ နောက်တံခါးကလည်း ပြဿနာနဲ့ဗျ သိလား၊ လူကြီးနှစ်ယောက် ပြဿနာဖြစ်နေကြတာ ဘယ်သူမှတောင် မသိလိုက်ကြဘူး''

''ဟေ... ဟုတ်လား ဘယ်သူတွေတုန်းကွ၊ လုပ်စမ်းပါဦး''

''ကျွန်တော်တို့ လေးစားရတဲ့ စာရေးဆရာကြီး တစ်ယောက်ပါဗျာ၊ ကျွန်တော်တို့ အထက်တန်းလား၊ အလယ်တန်းလား ကျောင်းသားဘဝတုန်းက မြန်မာစာစကားပြေလက်ရွေးစင်ထဲမှာတောင် သူ့စကားပြေပါသေးတယ်''

စကားပြေကောင်းလွန်းလို့ ကျွန်တော်ငယ်ငယ်က အထပ်ထပ်အခါခါ ဖတ်ခဲ့ရတာ၊ အဲဒီဆရာကြီးက ရွှေတိဂုံဘုရား ရင်ပြင်တော်ပေါ်ကနေပြီး ကျွန်တော်တို့ရှိနေတဲ့ အနောက်ဘက်မုခ်တံခါးကနေ တရားဟောစင်ဘက်ကို လာချင်တယ်၊ သူလည်း ကြည့်ချင်လို့၊ ပူးပေါင်းဆောင်ရွက်ချင်လို့ပေါ့နော၊ မျက်မှန်ထူထူနဲ့၊ လွယ်အိတ်ဖောင်းဖောင်းကြီး လွယ်လို့၊ ဘာဂျာတံခါးက လုံခြုံရေးအတွက် သော့ခတ်ပြီး ပိတ်ထားတော့ ဆရာကြီး ဝင်လို့မရဘူး ဖြစ်နေတယ်။ ကျွန်တော်တို့ ဘေးမှာလည်း တိုက်ပုံအင်္ကျီအဖြူကို ကော့နေအောင်ဝတ်ထားတဲ့ အရပ်ခပ်ပြတ်ပြတ် အသားလတ်လတ် လူကြီးတစ်ယောက်ရှိတယ်''

အဲဒါဟိုစာရေးဆရာကြီးက တိုက်ပုံအဖြူနဲ့ ဦးလေးကြီးကို

''ကျွန်တော်စာရေးဆရာတက္ကသိုလ် --- ပါ၊ တံခါးလေး သော့ဖွင့်ပေးလို့ ရမလားဆိုပြီး ခွင့်တောင်းတယ် ''

ဒီဘက်က တိုက်ပုံအဖြူနဲ့ လူကြီးကလည်း ''ဟုတ်ကဲ့ လုံခြုံရေးအတွက် ပိတ်ထားပါတယ်၊ အပြင်လူတွေ ဘယ်သူမှဝင်လို့မရပါဘူး၊ ဖွင့်ပေးလို့မရပါဘူး၊ ကျွန်တော် စာရေးဆရာ သခင် --- ပါတဲ့''

အဲဒီလိုလည်း ပြောလိုက်ရော ဝင်ခွင့်မရတဲ့ စာရေးဆရာကြီးဒေါပွသွားလိုက်ပုံကို ခင်ဗျား မြင်စေချင်တယ်။

''တောက်... ခေတ်အဆက်ဆက် ဗဟိုကော်မတီဝင် လုပ်စားလာတဲ့ လူကများ၊ ငါ့ကို ဒီလိုအပြောခံရတယ်၊ ဆိုပြီးဗျာ စိတ်တွေတိုနေတော့တာ၊ ကျွန်တော်တို့လည်း လစ်ထွက်ပြီး သော့ကိုင်တဲ့သူကို ရှာပြီးမေးတော့ ဟုတ်တယ်တဲ့ အဲဒီစာရေးဆရာကြီးကို သူသိတယ်ဆိုတာနဲ့ အသာလေး သော့ဖွင့်ပေးလိုက်ဖို့ ပြောရတယ်''

မောင်ကတော့ ထိုအကြောင်းတွေကို ပြောရလျှင် မောတယ်မရှိပေ။ မောင်တို့ စကားကောင်းနေကြသည်မှာ နေဝင်မိုးချုပ်၍ မှောင်စပျိုးချိန်သို့ တိုင်တော့သည်။

www.facebook.com/NyisayEbookCreator



''ကဲ... ကျွန်တော်ပြန်တော့မယ်ဗျာ··· ကိုသိန်းဇော်။ သြော် ဒါနဲ့ ဟိုဒိုဘီလုပ်ငန်းလုပ်တဲ့ မရီရီမြင့်နဲ့ရော ခင်ဗျားနဲ့တွေ့သေးလား''ဟု မောင်က စကားမစပ် မေးလိုက်၏။

''သြော်... အေး၊ မင်း မမနှင်းဆိုတာ ရောက်နေပြီလားတောင် မသိဘူး၊ မနေ့က မရီငါတို့အိမ်လာတော့ ပြောနေသံကြားတယ်။ ဒီနေ့တော့ မိုးချုပ်နေပါပြီကွာ၊ မနက်ဖြန်ညနေမှ ငါတို့သွားကြရအောင်၊ အေးအေး... ကောင်းကောင်း ပြန်နော် သူငယ်ချင်း '' ဟုဆိုကာ မောင့်ကို နှုတ်ဆက်လေ၏။

မောင့်အိမ်အပြန်ခရီးမှာ သွက်လက်ပေ့ါပါး ၍နေသည်။ အကြာကြီးထိုင် စကားပြောနေရ၍ အိုက်စပ်နေရာမှ စက်ဘီးကို သွက်သွက်နင်းလိုက်သောခါ လေတဖြူးဖြူးနှင့် အေးသွားကာ အရသာရှိလှသည်။ မနက်ဖြန် မမနှင်းဆီ သွားရတော့မှာမို့လည်း ပါသည်လေ။

ကိုသိန်းဇော်တို့ အိမ်နှင့် မောင်တို့အိမ်မှာ မြို့တောင်ဖျားနှင့် မြောက်ဖျားဖြစ် နေသည်မို့ နာရီဝက်နီးနီးစက်ဘီးနင်းရရာ အိမ်ပြန်အရောက်တွင် ခုနှစ်နာရီထိုးနေပေပြီ။

ခရီးရောက်မဆိုက်ပင် မမမှူးရွှေရည်က

''ဟဲ့... မောင်လေး... ဘယ်တွေလျှောက်သွားနေတာလဲ၊ အခုပဲ မောင့်ဆီကို ဖုန်းလာလို့ မမ ဖုန်းကိုင်လိုက်တယ်၊ ဘယ်သူလဲလို့ မေးတော့လည်း မပြောဘူး၊ မောင့်သူငယ်ချင်းပါ၊ အရေးကြီးလို့တဲ့''

''ဟုတ်လား... ဘာတွေပြောသွားသေးလဲ မမ''

''မောင်မောင် ခရီးမထွက်သေးဘူးလားတဲ့၊ အောင်ကျော်ဆန်းနဲ့ သန့်ဇင်တော့ နေ့လည်ကပဲ ဆွမ်းကျွေးသွားကြတယ်တဲ့''

''ဗျာ''

မောင့်နှလုံးခုန်သံတို့ ဒိတ်ခနဲရပ်တန့်သွားကြပြီထင်သည်။ မောင်သိလိုက်ပြီ၊ ကိုအောင်ကျော်ဆန်းနှင့် ကိုသန့်ဇင်တို့ အဆွဲခံလိုက်ကြရပြီ။ သူတို့မှာ မောင်တို့နှင့် တစ်မြို့ထဲနေကြသော အစ်ကိုကြီးများ ဖြစ်ပြီး ရန်ကုန်၊ မန္တလေးတို့၌ အတူတူလှုပ်ရှားခဲ့ကြသူများဖြစ်ရာ သူတို့ပြီးလျှင် မောင့်အလှည့်ရောက်တော့မည် ဖြစ်ပေသည်။

မောင့်မှာ တွေဝေချိန်၊ တုန့်ဆိုင်းနေချိန်မရှိတော့ပေ။ ယခုချက်ချင်းပင် မောင်ခရီးထွက်ရတော့မည်။

''မမ... မမမှာ လောလောဆယ် ပိုက်ဆံဘယ်လောက်ရှိလဲ''မောင် မေးသည်ကို မမက ကြောင်ကြည့်နေသဖြင့်

www.facebook.com/NyisayEbookCreator



"မမဆီ ခုနဖုန်းဆက်တာ အဲဒီအစ်ကိုကြီးနှစ်ယောက် အဖမ်းခံလိုက်ရပြီလို့ ပြောတာမမ၊ မောင့်ကိုလည်း ဒီနေ့ပဲ လာဖမ်းကြလိမ့်မယ်ထင်တယ်၊ မောင်အိမ်ပြန်မလာသေးလို့ စောင့်နေကြတာနေမှာ... မမမှာရှိတဲ့ ပိုက်ဆံမောင့်ကို ခဏပေးထားဦး၊ မောင်ယူစရာရှိတာ ယူလိုက်ဦးမယ်"

မောင်သည် ဗီရိုကိုဖွင့်၍ အဝတ်အစား တစ်စုံနှစ်စုံနှင့် မှတ်ပုံတင်တို့ကိုထုတ်ကာ မမပေးသော ပိုက်ဆံကိုလှမ်းယူလိုက်သည်။

"မောင်က... မောင်က ဘယ်သွားမှာလဲ"

မမမှုန်ရွှေရည်က တုန်တုန်ယင်ယင်ဖြင့် မေးရှာသည်။

"လောလောဆယ်တော့ ဘယ်သွားရမှန်း မသိသေးဘူး မမ။ မောင်မနက်ဖြန်လောက်မှ တစ်ယောက်ယောက်ကို လွှတ်ပြီး အခြေအနေ ကြည့်ခိုင်းလိုက်မယ်၊ မောင့် အခန်းထဲက စာအုပ်တွေကို ဂုန်နီအိတ်တစ်လုံးထဲထည့်ပြီး ဆန်အိတ်တွေကြားထဲ ထပ်ထားလိုက်ပါ။ ဖေဖေနဲ့ မေမေ့ကိုလည်း အကျိုးအကြောင်း ရှင်းပြပြီး အိမ်ဖြေမပျက်နေပါလို့၊ ဘာမှ စိတ်မပူဖို့လည်း ပြောလိုက်ပါ။ မောင့်ပြဿနာ မောင်ရှင်းပါ့မယ်၊ အိမ်ရှေ့က ဝင်းတံခါးကြီးကိုလည်း ပိတ်လိုက်တော့ မမ။ မောင်အိမ်ပြန်ရောက်ပြီဆိုတာ သိရင် သူတို့လာတော့မှာ။ မလာရင်လည်း စောင့်ကြည့်နေကြမှာ၊ မောင်နောက်ဖေးပေါက်ကနေ သုံးလေးအိမ်ကျော်ပြီးမှ ဟိုဘက်လမ်းက ကွေ့သွားတော့မယ်၊ မောင်သွားပြီ မမ"

မောင်သည် အဝတ်အစားကိုပင်မလဲတော့ဘဲ အဝတ်အစားနှစ်စုံထည့်ထားသော ပလပ်စတစ်အိတ်ကို ဆွဲ၍ နောက်ဖေးမလွယ်ပေါက်မှ ဟိုဘက်အိမ်သို့ ကူးလိုက်သည်။

မောင်တို့ရပ်ကွက်မှာ ခြံကျယ်ဝန်းကျယ်ကြီးများဖြစ်ကြပြီး တစ်အိမ်နှင့်တစ်အိမ်ကူးလူးဆက်ဆံကြရန် မလွယ်ပေါက်များထားကြရာ နောက်ဖေးမလွယ်ပေါက်များကိုဖြတ်၍ သုံးလေးခြံကျော်လိုက်လျှင် ဟိုးခပ်ဝေးဝေးမှ လမ်းသွယ်လေးဆီသို့ ပေါက်လေတော့သည်။ လမ်းသွယ်ကလေးပေါ်သို့ရောက်လျှင်

"မောင်မောင် မင်းဘယ်သွားရင် ကောင်းမလဲ "ဟု မိမိကိုယ်ကို မေးခွန်းထုတ်ရ၏။

သူငယ်ချင်းတွေအိမ်ကတော့ သွားလို့မဖြစ်တော့ပေ။ မောင့်သူငယ်ချင်းအများစုမှာလည်း မောင်တို့လိုတက်ကြွလှုပ်ရှားသူများဖြစ်ရာ အဆွဲခံရသူအဆွဲခံရ၊ ပုန်းရှောင်သူရှောင်ရ ဖြစ်တော့မည်မှာမလွဲပေ။

လမ်းမှာ အသိမိတ်ဆွေတွေနှင့် မတွေ့အောင်လည်း သတိထားရ၊ ယူနီ

www.facebook.com/NyisayEbookCreator



ဖောင်းဝတ်များကိုလည်း မျက်စိရှင်ရှင်နှင့် ကြည့်ရဖြစ်နေသဖြင့် မောင်သည် လမ်းသွယ်ကလေးပေါ်မှဆင်း၍ မောင်တို့ငယ်ငယ်က ဘောလုံးကန်ကြရာ ချောင်းကလေးထဲသို့သွားသောလမ်းကို ရွေးချယ်လိုက်သည်။ ချောင်းမှာ အညာဒေသမှ ချောင်းကောဖြစ်၍ ရေတစ်စက်မှမရှိပေ။ သဲတဖွေးဖွေးနှင့် မြေကျစ်ဆံခဲတို့ပင် ရောနှော၍ နေကြပြီ။

ချောင်းရိုးအတိုင်း လျှောက်သွားလျှင် အတော်ဝေးဝေးတစ်နေရာ၌ မြို့ထဲဘက်သို့တက်သည့် လမ်းများရှိသည်။ အဲဒီကမှ ဘူတာရုံသို့သွားကာ မီးရထားစီးမည်။ မှတ်ပုံတင်ပြပြီး လက်မှတ်ဝယ်စရာမလိုပါ၊ အထက်တန်းတွဲမှ တွဲစောင့်ကို ပိုက်ဆံပိုပေးပြီး အရင်ကလည်း မောင်တို့ စီးနေကြဖြစ်သည်။

မောင်သည် ဖိနပ်ကိုချွတ်၍ ခါးကြားထိုးလိုက်ပြီး ချောင်းရိုးတစ်လျှောက် ခပ်သုတ်သုတ်လျှောက်ခဲ့သည်။ ချောင်းပြင်မှာ အတော်ပင်ကျယ်လာသဖြင့် လမ်းပေါ်မှကြည့်လျှင် လူလုံးမကွဲလှပေ။ သဲပြင်ပေါ်ဝယ် ဖိနပ်မပါဘဲ လမ်းလျှောက်ရသဖြင့် ခြေဖဝါးတို့ အေးမြမြ ရှိသော်လည်း တဒိတ်ဒိတ်တိုးနေသော နှလုံးခုန်သံက မောင့်တစ်ကိုယ်လုံးကို ခြောက်ခြားပူလောင်စေသည်။

ရန်ကုန်ရောက်လျှင် မောင်သွားရမည့်နေရာတို့ကို တန်းစီ၍ စဉ်းစားလိုက်၊ ပယ်ချလိုက်ဖြင့်လည်း တထိတ်ထိတ် ရင်မောရသည်။ ဒီလောက်အဖမ်းအဆီး သတင်းတွေကြားနေပါလျက်နှင့် စောစောစီးစီးရှောင်မနေဖြစ်ခဲ့သော မောင့်ကိုယ်မောင်လည်း ဒေါသဖြစ်မိသည်။

မောင့်ပေါ့လျော့ဒဏ်ကို ယခု မောင်ခံစားနေရလေပြီ။

တိမ်ညိုမှိုင်းတို့ တဖြည်းဖြည်းလွင့်ပါးရာမှ လရောင်က ဖွေးခနဲလက်၏။ လကလည်း မသာစေချင်မှ သာလည်း သာနိုင်လွန်းသည်။ လရောင်ဖွေးဖွေး၊ သဲဖွေးဖွေးဝယ် မောင့်မျက်နှာတို့ကား ရဲတွတ်၍ နေသည်။

ဒုတိယကမ္ဘာစစ်အတွင်းက လသာမှာကို ကြောက်ခဲ့ကြသော စစ်ပုန်းသူများအား မောင်သတိရမိ၏။ မေမေကြီး ပြောခဲ့ဖူးသော စစ်ပြေးတုန်းက အကြောင်းရေးစကားတွေကိုပင် မောင်အမှတ်ရလာသည်။ ဂျပန် လေယာဉ်ပျံတွေ ဗုံးလာကြဲတဲ့ ညတွေဆိုလျှင် လသာမှာကို သေလုအောင်ကြောက်ကြကြောင်း၊ လူမပြောနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပင် အသံမထွက်ဘဲ သစ်ပင်ကြီးများကို လှည့်ပတ်၍ ပုန်းတတ်ကြကြောင်း နှိုက်နှိုက်ချွတ်ချွတ် ပြောပြတတ်သည့် ဟိုဘက်အိမ်က မေမေကြီးကို မောင့်မျက်လုံးထဲတွင် မြင်ယောင်လာမိသည်။

အို... မေမေကြီး ဆိုပါမှ မောင့်ခေါင်းထဲတွင် လက်ခနဲ အကြံတစ်ခု

www.facebook.com/NyisayEbookCreator



ရလိုက်၏။ ကြည့်စမ်း... မောင် မမနှင်းကို မေ့နေခဲ့သည်ပဲ။ ဟုတ်သည်၊ မောင်သည် ခြောက်ခြားသော စိတ်တို့ဖြင့် မမနှင်းကို မေ့နေခဲ့သည်။

ယခုလိုအချိန်တွင် တစ်ရက်၊ နှစ်ရက် ပုန်းအောင်းပြီးမှ ခရီးထွက်ဖို့ ပြင်လျှင် ပို၍သင့်တော်လိမ့်မည်။ သဘော်ဆိပ်၊ ကားဂိတ်၊ ဘူတာရုံတို့လို နေရာမျိုးတွင် မောင်တို့ကို ရှာဖွေနေကြသူတွေ သေချာပေါက်ရှိနေကြမည်ဆိုတာကို မောင်ခုနအထိ မတွေးမိခဲ့ပေ။

ယခုလို အချိန်မျိုးတွင် မမနှင်း၏ အိမ်လောက် မောင့်အတွက် လုံခြုံစိတ်ချရမည့် နေရာမရှိတော့ချေ။ မောင်နှင့်မမနှင်းအား ဆက်စပ်တွေးကြည့်မည့်သူလည်း မရှိနိုင်ပေ။ မောင်ခဏတာ ခိုနားရန် အကောင်းဆုံး နေရာမှာ မမနှင်း၏ အိမ်ပင်ဖြစ်ပေလိမ့်မည်။

မမနှင်းတို့ အိမ်သို့ သွားရန်အတွက်ကား မောင်လမ်းလွဲစရာ မလိုတော့ပါချေ။ ချောင်းရိုးကလေးအတိုင်း ဆက်လျှောက်သွားလိုက်ရုံသာ၊ မြို့အစွန်သို့ ရောက်လျှင် မမနှင်းတို့ နေထိုင်ကြသော ကျူးကျော် ရပ်ကွက်ကလေးသည် ယခုမောင်လျှောက်လှမ်းနေသော ချောင်းရိုးကလေး၏ နံဘေးမှာပင် တည်ရှိနေသည် မဟုတ်ပါလား။

ဆုံးဖြတ်ချက်ကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပြီဖြစ်၍ တစ်ည တည်းခိုရန်အတွက်တော့ မောင့်စိတ်ထဲပေါ့ပါးသွက်လက်သွားရသည်။ နာရီဝက်လောက် လမ်းထပ်လျှောက်လိုက်သည်နှင့် မီးရောင်ဝါဝါကလေးများ မှိတ်တုတ်မှိတ်တုတ် လင်းနေသော မမနှင်းတို့ ရပ်ကွက်ကလေး၏ အစွန်သို့ မောင်ခြေချမိတော့သည်။

လက်လုပ်လက်စားတို့ နေထိုင်ရာ ရပ်ကွက်ဖြစ်သဖြင့် ညနေမိုးချုပ်မှ အလုပ်က ပြန်လာကြသည်ဖြစ်ရာ ယခုလိုအချိန်မျိုးမှာပင် ချက်ပြုတ်စားသောက်ကြရသဖြင့် ယခင်မောင်တို့လာတုန်းကလို ခြောက်ခြောက်သွေ့သွေ့မဟုတ်ဘဲ လူသူလေးပါးအသံတို့ဖြင့် စိုစိုပြည်ပြည်ရှိသည်။

လျှပ်စစ်မီတာရှိသည့် အိမ် လေး၊ ငါး၊ ဆယ်လုံးမှ ထပ်ဆင့်ပွား၍ ထွန်းထားသော မီးလုံးကလေးများမှာ တစ်အိမ်လျှင် တစ်လုံးနှစ်လုံးသာ ခရမ်းချဉ်သီး ကလေးများကဲ့သို့ နီကျင့်ကျင့် မှုန်ပျပျမြင်ရသည်။ လမ်းမီးတိုင်မရှိသောကြောင့် မောင့်အတွက် မှောင်ရိပ်ခို၍ လျှောက်နေစရာ မလိုတော့ပေ၊ အဆင်ပြေလှ၏။

မမနှင်းတို့ နေသော အိမ်ကလေးနားသို့ ရောက်လျှင် လှုပ်ရှားနေသော မောင့်စိတ်တို့ကို တည်ငြိမ်အောင် ကြိုးစားထိန်းရင်း လမ်း၏ တစ်ဖက်ခြမ်းမှ မမနှင်းတို့အိမ်ကလေးကို မောင်ရပ်ကြည့်နေမိသည်။ မမနှင်းတို့ ငှားနေသော

www.facebook.com/NyisayEbookCreator



အိမ်ကလေးသည် ပြတင်းပေါက်ပါမကျန် တံခါးတွေအကုန်ပိတ်ထားသော်လည်း အိမ်ထဲတွင် မီးတစ်ပွင့် လင်းနေသည်ကို တွေ့ရသဖြင့် မောင်အားရှိသွားသလို ခံစားရသည်။

မရီရီမြင့်တို့ အိမ်ဘက်ကတော့ လှုပ်လှုပ်ရှားရှား ရှိသည်ပင်။ ကလေးနှစ်ယောက်မှာ အိမ်ရှေ့ ကွက်လပ်တွင် ဆော့၍နေသည်။ အိမ်ထဲမှာလည်း လှုပ်ရှားသွားလာနေသော လူရိပ်လူခြေတွေ့ရ၏။ မောင့်ကိုယ်မောင် တစ်ချက်အားတင်းလိုက်ရင်း မရီရီမြင့်တို့ အိမ်ဘက်သို့ မောင်လျှောက်လာခဲ့၏။ ဆော့ကစားနေသော ကလေးများသည် ကစားနေတာကိုရပ်လိုက်ရင်း မောင့်ကိုရပ်ကြည့်နေကြသည်။

"ကလေး... မရီရီမြင့်ရှိသလားကွ"

မောင့်မေးခွန်းဆုံးသည်နှင့် ကလေးတစ်ယောက်က လှမ်းအော်သည်။

"အမေရေ အိမ်ရှေ့မှာ ဧည့်သည်လာနေတယ်"

ပြီးလျှင် သူတို့နှစ်ယောက် ဆက်၍ ကစားနေကြ၏။

"ဪ... ဒီဘက်က ကလေးက မရီရီမြင့်ရဲ့ ကလေးကိုး... ဒါဆို ဟိုဘက်က ကလေးတစ်ယောက်က မမနှင်းရဲ့ ကလေးများလား"

ကလေးတွေ ကစားနေတာကိုကြည့်ရင်း မောင့်စိတ်တို့ တွေဝေနောကျင်ရ၏။

ကလေးလေးတွေမှာ ကိုးနှစ် ဆယ်နှစ်လောက်တွေ ဖြစ်ပြီး နုပ်ချေးတွဲလောင်းနှင့် သဲထဲဖုတ်ထဲတွင် လူးနေကြသည်။ အသားအရေကလည်း မဲညစ်ညစ်နှင့် ခန္ဓာကိုယ် ကျုံ့ကျုံ့လှီလှီထဲက ဖြစ်၏။ တစ်ယောက်က ပြေး၊ တစ်ယောက်က လိုက်နှင့် ဖမ်းမိပြီဆိုလျှင် အတင်းရန်းကာ တခစ်ခစ်ရယ်နေကြရာ မောင်ပင် သူတို့ကို ကြည့်၍ တင်းနေသော စိတ်များ လျော့ပါးသွားသလိုပင်။

"ဟဲ့... ဘယ်မှာတုန်း... ဧည့်သည်က"

မရီရီမြင့်၏ အသံကြောင့် မောင့်ကို မြင်သွားရာ စူးစမ်းသလိုဖြင့် ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

"မရီရီမြင့် ကျွန်တော့်ကို မှတ်မိလား၊ အရင်တစ်ပါတ်လောက်တုန်းက ကိုသိန်းဇော်နဲ့ အတူတူလာတဲ့ ကိုသိန်းဇော်ရဲ့ သူငယ်ချင်းပါ"

မရီရီမြင့်လည်း မှတ်မိသွားဟန်ဖြင့်

"ဪ... အေး... အစ်မလည်း မင်းကို မြင်ဖူးပါတယ် အောက်မေ့နေတာ၊ လာ... လာလေ၊ မောင်လေး၊ အိမ်ထဲဝင်ထိုင်ပါဦး"ဟု ဆိုပြီးမှ ကလေးတွေ ဘက်လှည့်၍

www.facebook.com/NyisayEbookCreator



"ဟဲ့ ကလေးတွေ၊ ညဥ့်နက်နေပြီ၊ အပြင်မှာ မဆော့ကြနဲ့တော့၊ အိမ်ထဲဝင်ပြီး စာလေးဘာလေး ကျက်ကြတော့"ဟု ခပ်ဆတ်ဆတ်ပြောလိုက်သည်။

မောင်တို့ အိမ်ထဲသို့ ရောက်ကြလျှင် မရီရီမြင့်က

"မောင်လေး... ဘာကိစ္စများလဲ မသိဘူး"ဟု မေးရာ မောင်က စကားပလ္လင်တွေ ခံမနေတော့ပဲ

"မရီရီမြင့်... ကျွန်တော့်ကို တစ်ခုလောက်ကူညီပါလား၊ ကျွန်တော် ဟိုဘက်အိမ်က မမနှင်းနဲ့ တွေ့ချင်လို့ပါ"

"ဟင်"

မရီရီမြင့်က မောင့်ကို ဝေခွဲရခက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေရာ...

"ကျွန်တော်က သူ့မောင် ဝမ်းကွဲပါ။ ကျွန်တော်တို့ ကွဲသွားကြတာ ဆယ်နှစ်ကျော်ပါပြီ။ ဟိုတစ်နေ့က လာတာကလည်း မမနှင်းအကြောင်း သတင်းရလို့၊ ကိုသိန်းဇော်ကို အကူအညီတောင်းပြီး လာကြတာပါ။ အဲဒါ ကျွန်တော် မမနှင်းနဲ့ တွေ့ချင်လို့ မရီရီမြင့် ကူညီပါဗျာ"ဟု တောင်းပန်ရသည်။

"ငါ့ မောင်ကလည်း ညကြီးမင်းကြီးဟယ်"ဟု တစ်ချက်ညည်းရင်း မရီရီမြင့်က ပြူတင်းပေါက်၌ ရပ်ကာ

"မနှင်း... မနှင်း... အိပ်ပြီလား"ဟု ခပ်အုပ်အုပ်ခေါ်လိုက်သည်။

ဟိုဘက်အိမ်ကလေးမှာ ဘာသံမှမကြားရပဲ တိတ်ဆိတ်၍နေသည်။ မရီရီမြင့်က နောက်တစ်ကြိမ်ထပ်၍

"မနှင်း... မနှင်း... အိပ်ပြီလား... မအိပ်သေးရင် ဒီဘက်ကို ခဏလာခဲ့ပါဦး... ပြောစရာရှိလို့"ဟု အသံကို မြှင့်လိုက်ရာ

"ရှင်... လာပြီ... လာပြီ... မရီ ဒီမှာ ပေါက်စလေး အိပ်ပျော်ကာစမို့လို့၊ ခဏလေး... လာပြီ"

ဆယ်နှစ်ကျော်ကျော် မကြားခဲ့ရသော စမ်းရေစီးသံသည် မောင့်နားနှစ်ဖက်အား ဒိုးယိုပေါက် ဖြတ်သန်းသွားတော့၏။

မောင့်အသက်ရှူသံတို့ ထန်ပြင်းလာကာ မွန်းကြပ်လာသလို ခံစားရသည်။ ခပ်ဖွဖွနင်းလာသော ခြေသံကို ကြားရုံဖြင့် အသံရှင်သည် မမနှင်းပင်ဖြစ်ကြောင်း မောင့်စိတ်ထဲဝယ် သေချာသွားလေသည်။

မမနှင်းက နောက်ဖက်တံခါးဝမှနေ၍ မောင်တို့နှစ်ယောက်ကို ကြည့်နေ၏။ မောင့်ကို မှတ်မိဟန်မတူပါ။

www.facebook.com/NyisayEbookCreator



မမနှင်းမှာ အတော်ပင် ချုံးကျသွား၏။ ဆယ်နှစ်လုံးလုံး ကြုံတွေ့ခဲ့ရသော ဒုက္ခဆင်းရဲခြင်းတို့က မမနှင်း၏ ပျို့မြစ်နုနယ်မှုတို့ကို ဝါးမြိုပစ်လိုက်ကြလေပြီ။ နက်မှောင်ပျောင်းနွဲ့ခဲ့ကြသော ဆံကေသာတို့မှာ နားသယ်စပ်တို့၌ ငွေမှင်ရောင်သန်းလျက် ဖွာလန်ကြမ်းကောက်၍ နေသည်။ အသားရောင်ကလည်း အရင်လို မဝင်းပတော့ချေ။ စာအုပ်အဟောင်းထဲတွင် ညှပ်၍ထားသော အဝါရောင်နှင်းဆီပွင့်ခြောက်ပမာ ကြမ်းရှရှနှင့် ရေနူးနေသော လက်ဆစ်များက အနည်းငယ်ပင် ယောင်ကိုင်းနေသလို ထင်ရသည်။

နှစ်အတန်ကြာ ကံ၊ စိတ်၊ ဥတု၊ အာဟာရတို့ သပ္ပါယ မျှတမှုမရှိသော ရုပ်ခန္ဓာတို့မှာ အိုမင်းလွယ်၊ ပျက်စီးလွယ် စမြဲပင်တည်း။ အဝတ်အစားတို့မှာ နွမ်းဖပ်လှသော်လည်း အရင်ကလိုပင် ချပ်ချပ်ရပ်ရပ် ရှိလှ၏။

မရီက လက်ယပ်ခေါ်ရင်း

''လာလေ မနှင်း၊ ထိုင်လေ''ဟုခေါ်မှ မရီ၏ ဘေးတွင် လာထိုင်သည်။

''မမနှင်း''

မောင့်ရင်အုံထဲမှ ထိုအသံသည် ပင်ပန်းမောဟိုက်စွာ ရုန်းကန်ထွက်လာရသဖြင့် အထစ်ထစ် အငေါ့ငေါ့ဖြစ်ရသည်။ မဲမှောင်နက်ရှိုင်းသည့် ရေတွင်းအိုကြီးထဲသို့ ငုံ့ကြည့်ရင်း ကျောက်ခဲတစ်လုံး ချလိုက်သကဲ့သို့လည်း လှိုက်ဟသံများဖြင့် တုန်ယင်ရသည်။

မမနှင်းသည် မောင့်ကို တည်တံ့သော မျက်နှာဖြင့် ကြည့်ရင်း မျက်တောင်များ ပုတ်ခတ်လျက်ရှိသည်။ မျက်နှာပေါ်တွင် ဘာအမူအယာမှ ပြောင်းလဲခြင်းမရှိ။ မောင့်အား မှတ်မိပုံလည်း မရချေ။ သူ့အိမ်ကလေးဘက်သို့သာ စိတ်မချဟန်ဖြင့် တစ်ချက်တစ်ချက် လှမ်း၍ ကြည့်နေသည်။

''မမနှင်း... မမှတ်မိဘူးလား၊ ကျွန်တော် မောင်မောင်လေ၊ မမနှင်းတို့နဲ့ အိမ်နီးချင်း ဒေါက်တာသန့်စင်ရဲ့သား မောင်မောင်လေ''

ဆတ်ခနဲ လှည့်လာသော မမနှင်း၏ မျက်နှာပြင်ဝယ် လှိုင်းကြက်ခွပ်များ ပြေးကာ ရေးရေးရိပ်ရိပ် ကြွသည်။ ဖျော့တော့နေသည့် နှုတ်ခမ်းနှစ်လွှာကို ဟာရုံကလေးဟကာ...

''မောင်မောင်လား... မောင်မောင်လား''ဟု ခပ်တိုးတိုးအသံပြုသည်။

မောင့်ခန္ဓာကိုယ်ကို ထုတ်ချင်းခတ်မတတ် အကြည့်တို့ဖြင့် မမနှင်းက စူးစိုက်ကြည့်နေသည်။ ဒါပေမယ့် ဘာကိုမှလည်း သူမြင်ပုံမရပါချေ။ တကယ်တော့ မမနှင်းသည် မောင့်ကိုစိုက်ကြည့်နေသည်မဟုတ်ဘဲ လွန်ခဲ့သောဆယ်နှစ် ဆယ့်ငါးနှစ်ခန့်က ဘဝတို့ကို စိုက်ကြည့်နေခြင်းဖြစ်သည်။

www.facebook.com/NyisayEbookCreator



ပစ္စုပ္ပန်ဘဝတို့မှ တဒင်္ဂ မူးမိုက်လွင့်ပျယ်ကာ အတိတ်ကာလ စက်ကွင်းတို့၌ ရစ်ဝဲယှက်လိမ်၍ အာရုံကို ကျက်စားနေဟန်ရှိသည်။ ဒဏ်ရာဟောင်းကို အပ်ဖြင့် ဆွသကဲ့သို့ နှလုံးသည်းပွတ်တို့ ယမ်းခါအောင် ထိခိုက်နာကျင်နေခြင်းလည်း ဖြစ်နိုင်သည်။

ပုတ်ခတ်နေသော မမနှင်း၏မျက်တောင်တို့ လေးလံလာလျှက် တဖြည်းဖြည်း စင်း၍ကျကာ မျက်လုံးအိမ်အတွင်းဝယ် မျက်ရည်တို့ဝေ့လျက် ရှိ၏။

မောင်သည် မမနှင်းဆီလာမိတာ မှားများမှားသွားပြီလား။ ဆင်းရဲဒုက္ခတို့နှင့် ယဉ်ပါးကာ လက်ရှိအခြေအနေတွင် နေသားတကျ တည်ငြိမ်နေပြီဖြစ်သော မမနှင်း၏ ဘဝသစ်ကို မွှေနှောက်အနည်ထစေကာ မမနှင်း၏ဘဝဟောင်းမှ သောကမီးတို့အား ပစ္စုပ္ပန်သို့ မီးတန်းဆက်၍ လောင်ကျွမ်းပြာကျစေသလိုများ ဖြစ်နေမိပြီလား။

မမနှင်းကတော့ စတင်ငိုကြွေးနေလေပြီ။ မောင်မချော့ရက်ပါလေ မမနှင်း။ မမနှင်းကို အားရအောင် ငိုစေချင်ပါသည်။ မမနှင်းအား ချောက်ကမ်းပါးထဲသို့ တွန်းချခဲ့သူများနှင့် ကူညီကယ်မရန် ပျက်ကွက်ခဲ့ သူများကို အားရအောင် ဆဲရေးတိုင်းထွာစေချင်ပါသည်။ ဘဝတွင် အဖြူနှင့် အမည်းတို့သည် မျှမျှတတ ရှိသင့်ခဲ့ပါလျက် မမနှင်းအား အမှောင်ခြမ်းဘက်သို့သာ တွန်းပို့နေသော ကံကြမ္မာနတ်ဆိုးအားလည်း သည်းထန်စွာ ကျိန်စာတိုက်စေချင်ပါသည်။ မမနှင်းသည် ဘဝတွင် ဘယ်နှစ်ကြိမ်ဘယ်နှစ်ခါ ငိုခဲ့ရပြီးပြီ မောင်မသိပါသော်လည်း မောင်မြင်ရသည့် တစ်ကြိမ်ကတော့ မသက်မသာရှိလှသည်။ ဒူးနှစ်ဖက်ကို လက်ဖြင့် ပွေ့ကိုင်ထားပြီး ထိုဒူးခေါင်းများပေါ်၌ မျက်နှာအပ်ကာ ငိုနေသဖြင့် မျက်နှာကို မမြင်ရသော်လည်း အသည်းအိမ်တို့ ပေါက်ကွဲပွင့်ထွက်နေခြင်းမှာ သိသာလှသည်။

မရီရီမြင့်က မမနှင်း၏ပခုံးအား နောက်ဘက်မှ လက်ဖြင့် ဖွဖွဆုပ်ရင်း

''မနှင်းကလည်း မငိုနဲ့လေ၊ ကိုယ့်မောင်လေးနဲ့ ပြန်တွေ့ရတာပဲ၊ ပျော်ပျော်ရွှင်ရွှင်နေမှပေါ့။ မငိုနဲ့ တိတ်တိတ်''ဟု ချော့၍နေသည်။

ချော့သာချော့နေသော်လည်း မရီရီမြင့်ခမျာမှာလည်း မျက်ရည်တို့စို့လျက် အပူမီး ကူးစက်ရသည်။

မမနှင်းကတော့ မျက်နှာမဖော်ပဲ

''အနှင်း သေချင်တယ် မရီရယ်၊ အနှင်းသေချင်တယ်၊ အနှင်းသေသွားရင် ကောင်းမှာ၊ အနှင်းသေသွားရင် သိပ်ကောင်းမှာပဲ''ဟု ငိုသံတွေကြားမှ ဗလုံးဗထွေး ပြောသေး၏။

www.facebook.com/NyisayEbookCreator



မမနှင်းမှာ ငိုနေတာနှင့်ပင် မတူတော့ချေ၊ မြားဆိပ်တက်ကာ လဲကျနေသော သမင်မတစ်ကောင်ကဲ့သို့လည်းကောင်း၊ သေအံ့မူးမူးဝေဒနာကို ခံစားနေရသော နာတာရှည်အဖွားအိုကဲ့သို့လည်းကောင်း မချိမဆန့်ရှိလှသည်။ နှလုံးသားထဲ၌ ပုန်းကွယ်နေခဲ့သောမချမ်းမြေ့ဖွယ် အတိတ်ဟောင်းတို့အား စိတ်အစဉ်၌ ရုပ်ရှင်ပိတ်ကားသဖွယ် ပြန်မြင်ယောင်လာကာ မောင်မောင်ဟူသော အမှိုက်ကလေးမှ စ၍ ရှို့လိုက်သော မီးတောက်သည် ခန္ဓာကိုယ်တစ်ခုလုံးအား လောင်ကျွမ်းနေဟန်ရှိသည်။

အရှိန်ပြင်းစွာခုတ်မောင်းနေသော မီးရထားသည် ရုတ်တရက် ရပ်တန့်ရန်ခက်ခဲသကဲ့သို့ မမနှင်းသည်လည်း ငိုတာကို တော်တော်နှင့် ရပ်၍မရချေ။ အစွမ်းကုန်ငိုလိုက်ရသဖြင့် ပင်ပန်းနွမ်းလျကာ လှိုင်းထသော ရင်အုံကိုလက်ဖြင့် ဖိရင်းမောနေလေသည်။ မရီရီမြင့်က ရေအေးအေးလေးတစ်ခွက်ခပ်ပြီး တိုက်လာမှ အနည်းငယ်တည်ငြိမ်ရသည်။ ပြတင်းပေါက်ဖက်သို့သွားကာ မျက်နှာကို အကြာကြီး သစ်နေပြီးမှ မောင်တို့ အနားတွင် လာ၍ထိုင်ကာ တစ်ချက်နှစ်ချက် ရှိုက်လိုက်ပြီး မျက်လုံးအစုံကို လက်ခုံတို့ဖြင့် ပွတ်၍နေသည်။

အိမ်ထောင့်တွင် စာဖတ်ရင်းခပ်တိုးတိုး ငြင်းခုံနေကြသော ကလေးနှစ်ယောက်၏ အသံမှတစ်ပါး အိမ်ကလေးထဲတွင် တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ တစ်ယောက်နှင့် တစ်ယောက် ဘာစကားမှ မပြောဖြစ်ကြပဲ ခံစားချက်ကိုယ်စီဖြင့် ငေးမောမင်သက်မိနေကြကာ ရုတ်တရက် ကြုံတွေ့လိုက်ရသော စိတ်အခြေအနေတို့ကို ရုပ်ခန္ဓာတို့က လက်ခံနိုင်အောင်ကြိုးစားနေကြခြင်းဖြစ်သည်။ ထိုတိတ်ဆိတ်မှုကို ပထမဆုံးဖြိုခွဲလိုက်သူမှာ မမနှင်းပင်။

"လာလေ... မောင်မောင်... မမနှင်းတို့အိမ်ဘက်သွားရအောင်"ဟု အငိုတိတ်၍ နှာပိတ်နေသော အသံဖြင့် ပြောသည်။

မောင်လည်း ထိုင်နေရာမှ ထကာ မရီရီမြင့်ကို နှုတ်ဆက်ပြီး မမနှင်းနောက်သို့ လိုက်ခဲ့တော့၏။

မမနှင်းနေသော အိမ်ကလေးမှာ ဆင်းရဲခြင်းကို သိသာထင်ရှားစေသော်လည်း အတော်အတန် သပ်သပ်ရပ်ရပ်ရှိပါသည်။ ခေါင်းရင်းတွင် ဘုရားပုံတော်နှင့် ဘုရားစင်ရှိပြီး ဘုရားပန်းတို့ ဝေနေအောင် ထိုးထား၏။ တစ်ဘက်နံရံ၌ သခင်ယေရှု၏ပုံတော်ကိုလည်း တင့်တယ်စွာ ချိတ်ဆွဲထားပြန်သည်။ ကြမ်းပြင်ပေါ်တွင် စားပွဲဝိုင်းတစ်ခုရှိပြီး သတင်းစာစက္ကူများ ရွှေသွေးစာစောင်များနှင့် ကပ်ကြေး

www.facebook.com/NyisayEbookCreator



တစ်လက်ကို ဖြတ်လက်စ စာရွက်များနှင့် ရောယှက် တွေ့ရ၏။ မမနှင်းက စားပွဲခုံကို ထရံအခြေအထိ တိုး၍ မောင်ထိုင်ရန် ဖျာတစ်ချပ် ခင်းပေးသည်။

"ကဲ ပြောပါဦး... မောင်၊ ဘယ်ကများ သတင်းကြားပြီး ရောက်လာရတာလဲ" မမနှင်းက စကားစ၏။

"အဲဒါတွေ ပြီးမှ ပြောရအောင် မမနှင်းရာ၊ အခုလောလောဆယ် ကျွန်တော် ဗိုက်တအားဆာနေပြီ။ ထမင်းလေး ဘာလေးကျန်သေးရင် ကျွေးပါဦး၊ ညနေကတည်းက ဘာမှမစားရသေးဘူး"

"ဟောတော်"ဟုဆိုကာ မမနှင်းက မဲ့ရာမှ ပြုံးလာပြီး

"မောင်... မောင်၊ မင်းကတော့ အရင်တုန်းက အတိုင်းပဲ။ ကဲ... ကဲ၊ စားပွဲခုံရှင်းပြီး ထမင်းကျွေးပါ့မယ်တော်၊ ပြီးမှပဲ လာရင်းကိစ္စ မိန့်တော်မူပါ"ဟုဆိုပြီး ကြောင်အိမ်ကလေးထဲမှ ထမင်း၊ ဟင်းတို့ကို ထုတ်ယူနေလေသည်။

အိမ်ကလေး၏ ဘယ်ဘက်ထောင့်တွင် စစ်ခြင်ထောင်ကလေးတစ်လုံး ချထားပြီး အထဲတွင် ကလေးတစ်ယောက်အိပ်ပျော်၍နေသည်။

"ခြင်ထောင်ထဲက မမနှင်းရဲ့ ကလေးလား" မောင်က စပ်စုလိုက်ရာ...

"အေးလေ... ပေါက်စက အစောကြီးအိပ်တတ်တယ်၊ သူမအိပ်သေးသ၍ မမနှင်း ဘာအလုပ်မှ လုပ်လို့မရဘူး၊ ဒါ့ကြောင့် ပေါက်စလေးကို အစောကြီး ချော့သိပ်ထားရတာ"

"ဟုတ်လား... သားလေးလား၊ အသက်ကော ဘယ်နှစ်နှစ်ရှိပြီလဲ မမနှင်း"

"ဆယ်နှစ်ထဲမှာ"

"မမနှင်း အားကိုးရတော့မှာပေါ့ ဟုတ်လား"ဟု မောင်က ခပ်ပေါ့ပေါ့ ဆိုမိသည်။

မမနှင်းသည် မောင့်ကို စူးခနဲ တစ်ချက်စိုက်ကြည့်လိုက်ပြီးမှ သက်ပြင်း တစ်ချက်ချကာ

"ပေါက်စက ကျန်းမာရေးသိပ်မကောင်းဘူး မောင်"ဟုဆိုကာ မောင့်ကို ထမင်းခူးကျွေး၏။

အာပြဲခြောက်ဖုတ်၊ ခရမ်းချဉ်သီးငပိချက်နှင့် တို့စရာ သခွားသီးတို့မှာ မောင့်အကြိုက်ချည်းပဲမို့ ထည့်ပေးသမျှ ထမင်းတို့ကို တစ်စေ့မကျန် ပြောင်နေအောင်ပင် မောင်စားလိုက်မိ၏။ ပြီးမှ သတိရကာ

www.facebook.com/NyisayEbookCreator



အယ်... မမနှင်းကော စားပြီးပြီလား၊ စားစရာကော ကျန်သေးရဲ့လား မသိဘူး၊ မောင်တော့ အကုန်တုတ်ပစ်လိုက်ပြီ''ဟု ရှက်ရှက်နှင့်ပြောရ၏

''ပြီးပါပြီတော်··· ပေါက်စက အစောကြီး ဆာတတ်လွန်းလို့ မမနှင်းတို့ သားအမိ ခြောက်နာရီမထိုးခင် ကတည်းက စားပြီးပါပြီ၊ ဒီထမင်းက မနက်ထပြီး ထမင်းကျော်ဖို့ ချန်ထားတဲ့ဟာပါ၊ စားပါ မောင်ရဲ့ ဝအောင် စားပါ''

မမနှင်းက ပြောလည်းပြော၊ မောင့်ပန်းကန်ထဲလည်း ထပ်ထည့်ပေးရင်း မောင့်အားကျွေးမွေးရသည်ကို ဝမ်းသာနေသည်။

ထမင်းစားရင်းပင် မောင်က မောင့်အဖြစ်အပျက် အကြောင်းစုံကို ခရေစေ့တွင်းကျ ပြောပြရသည်။ မောင်စက်မှုတက္ကသိုလ်တက်သည်မှစ၍ အရေးအခင်းများတွင် ပါဝင်ပတ်သက်လှုပ်ရှားခဲ့ရာမှ အဖမ်းခံရခါနီး ရှောင်ထွက်လာရပုံတွေ အဆုံး လိပ်ပတ်လည်အောင် ရှင်းပြရသည်။

''အဲဒါကြောင့် မမနှင်းအိမ်မှာ ဒီတစ်ညလောက်နားပြီး မနက်ဖြန်ညနေမှောင်စပျိုးချိန်လောက်မှ မောင်မြို့က ထွက်ရင်ကောင်းမလား စဉ်းစားတယ်၊ မမနှင်းမောင့်ကို လက်ခံမှာလား''

မမနှင်းသည် အရင်တုန်းကလိုပင် မောင့်ကို ပြုံးပြုံးကြီး ကြည့်၍

''ဘာဖြစ်လို့ လက်မခံရမှာလဲ မောင်ရယ်၊ မောင်ဒီဘက်အိမ်မှာ အိပ်လိုက်ပေါ့၊ မမနှင်းတို့ သားအမိ မရီတို့နဲ့ သွားအိပ်လိုက်မယ်၊ မရီအမျိုးသားလည်း ခရီးထွက်သွားတာ ပြန်မရောက်သေးတော့ အတော်ပဲ၊ အခုမှ ကိုးနာရီခွဲပဲ ရှိပါသေးတယ်။ မမနှင်းတို့ မရီတို့က ညဆို ဆယ့်နှစ်နာရီ၊ နာရီပြန် တစ်ချက်လောက်မှ အိပ်တတ်ကြတာ၊ ပြီးမှ မမနှင်းသွားပြောလိုက်ပါ့မယ်''ဟု မမနှင်းက သူ့အစီအစဉ်ကို သူ သဘောကျဟန်ဖြင့် ပြောသည်။ ပြီးမှ...

''အင်း မမနှင်းရဲ့ မိတ်ဆွေတွေကလည်း သူပုန်ကလေးတွေချည်း ဖြစ်ကုန်တာပါပဲလား''ဟု ကိုဝေလွင်ကို သတိရဟန်ဖြင့် မမနှင်းက ညည်းလိုက်သည်။

မောင်လည်း ကိုဝေလွင့် အကြောင်း မမနှင်းနှင့် တွေ့စဉ်ကတည်းက မေးချင်နေသော်လည်း မကြိုက်မည် စိုးသဖြင့် မမေးရဲပဲနေရာမှ မမနှင်းက အစဖော်၍ ပြောလိုက်လျှင် အခန့်သင့်ဖြစ်သွားပြီး

''ကိုဝေလွင်ကော ထောင်ကလွတ်ပြီလား ဟင် မမနှင်း''

''မမနှင်း သူ့သတင်းမကြားရတာ ကြာပါပြီ မောင်ရယ်။ ထောင်ကျသွားတာလား၊ တောခိုသွားတာလားတောင် မသိလိုက်ပါဘူး၊ စိတ်ထဲလည်း သိပ်မရှိတော့ပါဘူး၊ မောင်ပြောမှပဲ သတိရတယ်၊ မေ့နေတာတောင် ကြာပါပြီ''

www.facebook.com/NyisayEbookCreator



''ဗျာ''

မမနှင်း၏ နေနိုင်ပြတ်တောက်နိုင်ရက်မှုကို မောင်ပင် အံ့ဩလိုက်ရသည်။ မမနှင်းသည် လက်တွေ့ပဲ ဆန်လွန်းနေတာလား၊ ရင့်ကျက်တည်ငြိမ်လာသည့် အရွယ်မို့ပင် ငယ်စဉ်က မိုက်မဲခဲ့မှုတို့ကို ကြိုးပြတ်ခဲ့သော လေတံခွန်လို သဘောထားပြီး မျက်ကွယ်ပြု၊ လစ်လျူရှု လိုက်လေသလား။

ထိုပေါ့လျှပ်မှု အပေါ်တွင် အနည်းငယ် ငြိုငြင်လိုက်ချင်သော မောင့်စိတ်ကို အသာထိန်း၍ စကားလမ်းလွှဲ လိုက်ရသည်။

''ဒါနဲ့ မမနှင်း အိမ်က ထွက်သွားပြီး ဘယ်ပျောက်သွားတာလဲ၊ မေမေကြီးတို့ ရှာတာလည်း နေရာအနှံ့ပဲ။ တချို့ကဆို သေပြီလို့တောင် ထင်နေကြတာ။ မောင်တောင်မှ မမမှုံရွှေရည်ပြောလို့ မမနှင်းဒီမြို့မှာပဲ ရှိတာကို သိရတာ''

မမနှင်းက ကပ်ကြေးနှင့် ကိုက်ပြီး ပုံစံချထားသော သတင်းစာ စက္ကူကလေးများကို ကော်ကပ်၍ အိတ်ကလေးများလုပ်နေရင်းက

''ဘယ်သွားရမှာလဲ မောင်၊ မမနှင်းမှာ ဘယ်သွားစရာရှိလို့လဲ၊ ချင်းတောင်ကိုပဲ ပြန်ရတာပေါ့။ ဒါပေမယ့် ဒီမြို့က လူတွေလာပြီး စုံစမ်းမေးမြန်းရင် မမနှင်း ချင်းတောင်ကို မလာပါဘူးလို့ ညာပြောခိုင်းထားလိုက်တယ်။ ပေါက်စကလေးကိုလည်း ချင်းတောင်မှာပဲ မွေးရတယ်။ ဒုက္ခတွင်းထဲမှာ မွေးရလို့လားမသိဘူး၊ ပေါက်စကလေးက မွေးကတည်းက ကျန်းမာရေး မကောင်းရှာဘူး''

''ပေါက်စကလေး အသက်တော်တော်ရတဲ့အထိ ချင်းတောင်မှာ နေသေးတယ်။ ကလေး တစ်ဖက်နဲ့ဆိုတော့ အလုပ်တစ်ခုဝင်လုပ်ဖို့ ဆိုတာကလည်း မလွယ်လှဘူးမောင်၊ ပြီးတော့ ကိုယ်ကလည်း အပြစ်တွေ တနင့်တပိုးကြီးနဲ့ ပြန်လာတဲ့သူဆိုတော့ ဖာသာကြီးတို့ အရိပ်မှာပဲ ခိုနေပြီး ဖာသာကြီးတို့ကို ချက်ပြုတ်ကျွေးမွေးနေဖြစ်တယ်''

''တောင်ပေါ်မှာက တောနေတောစားဆိုတော့ ဖာသာကြီးတို့လည်း အစားအသောက်ဆင်းရဲလှတယ်၊ မမနှင်းရောက်လာတော့ စားရသောက်ရ အဆင်ပြေတာပေါ့၊ မပြန်စေချင်ကြဘူး''

မမနှင်းက စကားကြောရှည်သွားသဖြင့် အာခြောက်လာပုံရသည်။ ရေတစ်ခွက် ထသောက်ပြီးမှ...

''ကျန်တာအားလုံး အဆင်ပြေပေမယ့် ပေါက်စလေးကျန်းမာရေးက ရှိသေးတယ်လေ။ ဟိုမှာက တောမြို့လေးကလေးဆိုတော့ နားလည်တတ်ကျွမ်းတဲ့ ဆရာဝန် မရှိဘူးရယ်။ ဒါနဲ့ မမနှင်းလည်း မျက်စိစုံမှိတ်ပြီး ဒီကိုပြန်လာခဲ့တာ။

www.facebook.com/NyisayEbookCreator



ဟိုဘက် သုံးလေးအိမ်ကျော်က လင်မယားက မမနှင်းတို့ နေတဲ့ရွာကိုဖြတ်ပြီး အိန္ဒိယဘက်က စောင်တွေ အိပ်ရာခင်းတွေ သယ်ပြီး ဒီဘက်မှာပြန်ရောင်းကြတာ လေ။ မမနှင်းတို့ ရွာမှာညအိပ်တတ်ကြလို့ ခင်နေကြတာ။ သူတို့ အဆက်အသွယ်နဲ့ မရီတို့အိမ်ကလေးကို ငှားလိုက်တာ။ အိမ်ရှင်နဲ့ အိမ်ငှားဆိုပေမယ့် ဆွေမျိုးတွေလို ဖြစ်နေကြပါပြီ''

''ဒါနဲ့များ မမနှင်းရယ်... ပေါက်စကလေးကို ဖေဖေ့ဆေးခန်းမှာ လာပြရောပေါ့''

မမနှင်းက မချိပြုံး... ပြုံးလိုက်သည်။

မမနှင်း အဟောင်းတွေ အသစ်မဖြစ်ချင်တော့ဘူး မောင်။ အမေတို့ အဖေတို့ကို ဝေးဝေးကပဲ ချစ်ချင်တော့တယ်။ မမနှင်း ဘယ်သူနဲ့မှ မတွေ့ချင်တော့ဘူး။ မမနှင်းကို သူတို့ သံယောဇဉ်ရှိကြတယ်ဆိုတာလည်း သိပါတယ်။ ဒါပေမဲ့ မမနှင်းကတော့ ပြည်ဖုံးကားချလိုက်ပါပြီ မောင်ရယ်။

မောင်ကတော့ ထိုအဖြေကိုသိပ်မကျေနပ်ချင်သေးပေ။ မမနှင်းသည် လွယ်ကူသော ပုစ္ဆာတစ်ပုဒ်ကို ခက်ခဲအောင်လုပ်နေခဲ့သည်ဟုပင် အထင်မှားခဲ့ရ၏။

''အဖေကြီး ဦးအေးဆုံးတုန်းက မမနှင်းကို မျှော်နေကြသေးတယ်။ မေမေကြီးကဆိုရင် အနှင်းသာရှိရင် ငါ့ယောကျာ်း ခုလိုအစောကြီးမသေဘူး၊ ပြုစုတဲ့ လူတွေက စေတနာမပါကြလို့ ငါ့ယောကျာ်း အသက်မရှည်တာ ဆိုပြီး တဖွဖွ ပြောသေးတာ။''ဟု မောင်ကပြောလျှင်...

''ဟုတ်လား... အမေက အဲ့လိုပြောသလား''ဟု တအံ့တသြဖြစ်လျှက် အပြင်ဘက်မှ အမှောင်ထုထဲသို့ အကြာကြီး ငေးကြည့်နေလေ၏။

''အဖေ့ အသုဘကို မမနှင်းလိုက်မပို့ဘူး ထင်နေလို့လား မောင်။ မမနှင်း လိုက်ပို့တာကို ဘယ်သူမှတောင် မသိလိုက်ကြပါဘူး။ လိုက်ပို့တဲ့လူတန်းကြီးရဲ့ အဆုံးကို မြင်သာလောက်တဲ့နေရာကနေ မမနှင်းက လိုက်ပို့ခဲ့ပါတယ်။ သင်္ချိုင်းမှာလည်း လူအရှင်းကိုစောင့်နေတာ တော်တော်နဲ့မရှင်းနိုင်လို့ မိုးကြီးချုပ်မှ အဖေ့ အုတ်ဂူကို ကန်တော့ခဲ့ရတယ်။ အဖေတို့ အမေတို့ကျေးဇူးတွေကို မမနှင်း ဘယ်တုန်းကမှ မမေ့ခဲ့ပါဘူး မောင်ရယ်''

ပြောရင်းဆိုရင်းပင် မမနှင်းက ငိုသံတွေပါလာပြန်လေ၏။

''အခု အချိန်မှာ မေမေကြီးတစ်ယောက်ထဲ အားငယ်နေမှာပဲ။ မမနှင်း ပေါက်စကလေးကို ခေါ်ပြီး သွားတွေ့လိုက်ပါလား၊ မေမေကြီးလည်း စိတ်ပြေနေပါပြီ။ မမနှင်းပြန်လာရင် ဝမ်းသာအားရ ဆီးကြိုမှာပါဗျာ။ မမနှင်းကလည်း

www.facebook.com/NyisayEbookCreator



အခုအထိ စိတ်နာနေတုန်းပဲလား၊ ပေါက်စကလေးတောင် ဆယ်နှစ်ရှိနေပြီဟာကို''
ဟု မောင်ကတိုက်တွန်းပြောဆိုမိ၏။

မမနှင်းသည် ခေါင်းတညိတ်ညိတ်လုပ်ကာ မောင့်ကို သရော်တော်တော် မျက်နှာပေးနှင့်ကြည့်ရင်း သက်ပြင်းရှည်ကြီး တစ်ချက်ချလိုက်သည်။ ပြီးမှ

''အင်း… မောင်ကတော့… မောင့်ကိုယ်မောင်လူကြီး ဖြစ်နေပြီလို့ ထင်မှာပဲ။ ဒါပေမဲ့ မောင်ဟာ မမနှင်းမျက်စိထဲမှာတော့ ကလေးလေးပဲရှိပါသေးတယ်။ မောင့်အသက်ဟာ ငယ်ပါသေးတယ် မောင်ရယ…''

''လောကကြီးအကြောင်း မောင်ဘာမှ မသိသေးပါဘူး။ ခက်တာက မောင်တို့လိုနိုင်ငံရေး လုပ်နေတဲ့သူတွေဟာ လောကကြီးအကြောင်း သူတို့လောက်သိတဲ့သူ မရှိဘူးလို့ထင်နေတတ်ကြတယ်၊ ကိုဝေလွင်လည်း ဒီလိုပဲ။ တကယ့်တကယ်မှာတော့ သူတို့ဟာ မမနှင်းတို့လို သာမန်လူတွေလောက်တောင် အကင်းမပါးကြဘူးလို့ မမနှင်းထင်တယ်''ဟု မောင့်အား မကျေမနပ်နှင့်ပြောလေ၏။ ပြီးမှ တဖန်ဆက်၍

''မမနှင်း အိမ်ကို မပြန်တာ အမေ့ကိုစိတ်နာလို့ လို့ထင်နေတာလားမောင်။ ဘာစိတ်နာစရာရှိလို့လဲ မောင်ရယ်။ အမေက မမနှင်းကို မုန်းလို့ရိုက်တာမှ မဟုတ်တာ၊ ချစ်လို့ရိုက်တာပဲ၊ မမနှင်း မိုက်လို့ ဆုံးမတာပဲဟာ။ မမနှင်း တစ်သက်လုံး ဘယ်တုန်းကမှ အမေ့ကို စိတ်မနာခဲ့ဖူးဘူး''

''ဒါဆိုရင် မမနှင်း ဘာလို့ အိမ်ကိုမပြန်တာလဲ''

''မမနှင်း အိမ်ကိုမပြန်တာဟာ၊ အဖေတို့ အမေတို့ကို ကျေးဇူးတွေဆပ်နေတာပါ မောင်၊ မမနှင်း မရှိဘဲနဲ့လည်း သူတို့ မိသားစုကလေး အဆင်ပြေနေကြပါတယ်။ ပျော်ရွှင်ချမ်းမြေ့နေတဲ့ မိသားစုကို မမနှင်း ဘာလို့ သွားနှောင့်ယှက်နေမလဲ သူတို့ဆီက တစ်ခုခုလိုချင်လို့လာတယ် ထင်သွားရင် မမနှင်း အဲဒီနေရာမှာတင် လဲသေသွားတာကမှ ကောင်းဦးတော့မယ်၊ မမနှင်း ရှက်တာနဲ့ သေမှာပဲ''

တွေတွေချင်း ဆောက်နှင့်ထွင်းဆိုသလို မမနှင်းကို မညှာမတာ ဝေဖန်နေမိသော်လည်း နောင်တစ်ခါ မမနှင်း နှင့်ထပ်တွေ့ဖို့ဆိုသည်မှာ မောင့်အခြေအနေက မသေချာတော့ပေ။ ဒါကြောင့်ပင် မမနှင်း၏ ဘဝတနည်းတဖုံပြောင်းလဲလို ပြောင်းလဲပြြား နည်းလမ်းတစ်ခုခု ရှာတွေနိုင်ရေးအတွက် မောင်အစွမ်းကုန် ကြိုးစားနေခြင်းဖြစ်ပါသည်။ မောင်က မမနှင်း၏စိတ်ကို ဆက်၍ ဆွလိုက်၏။

''ဒါတော့ မမနှင်း အတွေးခေါင်လွန်းတာပါဗျာ ကဲ… ပါ အိမ်ကိုမပြန်ချင်ရင်လည်း ကိုဝေလွင်တို့ အိမ်ကိုသွားပြီး အကျိုးအကြောင်း ပြောပြပေါ့။

www.facebook.com/NyisayEbookCreator



သူတို့အိမ်ကလည်း မရိုင်းလောက်ပါဘူး။ မြေးကလေးပဲ ရနေပြီပဲဟာ။ ပေါက်စလေးကို မြင်ရင် သူတို့ မမနှင်းကို လက်ခံမှာပါ''

မမနှင်းသည် မောင့်ကို ဘာစကားမှ မပြောတော့ဘဲ အကြာကြီး တိတ်ဆိတ်နေလေသည်။ မောင်နှင့် ပြုံးဟယ် ရယ်ဟယ်နှင့် စကားပြောနေရာမှ ချက်ခြင်း မျက်နှာတည်သွားပြီး တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိသည်။ မမနှင်း၏ မျက်လုံးအစုံမှာ မှိန်ဖျော့အားငယ်နေရာမှ တဖြည်းဖြည်း စူးရှ ပြောင်လက်လာလေ၏၊ အထက်နှုတ်ခမ်းကို သွားဖြင့် ကိုက်လျှက် ခေါင်းကိုဆတ်ခနဲ ဆတ်ခနဲ ရမ်းရင်း တစ်ခုခုကို ဆုံးဖြတ်နေပုံရသည်။ ရင်ဘတ်ကြီးဖောင်းလာအောင် အသက်ကို ပြင်းပြင်းရှူသွင်းလိုက်၊ တံတွေးများ မြိုချလိုက်နှင့် စိတ်မပြတ်တောက်နိုင်ဘဲ မိနစ်အတော်ကြာ ငြိမ်သက်နေလေ၏၊

ထို့နောက်တွင်မှ စိတ်ဆုံးဖြတ်ပြီးဟန်ဖြင့် ပြေကျနေသော ဆံပင်တို့ကို တစ်ပတ်လျှို၍ ဆံထုံးခပ်တင်းတင်း ထုံးလိုက်သည်။

''မောင်... ဒီနေ့ည မမနှင်းတို့ မောင်နှမ မအိပ်ဘဲနဲ့ တစ်ညလုံး စကားပြောကြရအောင်၊ ခုနကပဲ မမနှင်းစဉ်းစားနေတာ၊ မောင်နဲ့ မမနှင်းဟာ နှစ်ယောက်စလုံး တည်မြဲတဲ့သူတွေ မဟုတ်ဘူး၊ မောင်ကလည်း ကမ်းနားသစ်ပင် မမနှင်းကလည်း ကိုယ့်ကိုကိုယ် စိတ်ချတော့တာ မဟုတ်ဘူး။

မမနှင်းတို့ နောက်တစ်ခါပြန်ဆုံဖို့ဆိုတာ မလွယ်တော့ဘူး၊ မမနှင်းရင်ထဲမှာ ဘယ်သူ့ကိုမှ မပြောပြရသေးတဲ့ အကြောင်းတွေကလည်း အများကြီးရယ်၊ အခု မောင်ဟာ မမနှင်းပထမဆုံးနဲ့ နောက်ဆုံးဖွင့်ပြောမယ့်လူပဲ''

ဒီအကြောင်းတွေကို မောင့်ရင်ထဲမှာပဲ ထားပါ။ မောင်က တစ်ဆင့်နောက်ထပ် ဘယ်သူ့ကိုမှ ဖွင့်မပြောဘူးလို့ ကတိပေးပါ။ အကယ်၍ မမနှင်းသေသွားလျှင်သော်မှ မောင်... နှုတ်လုံပါစေ။

''ကဲ မောင် မမနှင်းကို ကတိပေးပါ''

မောင်ကရယ်၍

''မမနှင်း မေ့နေပြီထင်တယ်။ မောင်မောင်ဆိုတဲ့ကောင်က ငါးနှစ်သား ဆယ်နှစ်သားအရွယ်ကတည်းက ဘယ်လောက် လုံခြုံစိတ်ချရတယ်ဆိုတာလေ''ဟု ခပ်သောသောပြောပြီးမှ...

''ကဲ... ကဲ မောင်ကတိပေးပါတယ် မမနှင်းရယ်''ဟုပြောရ၏။

''ဒါကြောင့်လည်း မောင့်ကို မမနှင်း ယုံတာပေါ့၊ မမနှင်း မောင့်ကတိကို သေတဲ့အထိ ယုံလိုက်တော့မယ်''ဟု ပြောပြီး ငယ်စဉ်က အကြောင်းတို့အား ဇာတ်ကြောင်းလှန်လေတော့သည်။

www.facebook.com/NyisayEbookCreator

# အခန်း (၁၆)

ဘ၀ဟူသည် အပျက်အစီး အပေါက်အပြဲများအား မလုံမခြုံဖာထေး ထားသော ရေလှောင်ကန်တစ်ခုနှင့် တူသည်ဟု အနှင်းကတော့ထင်မိသည်။ လတ်ဆတ်ကောင်းမွန်သော အခွင့်အရေးများ၊ ရွှေရောင်ဝင်းပနေသည့် မျှော်လင့်ချက်များ၊ လှပခန့်ထည်သော အနာဂတ်များ၊ ဖြူစင်မွန်မြတ်သည့် ချစ်ခြင်းမေတ္တာတရားများ၊ ထိုရေလှောင်ကန်ထဲသို့ မည်မျှပင် ဖြည့်တင်းလောင်းထည့်စေကာမူ၊ စိမ့်ထွက်ယိုကျ မလှပခြင်းဖြင့်သာ နိဂုံးသတ်ရသည်။

ဘုရားသခင်သည် အနှင်း၏ဘ၀လေးအား ဖြည့်စွက်ရန် မဖြစ်နိုင်သော ကွက်လပ်များဖြင့်သာ တည်ဆောက်ခဲ့ပါသလားဟု ငယ်ငယ်က အနှင်းတွေးခဲ့မိဖူး၏။ ယင်းသည်သာမှန်ခဲ့ပါလျှင် အနှင်းဘ၀ရှိ ကွက်လပ်များထဲမှ အကြီးမားဆုံးကွက်လပ်သည် မိဘနှစ်ပါးပင်ဖြစ်ချေလိမ့်မည်။ ဘ၀လမ်းခရီးတစ်လျှောက်မှ အပူဒဏ်တို့ကို သက်သာစေရန် မိုးကာပေးသူ၊ ပိတ်ဆို့တားဆီးနေသော အခက်အခဲများအား ခုတ်ထွင်ရှင်းလင်းပေးသူ၊ ဝမ်းနည်းပူဆွေးနေသည့်အခါများတွင် မျက်နှာအပ်၍ ငိုခွင့်ရအောင် ရင်ခွင်တစ်ခုကိုဖန်တီးပေးသူ၊ စသည့်... စသည့် အင်္ဂါရပ်တို့နှင့် ပြည့်စုံသူဆိုသည်မှာ မိဘနှစ်ပါးမှလွဲ၍ မည်သူရှိပါလိမ့်မည်နည်း။ အမေ့အရိပ်သည် ဒုက္ခတကာတို့၏ အနည့်ဆုံး သင်္ချိုင်းဖြစ်၍ အဖေ့အရိပ်သည် စိတ်ဓာတ်ခွန်အားတို့၏ အသန်မာဆုံး ရေသောက်မြစ်ပင်ဖြစ်လိမ့်မည်၊

ထိုအရာတို့ကားအနှင်းငယ်စဉ်ကတည်းကပင်ပျောက်ဆုံးခဲ့ပြီဖြစ်၏။ အနှင်းကိုဘယ်အချိန်၊ ဘယ်နေရာတွင် မွေးဖွားခဲ့သည်ဟု သိသူ ဤကမ္ဘာတွင်မရှိချေ။ အနီးတစ်ထည်ဖြင့် ထွေး၍ ခြင်းတောင်းကလေးတစ်လုံးထဲတွင် ထည့်ထား

www.facebook.com/NyisayEbookCreator



သော နီတာရဲမိန်းကလေးတစ်ဦးအား ဘုရားကျောင်းတစ်ခု၏ ဝင်ပေါက်တွင် ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးက စတင်တွေ့ရှိခဲ့ခြင်းသည်ပင် အနှင်း ဘဝ၏ အစ ဖြစ်ခဲ့၏၊

ခင်တွယ်စရာ မိဘဟူ၍မရှိခဲ့သော်လည်း အလွန်စိတ်ထားဖြူစင် ဖြောင့်မတ်သော ဖာသာတို့၏ မေတ္တာရိပ်ဝယ် အနှင်းနားခိုခွင့်ရခဲ့သည်။ ဓမ္မတေးသံများကြားတွင် အနှင်း၏ကလေးငယ်ဘဝ စတင်ခဲ့ရသည်။ နှင်းတို့ဖြင့် သိပ်သည်းအေးမြသော တောင်ပေါ်ဒေသတွင် အနှင်းကြီးပြင်းခဲ့ရသည်။ နှင်းတို့ထူထူထဲထဲ ပြာမှောင်သော နေ့တစ်နေ့တွင် တွေ့ရှိခဲ့သူကလေးဖြစ်၍ ဖာသာတို့က နှင်းနှင်းဦးဟု အမည်ပေးခဲ့ကြခြင်းလည်းဖြစ်၏။ အနှင်း သုံးလေးနှစ်သမီးအရွယ်လောက်တွင် ဖာသာတို့က အနှင်းအတွက် သင့်တော်သည့် အဖေ၊ အမေ၊ မိဘနှစ်ပါးကို ရှာဖွေ တွေ့ရှိပြီဖြစ်ကြောင်း၊ အနှင်းဘဝ သာယာဖြောင့်ဖြူးရေးအတွက် အမေ၊ အဖေတို့နှင့် အတူတကွ လိုက်ပါနေထိုင်ရတော့မည်ဖြစ်ကြောင်း၊ စည်းကမ်းရှိရှိ လိမ္မာစွာဖြင့် မိဘတို့စကားကိုနားထောင်ကာ မိဘတို့အားတတ်နိုင်သမျှ အလုပ်အကျွေး ပြုရမည်ဖြစ်ကြောင်း ဘုရားသခင်က အနှင်းကို ကောင်းချီးပေးလိမ့်မည် ဖြစ်ကြောင်း သွန်သင်ဆုံးမလေသည်။

ဤသို့ဖြင့်ပင် အနှင်းသည် အဖေကြီးဦးအေးနှင့် အမေဒေါ်ခင်ခင်ကြီးတို့၏ သမီးဦးကလေးဖြစ်လာခဲ့ပေသည်။ ညီမကလေးအေမီကို မမွေးခင်အထိတော့ အနှင်းသည် မွေးစားအဖေနှင့်အမေတို့ထံမှ မေတ္တာတရားတို့ကို ပြိုင်ဘက်မရှိ ရရှိခဲ့ပေသေး၏။ သို့သော်လည်း အဖျားဆိုသည်မှာ အရင်းလောက်တော့ မခိုင်ကျည် မတည်မြဲတတ်ပေ။ လေပြင်းတိုက်ပါက လှုပ်ခါ ယိမ်းငိုက်စမြဲပင်တည်း။

လောက၏ လှည့်စားတတ်သော နိယာမတရားတို့ကို နားမလည်တတ်သေးသူ အနှင်းမှာ ညီမလေးအေမီကို တုန်နေအောင်ချစ်ရှာလေသည်။ ငယ်စဉ်ကပင် ညီမလေးမို့ အလျှော့ပေးခဲ့မြဲ။ အနိုင်ကျင့်လျှင်လည်း အထူးသည်းခံနေစရာပင် မလိုဘဲ ကျေကျေနပ်နပ်ကြီး အရှုံးပေးခဲ့စမြဲ ဖြစ်သည်။ ပြီးတော့ အနှင်းက ဆင်းရဲဇာတာပါတယ်ဟု ပြောရမလားမသိ။ အလုပ်တစ်ခုခုလုပ်မနေရလျှင် မနေတတ်သူဖြစ်သည်။ ငယ်စဉ်ကပင် အဖေတို့အမေတို့ ဝေယျာဝစ္စ၊ မိမိဝေယျာဝစ္စ အကုန်ကိုယ်တိုင်လုပ်ရမှ ကျေနပ်ချင်သူပင်၊ တစ်ခါတရံ အမေကပင် အနှင်းကိုဆူရငေါက်ရသည်။

"အနှင်းရယ်... သမီးမှာလည်း တခါတလေများ ဖိမ်လေးဘာလေးနဲ့ နေစမ်းပါဦးအေ၊ ညည်းကြည့်ရတာ အမေ မသက်သာလွန်းလို့"

www.facebook.com/NyisayEbookCreator



အနှင်းကတော့ မနေနိုင်တတ်သူ၊ မကပ်တွက်တတ်သူပင်၊ ပြီးတော့ သုံးလေးနှစ်သမီးအရွယ်ကတည်းက အမြစ်တွယ်နေခဲ့သော အနှင်း၏ သိမ်ငယ်စိတ်မှာ အရိုးစွဲနေပြီလားမသိ၊ အနှင်းသည်ဘယ်တော့မှ လူတောမတိုးချေ။ ပွဲလမ်းသဘင်တို့သွားကြမည်ဆိုလျှင် အမေကငေါက်တစ်ခါ၊ ချော့တစ်လှည့်ဖြင့် ဖွတ်အတင်းခေါ်မှ လိုက်တတ်သည်။ ကျောင်းမှာပင်လျှင် ခင်ခင်မင်မင် သူငယ်ချင်းဟူ၍တယ်မရှိလှပေ။ မသိတတ်သူတို့က သူဌေးသမီးလေးမို့ မာနကြီးသည် ထင်ကြသော်လည်း အနှင်းကတော့ သိမ်ငယ်စိတ်ကို ဖုံးဖိသိုဝှက်ထားသူသာ ဖြစ်သည်။ ညီမလေးအမေက အနှင်းအပေါ်သဘောထားများ မည်သို့ပြောင်းလဲစေကာမူ ညီမလေးအပေါ်ချစ်ခင်တွယ်တာရသော အနှင်း၏စိတ်ထားတို့ကား ဘယ်တုန်းကမှ မပြောင်းလဲခဲ့ဘူးပါချေ။ သည်အဖေ သည်အမေသာ အနှင်း၏ ဘဝဖြစ်၍ သည်ညီမလေးသည်သာ အနှင်း၏နှလုံးအိမ်ထဲမှ ရွှေစင်ခဲကလေးဖြစ်ရာ မိသားစုကလေး ပျော်ပျော်ရွှင်ရွှင်ဖြင့် သေတပန်သက်တဆုံး နေသွားကြရလိမ့်မည်ဟု အမြဲပင် အနှင်းစိတ်ကူးယဉ်ခဲ့ရ၏။

ဆယ်တန်းတက်သည့် အချိန်အထိ မွေးစားအဖေ၊ အမေတို့ မိသားစုသည်သာ အနှင်း၏ကမ္ဘာ၊ အနှင်း၏ဘဝဖြစ်ခဲ့ရ၏။ အဖေနှင့်အမေတို့ကလည်း အနှင်းကို ရွှေနှင့်ငွေနှင့် ကျကျနနထားကြပါသည်။ ညီမလေးတစ်ထည်ဆိုလျှင် အနှင်းတစ်ထည်၊ ညီမလေးတစ်ခုဆိုလျှင် အနှင်းတစ်ခုရစမြဲပင်။ ငယ်ငယ်ကတော့ ညီအမနှစ်ယောက် အဝတ်အစားဆင်တူဝတ်ကြသေးသည်။

အဖေတို့အမေတို့ မည်မျှပင် ပံ့ပိုးပေးသော်လည်း ငယ်ငယ်ကပင် အနှင်းသည် စာမတော်ခဲ့ပေ။ အတန်းထဲတွင် နောက်ဆုံးအဆင့် ဆယ်ယောက်ထဲတွင် အမြဲပါလေ့ရှိ၏။ ပင်ကိုကပင် ညဏ်မကောင်းတာလား၊ ဦးနှောက်ထဲတွင် ပုန်းအောင်းနေသော အငုံ့စိတ်ကပင် တင်းခံနေသလားမသိ စာတစ်ပုဒ်ကို လေးငါးခါ ရှင်းပြနေသည့်တိုင် အနှင်း နားမလည်တတ်ခဲ့ချေ။

ကိုဝေလွင်ကတော့ အနှင်းနှင့် ပြောင်းပြန်ဖြစ်ပေသည်။ အတန်းထဲတွင် အဆင့်တစ်ဟူသောနေရာသည် အမြဲတန်းသူ့အတွက် နေရာဦးပြီးသား ဖြစ်တော့၏။ အေးဆေး တည်ငြိမ်သလောက် စကားလည်းနည်းသူဖြစ်ရာ ဆရာ၊ ဆရာမတို့၏ အချစ်တော်ဖြစ်လေသည်။

အတန်းပိုင်ဆရာမက အနှင်းနားမလည်သော သင်ခန်းစာတို့ကို ထမင်းစားကျောင်းဆင်းချိန်တွင် ကိုဝေလွင့်အား ရှင်းပြစေရာမှ အနှင်းတို့နှစ်ယောက် ကျွမ်းဝင်ခဲ့ရသည်။ ကိုဝေလွင်သည် ကျောင်းစာမှာ တော်ရုံမက အပြင်စာများကိုလည်း

www.facebook.com/NyisayEbookCreator



အလွန်ဖတ်သူဖြစ်သည်။ သူ့ကိုကြည့်လျှင် စာအုပ်နှင့်မျက်နှာကိုခွာသည်ဟူ၍ မရှိပေ။

"ကိုဝေလွင်ရယ် ကျောင်းစာတွေကများရတဲ့အထဲ ဒီစာအုပ်ကြီးတွေ ဖတ်နေရတာ မပျင်းဘူးလား"ဟု အနှင်းကမေးလျှင် သွားတက်ကလေးပေါ်အောင် ပြုံးရင်း စာမဖတ်ရင် အသွားတတ်တယ် အနှင်းရဲ့၊ ဖတ်ကြည့်ပါလား ဟုပြောတတ်သည်။

သည်လိုနှင့်ပင် အနှင်းတို့နှစ်ဦးသည် ဘယ်နေရာမှ အတိုင်အဖောက် မညီပါဘဲလျက် ဒင်္ဂါးပြား တစ်ပြား၏ခေါင်းနှင့် ပန်းကဲ့သို့ အလွန်နီးကပ်သော မိတ်ဆွေများ ဖြစ်ခဲ့ကြလေ၏။

"အချင်ရင်လည်းအပါစေတော့ ကိုဝေလွင်ရယ်... အနှင်းဖြင့် အဲဒီစာအုပ်ကြီးတွေ ဖတ်ရမှာ သိပ်ပျင်းတာပဲ။ ကျောင်းစာတောင် အနိုင်နိုင်လုပ်နေရတာ"ဟု အနှင်းက ပြောလျှင်

ဒါဆို အနှင်း အားလပ်တဲ့အချိန်တွေမှာ အပြင်းပြေ ဘာလုပ်သလဲ"ဟု ကိုဝေလွင်က မေးသည်။

"အနှင်းမှာ အားချိန်လို့လည်း သိပ်မရှိပါဘူးရှင်။ ကျောင်းစာလုပ်ရတာနဲ့ အိမ်အလုပ် လုပ်နေရတာနဲ့ အချိန်ကိုစေ့နေတာပဲ။ တစ်ခါတစ်လေ ပျင်းရင်တော့ သီချင်းနားထောင်တာပေါ့၊ မာမာအေးဆို အနှင်းက သိပ်ကြိုက်တာ"

"ဩော်... သူဌေးသမီးက အိမ်အလုပ်တွေ လုပ်ရတယ်ပေါ့ဟုတ်လား"ဟု မယုံသလို ပြော၏။ အနှင်းသည် မဟုတ်တာ ဘာတစ်ခုမှ မလုပ်ရပါဘဲလျက် စိတ်ထဲတွင် မလုံမခြုံ ဖြစ်မိသည်။

ပွဲလမ်းသဘင်တို့တွင် ရွှေရည်စိမ်လက်ဝတ်လက်စားများ ဝတ်ဆင်ထားရသကဲ့သို့လည်း မနေတတ်မထိုင်တတ် ဖြစ်ရ၏။

"အဲ့လိုမပြောပါနဲ့ ကိုဝေလွင်ရယ်၊ အနှင်းက အစစ်အမှန်မဟုတ်ပါဘူး၊ အတုအယောင်ပါ" ဟု အနှင်းက ပြန်ဖြေရင်း...

ဘယ်သူ့ကိုမှ ရင်မဖွင့်ဘူးသည့် အနှင်းဘဝဇာတ်ကြောင်းတို့ကို သူစိမ်းတစ်ယောက်အား ပထမဆုံး ရင်ဖွင့်မိလေ၏။

ထိုနေ့မှစ၍ ကိုဝေလွင်သည် အနှင်းအပေါ်တွင် သိသိသာသာ ဆက်ဆံရေး ပြောင်းလဲသွားလေသည်။ အနှင်းကို ယခင်ကထက် ကြင်ကြင်နာနာ ဆက်ဆံလာပြီး၊ နှမငယ်လေးတစ်ဦးလိုလည်း ယုယလာတတ်၏။ ကျောင်းဆင်းချိန်များတွင် အနှင်း နားမလည်သော ကျောင်းစာများကို ရှင်းပြရုံတင်မကတော့ဘဲ စာဖတ်ပျင်း

www.facebook.com/NyisayEbookCreator



သော အနှင်းအား သူဖတ်မိသောစာအုပ်များထဲမှ ကောင်းနိုးရာရာ ဇာတ်လမ်းကလေးများကို ပုံပြင်ပြောသလို ပြောပြတတ်၏။

''ပြတ်ပြတ်ခန့်ရည်၊ မသိသည်နှင့်၊ နွေလည်ရာသီ၊ ပွင့်ပြိုင်ညီက၊ နာရီပါဒ်ဝက်၊ လျှပ်တပြက်မျှ၊ စုံမက်ဆပွား၊ ချန်မထားသည်။ သနားရက်သာ ဖျင်တော့သည်''စသော နဝဒေး၏ ကဗျာတို့ကို အသံနေအသံထားဖြင့် ရွတ်ပြတတ်၏။

နတ်သျှင်နောင်ရတုများ၊ ရာဘင်ဒြာနာ(သ်)တဂိုး နှင့် အိုမာခယမ်တို့၏ ကဗျာများကို ကိုဝေလွင်က တော်တော်များများအလွတ်ရလေသည်။

အနှင်းအတွက်ကတော့ ကိုဝေလွင်ဆိုသည့် ရှားရှားပါးပါး မိတ်ဆွေကလေးသည် မဟူရာတောအုပ်၌ ထွန်းလင်းတောက်ပလာသော ကြယ်ကလေးတစ်ပွင့်ဖြစ်၏။ ပင်လယ်ပြင်ထဲမှ မီးပြတိုက်ကလေးတစ်လုံးဖြစ်ပြီး ကန္တာရထဲ၌ လမ်းပျောက်နေသူတစ်ဦး ကောက်ရခဲ့သော ရေဘူးတစ်လုံးလည်းဖြစ်တော့သည်။

ထိုနှစ်က အောင်စာရင်းများထွက်သောအခါ ကိုဝေလွင်ကဂုဏ်ထူးနှစ်ခုဖြင့် အောင်မြင်ပြီး အနှင်းမှာ (ခ) စာရင်းကပင် မပါခဲ့ချေ။

ဒါပေမဲ့ အနှင်းတို့ နှစ်ယောက်မှာ ရေစက်မကုန်ဟု ပြောရမလားမသိ။ ဆယ်တန်း ဒုတိယနှစ်တွင် အနှင်းတက်သော အင်္ဂလိပ်စာ ကျူရှင်ဆရာကြီးတစ်ဦးထံ၌ ကိုဝေလွင်က လက်ထောက်ဆရာကလေးအဖြစ် အလုပ်ဝင်ရာ နေ့စဉ် ဆုံတွေ့ခွင့် ရနေကြတော့သည်။

တနေ့သားတွင် ကိုဝေလွင်က အနှင်းကို မေးခွန်းတစ်ခုမေးလေ၏။

''အနှင်း... အနှင်းဘယ်အသက် အရွယ်လောက်မှာ အိမ်ထောင်ပြုမယ်လို့ စဉ်းစားမိလဲ''

အနှင်းမှာ အဖြေရကျပ်လျှက် ရှိသည်။ ဟုတ်တော့လည်း ဟုတ်သား။ အနှင်းသည် ဘဝတွင် အိမ်ထောင်ပြုရန်ဟူ၍ တစ်ခါမှ မစဉ်းစားခဲ့မိဘူးချေ။ အဖေ၊အမေ တို့နှင့် အတူတူနေရင်း အချိန် တစ်ချိန်ကျရင် အမေတို့ပေးစားသည့် ယောကျ်ားနှင့် အိမ်ထောင်ကျကာ ဘဝခရီးဆက်ရလိမ့်မည်ဟုသာ သမရိုးကျ မှတ်ယူထားခဲ့၏။

ထို့ကြောင့် ''အို ကိုဝေလွင်ကလည်း၊ အမေတို့ပေးစားတဲ့အချိန်ကျမှပေါ့''ဟု ပြီးစလွယ်ဖြေလိုက်သည်။

ပြီးတော့မှ သူငါ့ကို ဘာလို့ ဒါတွေမေးတာလည်း မသိဘူးဟု စဉ်းစားမိကာ

www.facebook.com/NyisayEbookCreator



''ဘာဖြစ်လို့လဲ ကိုဝေလွင်'' ဟု အနှင်းက ပြန်လှန်မေးခွန်းထုတ်လိုက်၏။

ကိုဝေလွင်က နှစ်နှစ်ချိုက်ချိုက် ပြုံးလိုက်ပြီး

''တကယ်လို့ အနှင်းအိမ်ထောင်ပြုဖို့ စဉ်းစားတဲ့အချိန်ရောက်ရင်၊ ကျွန်တော့်ကို အိမ်ထောင်ဘက်တစ်ယောက်အဖြစ် အနှင်းစဉ်းစားပေးနိုင်မလား''ဟု တဲ့တိုးပြောလိုက်သည်။

အနှင်း၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး၊ ကိုဝေလွင့်ကို ရယ်လည်း ရယ်ချင်သွားမိ၏။ အနှင်းနှင့် ကိုဝေလွင်မှာ အတော်ရင်းနှီးခင်မင်နေကြပြီဖြစ်ရာ အနှင်း ကိုဝေလွင့်အပေါ်တွင် စိတ်လည်း မဆိုးမိ၊ တုန်လည်း မတုန်လှုပ်မိပေ။ အေးချမ်းနေသော အနှင်း၏စိတ်အစဉ်တို့မှာ အနည်းငယ်သွေးပူနွေးထွေးသွားသလိုတော့ ဖြစ်မိ၏။

''ကိုဝေလွင်ကလည်း အဆင့်တွေကျော်နေပြီ ထင်တယ်နော်။ အနှင်းက ကိုဝေလွင့်ကို လက်ထပ်ရအောင် အနှင်းတို့က ချစ်သူတွေမှ မဟုတ်တာကို ကိုဝေလွင်ကကော အနှင်းကို ချစ်နေလို့လား... ကဲ''ဟု အနှင်းက ခပ်ရှက်ရှက်ဖြင့် မေးရသည်။

ကိုဝေလွင်က အနှင်းကိုစေ့စေ့ကြည့်ရင်း

''အချစ်ဆိုတာကို အနှင်းနားလည်လား''ဟု မေးပြန်သည်။

အနှင်းမှာ ကိုယ့်ရှုးကိုယ်ပြန်ပတ်နေပြီမို့

''ဟင့်အင်း... အနှင်းနားမလည်ပါဘူး''ဟု ဖြေရသည်။

''အင်းလေ... အနှင်းနားမလည်၊ ကျွန်တော်လည်း နားမလည်တဲ့ကိစ္စတစ်ခုကို ဘာလို့ အချိန်ကုန်ခံနေတော့မလဲ၊ ကျွန်တော်ကတော့ အချစ်ဆိုတာထက် မေတ္တာတရားကို ပိုစိတ်ဝင်စားတယ်၊ ပိုပြီးတော့လည်း လေးနက်တည်မြဲမယ်လို့ ထင်တယ်လေ၊ အဲဒီတော့ တစ်နေ့နေ့ တစ်ချိန်ချိန် အနှင်းအိမ်ထောင်ပြုဖို့ စဉ်းစားတဲ့အခါ၊ ကျွန်တော်ကို အနှင်းဘဝရဲ့ ထာဝရလက်တွဲဖော်တစ်ယောက်အဖြစ် ထည့်သွင်းစဉ်းစားပေးပါလို့ ကျွန်တော်ပြောချင်တာပါ''

တည်တံ့သော လေသံဖြင့် ပြောနေသော ကိုဝေလွင်ကို အနှင်းအံ့ဩရ၏။

''အင်းပါရှင်... အနှင်း မှတ်ထားပါ့မယ် အခုတော့ အနှင်းတို့နှစ်ယောက် အကောင်းဆုံးမိတ်ဆွေတွေအဖြစ်ပဲ နေကြရအောင်ပါ၊ ပြီးတော့... အိမ်ကို လွန်ဆန်ပြီးလည်း အနှင်းဘာမှ မလုပ်ရဲဘူး၊ အနှင်းကြောက်တယ်။''

မျက်စိ မျက်နှာပျက်သွားသော အနှင်းကိုကြည့်ကာ ကိုဝေလွင်က အားနာသွားသည်။ အနှင်းကို သနားလည်း သနားသွားလေ၏။

www.facebook.com/NyisayEbookCreator



"အနှင်း စိတ်အနှောင့်အယှက်ဖြစ်သွားရင် ကျွန်တော် တောင်းပန်ပါတယ်"

"အခု အချိန်မှာ မပြောမိလိုက်ရင် နောင်တစ်ချိန်ကျ ကျွန်တော် နောက်ကျသွားမှာစိုးလို့ပါ။ အနှင်းကြိုက်သလောက် အချိန်ယူပြီး စဉ်းစားပါ။ ကျွန်တော်ကတော့ စောင့်ရတဲ့အလုပ်ကို ငြီးငွေ့တယ်လို့ သိပ်မထင်ပါဘူး၊ ဘဝဆိုတာ မျှော်လင့်စောင့်စားခြင်းတွေနဲ့ ပိတ်လှောင်ထားတဲ့ ပန်းဒိုရာ သေတ္တာတစ်လုံးပဲ မို့လား"

အနှင်းသည် ထိုနေ့မှစ၍ အချစ်ဆိုတာကို နားလည်သလိုလို ရှိလာလေသည်။ အရေးအသားညက်ညော၍ လှပသော စကားလုံးတို့ဖြင့် တန်ဆာဆင်တတ်သော ကိုဝေလွင့်ထံမှ ပေးစာကလေးများကို ဖတ်ရတာလည်း အရသာရှိလာလေ၏။

အနှင်းရင်ထဲ၌ တင်းကြပ်ဖိစီးနေတတ်သော အနှင်းဘဝ၏ မပြေလည်မှုကလေးများကို ရင်ဖွင့်ရန်လည်း တိုးတိုးဖော်တစ်ယောက်ရလာပြန်လေသည်။ အနှင်းတို့နှစ်ဦးမှာ မိတ်ဆွေတွေအဖြစ်ဖြင့်သာ ဆက်ဆံလာခဲ့ကြသော်လည်း တစ်နှစ်ခန့် အကြာ ကိုဝေလွင့် တက္ကသိုလ်သွားခါနီးအချိန်တွင် စိတ်ချ၍ သွားချင်သည်ဟု ပူဆာပြန်သဖြင့် အနှင်းပင် သိပ်စဉ်းစားချိန်မရတော့ဘဲ ကိုဝေလွင့်အား အဖြေပေးလိုက်ရတော့သည်။

ချစ်သူတို့ ဘာသာဘာဝ တွေ့ကြ၊ ပျော်ကြ၊ ချိန်းကြဟူ၍ အခွင့်အရေးမရပါပေ။ ကိုဝေလွင့်မှာ ရန်ကုန်တက္ကသိုလ်တွင် တက်နေပြီ ဖြစ်သဖြင့် အပြန်အလှန် စာများ ရေးကြ၊ ပို့ကြရုံမှ တစ်ပါးထွေထွေထူးထူး မရှိလှချေ။

တစ်နေ့တွင် ဒေါ်ခင်ခင်ကြီးက အနှင်းအခန်းကို ဝင်ရှာရာမှ ကိုဝေလွင့် ရေးသားပေးပို့လိုက်သော စာတစ်စောင်ကို မထင်မှတ်ဘဲ တွေ့ရှိသွားလေသည်။

အနှင်းလည်း အဆူအငေါက် ကောင်းကောင်းခံလိုက်ရပြီး အပြင်ကျူရှင်များသို့ သွားခွင့်မရတော့ချေ။ ဆရာမနှစ်ယောက်၊ သုံးယောက် ငှားကာ အိမ်၌ပင် စာသင်စေတော့၏။

တက္ကသိုလ်ကျောင်းများ ပိတ်၍ ကိုဝေလွင့်ပြန်လာသော ရှားရှားပါးပါး အချိန်ကလေးများတွင်သာ အနှင်းတို့ တွေ့ကြရတော့သည်။

ကိုဝေလွင့်နှင့်တွေ့ဖို့ ကြံရဖန်ရသည်မှာ အနှင်းအဖို့တော့ မဟာစွန့်စားခန်းကြီးဖြစ်သည်။

အဖေတို့ အမေတို့သည် ချမ်းသာကြွယ်ဝကြသော်လည်း ရှေးရိုးဆန်

www.facebook.com/NyisayEbookCreator



သူများ ဖြစ်ကြရာ တိုက်ထဲတွင် အိမ်သာမထားကြပေ။ အိမ်နှင့်တော်တော်ဝေးဝေး ခြံထောင့်တစ်နေရာတွင် အိမ်သာကို သီးသန့် ဆောက်ထားလေသည်။ ညရေး ညတာ အပေါ့အပါးသွားချင်ပါက မိမိအခန်းထဲရှိ အပေါ့စွန့်အိုးထဲမှာပင် ပြီးလိုက်ကြပြီး၊ အခင်းကြီးသွားလိုလျှင်တော့ လက်နှိပ်ဓာတ်မီးတစ်လက်နှင့် ညီအစ်မနှစ်ယောက် အဖော်လုပ်ကာ ခြံထဲသို့ ဆင်းကြစမြဲဖြစ်သည်။

ညီမလေးအေမီ ညဘက်အပြင်ထွက်လျှင် အနှင်းအဖော်လိုက်မြဲ ဖြစ်သော်လည်း အနှင်းအလှည့်ကျလျှင်တော့ တစ်ယောက်တည်း သွားလိုက်တာက များသည်။ ညီမလေးမှာ အအိပ်မက်သူဖြစ်၍ "ဟာ… မမနှင်း ဘာသာသွားပါတော့ဗျာ၊ အေမီအရမ်းအိပ်ချင်နေပြီ"ဟု ဆိုကာအိပ်ယာထဲမှ မထဘဲ ရှိတတ်သည်။ ယခုလိုအခြေအနေတွင် ထိုအခွင့်အရေးကို အနှင်း ကောင်းကောင်းအသုံးချရလေတော့၏။ ခြံထောင့်မှ အိမ်သာသည် အိမ်မကြီးနှင့် ခပ်လှမ်းလှမ်းတွင်ရှိပြီး သရက်ပင်၊ မာလာကာပင်များ အုပ်မိုးနေသောကြောင့် အိမ်မကြီးဘက်က ကြည့်လျှင် ဘာကိုမျှ သဲသဲကွဲကွဲ မမြင်ရတတ်ပေ၊ အိမ်သာဘေးရှိ လမ်းကလေးမှ ဆက်လျှောက်သွားပြီး လှေခါးနှစ်ထစ်လောက်ဆင်းလိုက်လျှင် ပန်းခြံထဲသို့ ရောက်သွားပြီး ပန်းခြံထဲမှ ဇကရာဇ်ပင်ကြီးနှစ်ပင်၏အောက်တွင် ခုံတန်းလျားကလေးများ ရှိရာ၊ ထိုနေရာကလေးသည် အနှင်းနှင့် ကိုဝေလွင်တို့ ချိန်းဆိုတွေ့ဆုံကြရာ နေရာကလေးဖြစ်လာလေ၏။

ကိုဝေလွင်ကား အလွန်စည်းကမ်းရှိသူဖြစ်ပြီး၊ လူကြီးလူကောင်းလည်း ဆန်သူဖြစ်လေရာ ညဘက် အမှောင်ထဲတွင် တွေ့ကြ၊ ဆုံကြသော်လည်း အနှင်း ပုခုံးလေးကို ထွေးပွေ့ထားတတ်သည်မှ လွဲ၍ ဘာဘာညာညာ အခွင့်အရေး ယူတတ်သူ မဟုတ်ပေ။ ချစ်သူနှစ်ဦး နာရီဝက်လောက်ထိုင်၍ စကားတီးတိုး ပြောဆိုကြရုံသာဖြစ်သည်။ တစ်ညတွင်ကိုဝေလွင်က "အနှင်းရယ်၊ ကိုတို့ မြန်မြန် လက်ထပ်လိုက်ကြရင် ကောင်းမယ်၊ ကို… အနှင်းကို အခုလို ခိုးကြောင်ခိုးဝှက် လာလာ မတွေ့ချင်တော့ဘူး၊ အနှင်းကို ကိုအခုလို လာလာတွေ့ရတိုင်း ရှေးခေတ် အိုင်ချင်းကဗျာလေးတစ်ပုဒ်ကို သတိရမိတယ်"ဟုပြောလေသည်။

"လုပ်စမ်းပါဦး၊ ကဗျာဆရာကြီးကလည်း၊ အနှင်းကို ရွတ်ပြဦးလေ" ဟုပြောလျှင်

"ငါ့ကိုလွယ်၊ အမယ်ကြီးနဲ့ဘကြီးဖျက်လို့၊ အိမ်လေးထောင့်မှာ ဆူးတွေ ချလျှက်၊ ဖျက်နဲ့ငယ်မှစေ့စုံ၊ လှေကားခုံမှာ၊ ဂဠုန်မောင့်ကြောင့်စောင့်တော့တယ်၊ လှေကားဦးမှာ၊ ဘီလူးမောင့်ကြောင့်ထိုင်တော့တယ်။ လှေကားခြေမှာ၊ ဆူးလေ

www.facebook.com/NyisayEbookCreator



မောင့်ကြောင့် ကြွတော့တယ်။ အိမ်တိုင်တိုင်းမှာ နွားရိုင်းမောင့်ကြောင့် ချည်တော့တယ်။ ထရံကြားမှာ၊ ဓားသွားမောင့်ကြောင့်ထားတော့တယ်။ အိမ်ကြမ်းကြားမှာ၊ အပ်သွားမောင့်ကြောင့်စိတော့တယ်။ အိမ်မိုးခေါင်မှာ၊ လှံထောင်မောင့်ကြောင့်စိုက်တော့ တယ်။ မောင်လည်းဘယ်ကတက်ပါ့မယ်၊ မယ်လည်းဘယ်က ဆင်းပါ့မယ်။ ကြွက်ကဲ့အယောင်၊ ကြောင်ရဲ့အလား ထုပ်နှင့်လျှောက်ကို၊ ထိုးဖောက်သွားက ၊ထုပ်သားငယ်မှမခိုင်၊ ထုပ်တိုင်ငယ်မှမိုးထိုး၊ အလယ်ကောင်ဖောင်ဖောင် ကျိုးက၊ သူခိုးဆိုညွှန်း၊ မီးတင်ထွန်း၍၊ ဝန်းကြသောအခါ၊ ဆင်းချခုန်လမ်းဆုံရောက်ပါ့မလား ရှင်။ ညီမအတွေး၊ ရွှေတလေးကို၊ပြေး၍ကြည့်ချေ၊ စေသောအခါ၊ အမယ်မမ၊ ကျွန်မ ခဲအို၊ မြင်ခဲ့ငါတို့၊ ရွာလယ်ကောင် ခုတင်ကြီးမှာ စောင်းတီးလို့လေး''ဟူ၍ ရှည်ရှည် ဝေးဝေး အလွတ် ရွတ်ပြတတ်ပြန်သည်။

''ကိုယ့်ကို အဲဒီ အိုင်ချင်းကဗျာကလေးထဲကလို သူခိုး၊သူခိုး ဆိုပြီး ဖမ်းကြရင် ဘယ်လိုလုပ်မတုန်း''ဟု ကိုဝေလွှင်ကမေးလျှင် အနှင်းက

''အဲဒီကျတော့လည်း ဒါ... သူခိုးမဟုတ်ပါဘူး၊ အနှင်းချစ်သူပါလို့ ကြေငြာလိုက်တာပေါ့''ဟု ခပ်ရဲရဲ ဖြေမိသည်။

ကိုဝေလွှင်က မယုံသလိုဖြင့် ''ဟင်း... သတ္တိလည်း မရှိဘဲနဲ့''ဟု အနှင်းကို စသည်။

''အမလေး သတ္တိရှိလို့ ဒီနေရာအထိ လာတွေ့တာပေါ့ရှင်။ အမေတို့ အကြောင်း ကိုဝေလွှင်မသိလို့နော်... မိများမိသွားခဲ့ရင် ကိုဝေလွှင်က ထွက်ပြေးလို့ ရသေးတယ်၊ အနှင်းက အသတ်ခံရမှာ''ဟု ဖြေလျှင်တော့ နှစ်ယောက်စလုံး စိတ်မကောင်းဖြစ်သွားကြကာ တိတ်ဆိတ် နေတတ်ကြပြန်သည်။

ကိုဝေလွှင်က သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်၍

''ကိုယ်လည်း အခြေအနေတော့ သိပ်မကောင်းဘူး အနှင်းရေ။ ကိုယ့်သူငယ်ချင်း တော်တော်များများ အဖမ်းခံနေရပြီ။ ကိုယ့်အလှည့်လည်း ဘယ်တော့ ရောက်မယ်မသိဘူး။ ဦးသန့်အရေးအခင်းတုန်းက ဓာတ်ပုံတွေထဲမှာ ကိုယ့်ပုံက တော်တော်ထင်ထင်ရှားရှား ပါတယ်တဲ့။ အစစ်ဆေးခံရပြီး ပြန်လွတ်လာတဲ့ သူတွေက ပြောတယ်။ ကိုကတော့ မကြောက်ပါဘူး၊ အနှင်းနဲ့ဝေးရမှာသာ စိုးရိမ်တာ''ဟူ၍လည်း အနှင်းကို ရှင်းပြ၏။

''အနှင်းက... တိုင်းရေးပြည်ရေးတွေ သိပ်နားမလည်ပေမဲ့ ကိုယ့်ကိုတော့ အကြွင်းမဲ့ ယုံကြည်ပါတယ်... ကို။ ကိုဟာ မဟုတ်တဲ့၊ မမှန်တဲ့၊ မတရားမမျှတတဲ့ အလုပ်တွေကို ဘယ်တော့မှ လုပ်မှာမဟုတ်ဘူးဆိုတာ အနှင်းသိပါတယ်။ ကိုယ်

www.facebook.com/NyisayEbookCreator



အနှင်းအမြဲတမ်း ရင်မအေးရဘူး။ ရန်ကုန်က သတင်းတွေကြားရတိုင်း အနှင်း ရင်ထိတ်နေရတယ်။ ကိုတစ်ခုခု ဖြစ်သွားမှာ အနှင်းသိပ်စိုးရိမ်တာပဲ။"

ပြောရင်းဆိုရင်း ဝမ်းနည်းသံတွေပါလာသဖြင့် ကိုဝေလွင်က အနှင်းကို ချော့ရသည်။

"ကျောင်းမြန်မြန်ပြီးအောင် လုပ်ပါကိုရယ်၊ ကို... ကျောင်းပြီးသွားရင် အနှင်းအဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ကို့နောက်ကိုလိုက်ခဲ့မယ်နော်။ ကိုအလုပ် တစ်ခုရအောင် ကြိုးစားပြီး အနှင်းတို့နှစ်ယောက်ထဲ အတူနေကြရအောင်"ဟု အနှင်းက ငိုသံတစ်ဝက်နှင့် ပြောရသည်။

ကိုဝေလွင်က မျက်ရည်ဝဲနေသော အနှင်းကို လက်ကိုင်ပဝါဖြင့် ယုယု ယယ သုတ်ပေးသည်။ ပြီးတော့ အနှင်းမျက်နှာကို ရွှန်းရွှန်းစားစား ကြည့်လိုက်သည်။ ပြီးတော့ ချစ်သူနှစ်ဦးတို့၏ တမ်းတဖွယ် နှုတ်ဆက်အနမ်းများ...။

ထို့နောက် ဖြုန်းခနဲဆိုသလိုပင် ညီမလေးအေမီက ယောကျ်ားနောက်သို့ လိုက်ပြေးရာ အနှင်းတို့ တစ်အိမ်လုံး ဖြောင်းဆန်၍ ကျန်ခဲ့တော့၏။

မကြာခင်မှာပင် သူစိမ်းယောကျ်ားတစ်ယောက် အိမ်ပေါ်သို့ ရောက်လာ တော့ရာ အနှင်းသည် အနေအထိုင် အတော်ပင်ကြပ်လာတော့၏။ ညီမလေး အေမီ၏အမျိုးသား ကိုကိုဦးမှာ ချမ်းသာသောမိသားစုမှ ကြီးပြင်းလာသည် ဆိုသော်လည်း ယဉ်ကျေးသိမ်မွေ့မှု မရှိလှပေ။ လူကြီး သူမများအား ရိုသေရ ကောင်းမှန်းလည်း မသိ၊ ကိုယ့်မယား ကိုယ်လုပ်ကိုင် ကျွေးရမှန်းလည်းမသိဘဲ ပေါ့ပေါ့နေ၊ ပေါ့ပေါ့စားထဲကဖြစ်၏။ သူ့အိမ်မှာ သူလည်း ဘော်ကြော့နေသူ ဖြစ်ပေရာ၊ ကိုယ်စားပြီးသား ထမင်းပန်းကန်ကိုပင် ကိုယ်မဆေးချင်၊ ကိုယ့်အိပ်ယာ ကိုမှ ကိုယ်မသိမ်းချင်သော အစားမျိုးထဲကဖြစ်သည်။

တစ်သက်လုံး စည်းနှင့်ကမ်းနှင့်နေလာကြသော အနှင်းတို့မိသားစုနှင့် အတော်ပင် အံမဝင်ဝွင်မကျ ဖြစ်ရ၏။

အရက်ကလေးထွေလာလျှင် ညီမလေးအေမီကို အမျိုးမျိုးရန်ရှာကာ ဆဲဆိုနေတတ်သည်။ ညီမလေးမှာ ကိုယ့်အိမ်ပေါ်အခန့်သားတက်နေသော ယောကျ်ားကိုပင် ပြန်ကြောက်နေရတော့၏။

အနှင်းကတော့ စိတ်ထဲမှာ မနှစ်မြို့ဖြစ်လာတိုင်း မြောက်ဘက်အိမ်သို့သာ အလည်သွား၍ သက်သာရာ သက်သာကြောင်း ရှာရသည်၊ မြောက်ဘက်အိမ်က ဒေါက်တာသန့်စင်နှင့် မမမိတို့မှာ အနှင်းကို ညီမလေး တစ်ယောက်လို သံယောဇဉ် ရှိကြပြီး သူတို့၏ တစ်ဦးတည်းသောသားကလေး မောင်မောင်မှာလည်း ငယ်ငယ်

www.facebook.com/NyisayEbookCreator



ရှိကြပြီး သူတို့၏ တစ်ဦးတည်းသောသားကလေး မောင်မောင်မှာလည်း ငယ်ငယ်ကတည်းက အနှင်းလက်ပေါ်တွင်ကြီးလာရသော အနှင်း၏ အသည်းစွဲကလေးဖြစ်သဖြင့် သူများအိမ်ရောက်မှသာ အနှင်းစိတ်ချမ်းသာရသည်။

ကိုဝေလွင် မြို့ကလေးပြန်မလာသည်မှာလည်း အတော်ကြာသွားပေပြီ။ ဟိုတစ်ခေါက်က မောင်မောင်ကလေးအား ကိုဝေလွင်က ရဲရဲတင်းတင်း စာပေးခိုင်း၍ ချိန်းဆိုလိုက်ပြီး အနှင်းတို့ တွေ့ဆုံရခြင်းသည် နောက်ဆုံးတွေ့ဆုံခြင်းပင်ဖြစ်၏။

စာလည်းမလာ သတင်းလည်းမကြားမို့ အနှင်းမှာစိတ်အတော်ပူရသည်။ ကိုဝေလွင်ရွတ်ပြတတ်သော ကဗျာများထဲမှ

"ချစ်တဲ့သူငယ်လေ၊ သူငယ်ချင်းကောင်း၊ ယောင်းမတို့ရှင်၊ မိကိုလွမ်းလည်း၊ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့်၊ ပြေဖူးငဲ့ရှင်။ ဖကိုလွမ်းလည်း၊ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့်၊ ပြေဖူးငဲ့ရှင်။မောင်ကလေး၊ မောင့်ကိုလွမ်းတော့၊ သောက်တော်ရေချမ်း၊ စားတော်ကွမ်းနှင့်၊ သွန်းတဲ့ညောင်ရေ၊ ပန်းသပြေနှင့် မပြေပါလို သောက်တော်ရေအိုး၊ ကျွမ်းထိုးကောင်နှယ်၊ အပျိုဖြူငယ်နှမမှာ၊ ကြံ့ရတယ်ရှင်"

ဟူသောကဗျာလိုပင် အလွမ်းပေါ်တွင် အလွမ်းဆင့်၍ ပိုးလောက်လန်းကောင် ရေအိုးထဲတွင် ကျွမ်းထိုးသကဲ့သို့ မနေတတ်၊ မထိုင်တတ် ဖြစ်ရသည်။

ကိုဝေလွင်ကို အထူးသတိရတတ်သည့်ညများတွင် အနှင်းသည် ပန်းခြံ၏ထောင့်မှခုံတန်းလျားကလေးပေါ်တွင် ထိုင်၍တစ်ယောက်တည်း အလွမ်းစိတ်တို့ကို ဖြေဖျောက်ရသည်။

တစ်ညသား၌ ခုံတန်းလျားကလေးပေါ်တွင် အနှင်းထိုင်နေရင်း အိပ်ချင်သလိုလိုဖြစ်ကာ အနှင်းသည် ငိုက်ခနဲဖြစ်သွားမိလေ၏။ ထိုစဉ်မှာပင် အနှင်းကို နောက်ဖက်မှ တစ်စုံတစ်ယောက်က သိုင်းဖက်လိုက်သလို ခံစားရသည်။ ပထမတော့ အိပ်ချင်မူးတူးနှင့် နမူးနထိုင်းဖြစ်နေရာမှ ကိုဝေလွင် ကျောင်းကပြန်လာပြီး အနှင်းကို စချင်သည်နှင့် နောက်မှနေ၍ ခြောက်လှန့်လိုက်သည်ထင်မိသည်။

သို့သော် ကိုဝေလွင်၏ ကိုယ်သင်းနံ့မဟုတ်ဘဲ ချဉ်စူးစူးနံစော်စော် အရက်ပုံနံ့လိုလို အနံ့မျိုးရလိုက်ရာ အနှင်းမှာ ခေါင်းနဘမ်းကြီး၍ သွားတော့သည်။

အိမ်မကြီးနှင့် အတန်ငယ်ဝေးကွာပြီး ခွေးဟောင်သံကိုပင် သဲ့သဲ့သာကြားရသော နေရာမျိုးတွင် တစ်ယောက်တည်းလာထိုင်နေမိသည်မှာ မှားလေပြီဟု ရင်ထိတ်သွားကာ ရုန်းကန်၍ ထိုသူကို တွန်းထိုးပစ်လိုက်၏။

www.facebook.com/NyisayEbookCreator



သို့သော်လည်း ထိုသူ၏လက်ချောင်းများသည် အနှင်းထင်တာထက် သန်မာနေပြီး လက်တစ်ဖက်ကလည်း အနှင်းပါးစပ်ကိုမအော်နိုင်အောင်အုပ်၍ ပိတ်ထားလေသည်။ အတန်ကြာရုန်းကန်ရင်းဖြင့် ကြောက်စိတ်ကလည်း ငယ်ထိပ်သို့တက်နေရာ အနှင်းမှာ မောပန်းနုံးချိ၍ အသက်ရှူကြပ်ကာ မလှုပ်နိုင်တော့ပေ။

"ခင်ဗျား မအော်နဲ့နော်၊ အော်ရင်ခင်ဗျားတို့အကြောင်းတွေ ကျုပ်အကုန်ဖော်ပစ်လိုက်မယ်။ ဟိုကောင်နဲ့ ခင်ဗျား ချိန်းချိန်းတွေ့နေတာ ကျုပ်သိတယ်။ ကျုပ် ခင်ဗျားတို့ကို ချောင်း... ချောင်းနေတာကြာပြီ။ ဟိုကောင်ကလည်း ယောကျာ်းမဟုတ်တာကျနေတာပဲ။ ယောကျာ်းဆိုတာ ဘာလဲလို့ ခင်ဗျား သိအောင်ပြမလို့..."

မိုက်မိုက်ရိုင်းရိုင်း စကားလုံးတို့ဖြင့် ရင့်သီးစွာ သားပြော၊ မယားပြော ပြောနေသူမှာ ကိုကိုဦးပင်ဖြစ်ကြောင်း အနှင်းသိလိုက်သည်။ ကိုကိုဦးသည် မိန်းမကျွမ်းကြေသူတစ်ဦးပီပီ အနှင်းအားပါးစပ်ကော နှာခေါင်းပါ အတန်ကြာ ပိတ်ထားလိုက်သဖြင့် အနှင်းမှာ သတိလစ်သလိုလိုဖြစ်ကာ အသက်ကိုပင် ကြိုးစားပမ်းစား ရှူနေရသည်။

ထို့နောက်တွင်မှာတော့ ဇကရာဇ်ပန်းတို့ ဖွေးဖွေးလှုပ်အောင် ကြွေကျနေသော မြေပြင်ပေါ်မှာပင် အနှင်းဘဝလေး ရေတိမ်နစ်ခဲ့ရလေတော့သည်။

www.facebook.com/NyisayEbookCreator

# အခန်း (၁၇)

ဓာတ်ကြောင်းပြန်နေသော မမနှင်း၏အသံမှာ တဖြေည်းဖြည်း တိမ်ဝင်သွားသည်။ ကျောခိုင်းခဲ့ပြီးပြီဖြစ်သော ဘဝ၏ အမှောင်ခန်းတို့အား လည်ပြန်တစ်ချက်ပြန်ကြည့်လိုက်ရသဖြင့် နာကြည်းဒေါသထွက်ကာ နှုတ်ခမ်းတို့ တုန်ယင်လျက် အသက်ရှူသံ ပြင်းပြင်းတို့သာ အိမ်ကလေးထဲတွင် မုန်တိုင်းထန်လျက်ရှိသည်။

မောင်သည် အာစေးထည့်ထားသူကဲ့သို့ ဆွံ့အငေးရီလျက် မမနှင်း၏မျက်နှာကိုပင် မကြည့်ရက်တော့ပေ။

"ဒါဆို... ဒါဆို ပေါက်စကလေးဟာ ကိုကိုဦးနဲ့ရတဲ့သား... ပေါ့ ဟုတ်လား မမနှင်း"

"ဟုတ်တာပေါ့... မောင်၊ ဒါကြောင့် မမနှင်း အိမ်ကိုမပြန်ချင်တော့တာပေါ့၊ မမနှင်းပြန်ရင် အကုန်ရှုပ်ထွေးကုန်မှာပဲ။ အမေတို့လည်း ရှက်တာနဲ့ သေမှာပဲ။ ညီမလေးတို့ အိမ်ထောင်ရေးလည်း ပြိုကွဲပြီး သူတို့တစ်သက်လုံး စိတ်ဆင်းရဲတော့မယ်။ ဒါကြောင့် မမနှင်း အိမ်မပြန်ဘဲနေတာဟာ အမေတို့ အဖေတို့ကို နောက်ဆုံးအနေနဲ့ ကျေးဇူးဆပ်နေတာပါ မောင်"

အဖြစ်အပျက်အားလုံး၏ တရားခံမှာ ကိုကိုဦးပင်ဖြစ်ကြောင်း ယခုမှပင် မောင်သိလိုက်ရတော့ရာ ထောင်းခနဲ ဒေါသထွက်သွားလေသည်။ ထိုလူယုတ်မာ၏ မျက်နှာကို စိတ်ထဲ၌ ပြန်မြင်ယောင်လာပြီး စက်ဆုပ်ရွံရှာသော စိတ်တို့အုံကြွကာ ရင်ထဲ၌ အော်ဂလီဆန်လာလေ၏။

"အစကတော့ ကိုယ်ဝန်ကို ဖျက်ချဖို့ မမနှင်း စဉ်းစားပါသေးတယ်။ ဒါပေမဲ့ မမနှင်းဟာ မိဘမဲ့ဘဝနဲ့ ကြီးပြင်းလာရတာပါမောင်။ မမနှင်းရဲ့ မိဘတွေ

www.facebook.com/NyisayEbookCreator



ဟာ မမနှင်းကိုစွန့်ပစ်ခဲ့ပေမယ့် မမနှင်းကိုအသက်ရှင်ခွင့်တော့ ပေးခဲ့ပါသေးတယ်။ မမနှင်းဗိုက်ထဲက သန္ဓေသားကလေးကိုသာ ဖျက်ချခဲ့မယ်ဆိုရင် သူဟာ လူတောင်ဖြစ်ခွင့် ရရှာမှာမဟုတ်ပါဘူး။ သူ့ကိုသာသတ်မိလိုက်ရင်၊ မမနှင်းကိုစွန့်ပစ်ခဲ့တဲ့ မိဘတွေထက် မမနှင်းဟာ ဆယ်ဆမကမိုက်မဲတဲ့သူ ဖြစ်သွားတော့မယ်။ ဖျက်ချဖို့ စိတ်ကူးခဲ့မိတာကိုတောင်အခုထိ မမနှင်းနောင်တ ရလို့မဆုံးနိုင်သေးဘူး။''

''ပြီးတော့လည်း မမနှင်းရဲ့ သားကလေးဟာ ဘယ်တော့မှမိဘ မမဲ့စေရဘူး။ မမနှင်းလို ဘယ်တော့မှ မျက်နှာမငယ်စေရဘူး။ ဆင်းရဲလို့ တောင်းစားချင်တောင်းစားရပါစေ။ ငါ့မှာ အမေရှိတယ်ဟေ့လို့ ရင်ကော့ပြနိုင်တဲ့ ကလေးတစ်ယောက်ဖြစ်စေရမယ်လို့ မမနှင်းဆုံးဖြတ်ပြီးမှ ပေါက်စကလေးကို မွေးခဲ့တာပါ''

''ပေါက်စကလေးဟာ မမနှင်းရဲ့ဘဝပါပဲ မောင်...၊ သူရှိနေလို့၊ သူအသက်ရှင်ရပ်တည်နေနိုင်အောင်လို့၊ မမနှင်းအခုချိန်ထိ အသက်ရှင်နေ၊ ရုန်းကန်နေသေးတာပါ။ ပေါက်စသာ မရှိခဲ့ရင် မမနှင်းဆိုတာဟာလည်း ဒီကမ္ဘာမှာရှိမှာမဟုတ်တော့ပါဘူး''

''ဒီလောက်တွေကြုံရတဲ့ ဒုက္ခတွေနဲ့ပဲ ဘဝဆိုတာ လုံလောက်နေပါပြီမောင်ရယ်''

မောင်သည် မမနှင်းကို တစိမ့်စိမ့် ကြည့်နေမိသည်။ မမနှင်း၏ မျက်နှာသည် လူသာ အသက်ရှင်နေသော်လည်း ခံစားချက်တို့ သေဆုံးနေပြီဖြစ်သောမျက်နှာမျိုးဖြစ်သည်။ ပါးရေ၊ နားရေ မတွန့်သေးသော်လည်း မျှော်လင့်ချက်တို့ကုန်ဆုံး၍၊ အဓိပ္ပာယ်မဲ့နေသော မျက်နှာသေမျိုးဖြစ်၍နေသည်။ ငယ်စဉ်ကလို ပြုံးလျှင် နှစ်နှစ်ချိုက်ချိုက် ပြုံးတတ်ပြီး ရယ်လျှင်လည်း လက်ခုပ်လက်ဝါးတီးကာ အားရပါးရ ရယ်တတ်သည့် မမနှင်း၏နှစ်လိုဖွယ် အမူအရာတို့မှာ လောကခံ၏ ဖိစီးနှိပ်စက်မှုတို့ကြားတွင် ငုပ်လျှိုးပျောက်ကွယ်သွားခဲ့ပြီဖြစ်၏။

မမနှင်း၏ ဘဝဇာတ်ကြောင်းတို့ကို ပုံပြင်တစ်ပုဒ်ပမာ နားထောင်လိုက်မိသောအခါ မောင်သည် ဝရမ်းပြေးဖြစ်နေရသည့် ကိုယ့်ဒုက္ခကိုပင် ကိုယ်မေ့သွားရ၏။

မမနှင်းဆီကို လာရောက်ပုန်းခိုမိခြင်းသည် မှန်ကန်လှပေစွဟု မောင်သဘောပိုက်မိ၏။ မည်သို့ပင်ဖြစ်စေ မောင့်ကို ရင်ဖွင့်လိုက်ရသဖြင့် တစ်သက်လုံးလျှို့ဝှက်စွာ ထိန်းချုပ်ထားခဲ့ရသော တင်းကြပ်ပိတ်လှောင်နေသည့် မမနှင်း၏ခံစားချက်တို့မှာ အနည်းငယ်တော့ သက်သာပြေလျော့သွားပေလိမ့်မည်။

www.facebook.com/NyisayEbookCreator



မမနှင်းတစ်ဦးတည်းသာရှိနေခဲ့သော အမှန်တရား၏ ချိန်ခွင်ခွက်ထဲတွင် မောင်တစ်ယောက် နောက်ထပ်တိုးလာပြီ ဖြစ်သဖြင့် နောင်တွင် ဖြစ်ပေါ်လာမည့် မမနှင်း၏စိတ်ကူးများထဲတွင် အမှီသဟဲပြုစရာ မောင် ဟူသော အင်အားတစ်ခု ရရှိလာပေလိမ့်မည်။

ပေါက်စကလေး၏ ရှေ့ရေးအတွက် ကူညီစဉ်းစားပေးနိုင်သော အကောင်းဆုံး မိတ်ဆွေတစ်ယောက်အဖြစ်လည်း မမနှင်းကို မောင်ကူညီနိုင်တော့မည် ဖြစ်သည်။

မောင်သည် မမနှင်း၏ဘဝပြေလည်ရေးအတွက် ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်ဟု ကြီးကြီးကျယ်ကျယ် စဉ်းစားနေမိရာ ကိုယ့်အခြေအနေ ကိုယ်ပြန်သတိရကာ ပြုံးချင်ချင်ပင် ဖြစ်သွားရ၏။ ယခုအချိန်မှာတော့ ဒုက္ခသည်အစစ်မှာ မောင်ပင်ဖြစ်နေသေးသည်။ မောင့်အခြေအနေမှာ မနက်ဖြန်၊ သဘက်ခါကိုပင် သေသေချာချာ ပြော၍မရသေးပေ။ မောင်သွားမည့် ခရီးအတွက် ငွေကြေးတစ်စုံတစ်ရာပင် မလုံလောက်သေးပေ။ မမမှုံရွှေရည် ပေးလိုက်သောငွေမှာလည်း မဖြစ်စလောက်ပင် ဖြစ်ရာ၊ မောင့်အိမ်သို့ လူတစ်ယောက်လွှတ်၍ လိုအပ်သည့်ပစ္စည်းများယူရန် လိုအပ်လာလေသည်။

"မမနှင်း ကူညီလက်စနဲ့ ကျွန်တော့်ကိုထပ်ကူညီပါဦး။ ကျွန်တော် အေးအေးဆေးဆေး ရှိနေကြောင်း အိမ်ကို သတင်းပို့ချင်တယ်၊ ပြီးတော့ အိမ်ကနေ ပိုက်ဆံနဲ့လိုအပ်တဲ့ အဝတ်အစားတချို့လည်း ယူချင်သေးတယ်။ အဲဒါ မမနှင်း မနက်ဖြန်ညအိမ်ကို သွားယူပေးမလား"

ထိုအခါတွင်မှာတော့ မမနှင်းက ခါးခါးသီးသီးငြင်းတော့သည်။

"ငါ့မောင်ရယ်... မမနှင်းကို ငရဲပြည်ကိုသာ သွားခိုင်းချင် သွားခိုင်းလိုက်စမ်းပါ၊ အဲဒီဘက်ကိုတော့ ခြေဦးတောင်မလှည့်ခိုင်းပါနဲ့၊ မမနှင်း ဘယ်သူ့ကိုမှ မတွေ့ချင်တော့လို့ပါ၊ ရှိကြီးခိုးပါရဲ့ဟယ်။"

ထို့နောက် မမနှင်းက မောင်ဘာလုပ်သင့်သည်ဆိုတာကို ဝိုင်း၍ စဉ်းစားပေးနေသည်။ သန်းခေါင်ကျော်ပြီးဖြစ်၍ အိမ်အပြင်ဘက်တွင် ပိန်းပိတ်နေသော အမှောင်ထုက လွှမ်းမိုးနေလျက်ရှိ၏။ ပြတင်းပေါက်မှ ဝင်လာသော လေပြေညှင်းတို့မှာ မောင်တို့နှစ်ဦး၏ ရင်ထဲမှ အပူမီးများကို ငြိမ်းအေးအောင် မစွမ်းနိုင်တော့ပေ။ မမနှင်းတို့အိမ်ရှေ့ ခရေပင်ကလေးဆီမှ လွင့်ပျံလာသော ခရေပန်းရနံ့ သင်းသင်းကိုပင် မခံစားနိုင်တော့ပေ။

ခဏကြာလျှင် မမနှင်းက ပြုံး၍

www.facebook.com/NyisayEbookCreator



''ရပြီ... မမနှင်း အကောင်းဆုံး အကြံရပြီ''ဟု ပြောသည်။ ပြီးမှဆက်၍

''မမနှင်းတို့ ဒီလိုလုပ်ရအောင်မောင်၊ ဟိုဘက်အိမ်က မမနှင်းရဲ့မိတ်ဆွေ မရီရီမြင့်ကို သိတယ်မို့လား။ သူက မမနှင်းနဲ့ ညီအစ်မလိုပါပဲ။ ယုံလည်း ယုံကြည်ရတယ်။ ပိုက်ဆံမချမ်းသာပေမဲ့ ကိုယ်ကျင့်တရား ကောင်းတယ်။ စိတ်ကောင်းလည်း သိပ်ရှိတာပဲ။ သူ့ကို မမနှင်းကိုယ်စား၊ မောင်တို့ အိမ်ကို လွှတ်ပေးမယ်။ မြို့ထဲမှာ သူက အဝတ်ဟောင်းတွေ လိုက်ယူတဲ့ ပင်မင်းသမား ဆိုတော့ မောင်တို့အိမ်ကို သူဝင်သွားရင်လည်း ဘယ်သူမှ သံသယရှိမှာ မဟုတ်ဘူး။ အမေးအမြန်းခံရရင်လည်း အဝတ်အဟောင်းတွေ လာယူတာလို့ ပြောလိုက်ရုံပဲ။ အဲဒီတော့ ဒီနေ့ည မောင့်အိမ်အတွက် မောင်စာတစ်စောင်လောက် ရေးပါ။ ပြည့်ပြည့်စုံစုံကလေးပေါ့ မောင်လက်ရေးနဲ့ ယူလာတဲ့စာ အိမ်ကို ပေးလိုက်ရင် အိမ်ကလည်း မယုံသင်္ကာမဖြစ်တော့ဘူး။ မောင့်စာထဲမှာသာ မောင်လိုအပ်တဲ့ ပစ္စည်းတွေ ပြည့်ပြည့်စုံစုံရေးထည့်ပေးလိုက်ပါ။ အဝတ်အစားတွေကိုလည်း သူပင်မင်းယူတဲ့ အဝတ်အစားတွေနဲ့ လုံးထွေးယူလာရင် ဘယ်သူသိတာမှတ်လို့'' ဟူ၍ အစီအစဉ်တွေ ဆွဲလေတော့၏။

မောင်က ရယ်၍ ''မမနှင်းရာ ကျွန်တော့်ကိစ္စကလည်း အရပ်ကူပါ၊ လူဝိုင်းပါဆိုသလိုတောင် ဖြစ်နေပြီ၊ ကျွန်တော်နဲ့တွေ့လိုက်ရမှ မမနှင်း ပိုစိတ်ညစ်နေရပြီ''ဟု ခပ်ညည်းညည်းပြောမိ၏။

''ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲမောင်၊ ပြဿနာဆိုတာ အကောင်းဆုံး ဖြစ်အောင်တော့ ဖြေရှင်းရမှာပဲပေါ့။ ဒီနေ့ည မမနှင်း မောင့်ကိုရင်ဖွင့်လိုက်ရတာ တစ်ကယ်ပဲ ရင်ထဲမှာ ပေါ့ပါးသွားတော့တယ်။ ရှာရှာဖွေဖွေတွေအောင်လာတဲ့ မောင့်ကိုလည်း မမနှင်းကျေးဇူးတင်ပါတယ်။ကဲ... ကဲ အချိန်မရဘဲနေမယ်။ ဟောဒီမှာ စာရွက်နဲ့ ဘောပင်၊ မောင့်အိမ်အတွက်သာ မောင်စာတစ်စောင် အမြန်ဆုံးရေးပေတော့။ မမနှင်းတော့ ဟိုဘက်အိမ်ကိုကူးပြီး မရီရီမြင့်ကို အကူအညီသွားတောင်းလိုက်ဦးမယ်။ အကျိုးအကြောင်းရှင်းပြလိုက်ဦးမယ်။ ကဲ... မောင်စာရေးရင်း အေးအေးဆေးဆေးနေရစ်ပေတော့''ဟုဆိုကာ ဟိုဘက်အိမ်သို့ ဖြုတ်ခနဲ ကူးသွားလေတော့၏။

မောင်လည်း စာရွက်နှင့် ဘောပင်ကိုယူ၍ စားပွဲဝိုင်းကလေးတွင် ထိုင်ကာ အဖေတို့အမေတို့ထံ စာရေးရလေသည်။ မောင့်မှာ ရေးစရာလည်း ထွေထွေ ထူးထူးတော့ မရှိလှပေ။ အိမ်ကလူတွေ စိတ်မပူဖို့၊ ဟန်မပျက်နေကြဖို့မှာရင်း

www.facebook.com/NyisayEbookCreator



မောင့်အတွက်လိုအပ်မည့် ငွေကြေးနှင့် အဝတ်အစားအနည်းငယ်ကိုသာ မရီရီမြင့်အား ယုံယုံကြည်ကြည့်ဖြင့် ထည့်ပေးလိုက်ရန်တို့ဖြစ်သည်။

စာတစ်မျက်နှာခန့်ရေးပြီးလျှင် သပ်သပ်ရပ်ရပ်ဖြစ်အောင် စာရွက်ကို မောင် လေးချိုးခေါက်... ခေါက်နေခိုက် မောင့်နောက်ဘက်မှ ချွတ်ခနဲ ခြေသံတစ်ချက် ကြားလိုက်ရ၏။

တဒင်္ဂမျှ အချိန်ကလေးအတွင်းမှာပင် မောင့်စိုးရိမ်စိတ်တို့က တဒိတ်ဒိတ်တိုးလာလေသည်။ မောင် ဒီအိမ်ကို ရောက်နေတာကို အာဏာပိုင်တို့ သတင်းရသွားလေပြီလား၊ မမနှင်းအိမ်ကိုများ သူတို့ဝိုင်းထားလိုက်ကြပြီလား။ အမျိုးမျိုးတွေးတော၍ ပူပန်သွားမိသော်လည်း မောင်က နောက်ဘက်သို့ လှည့်မကြည့်သေးဘဲ၊ အိန္ဒြေမပျက်ပင် စာရွက်ကို ဆက်ခေါက်နေလိုက်သည်။

ထိုစဉ်မှာပင် ဖြောင်းခနဲလွှဲ၍ ရိုက်လိုက်သော အသံကိုကြားလိုက်ရပြီး၊ မောင့်ခေါင်းတို့မူးနောက်ကာ နောက်စေ့မှာလည်း ပူကနဲဖြစ်သွားလေသည်။ မောင်သည် စားပွဲပေါ်သို့ တံတောင်ဆစ်ဖြင့် ထောက်လိုက်ရင်း သတိကို ပြန်လည်စုစည်းကာ ဦးခေါင်းကို လက်နှစ်ဖက်ဖြင့်အုပ်ကာ ထားလိုက်သည်။

ထို့နောက် မောင့်ကျောပြင်ကို တဖုန်းဖုန်း ရိုက်နှက်နေသည်ကို သတိထားမိသည်။ ရိုက်သံမှာ ကျယ်လောင်နေပြီး မောင့်ခန္ဓာကိုယ်က နာကျင်ခြင်း မရှိသလို ဖြစ်နေရာ မောင် ဆတ်ခနဲ ခုန်ထ၍ နောက်ဘက်သို့လှည့်၍ ကြည့်လိုက်မိတော့၏။

ဝရုန်းသုန်းကားဖြစ်နေသောအသံများကို ကြားသဖြင့် မမနှင်းသည် မရီရီမြင့်တို့အိမ်ဘက်မှနေ၍ ပြေးဆင်းကာ သည်ဖက်အိမ်ပေါ်သို့ ခုန်တက်လိုက်သည်။

"အို ပေါက်စပေါက်စ သားငွေ့သည်ကို ဒီလို မလုပ်ရဘူးလေ။ ဦးဦးကို မလုပ်ရဘူးလေ။ ချထားလိုက်၊ ချထားလိုက် သားလက်ထဲကခုံကို ချထားလိုက်နော်၊ ပေါက်စက လိမ္မာတယ်။ လာလာ... အမေ မုန့်ကျွေးမယ်"ဟူ၍ တံခါးဝမှ အော်၍ ပြောနေလေသည်။

"အို... ဒါ... ဒါဟာ... မမနှင်းရဲ့သား၊ မမနှင်းရဲ့သားတဲ့လား၊ ဖြစ်မှ ဖြစ်ရလေ... မမနှင်းရယ်ဟု မောင်ရင်ထဲတွင် တော်တော်စိတ်မကောင်း ဖြစ်သွားရတော့သည်။

ကလေးတစ်ယောက်သို့သော်... ထိုကလေးလေးမှာ လူကလေးဟူ၍ ရာနှုန်းပြည့်လက်ခံ၍ မရသောကလေးတစ်ယောက်ပင်ဖြစ်သည်။ ကျဉ်းမြောင်းသော မျက်အိမ်တို့မှာ အနည်းငယ်စွေစောင်း၍နေသည်၊ မညီမညာသောသွားတို့မှာ

www.facebook.com/NyisayEbookCreator



ကျိုးကျဲလျှက်ရှိပြီး ဟနေသောနှုတ်ခမ်းတို့ မှသွားရည်အနည်းငယ် ထွက်ကျ၍ နေသည်။ နားရွက်နှစ်ဖက်မှာ တိုတိုကပ်ကပ်ကလေးတွေသာဖြစ်ပြီး ကြည့်လိုက်ရုံနှင့်ပင် ဦးနှောက်ကျပ်မပြည့်သူကလေးဖြစ်ကြောင်း အလွယ်တကူ သိသာနိုင်သော ကလေးမျိုးကလေးဖြစ်၏။

ကလေးသည် အပြာရောင် ပလတ်စတစ်ဖင်ထိုင်ခုံလေးကို လက်ထဲတွင်ရမ်းလျက် မောင့်အား ရန်လုပ်နေလေသည်။ ပါးစပ်မှလည်း မသဲကွဲသော အသံတို့ဖြင့် ဂူးဂူးဂဲဂဲ အော်ဟစ်လျက် ရှိသည်။ စကားပြောတတ်ပုံလည်း မရပါချေ။ မမနှင်း ပြောခဲ့သောစကားများထဲမှ "ပေါက်စကလေးက ကျန်းမာရေး မကောင်းဘူး"ဟူသော စကားကို မောင်သာမန်ပင် ထင်ခဲ့မိသည်။

ယခုတော့ မမနှင်း၏သား ပေါက်စကလေးမှာ ကျပ်မပြည့်ရှာသူ၊ ညဏ်မမီသူလေးပါတကား။ မောင်သည် ကြီးစွာသော စိတ်မကောင်းခြင်းတို့ကို မျက်နှာ၌ မဖော်ပြမိစေရန် မနည်းပင် ကြိုးစားထိန်းချုပ်နေရ၏။ အစကတော့ မမနှင်းသည် သားကလေးတစ်ယောက်ရှိသဖြင့် မျှော်လင့်ချက်တို့နှင့် ရှင်သန်နိုင်ပေသေးသည်ဟု မောင်ကထင်ခဲ့မိသည်။ အားကိုအားထားပြုစရာ သားယောကျ်ားလေးတစ်ယောက် ရှိသဖြင့် ဘဝတွင် နေပျော်ပေသေးသည်ဟုလည်း မောင် ခပ်ဖွဖွ တွေးခဲ့မိသည်။

မောင် သိလိုက်ပေပြီ။

မမနှင်းဆိုသည့် လူသားတစ်ဦးထံတွင် အတိတ်ဆိုတာလည်းမရှိ၊ အနာဂတ်ဆိုတာသည်လည်း မရှိတော့၊ မမနှင်း၏ဘဝတွင် ပစ္စုပ္ပန်သာရှိလိမ့်မည်။ ပစ္စုပ္ပန်ဘဝ အဆင်ပြေ ချော့မွေ့ရေးသည်သာ မမနှင်း၏ ဘဝဖြစ်ပေလိမ့်မည်။ ကံတရားဆိုသည်မှာ ရက်စက်လှပါတကား၊ ကုသိုလ်ကံတို့မှာလည်း မျက်နှာလွှဲနိုင်လွန်းလှပါတကား။ မောင်သည် မမနှင်းအစား အားအင်တို့ ကုန်ခမ်းသွားသလိုဖြစ်ကာ ဝမ်းပမ်းတနည်းလည်း ဖြစ်သွားရလေ၏။

ဒီကလေး... လေး ဒီအရွယ်အထိရောက်အောင် မမနှင်း ဘယ်လိုများ ထိန်းကျောင်း ရုန်းကန်ခဲ့ရပါလိမ့် ဟုတွေးမိကာ မမနှင်းအပေါ်တွင် မောင်ပို၍ လေးစားသွားရတော့သည်။

မမနှင်းသည် ပေါက်စကလေးအား လေး၊ ငါးနှစ်အရွယ် ကလေးတစ်ယောက်လို ချော့မြှူနေလေ၏။

အိုး... အိုး... သားသားကြီး နိုးပြီလား၊ မေမေ့ပေါက်စကြီး နိုးပြီလား... အိုး... ဟိုး... စိတ်မဆိုးပါနဲ့တော်... မေမေက မုန့်ကျွေးပါ့မယ်တော် ဟူ၍ ချော့မြှူကာ နို့မှုန့်တစ်ခွက်ဖျော်၍ မုန့်ကြွပ်ထုပ်ကို ဖောက်ကျွေးနေပြန်သည်။

www.facebook.com/NyisayEbookCreator



မောင်သည် မမနှင်းတို့သားအမိကို ကြည့်ကာ ကြည်နူးရမှာလိုလို၊ စိတ်မကောင်း ဖြစ်ရမှာလိုလိုနှင့် ရှုပ်ထွေးနောက်ကျိလျက်ရှိ၏။ ကလေးအား မုန့်ကျွေးပြီးလျှင် မမနှင်းပါ ခြင်ထောင်တွင်းသို့ဝင်ပြီး ချော့သိပ်ရပြန်သည်။

မောင်တို့ စကားကောင်းနေကြရာ ဘယ်အချိန်က သန်းခေါင်ကျော်သွားမှန်းပင်မသိလိုက်ကြချေ။ ဟိုမှသည်မှ ကြက်တွန်သံ တချို့ သဲ့သဲ့ ကြားရ၏။ သဲချောင်းကြီးပေါ်တွင် ရပ်ကွက်တည်ထားသည်ဖြစ်၍ သန်းခေါင်ကျော်လျှင် အနည်းငယ် အအေးဓာတ်ဝင်လာကာ လေတဖြူးဖြူးဖြင့်နေလို့ကောင်းလှသည်။ ညဦးတုန်းကလောက် အိုက်ပြုတ်ပြုတ်ကြီး မဖြစ်တော့ပေ။ ကိုယ်ရောစိတ်ပါ မောပန်းနုံးချိနေချိန်တွင် ထမင်းတို့ တနင့်တပိုး စားလိုက်သဖြင့် မိုက်တင်းကာ မောင် ငိုက်မြည်းချင်သလိုပင်ဖြစ်လာ၏။ မကြာမီပင် စားပွဲဝိုင်းကလေးပေါ်တွင် မျက်နှာအပ်ကာ မေးခနဲ မောင် အိပ်ပျော်သွားမိသည်။

အိမ်မက်ထဲတွင် မောင်သည်တစ်ခုခုကို ထိတ်လန့်ကာ ကြောက်လန့်တကြား ပြေးလွှားနေမိသည်။ ရှေ့နောက်ဝဲယာတွင် အမှောင်ထုမှတစ်ပါး အခြားဘာကိုမှမမြင်ရလေ။ တောအုပ်များကြားတွင် ရောက်လိုက် မှောင်မည်းနေသောလမ်းကြိုလမ်းကြားများအကြား ပြေးလွှားလိုက်ဖြင့် မောဟိုက် ပင်ပန်း၍ နေလေသည်။ နောက်မှ လူအုပ်ကြီးက ညာသံပေးကာ မောင့်ကို လိုက်ဖမ်းနေကြသည်။ လူတွေကိုတော့ မမြင်ရ ဝေး… ဝေး ဟု သံပြိုင်အော်ဟစ်နေသော အသံတွေကိုသာ တိုးလိုက်ကျယ်လိုက်ကြားနေရ၏။ ထို့နောက် မောင်သည် ပြေးနေသော်လည်း ထိုနေရာမှ မရွေ့တော့။ ခြေတစ်လှမ်း လှမ်းလိုက်တိုင်း အကြောအချဉ်တွေထဲမှ အားအင်တို့ကို အစွမ်းကုန် ထုတ်သုံးနေရသည်။ ထို့နောက် အသက်ရှူကြပ်လာကာ ခြေလက်တို့ကို လှုပ်၍မရတော့ချေ။

ထိုစဉ်မှာပင် မောင်မောင်… ရေ မောင်မောင်… ရေ ဟူသောခေါ်သံများမှာ အဝေးကြီးကနေ… နီး… နီး… လာပြီး မောင့်ပုခုံးကို ခပ်ဆတ်ဆတ် ပုတ်လိုက်သလိုခံစားလိုက်ရ ရာမှ ဆက်ခနဲ မောင်နိုးလာတော့သည်။

မမနှင်းသည် မောင့်ဘေးတွင် ငုတ်တုတ် ထိုင်ရင်းမောင့်ကိုနှိုးနေသည်။ မောင်မျက်စိ ဖွင့်ကြည့်လိုက်လျှင်

"အမလေးတော်…

နိုင်ငံရေးလုပ်မယ့်လူကလည်း အအိပ်ကြီးလိုက်တာ။ ထ… ထ… ခြင်ထောင်ထဲမှာ သွားအိပ်ချည်။ မမနှင်းတောင် ပေါက်စလေးကိုချော့ပြီး ဟိုဘက်အိမ်မှာသိပ်ထားလိုက်ပြီ။ မမနှင်းလည်းသွားတော့မယ်၊ မောင် အေးအေးဆေးဆေး

အိပ်ရေးဝအောင် အိပ်ပေတော့ မမနှင်းသွားပြီ၊ အထဲကနေ ဂလန့်ချလိုက်ဦး``ဟု ပြောကာ မရီရီမြင့်တို့အိမ်ဘက်သို့ ကူးသွားလေသည်။

မောင်လည်း နောက်နေ့ ခရီးဆက်ရမည်ဖြစ်သဖြင့် ဒီည ကောင်းကောင်း အိပ်ရန်လိုပြီဖြစ်ရာ ခြင်ထောင်ထဲသို့ဝင်၍ တစ်ချိုးတည်း အိပ်ပစ်လိုက်လေတော့သည်။

နောက်နေ့မနက်ရောက်လျှင် မရီရီမြင့်တစ်ယောက် စက်ဘီးစီး၍ မောင်တို့ အိမ်သို့ ခပ်တည်တည် ထွက်သွားလေတော့သည်။

မောင်သည် မမနှင်းအိမ်မှာပင် တစ်မနက်လုံး အချိန်ကုန်ရသည်။ မမနှင်းက မနည်းမနောအဝတ်ပုံကြီးကို မီးပူတိုက်နေရသည်။ စကားပြောရန်ပင် မအားတော့ပေ။ မောင်က မမနှင်းကိုကူသည့်အနေနှင့် ပေါက်စကို ထိန်းရတော့၏။ ထိုအလုပ်မှာ တစ်ကယ်ပင်မလွယ်လှပါ။ ပေါက်စသည် လူကောင်ကသာ ဆယ်နှစ် ကျော်ပြီဖြစ်သော်လည်း အတွင်းစိတ်မှာ လေးငါးနှစ်သာသာပင် ရှိဦးမည်။ စိတ် ကောင်းဝင်လျှင် ကောင်းနေတတ်ပြီး စိတ်ဆိုးချင်လည်း ချက်ချင်းဖြစ်ရာ မောင့်မှာ အတော်ဒုက္ခရောက်ရ၏။ သူ၏ ဘာသာစကားကို နားလည်သူမှာလည်း မမနှင်း တစ်ယောက်သာ ရှိလိမ့်မည်ထင်သည်။ ဂူး.. ဂူး... ဂဲ... ဂဲ နှင့် သူဘာပြောချင်မှန်း ဘာလုပ်ချင်နေမှန်း မောင်ရုတ်တရက်နားမလည်တတ်ပေ။

မမနှင်းက မီးပူတိုက်ရင်းမှ လှမ်းအော်ကာ ဘာသာပြန်ပေးရသည်။

``အဲဒါ... မောင့်ကို ဆင်ကြီးလုပ်ခိုင်းနေတာလေ။ မမနှင်းကိုဆို ဒီကောင်အမြဲတန်း ကုန်းပိုးစီးပြီး ဆင်ကြီး လုပ်ခိုင်းနေကျ၊ သူ့ကိုယ်လုံးကြီးကို ပိုးရတာလည်း မလွယ်ပါဘူး မောင်ရယ်၊ လေးတာမှ အားကြီးပဲ``

ပေါက်စနှင့်ဆော့ပေးရသည်မှာ ပျော်စရာကောင်းသော်လည်း မောင်က တော့ သိပ်စိတ်မရှည်ချင်ပေ။ သာမန်ကလေးတစ်ယောက်ဆိုလျှင် အလိုက်အထိုက် ပေါင်းသင်းကာ ခင်ခင်မင်မင်နေဖို့လွယ်သော်လည်း ပေါက်စမှာ ရန်လိုစိတ်က အနည်းငယ်များနေရာ သဲနှင့်ဆုပ်ပက်သည့်အခါ ပက်တတ်၍ ခဲလုံးနှင့် ကောက်ထု ချင်ထုတတ်သည်။ သည်ကလေးနှင့် သည်အမေကို လိုလိုချင်ချင် လက်ခံဖို့ဆိုသည် မှာ အတော်ပင် ခဲယဉ်းပေလိမ့်မည်။ မေမေကြီးတို့ အိမ်ပြန်မည်ဆိုလျှင်ပင် အဆင်မပြေနိုင် ဟုမောင်သိလိုက်ပေပြီ။ ချင်းတောင်တွင်လည်း ရေရှည်နေဖို့ လွယ်ကူမည် မဟုတ်ချေ။ သားအမိနှစ်ယောက်မှာ တစ်နာရီလောက်ခွဲ၍ နေရန်ပင် တော်တော်ခက်ခဲပေလိမ့်မည်။ မောင်သည် မမနှင်းအပေါ်တွင် ယခုမှပင် ရာနှုန်း ပြည့် နားလည်သွားလေတော့၏။ နားလည်ခြင်းနှင့်အတူ စိတ်မကောင်းလည်း

www.facebook.com/NyisayEbookCreator



ဖြစ်ရသည်။ တစ်ဘဝလုံး အခြားသူများကို ပေးဆပ်ခြင်းဖြင့်သာ ရှင်သန်ခဲ့ရသော မမနှင်းသည် ယခုအချိန်တွင်လည်း သားကလေး ပေါက်စ၏ ကျန်းမာရေး၊ စားဝတ်နေရေးတို့အတွက် ဆက်လက်ပေးဆပ်နေရပြန်လေပြီ။ ဆင်းရဲခြင်း နွံတွင်းမှ လွတ်မြောက်ဖို့ဆိုသည်မှာ ဝေးလွန်းလှပြီး၊ ပုံမှန်စားဝတ်နေရေးကိုပင် မနည်း ရုန်းကန်နေရဟန်ရှိသည်။

မွန်းမတည့်မီမှာပင် မရီရီမြင့်တစ်ယောက် စက်ဘီးနောက်တွင် အဝတ်ထုတ်ကြီးတင်လျက် စက်ဘီးတရှောက်ရှောက်နင်းကာ မောကြီးပန်းကြီး ပြန်လာလေတော့သည်။

မရီရီမြင့်က မနေ့ညက မောင်တို့အိမ်တွင် ဖြစ်ပျက်ခဲ့သော အဖြစ်သနစ်အလုံးစုံကို မောင်တို့အား လုံးစေ့ပတ်စေ့ ပြန်ပြောပြလေ၏။

''ညက ဆယ်နာရီလောက်မှာ ကိုမောင်မောင်တို့အိမ်ကို ဝင်ရှာကြတယ်တဲ့။ ကိုမောင်မောင့်အိမ်ကလည်း မျှော်လင့်ထားပြီးသား၊ပြင်ဆင်ထားပြီးသားဆိုတော့ သိပ်တော့မပူကြဘူးတဲ့။ရပ်ကွက်လူကြီးတွေကော၊ ယူနီဖောင်းဝတ်တွေကော အများကြီးပဲတဲ့၊ ဧည့်စာရင်းစစ်မယ်ဆိုပြီး တစ်အိမ်သားလုံးကိုတန်းစီခိုင်းလို့ ရပ်ကွက်လူကြီးတွေကတော့ ဆရာဦးသန့်စင်ကိုအားနာနေကြတယ်လို့ပြောတယ်။

မိသားစုစာရင်းထဲက လူတွေကို တစ်ယောက်ချင်း နာမည်ခေါ်ပြီး ကိုမောင်မောင့် အလှည့်ကျတော့ မတွေ့ရလို့ ဘယ်ရောက်နေလည်းလို့ မေးတယ်တဲ့။

ဆရာဦးသန့်စင်က အဲဒါကျွန်တော့်သားပါ။ ဒီမနက်ပဲ မန္တလေးကို ခရီးထွက်သွားပါတယ်။ အခုသူ အိမ်မှာမရှိပါဘူးလို့ ပြောတော့ လာစစ်ဆေးတဲ့ ခေါင်းဆောင်က မယုံဘူးတဲ့။

မယုံရင်လည်း ရှာပါလို့ ပြောရော၊ တစ်အိမ်လုံးကို မွှေနှောက်ရှာလိုက်ကြတာ၊ ထမီသေတ္တာတောင် မကျန်ဘူးဆိုပဲ။ ဗိုင်းထဲရော၊ ခြံထဲရော၊ မိုးရေကန်ပါမကျန်ရှာတာတဲ့။ နောက်မတွေ့တော့မှ ဒေါက်တာ့သားအိမ်ပြန်လာရင် ကျွန်တော်တို့ဆီကို သတင်းပို့ပါ။ မပို့ရင် ထိမ်ချန်မှုနဲ့ အရေးယူလို့ရပါတယ်ဆိုပြီး ခြိမ်းခြောက်သွားသေးတာတဲ့။ ဆရာဆိုရင် စိတ်တွေတိုပြီး ဘာမှမပြောနိုင်ဘူးတဲ့။ သူတို့လည်း ပြန်သွားရော ဘေးအိမ်တွေက လာမေးကြတယ်တဲ့။ ဘာဖြစ်တာလဲ၊ ဘာပြဿနာရှိလို့လဲပေါ့။ အပြင်မှာလည်း ထရပ်ကား ငါးစီးလောက် ယူနီဖောင်းတွေအပြည့်နဲ့ စောင့်နေကြတာဆိုတော့ ရပ်ကွက်ထဲက လူတွေတောင် လန့်ကုန်ကြတာတဲ့။

မရီ ရောက်သွားတော့ သူတို့လည်း အစက သိပ်မယုံကြဘူး၊ အစိုးရ

အောင်ပင်လယ်စာအုပ်တိုက်

www.facebook.com/NyisayEbookCreator



ဘက်က သတင်းလာယူတဲ့ လူလားဆိုပြီး သံသယရှိနေကြသေးတာ။ ကိုမောင်မောင့် လက်ရေးနဲ့ စာကိုပြလိုက်တော့မှ၊ ဘေးကင်းရန်ကင်းရှိတယ်ဆိုပြီး ဝမ်းသာသွားကြတာ။

မနှင်းကိုလည်း ကျေးဇူးတင်ကြောင်း တဖွဖွပြောကြပါတယ်။ ကျွန်မကိုလည်း ထမင်းတွေ အတင်းကျွေးပြီး၊ မုန့်ဖိုးတွေလည်း မနည်းပေးလိုက်တာ၊ အားနာစရာကြီး မနှင်းရယ်။ မနှင်းအကြောင်းလည်း သူတို့ ဂဃနဏ မေးကြတယ်။ ကျွန်မကတော့ ကူညီလိုက်ရလို့ ဝမ်းသာတာ တစ်ခုပါပဲ''ဟူ၍ မရီရီမြင့်က မနားတမ်းပြောလေ၏။

ပြီးတော့မှ မောင့်အတွက်စာနှင့် အထုပ်တစ်ထုပ်၊ မမနှင်းအတွက်လည်း စာနှင့်အထုပ်တစ်ထုပ် ပေးသည်။

ထို့နောက် မရီရီမြင့်က ဆက်ပြောသည်မှာ

''ကျွန်မ သိန်းဇော်ကြီးတို့ဆီလည်း ဝင်ခဲ့သေးတယ်။ ဘာလုပ်စရာရှိသေးလည်း မေးရင်းနဲ့။ အဲဒါ ဒီနေ့ညပဲ သိန်းဇော်ကြီး ရန်ကုန်ကို ခရီးထွက်စရာရှိတယ်တဲ့။ သူတို့ကားနဲ့ သူတို့သွားကြမှာ။ အစက... ကိုမောင်မောင့်အကြောင်း ပြောဦးမလို့ပဲ။ နောက်မှ... ကိုမောင်မောင်က ပြောစေချင်မှန်းမသိ၊ မပြောစေချင်မှန်းမသိ ဝေခွဲမရတာနဲ့မပြောခဲ့တော့ဘူး၊ ကိုမောင်မောင်လိုက်မယ်ဆိုရင် အဆင်ပြေလောက်တယ်တော့။ သိန်းဇော်ကြီးနဲ့ သူတို့အိမ်က အလုပ်သမားနှစ်ယောက်ပဲ သွားကြမှာ''

မောင်သည် မရီရီမြင့်ကို ထိုင်၍ ဦးချချင်စိတ်ပင်ပေါက်သွားလေသည်။

''ဟာ... ရတာပေါ့ဗျာ၊ ကိုသိန်းဇော်နဲ့ ကျွန်တော်က ညီအစ်ကိုအရင်းတွေလို နေကြတာ။ သူ မကူညီဘဲ မနေဘူး၊ ကဲ... ပါ အစ်မရယ် ပင်ပန်းတယ်လည်း သဘောမထားပါနဲ့ ကျွန်တော့်ကို ကိုသိန်းဇော်တို့အိမ် နောက်တစ်ခေါက်သွားပေးပါဦး၊ အဆင်ပြေရင် ကျွန်တော့်ကို ဝင်ခေါ်ဖို့၊ ဒီကိုလာဖို့ အဆင်မပြေရင်လည်း ကျွန်တော်မြို့အထွက် လက်ဖက်ရည်ဆိုင်တစ်ဆိုင်က စောင့်မယ်လို့ ပြောလိုက်ပါ။ ဘယ်ဆိုင်က စောင့်ရမလဲလို့လည်း မေးခဲ့ပေးပါဦး။ အလွန့်အလွန် ကျေးဇူးတင်ပါတယ်ဗျာ''ဟု ပြောရင်း မရီရီမြင့်ကို မြို့ထဲသို့ နောက်တစ်ခေါက် ပြန်လွှတ်ရပြန်လေ၏။

မမနှင်းမှာ ပေါက်စအား ရေမိုးချိုးပေးပြီး၊ ထမင်းခွံ့ပြီးလျှင် နေ့ခင်းတရေးတမောအိပ်စေရန် ချော့သိပ်ရပြန်လေသည်။ ပေါက်စအိပ်မှပင် မောင်နှင့်

www.facebook.com/NyisayEbookCreator



မမနှင်းတို့ မောင်နှမနှစ်ယောက်လည်း ထမင်းစားရ၏။ မောင့်ကို အိမ်က ပေးလိုက်သော ငွေကြေးတို့ အထဲမှခွဲ၍ မောင် မမနှင်းကို ကန်တော့ရသည်။

"မောင့်တစ်သက်လုံး မမနှင်းကို ဘာနဲ့မှ မကန်တော့ခဲ့ရဘူး၊ ဒီတစ်ခါ ရှားရှားပါးပါး တွေ့ရတုန်းလေး၊ မောင် ကန်တော့ခဲ့ပါရစေ။ မောင် သွားရလာရ ဖြောင့်တန်းအောင် မောင်ကန်တော့တာလေးကိုတော့ လက်ခံပေးပါ မမနှင်းရယ်" ဟုတောင်းပန်ကာ ငွေကြေးအနည်းငယ်နှင့် မမနှင်းကို ကန်တော့ရသည်။

မမနှင်း၏ မျက်လုံးအိမ်ထဲမှ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျ လာပြီး ဆို့နင့်သော အသံဖြင့် မမနှင်းက မောင့်အား ဆုတွေပေးလေသည်။

"အစ်မ မောင်ကလေး သွားလေရာ ခလုတ်မထိ ဆူးမငြိပါစေနဲ့တော်။ ရန်သူမျိုးငါးပါး ဒဏ်က လွတ်မြောက်ပါစေ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ အန္တရာယ်ကင်း၊ ဘေးရှင်းပါစေ၊ ဘဝဆက်တိုင်း မိသားစု စုံစုံလင်လင်နဲ့ ဘေးကင်း ရန်ကွာ စိတ်ချမ်းသာစွာ နေရပါစေတော်...။

ဆုပေးသော အသံတို့ တဖြည်းဖြည်းတိမ်ဝင်သွားလျှင် မမနှင်း ငိုနေပြီဖြစ်ကြောင်း လက်အုပ်ချီနေရင်းမှ မောင်သိရ၏။ ဦးသုံးကြိမ်ချပြီးသောအခါ မောင်အပြင်ဘက်ကို ထွက်လာခဲ့မိသည်။ မောင့်ရင်ထဲမှာလည်း ဆို့ကြပ်ကြပ်ကြီး ဖြစ်လာသဖြင့် အိမ်ပေါက်ဝတွင် ထိုင်ရင်း အပြင်သို့သာ ငေးကြည့်နေလိုက်တော့သည်။

ထိုနေ့က တစ်ညနေလုံး မောင်နှင့်မမနှင်းတို့ စကားမပြောဖြစ်ကြတော့ပေ။ ဝမ်းနည်းစိတ်တို့ကို မျိုသိပ်ရင်း အလုပ်တွေကိုသာ တစ်ခုပြီးတစ်ခု တလစပ်လုပ်နေသည့် မမနှင်းကိုကြည့်ကာ မောင်စိတ်မကောင်းဖြစ်ရသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် လွတ်လွတ်လပ်လပ်ဖြစ်ပြီး မမနှင်းကို ကူညီနိုင်သော အခြေအနေရောက်မှ တစ်ခေါက်ပြန်လာကာ မမနှင်းအား သည့်ထက် အဆင်ပြေမည့် လုပ်ငန်းတစ်ခု ထူထောင်နိုင်ရန် ကူညီမည်ဟု မောင့်စိတ်ထဲတွင် တေး၍ ထားလိုက်သည်။

နေ့လည်က မရီရီမြင့် မြို့ထဲသို့ နောက်တစ်ခေါက်သွားကာ ပြောပေးသဖြင့် ရန်ကုန်သို့သွားမည့် ကိုသိန်းဇော်တို့ကားသည် မမနှင်းတို့ရပ်ကွက်ကလေးအနီး ကားဝင်လို့ရသည့်နေရာအထိ မောင့်ကိုလာခေါ်လေသည်။

မမနှင်းသည် မောင့်ခရီးဆောင်အိတ်ကိုလွယ်လိုက်ပြီး လက်တစ်ဘက်က ပေါက်စကလေးကိုဆွဲကာ လမ်းထိပ်အထိ လိုက်ပို့ရှာသည်။

ကားပေါ်မတက်ခင် မမနှင်း၏လက်အစုံကို ဆုပ်ကိုင်ရင်း

"မောင်ပြန်လာလို့ ရရချင်း မမနှင်းတို့ဆီကို နောက်တစ်ခေါက်လာခဲ့မယ်။

www.facebook.com/NyisayEbookCreator



အဲဒီအခါကျမှ ကျွန်တော်တို့ မောင်နှမနှစ်ယောက် လုပ်ငန်းတစ်ခု စပ်တူလုပ်ကြရအောင်နော်၊ မမနှင်း ကျန်းမာရေးကို ဂရုစိုက်ပါ၊ ဒီကြားထဲ အကူအညီလိုရင်လည်း မောင်တို့အိမ်ကိုသွားပါ။ ပေါက်စကလေးကျန်းမာရေးအတွက်လည်း ဖေဖေ့ကို အကူအညီတောင်းလိုက်ပါ အားမနာပါနဲ့...။ ကဲ... မမနှင်း မောင်သွားတော့မယ်''ဟု နှုတ်ဆက်ရ၏။

''ကိုယ့်လမ်းကိုယ်သာ ဖြောင့်ဖြောင့်သွားပါ မောင်ရယ်။ မမနှင်းအတွက် မပူပါနဲ့။ မမနှင်းက ရှင်ကြီးဝမ်းလည်းဝင်ဖူးပြီ။ ရှင်ငယ်ဝမ်းလည်းဝင်ဖူးပြီ။ လောကကို လက်တွေ့ကျကျ ဘယ်လိုရင်ဆိုင်ရမယ်ဆိုတာကိုလည်း ဘဝက သင်ကြားပေးခဲ့လို့ အသားမာတက်နေပါပြီ။ ငါ့မောင်လေးပဲ ကျန်းမာရေးကို ဂရုစိုက်ပါ။ အရာရာသတိဝီရိယနဲ့ နေထိုင်ပါ။ ဥဒေါင်းမင်းပရိတ် နေ့စဉ်ရွတ်ဆိုဖို့လည်း မမေ့ပါနဲ့။ ဘာသာတရားဆိုတာ လစ်လျူမရှုကောင်းဘူး... ကဲ... ကဲ နောက်ကျနေလိမ့်မယ်။ သွားတော့... သွားတော့ ငါ့မောင်ရေ...''

မောင့်ခရီးလမ်းအား အနှောင့်အယှက်ဖြစ်မည်စိုး၍လားမသိ။ သည်တစ်ခါတော့ မမနှင်း... မငိုတော့ချေ။ မောင်တို့အား သယ်ဆောင်သွားသော ဒတ်ဆန်းကားကလေး မြင်ကွင်းထဲတွင် တဖြည်းဖြည်း သေးငယ်ကာ မှုံဝါးပျောက်ဆုံးသွားသည် အထိ နေရာတွင်ပင် ရပ်လျက် ငေးကြည့်နေသည်ကို ကားပေါ်မှ မောင်တွေ့နေရသည်။

ထိုနေ့က ခွဲခွာခဲ့ရခြင်းသည် မောင်တို့နှစ်ဦးအတွက် ထာဝရ ခွဲခွာခြင်းဖြစ်လိမ့်မည်ဟု ထိုစဉ်က မောင်မသိခဲ့ပါလေ မမနှင်း။

လေနင်ရာ ရွက်လွင့်ရဦးမည့် နအိပ္ပယောင်းသည့် တိမ်တစ်ဆုပ်လို မတည်မြဲတတ်သည့် မောင့်ဘဝခရီးဝယ် ခွဲခွာရခြင်းတို့သည် မထူးဆန်းပါလေတော့။ ဒါပေမဲ့ မောင်သိနေသလိုပင်။ မမနှင်းနဲ့ နောက်ထပ်တစ်ခါ မတွေ့ရတော့ဘူး ဆိုတာကို မောင့်စိတ်က အလိုလိုသိနေသလိုပင်။ ဖုန်လုံးများကြားမှ မမနှင်းဟု မှတ်ထင်ရသော ပုံရိပ်အမဲစက်ကလေးမြင်ကွင်းထဲမှ ပျောက်ကွယ်သွားမည်ကို မောင်စိုးရိမ်နေမိသည်။

အသက်နှစ်ဆယ် အရွယ်ရောက်ကာ မောင့်ကိုမောင် လူကြီးဖြစ်ပြီဟု စိတ်တွင် မှတ်ယူ ထားသော်လည်း မျက်ရည်ကတော့ ဝဲတတ်နေသေးသည်။ ရှေ့ဆက်ရမည့် မောင့်ခရီးစဉ်တို့ကိုပင် မစဉ်းစားချင်သေးပဲ စိတ်က မမနှင်းတို့ သားအမိထံတွင်သာ တစ်ဝဲလည်လည် ကျန်ရစ်သည်။ ငါးနှစ်သားလောက်က မစိုက်မပျိုးပဲ ပေါက်ရောက်ခဲ့သည့် သစ်ပင်တစ်ပင်သည် နှစ်ပေါင်းအတန်ကြာ

www.facebook.com/NyisayEbookCreator



မပြုစု၊ မယုယဘဲ မေ့လျော့နေခဲ့ရာမှ ယခုအချိန်ထိတိုင် အညွှန့်အညှောက်တို့ ဝေဆာဆဲဖြစ်ကြောင်း မောင့်ကိုမောင်နားလည်ရသည်။

တရိပ်ရိပ်ပြေးနေသော ကားပေါ်ဝယ် အတိတ်ကာလမှ လွမ်းမောဖွယ် ပုံရိပ်တို့သည် လေနှင့်အတူ လွင့်ပါးကခုန်လျက်ရှိသည်။ ငယ်စဉ်က မမနှင်း ချင်းတောင်သို့ ခဏအလည်ပြန်ရာတွင်ပင် မောင်မသိအောင်ခိုး၍ သွားရပုံတွေ၊ တဘက်ကိုခေါင်းပေါင်း၍ မြင်းလှည်းပေါ် မောင်မမြင်အောင်တက်သည်ကို မြင်ဖြစ်အောင်မြင်လိုက်သောမောင်က ငိုကြီးချက်မ အဖြစ်သည်းလှသဖြင့် မေမေကပင် တုတ်ဖြင့်ကြိမ်းမောင်းရပုံတွေ၊ ကျိန်စာသင့်နေသည့် မင်းသမီးလေး ကို အခက်အခဲများကြားမှ လာရောက်ကယ်တင်ရသည့် ပုံပြင်ထဲမှ နွားကျောင်း သားကလေးအကြောင်း စီကာပတ်ကုံးပြောပြတတ်သည့် မမနှင်း၏ ပုံရိပ်တွေသည် မောင့်အတွေးဝက်ဘာထဲတွင် ချာချာလည်လျက်ရှိတော့သည်။

ကိုသိန်းဇော်၏ကျေးဇူးဖြင့် ရန်ကုန်သို့ မောင်ချောချောမောမောပင် ရောက်ခဲ့ပြီး တည်းခိုခန်းတစ်ခုတွင် တည်းနေစဉ် မောင့်ဘဝသည် နောက်ထပ် တစ်ဖန် ခပ်ကြမ်းကြမ်း ချိုးကွေ့သွားပြန်လေသည်။

ထိုအချိန်က လက်ဝဲ လက်ယာမရွေး နိုင်ငံရေးနှင့်ပတ်သတ်သည့် သူမှန် သမျှ ပိုက်စိပ်တိုက်ရှာဖွေနေချိန်ဖြစ်ပြီး အာဇာနည်နေ့ အခမ်းအနား လူထုချီတက်ပွဲ ကြီးနှင့်လည်း ကြုံကြိုက်နေပေရာ မောင်လည်း ဆွမ်းခံရင်း ငှက်သင့် ဆိုသလို အဖမ်းခံရလေတော့သည်။

အာဏာဖီဆန်သော အမှုများအား စစ်ခုံရုံးဖြင့်သာ ကြားနာစစ်ဆေးစီရင် မည်ဟူသော မကြာသေးမီက ထုတ်ပြန်လိုက်သည့် အမိန့်အရ စစ်ခုံရုံးက မောင့် အား တစ်သက်တစ်ကျွန်းနှင့် ညီမျှသော အနှစ်နှစ်ဆယ်ပြစ်ဒဏ် ချမှတ်လိုက် တော့၏။

www.facebook.com/NyisayEbookCreator

# အခန်း (၁၈)

ထောင်ထဲ၌ ပစ္စုပ္ပန် ဟူသည်မရှိ အတိတ်ကာလသာရှိလေသည်။

**နေရှူး**

အကျဉ်းထောင် ဆိုသည်မှာ လူ့သမိုင်းတွင် မည်သည့်အချိန်က စတင်ပေါ်ပေါက်ခဲ့သနည်းဟုတော့ မောင်မသိပါချေ။ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ၊ ဖိနှိပ်သူနှင့်ဖိနှိပ်ခံ၊ ချယ်လှယ်သူနှင့်ချယ်လှယ်ခံဟူ၍ လူတန်းစား ကွဲပြားလာချိန်တွင် စတင်ခဲ့ခြင်းဖြစ်မည်ဟုတော့ မောင်တွေးမိခဲ့ဘူး၏။ ဤကမ္ဘာ လောကကြီး၌ စစ်ပွဲနှင့် အကျဉ်းထောင်ဆိုသည်မှာ မရှိလျှင် ကောင်းလေစွဟုလည်း မောင်စိတ်ကူးယဉ်ခဲ့ဘူး၏။

လူတို့ ယဉ်ကျေးလာသည်နှင့်အမျှ စစ်ပွဲနှင့် အကျဉ်းထောင်တို့မှာ ဤကမ္ဘာပေါ်၌ ပါးလျ ပျောက်ကွယ်သွားရမည်သာဖြစ်ပေသည်။ သို့သော်လည်း ယနေ့ခေတ်တွင် နိုင်ငံတိုင်း၊ နိုင်ငံတိုင်း၌ အကျဉ်းထောင်များ၏ အရေအတွက်မှာ တိုးသည်ထက်တိုးလာရာ လူ့ယဉ်ကျေးမှုသည် တဖြည်းဖြည်း နိမ့်ကျလာနေသည့် အသွင်ကိုဆောင်လေသလားဟု အငြင်းပွားဖွယ် ဖြစ်တော့၏။

တကယ်တော့ "နိုင်ငံရေး အကျဉ်းသား" ဆိုသည့်ဝေါဟာရမှာ ယဉ်ကျေးသော တိုင်းပြည်တို့၌ မရှိသင့်တော့သော စကားလုံးပင်ဖြစ်သည်။

"ကျွန်ုပ်တို့နှင့် ဆန့်ကျင်သော ကျွန်ုပ်မထောက်ခံသည့် သင်တို့၏ အယူအဆများအား လွတ်လပ်စွာ ပြောရေးဆိုခွင့် ရရေးအတွက်ကျွန်ုပ် အသက်ပေး၍ တိုက်ပွဲဝင်သွားမည်"

www.facebook.com/NyisayEbookCreator



ဟူသော ဇော်တဲယားၡ၏ အဆိုအမိန့်သည် မယဉ်ကျေးသေးသော အုပ်ချုပ်သူတို့အား လှောင်ပြောင်လျက်ရှိ၏။

ထောင်ဆိုသည်မှာ လူတို့ မရောက်ချင်ဆုံးနေရာများထဲမှ တစ်နေရာပင် ဖြစ်သည်။ လူဟူသော အဓိပ္ပာယ်ဖွင့်ဆိုချက်အား အောက်ဆုံးအဆင့်အထိ လျှော့ချပစ်လိုက်သော နေရာလည်းဖြစ်သည်။ လူအနှစ်သာရ၏ တစ်ဝက်ခန့်မျှသော ပမာဏမှာ လွတ်လပ်ခြင်း ဖြစ်မည်ဟု မောင်ကတော့ ယူဆသည်။ အပြင်လောက မှ လူတို့ပေါပေါများများ ရရှိသော အခွင့်အရေးများမှာ ထောင်ထဲတွင် ဆိတ်သုဉ်း လျှက် ရှိ၏။ လသာသောည၊ ကြယ်စုံသော ကောင်းကင်၊ လတ်ဆတ်သော လေပြေညှင်း၊ မျက်စေ့တစ်ဆုံးသော ရှုခင်းများ၊ သဘာဝ၏ နွေးထွေးပျူငှာသော ကြိုဆိုခြင်းများနေရာတွင် ညစ်ထေးသောအုတ်နံရံတို့နှင့် အေးစက်သော သံတိုင် တို့က နေရာယူလိုက်ကြလေ၏။

လူ့ဘဝ၏ အဓိပ္ပာယ်၊ အနှစ်သာရတို့နှင့်အတူ မောင့် သက်တမ်း၏ လေးပုံ တစ်ပုံမျှသော ကာလတို့အား အကျဉ်းထောင်က စုပ်ယူမျိုချတော့မည် ဖြစ်ပေ သည်။

မောင်သည် ဆယ်နှစ်တိတိ ထောင်ထဲ၌ ကျင်လည်ခဲ့ရ၏။ အပြင်လောက ၌ မရနိုင်သည့် လူ့ဘဝ၏ အတွေ့အကြုံ အဖုံဖုံကို လေ့ကျင့် သင်ကြားခဲ့ရ၏။ ဘဝတက္ကသိုလ် ဆိုသည်မှာ ဒါပါကလား ဟုနားလည်ခဲ့ရ၏။ အပြစ်ကျသော နှစ်အပြည့် မနေခဲ့ရသဖြင့်သာ မောင့်အသက်သုံးဆယ်အရွယ်၌ လွတ်လပ်သော ကောင်းကင်ကိုတွေ့မြင်ခံစားခွင့်ရခဲ့ခြင်း ဖြစ်တော့သည်။

ဤသို့ဖြင့် သက္ကရာဇ် နှစ်ထောင်ပြည့်နှစ်တွင် မောင်သည် အချုပ်အနှောင် တို့မှ လွတ်မြောက်လာခဲ့၏။

လှောင်ချိုင့်စံဘဝမှ လွတ်မြောက်လာသော်လည်း တောင်ပံရိုက်ခတ် ကွန့်မြူး၍တော့ မနေနိုင်သေးပါချေ။ ထောင်ထဲတွင် မောင့်ကျန်းမာရေး အခြေ အနေမှာ အနုတ်လက္ခဏာဘက်တွင်ပြနေခဲ့သဖြင့် ရန်ကုန်တွင် တစ်လလောက် နေပြီး ဆေးကုလိုက်ရသည်။ ဖေဖေလည်း ရန်ကုန်လိုက်လာပြီး မောင့်ကို အားပေး သည်။ ဖေဖေ့ အားပေးပုံကလည်း တစ်မျိုးပင်...

"ကဲ... သားငယ်... သားဘဝမှာ လုပ်သင့်တယ်ထင်တာတွေ သား အကုန်လုပ်ပြီးသွားပြီ၊ အတွေ့အကြုံတွေလည်း တော်တော်စုံသွားပြီ၊ အခုငါ့သား အသက်သုံးဆယ်ဆိုတော့ သက်တမ်းရဲ့တစ်ဝက်ဖြစ်သွားပြီပေါ့။ ကျန်တဲ့သက်တမ်း ရဲ့ တစ်ဝက်မှာ ငါ့သားတကယ်လုပ်ချင်တာတွေကိုပဲ လုပ်တော့။ လုပ်သင့်တာတွေ

www.facebook.com/NyisayEbookCreator



လုပ်ရင်းလုပ်ရင်းနဲ့ ကိုယ်လုပ်ချင်တာကို မလုပ်လိုက်ရ ဖြစ်သွားမှာ ဖေဖေ စိုးရိမ်တယ်''ဟု ပြောလေသည်။

မောင်က သိပ်နားမလည်တတ်သဖြင့် ဖေ့ဖေ့ကို ပြုံးကြည့်ရင်း

''ဖေဖေကလည်း ဝေ့ နေပြန်ပါပြီ''ဟုပြောရ၏။

ကဲ ဒါဆို ဖေဖေ ရှင်းရှင်းပဲပြောတော့မယ်

''သား... အင်ဂျင်နီယာလုပ်ချင်သလား''

''မောင် မလုပ်ချင်ဘူး ဖေဖေ''

''ကဲ ဒါဆို ငါ့သားစဉ်းစား၊ ငါ့သား ဘာလုပ်ချင်တာလည်း၊ စာရေးဆရာ လုပ်ချင်တာလား၊ ပန်းချီဆရာလုပ်ချင်တာလား၊ သင်္ဘောသားလုပ်ချင်တာလား၊ ကျူရှင်ဆရာလုပ်ချင်တာလား။ ဒီနေ့ဟာ သားလုပ်ချင်တဲ့ဟာ မှန်သမျှ စတင်ဖို့ စဉ်းစားရမယ့်နေ့ပဲ။ ဒီနေ့ဟာ သားဘဝကို အသစ်တဖန်ပြန်လည်စတင် လိုက်တဲ့နေ့ပဲ။ သားစိတ်ထဲမှာ ဖြစ်ချင်တာမှန်သမျှ ဖြစ်ခွင့်ရဖို့ ဖေဖေတို့က အစွမ်းကုန် ကူညီပေးဖို့အသင့်ပဲ။ သားစိတ်ကို ဟိုးကောင်းကင်ထိရောက်အောင် တလူလူလွင့်ထူပစ်လိုက်စမ်းပါသားရယ်

ဒီ အချိန်မှာ စိတ်အားငယ်နေရင်တော့ မင်းဟာ ဖေဖေ့သား မဟုတ်တော့ဘူး''

ဖေဖေ့ အားပေးစကားတို့ဖြင့် မောင့်စိတ်တို့သည် ငုပ်လျှိုးနေရာမှ ပြန်လည် နိုးထခဲ့ရသည်။ ဆယ်နှစ်တိတိသော အချိန်ကာလတိုင်အောင် ရပ်နား ကျောက်ချ ထားခဲ့ရသော မောင့်ဘဝအား သွေးပူအောင်နှိုး၍ မောင့်ဘေးမှ ကျော်တက် ဖြတ် သန်း သွားသော ခေတ်ကြီး တစ်ခေတ်လုံးအား လိုက်၍ မီနိုင်အောင် မောင် ကြိုးစားရ၏။ အပြင်လောကတွင် အပြောင်းအလဲတွေကလည်းများ လွန်းလှသည်။

မမ မှုံရွှေရည် အိမ်ထောင်ကျကာ သားတစ်ယောက်အမေဖြစ်နေပေပြီ။ ဖေဖေလည်း ပင်စင်ယူလိုက်ပြီး၍ အလားတူဆရာဝန် သူငယ်ချင်းများစုကာ မန္တလေးတွင် ဆေးတိုက်တစ်ခုဖွင့်ထားသည်ဟု သိရသည်။ မေမေကတော့ သူမြေးနှင့် မခွဲနိုင်ဟုဆိုကာ မမ မှုံရွှေရည်တို့မိသားစုနှင့်ပင် မောင်တို့ မြို့ကလေး၌ နေရစ်လေ၏။ မမ၏ အမျိုးသားမှာလည်း ဖေဖေ့ တပည့် ဆရာဝန်တစ်ဦးပင် ဖြစ်သဖြင့် မြို့ကလေးမှ ဖေဖေ့ ဆေးခန်းတွင်ပင် ဆက်၍ထိုင်ဖြစ်လေသည်။

မောင့်ကျန်းမာရေးကောင်းလာချိန်တွင် မောင်နှင့် ဖေဖေတို့ မြို့ကလေးသို့ ပြန်လာခဲ့ကြသည်။ မောင်တို့သားအဖ၏ အပြန်ခရီးသည် မောင်ငါးနှစ်သားဘဝက

www.facebook.com/NyisayEbookCreator



ဖေဖေ နယ်ပြောင်းစဉ် သားအမိ၊ သားအဖ တစ်တွေ အသိုက်ပြောင်းကြသည့် ခရီးနှင့်ပင်အတန်ငယ်ဆင်တူသေးတော့ဟု မောင်ကထင်ယောင်မိသည်။

ထိုစဉ်က ပတ်ဝန်းကျင် အသစ်တစ်ခုအတွက် ရင်ခုန်ရသလိုမျိုး ယခု မောင့် စိတ်ဝယ်ခံစား နေရပြန်သည်။ ငယ်စဉ် ဘဝတုန်းကတော့ မောင်တို့ ပြောင်းရွှေ့ကြမည့် အိမ်အသစ်ကလေးကို စိတ်ကူးယဉ်၍ ကားပေါ်တွင် အိပ်ရွှေမရဖြစ်ရသည်။ အိမ်အသစ်ကလေးဆိုပါမှ မမနှင်းတို့မိသားစုကို မောင်ပို၍ သတိရနေပြန်သည်။ အထဲမှာရှိတုန်းကလည်း မေမေတို့မမတို့ ထောင်ဝင်စာ လာတွေ့တိုင်း မမနှင်းတို့ မိသားစုအကြောင်း မေးရ၏။ ရေရေရာရာ အဖြေမပေး နိုင်ကြပေ။ အခု ဖေဖေကို မောင်မေးချင်သော်လည်း ဟိုစပ်စပ်၊ သည်စပ်စပ် ကိစ္စများကို ဖေဖေသဘောကျပုံမရသဖြင့် မေးရကောင်းနိုး၊ မမေးရကောင်းနိုး ဖြစ်နေရသည်။ မအောင့်နိုင်တော့သည့် အဆုံးတွင်မှ မောင်က

"ဖေဖေ... မမနှင်းတို့ သားအမိကော ဖေဖေ့ ဆေးခန်းကို လာသေး လား"ဟု မေးလျှင်...

ဖေဖေက မဂ္ဂဇင်းစာအုပ်ကို သဲကြီးမဲကြီး ဖတ်နေရင်းက "အင်း"ဟု တစ်လုံးသာဖြေသည်။

"မမနှင်းရဲ့သား ပေါက်စကလေးကော အခြေအနေတိုးတက်ရဲ့လား ဖေဖေ"ဟု မောင်ကရှေ့ဆက်တိုးလိုက်လျှင်...

"အင်း... တစ်ခါလား... နှစ်ခါလားပဲ လာတယ်ထင်တယ်ကွ၊ ဖေဖေလည်း သိပ်မမှတ်မိတော့ဘူး၊ အခု သူတို့လည်း မရှိကြတော့ဘူးကွ"ဟု ဆိုကာ မဂ္ဂဇင်းကို ဆက်ဖတ်နေပြန်သည်။

ဩော်... ဒီသားအမိ ဘယ်များရောက်နေပြန်လဲ မသိဘူးဟု တွေးမိပြီး ဆက်လည်း မမေးဖြစ်တော့ချေ။

အိမ်ပြန်ရောက်လျှင် မေမေနှင့်မမက မောင့်ကို ဖက်၍ ငိုကြသည်။

"ဟော့... ဟော့... ဒါ မင်္ဂလာယူရမယ့် အချိန်၊ ဘာလို့ ငိုနေကြသတုန်း"ဟု ဖေဖေက ဟန့်လိုက်မှ အငိုရပ်ကာ မောင့်ကို ခေါင်းလျှော်ပေးကြ၏။ ကလေး တစ်ယောက်လို အရေးပေး၊ ဂရုစိုက်ကြ၏။

မောင်လည်း ယခုမှပင်မောင်တို့ မိသားစုဝင်များထဲမှ အငယ်ဆုံးလေး ဖြစ်သော မောင့်တူကလေးကို ချီပိုးခွင့်ရတော့၏။

မောင် အိမ်ပြန်ရောက်ပြီး နောက်တစ်နေ့တွင် မမနှင်းတို့သား အမိ အကြောင်း မမမှုရွှေရည် ကိုမေးရ၏။

www.facebook.com/NyisayEbookCreator



''ဟင်... မောင်လေးက မမနှင်တို့ အကြောင်း မသိသေးဘူးပေါ့ ဟုတ်လား''ဟု မမက တအံ့တသြ ဆိုသည်။

''အပြင်က သတင်းတွေ မောင်က ဘယ်လိုလုပ်သိမလဲ မမရယ်၊ မောင်က လောကကြီးနဲ့ ဆယ်နှစ်တိတိ အဆက်ပြတ်နေတဲ့ဟာကို''

မောင့်စကား အဆုံးတွင် မမ မှုံရွှေရည်က မပြောအပ်သည့် အကြောင်းအရာတစ်ခုကို မပြောချင်ဟန်ဖြင့် ပုခုံးတစ်ချက်တွန့်ကာ သက်ပြင်းချသည်။

''သူတို့ အရင်နေတဲ့ နေရာမှာ အခု မရှိတော့ဘူးပေါ့ ဟုတ်လား မမ''

မမက မောင့်ကို မျက်လုံးတစ်ချက်လှန်ကြည့်ရင်း

''အေး''ဟု တစ်လုံးထဲဖြေသည်။

မောင်က သိပ်စိတ်မရှည်ချင်တော့ တကယ်ဆို မမနှင်း... မှာ မမ မှုံရွှေရည်နှင့် ငယ်စဉ်ကတည်းက ညီအစ်မလို ပေါင်းခဲ့ကြသူများဖြစ်သည်။ ပြီးတော့ မောင် ဒုက္ခရောက်နေစဉ်က ကူညီခဲ့သည့် ကျေးဇူးရှင်လည်းဖြစ်ရာ မမနှင်းတို့ အပေါ်တွင် အခုလို အေးတိအေးစက်ပြုမူနေခြင်းကို မောင် သဘောမကျပေ။ မောင့်ကို မမနှင်းတို့နှင့်မဆက်ဆံစေချင်တာလားလည်းမသိ။ ဒါဆိုရင်တော့ မောင်ရှင်းရတော့မည်။

မောင်က မမ မှုံရွှေရည်၏ နံဘေးတွင် ဝင်ထိုင်လိုက်ပြီး

''မမရာ... နင်တို့ကလည်း ဘယ်လိုဖြစ်နေကြတာလဲ၊ မမနှင်း အကြောင်း မေးရင် ဖြေချင်သလို၊ မဖြေချင်သလိုနဲ့၊ သူတို့နိမ့်ကျနေတဲ့အချိန်မှာ အဲလို မဆက်ဆံသင့်ပါဘူး၊ မမတို့ ပုံစံက မောင့်ကိုပါ မမနှင်းတို့နဲ့ မဆက်ဆံစေချင်တဲ့ ပုံစံ ဖြစ်နေတယ်''ဟု ဒေါသသံ တစ်ပိုင်းဖြင့် ပြောလိုက်မိ၏။

မမ မှုံရွှေရည်က မောင့်ကိုပြုံး၍ကြည့်ရင်း

''အင်း... မောင်ကလည်းလေ... စိတ်ချည့်ပဲ။ အထဲက ထွက်လာမှ ထစ်ခနဲရှိ စိတ်တိုဖို့ပဲ ကြည့်နေတယ်။ ဖြည်းဖြည်းပေါ့ ငါ့မောင်ရယ်။ အခုမှ အပြင်ထွက်လာတဲ့ ငါ့မောင်ကို စိတ်မဆင်းရဲစေချင်လို့ပါ။ မောင်မေ့နေမလားလို့၊ မေ့နေပြီဆိုရင်လည်း မေ့လက်စနဲ့ မေ့ပါစေဆိုပြီး... မမတို့က ဘာမှမပြောကြတာ။ မောင်က မမေ့ဘူးဆိုတော့ ပြောရမှာပေါ့''

အရေးထဲ မမက အရှည်ကြီးရှင်းပြနေပြန်သည်။

''အေးပါမမရာ၊ ဖေဖေကတော့ ကားပေါ်တုန်းကပြောပါတယ်။ ဒီမြို့မှာ သူတို့ မရှိကြတော့ဘူးတဲ့။ ချင်းတောင်ကိုပြန်သွားကြတာလား၊ ဘယ်ကို ပြောင်းသွားကြတာလဲ ဆိုတာ မောင်သိချင်လို့ပါ''

www.facebook.com/NyisayEbookCreator



မမက မောင့်ကို ကြေကွဲ ဝေရီစွာကြည့်ရင်း...

"မဟုတ်ဘူး မောင် မမနှင်းတို့သားအမိနှစ်ယောက်လုံး ဆုံးပါးသွားတာ ကြာလှပြီ။ သူတို့ လူပြည်မှာ မရှိကြတော့ပါဘူး"

"ဗျာ"

မောင့်ဦးခေါင်းပေါ်မှ တိုန့်နဲ့ ဆံပင်အားလုံး ဖြောင်းခနဲ ထောင်မတ်၍ သွားရသည်။ မောင့် ခန္ဓာကိုယ်ကို ဖြတ်တိုက်နေသော လေတို့ပင် ရုတ်တရက် ရပ်တန့်သွားသလား ထင်လိုက်မိ၏။ စိတ်ရှည်လက်ရှည် ပြောပြနေသော မမ မှုံရွှေရည်၏ အသံတို့ကိုလည်း မောင်မကြားတစ်ချက်၊ ကြားတစ်ချက်ဖြင့် မူးနောက်နောက်၊ ရီဝေဝေ ရှိသည်။

ပေါက်စကလေးက အရင်သေသည်တဲ့။ မောင် အထိန်းအသိမ်းခံရပြီး တစ်နှစ်လောက်အကြာတွင် မမနှင်း အအေးမိပြီး ဖျားသည်တဲ့။ တစ်နေကုန် ပေပေတေတေ အဝတ်လျှော်လာခဲ့သမျှဒဏ်တွေ စုပြီး ခံရခြင်းဖြစ်သည်။ အဆုတ်ထဲကို ရေဝင်သည်တဲ့။ အသက်ရှူတွေကျပ်၊ ငါးလူးငါးပျံခံစားရပြီး၊ အိပ်ရာထဲ လဲနေတော့သည်။

မရီရီမြင့်က ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ ဖေဖေ့ကိုလာ အကြောင်း ကြားသဖြင့် ဖေဖေသွားကြည့်ပြီး ဆေးရုံတင်ပေးခဲ့ရသည်တဲ့။ ဆေးရုံမှာ တစ်လ လောက် ကုလိုက်ရသည်တဲ့။

မမနှင်း ဆေးရုံတက်နေရသောအချိန်တို့တွင် ပေါက်စကလေးမှာ လွတ်ချင် တိုင်း လွတ်၍ နေတော့သည်။ မမနှင်းမှာ ထိုင်ဖို့ထဖို့ပင် အနိုင်နိုင်အားယူနေရ သဖြင့် ပေါက်စကလေးကို ဆေးရုံခေါ်ထား၍လည်း မဖြစ်ပေ။ မမနှင်းအတွက် ဖေဖေတို့က သူနာပြုငှားပေးထားသော်လည်း သူနာပြုမှာ အရူးကလေးတစ်ယောက် ကိုတော့ ထိန်းကျောင်းနိုင်မည် မဟုတ်ရကား၊ ပေါက်စမှာ သူ့အိမ်တွင် သူတစ် ယောက်တည်း ဝုန်းဒိုင်းကြဲနေတော့သည်ပေါ့။

မရီရီမြင့်က ပေါက်စအား မနက်စာ၊ ညစာ ခေါ်၍ကျွေးသော်လည်း ကျပ်မပြည့်ရှာသူကလေးအား တစ်နေကုန် ဘယ်လိုထိန်းကျောင်းနိုင်မည်နည်း။ ပေါက်စကလည်း မမနှင်း၏ တစ်လက်ကိုင်ဖြစ်ရကား ဘယ်သူ့စကားကိုမှ နာခံ တတ်သူ မဟုတ်ပေ။

ဆာလာအိတ်တစ်လုံးစီ ကျောပိုး၍ သံချိတ်တပ်ထားသော တုတ်ချောင်း ကလေးများကိုင်ကာ တစ်လမ်းဝင်တစ်လမ်းထွက် လျှောက်သွားနေသော ပလပ်စ တစ် ကောက်သည့် ကလေးလေးများနှင့် တစ်နေကုန်လျှောက်လိုက်နေသည်တဲ့။

www.facebook.com/NyisayEbookCreator



တစ်ခါတရံ ဘူတာဘက်မှ တောင်းရမ်းစားသောက်သူများကြားတွင် မောင်ပေါက်စ တစ်ယောက်ထိုင်ကာ ထမင်းစားနေသည်ကိုပင် တွေ့သူကတွေ့ခဲ့ကြသတဲ့။

မမနှင်းခမျာ နေမကောင်း၍ လဲနေရသည့်ကြားထဲ ထိုသတင်းများကြားလျှင် ငရဲပြည်သို့ အရှင်လတ်လတ် ရောက်နေသလို ဖြစ်ရသည်။ ငါးရံ့ပြာလူးသကဲ့သို့ တဆန့်ငင်ငင်နှင့် အရုပ်ကြိုးပြတ်ဖြစ်ရသည်။

ကိုယ့်ခန္ဓာကိုယ်ကိုမှ မသယ်နိုင်သည့်ဘဝတွင် သားကလေးပေါက်စ လေလွင့်ပျက်စီးသွားမှာကို တွေးပူရင်း ဆေးရုံကုတင်ပေါ်တွင် လူးလိမ့်ညည်းတွား နေရှာသာ တတ်နိုင်ရာမည့် မမနှင်း၊ သားဇောနှင့်ဆေးရုံမှ ဖွတ်ဆင်းမည် လုပ်သည် တဲ့။ ဆေးရုံကုတင်ပေါ်မှ ဆင်းကာ သုံးလေးလှမ်းမျှ လှမ်းမိလျှင်ပဲ ခွေခေါက်ယိုင်နဲ့၍ ပုံပုံလဲကျပြန်သည်တဲ့။

မမမှုံရွှေရည်တို့ လူမမာမေးသွားပြန်လျှင် မမနှင်းက သူသေသွားခဲ့သော် ပေါက်စကလေးကို မွေးစားပါမည့်အကြောင်း မေမေတို့ကို ကတိတောင်းသေးသတဲ့။

သည်တစ်ဘဝလုံးလုံး၊ ကံကြမ္မာသည် မမနှင်းဘက်က ဘယ်တော့မှမရပ် တော့ဟုများ စိတ်ဒုံးဒုံးချထားပြီးပြီလားမသိချေ။

လောကကြီးအတွင်းသို့ တစ်ယောက်တည်းဝင်လာသော မမနှင်းအား ယခုလည်း တစ်ယောက်တည်းထားခဲ့ရန် အကြံပက်စက်၍နေပြန်ပြီတည်း။

ထိုနှစ်က မောင်တို့မြို့ကလေး၏အပူချိန်မှာ စံချိန်တင်သွားခဲ့သည်။ အပူပိုင်း မိုးခေါင်ရေရှားဒေသမို့ အခြားနေရာတို့ထက် အပူချိန်မြင့်မားရသည့်အထဲမှာ အပူလှိုင်းဖြတ်သည်ဆိုလား ကြုံရပြန်သဖြင့် အပူပိုကဲလာခဲ့သည်၊ ''ကဆုန်၊ နယုန် ဆွေ့ဆွေ့ခုန်''ဟူသော စကားစုမှာ လက်တွေ့ဖြစ်နေတော့၏။ အပူချိန် များလွန်းသဖြင့် အသက်ကြီးသော အဘိုးကြီး၊ အမယ်ကြီး၊ သက်ကြီးရွယ်အိုများ တဖြုတ်ဖြုတ် ကြွေကျကုန်သည်။

ကူးစက်တတ်သော ဝမ်းရောဂါများလည်း ဟိုရပ်ကွက်မှာဖြစ်လိုက်၊ သည်ရပ်ကွက်မှာဖြစ်လိုက်နှင့် သတင်းတွေကြားနေရသည်တဲ့။ ကာလဝမ်းရောဂါ ပုံစံမျိုးဖြစ်၍ မနေ့က ဆယ့်လေးငါးခါ ဝမ်းသွားသည်ဟု ကြားရသူတစ်ယောက် သည် ဒီနေ့ ရှိချင်မှရှိတော့သည်။ အိမ်တိုင်းရှိ ရေတွင်းရေကန်နှင့် သောက်ရေအိုး များထဲတွင် ရောဂါပိုးသတ်သောဆေးများ ခတ်၍ သုံးစွဲကြရတော့သည်တဲ့။

မမနှင်းထူထူထောင်ထောင်ဖြစ်ပြီး ဆေးရုံကဆင်းလို့မှ တစ်ပတ်မပြည့်ခင် ပေါက်စကလေးက ဝမ်းလျှော၍သေသည်တဲ့။ မမနှင်းဆေးရုံတက်နေစဉ် စားချင်

www.facebook.com/NyisayEbookCreator



ရာတွေစား သွားချင်ရာတွေ သွားခဲ့သော ပေါက်စတစ်ယောက်၊ အမေဆေးရုံက အဆင်းကို စောင့်ကာ သေလေသလားပင်မသိတော့ချေ။

''မမနှင်းဝဋ်ကျွတ်သွားတာပေါ့''ဟု ပြောတဲ့သူကပြောသည်။ ''ဒေးစွန်ပါ'' ဟု အမည်ရသော ဥစ္စာစောင့်သိုက်က သူညီအစ်ကိုမောင်နှမဥစ္စာစောင့်တွေ ပြန်ခေါ်သွားတာ ဟုဆိုသူကဆိုသည်။ ကလေးအသုဘမှာ လိုက်ပို့သူဆယ့်လေးငါးယောက်နှင့်ပင် ကိစ္စပြီးလိုက်ရသည်တဲ့။

ဘာပဲဖြစ်ဖြစ် အဲဒီနေ့ကစလို့ မမနှင်းသည် ဘယ်သူနဲ့မှ စကားမပြောတော့ပြီတဲ့။ ရိုက်ကြီးတငင်ငိုခြင်း၊ ပြုံးခြင်းလည်းမရှိတော့ဘဲ ငေးငိုင်တွေဝေ၍သာ နေတော့သည်တဲ့။

မောင် ဂျီကျသဖြင့် မပြောချင်ပြောချင်နှင့် ပြောပြနေရသော မမမှုံရွှေရည်သည်ပင် ဇာတ်ကြောင်းလှန်ကာ အတိတ်ကို ခင်းကျင်းနေရသဖြင့် မမနှင်းတို့သားအမိအပေါ် အမှတ်ရလာကာ မျက်ရည်တို့စို့လာရသည်။

''မမနှင်းဟာ သူ့အစီအစဉ်တွေကို ကြိုတင်စဉ်းစားပြီးမှ စနစ်တကျ လုပ်သွားတာပဲမောင်။ သူ ချင်းတောင်ကိုမပြန်ခင် တစ်ရက်က မမတို့အိမ်ကို လာနှုတ်ဆက်တယ်။

မမတို့ မေမေတို့လည်း အံ့သြနေတာပေါ့မောင်၊ အရင်ကဆို ဟိုဘက်အိမ်နဲ့ ရင်မဆိုင်ချင်လို့ မမဘယ်လိုပဲ ဖွတ်ခေါ်ခေါ် အိမ်ကိုမလိုက်တဲ့မမနှင်းဟာ မမတို့ အိမ်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလို့လေ။

သူမနက်ဖြန် ချင်းတောင်ကို ပြန်တော့မှာမို့ ဖေဖေနဲ့မေမေကို လာကန်တော့တာတဲ့လေ။ ဖေဖေတို့ကတော့ အားပေးတာပေါ့ ဘာအကူအညီပဲလိုလို အိမ်ကို ပြောဖို့ပေါ့။ မမနှင်းကြီးက ဘာပြန်ပြောလဲသိလားမောင်''

''ကျေးဇူးတင်ပါတယ် ဆရာနဲ့မမမိရယ်၊ ဒီဘဝမှာ ဆရာတို့ကျေးဇူးတွေကို ပြန်မဆပ်နိုင်ခဲ့ရင်တောင် နောင်ဘဝဆက်တိုင်း ပြန်ဆပ်ခွင့်ရပါစေလို့ ဘုရားမှာ အနှင်းဆုတောင်းပါတယ်။ အခုအနှင်းက အပြီးပြန်တော့မှာမို့လို့ မမမိတို့ကို လာကန်တော့တာပါ၊ အနှင်း ဒီမြို့ကို ဘယ်တော့မှ ပြန်လာဖြစ်မှာ မဟုတ်တော့ဘူး၊ အနှင်းချင်းတောင်မှာပဲ အပြီးနေတော့မှာပါ''တဲ့။

ပြီးတော့ နောက်ဆုံးအနေနဲ့သူ့ကို တစ်ခုကူညီပါဦးလို့လဲ မမနှင်းက မေမေ့ကို ပြောတယ်။ သူချင်းတောင်မသွားခင် ဟိုဘက်အိမ်က မေမေဒေါ်ခင်ခင်ကြီးကို ကန်တော့ချင်လို့ အဲဒါမမမိပြောပေးပါလို့ အကူအညီတောင်းတယ်။

ဖေဖေနဲ့မေမေတို့လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်စ

www.facebook.com/NyisayEbookCreator



ပစ်လိုက်ကြတယ်။ သူများမိသားစုကြား သိပ်မဝင်ချင်ကြဘူးလေ။ ပြီးတော့ မေမေကြီးက အသက်လည်းကြီး၊ စီးပွားကလည်း မရှာနိုင်တော့ဘူးဆိုတော့ မာန်ကျနေပြီ။ အေမီတို့ ကိုကိုဦးတို့က စီးပွားရေးကို ဦးဆောင်နေပြီဆိုတော့ သူတို့ကို ပြန်ကြောက်နေရသလို ဖြစ်နေတာ။ မေမေက အစတော့ ဖြစ်ပါ့မလားပေါ့၊ ရှုပ်ထွေးကုန်မှာ ကြောက်နေတယ်ထင်ပါရဲ့။ ဖေဖေကတော့ ပြတ်တယ်မောင်။

"ဟာ ဒါ… ကောင်းတာပေါ့၊ သားအမိတစ်တွေ ပြေလည်သွားရင် ပိုကောင်းတာပေါ့၊ ကဲ… ကဲ မိကသွားပြောပေးလိုက်ပါကွာ အနှင်းအိမ်မှာ ခဏထိုင်စောင့်"ဆိုပြီး မေမေ့ကို ဟိုဘက်အိမ်လွှတ်လိုက်တယ်။

အေမီတို့ ငြိုငြင်မှာ ကြောက်လို့လား မသိပါဘူး မောင်ရယ် မေမေကြီးကလည်း မမနှင်းကို ဟိုဘက်အိမ်ကိုမခေါ်ဘူး။ မေမေဟိုဘက်အိမ်က ပြန်လာတော့ မေမေကြီးကိုပါတွဲခေါ်လာတယ်။

အိမ်ပေါ်လည်းရောက်ရော သားအမိနှစ်ယောက်၊ တစ်ယောက်နဲ့ တစ်ယောက် စိုက်ပြီးငေးကြည့်နေလိုက်ကြတာ၊ အကြာကြီးမှအကြာကြီးပဲ မောင် ကျောက်ဆစ်ရုပ်တွေကျနေတာပဲ ပြုံးလည်းမပြုံး၊ မဲ့လည်းမမဲ့ဘဲ စိုက်ကြည့်နေကြတာ၊ သံယောဇဉ်ဆိုတာ ကြိုးတကာကြိုးထဲမှာ အခိုင်မြဲဆုံးဆိုတာ အဲဒီနေ့က မမယုံသွားတယ်။

ခဏနေတော့ မမနှင်းက မေမေကြီးရှေ့က ကြမ်းပြင်ပေါ်မှာ ပုဆစ်တုပ်ကလေးထိုင်ပြီး

"အမေတို့အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ကံသုံးပါးတို့နှင့် ပြစ်မှားကျူးလွန်မိခဲ့ပါက အနှင်းပြုမူခဲ့မိတဲ့ အပြစ်တို့အတွက် ကြေအေး ခွင့်လွှတ်ပေးပါ အမေ"လို့ ပြောပြီး မေမေကြီးရဲ့ ခြေဖမိုးပေါ်ကို သူနဖူးနဲ့ထိပြီး အကြာကြီး ဝပ်ချရှိခိုးတယ်။

မေမေကြီးကတော့ ဘာစကားမှ မပြောနိုင်ဘူး၊ တအိအိနဲ့ ငိုနေတော့ တာပဲ။ အကြာကြီးနေမှ တစ်ခွန်းထဲ ပြောနိုင်တယ်။

"နေနိုင်လိုက်တာ သမီးရယ်"တဲ့၊ နောက်တော့ မေမေကြီးက မမနှင်းကို ဖက်ထားတယ်။

မမလည်း သူတို့နှစ်ယောက်ကိုကြည့်ပြီး တစ်ဆို့ဆို့ကြီးဖြစ်လာတာနဲ့ အိမ်ရှေ့ကိုထွက်လာခဲ့တယ်။ မေမေကြီးက မမနှင်းကို အထုပ်တစ်ထုပ် ဖွင့်ပေးနေတာကိုလဲ မြင်လိုက်ရတယ်။ မမနှင်းငယ်ငယ်ကဝတ်ခဲ့တဲ့ လက်ဝတ်လက်စားတွေ နေမှာပေါ့။ ဒါပေမဲ့ ဘယ်လိုပဲပေးပေးမမနှင်းက မယူဘူး။ မေမေကြီးကိုပဲ

www.facebook.com/NyisayEbookCreator



ဖွတ်ပြန်ပေးတယ်။ နောက်တော့ မေမေကြီးလည်း လက်လျှော့လိုက်ပြီး အထုပ်ကလေးကို သူ့ရင်ဘတ်ထဲမှာ ဝှက်ပြီး ပြန်ထည့်သွားရတော့တာပဲ။

အဲဒါ မမနှင်းကို နောက်ဆုံးတွေ့လိုက်ရတာပဲ မောင်။ နောက်တစ်ရက်နှစ်ရက်လောက် သူ့အသိအကျွမ်းတွေ အားလုံးကိုလိုက်နှုတ်ဆက်ပြီး ချင်းတောင်ကို သူထွက်သွားတာပဲ။ သူ့ဘာလုပ်တော့မယ်ဆိုတာ မမနှင်းက သူ့ဘာသာသူ ဆုံးဖြတ်ပြီးသား ထင်ပါရဲ့မောင်။ ဒါပေမဲ့... ချင်းတောင်အထိတောင် မမနှင်း ရောက်မသွားနိုင်ရှာပါဘူး မောင်ရယ်၊ ချင်းတောင် မရောက်ခင် လမ်းခရီးမှာ ကလေးဝဆိုတဲ့ မြို့လေးတစ်မြို့ရှိတယ်တဲ့။ အဲဒီမြို့မှာ အရင်ကလည်း မမနှင်းတို့ ညအိပ်နေကျ တည်းခိုနေကြတဲ့။ အဲဒီမြို့လေးမှာပဲ မမနှင်းဟာ သူ့ဘဝသူ ဇာတ်သိမ်းလိုက်တယ်တဲ့ မောင်။ ချင်းတွင်းမြစ်ထဲကို ခုန်ချသွားသတဲ့မောင်ရယ်။

မမမှုံရွှေရည်၏ စကားမဆုံးခင်မှာပင် မောင်က တစ်စုံတစ်ခုကို ဆုံးဖြတ်၍ ပြီးသွားပြီဖြစ်သည်။ မောင်ကလေးဝဘက်ဆီသို့ ခရီးထွက်မည်။ တစ်ဘဝလုံး အခြားသူများအဆင်ပြေစေရေးအတွက် ပေးဆပ်ခြင်းဖြင့်သာ အသက်ရှင်ရပ်တည်ခဲ့ရသော မမနှင်းမှာ သူ့အတွက်ကျတော့ နောက်ဆုံးခြေရာကျန်ရစ်ခဲ့သော နေရာတွင် သပိတ်သွတ်ပေးမည့်သူပင် မရှိဖြစ်ရှာမည်။ ဒုက္ခဆင်းရဲခြင်းတို့ဖြင့်သာ ဟုန်းဟုန်းတောက်ခဲ့ရသော အတိတ်ဘဝအား တစ်ဝဲလည်လည်ဖြစ်ကာ မကျွတ်မလွတ်နိုင်ဘဲ သံသရာဝဲကတော့တွင် ရစ်ပတ်ငြိတွယ်နေတော့မည်။ နောင်ဘဝဟူသည် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကုသိုလ်ကောင်းမှုတို့ ပြုလုပ်၍ မမနှင်းအတွက် အမျှဝေချင်ပါသေးသည်။ မမနှင်း။

သည်လိုနှင့်ပင် မန္တလေးအထိကားစီးပြီး မန္တလေးမှ မော်တော်စီးကာ ကလေးဝသို့ မောင်ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ခဲ့ရတော့သည်တည်း။

www.facebook.com/NyisayEbookCreator

# အခန်း (၁၉)

ဘဝဟူသည် ပြဋ္ဌာန်းပြီးသားစာအုပ်တစ်အုပ် ဖြစ်သည်လို့တော့ မောင်က မယုံကြည်နိုင်ပါ မမနှင်း၊

လွန်ခဲ့သောဘဝတို့မှ အကျိုးဆက်သည် အဖန်ငါးရာ ငါးကမ္ဘာအထိ လိုက်လံနှောင့်ယှက်တတ်သည် ဖြစ်၍ မမနှင်းခမျာ မငြင်းသာတော့ဘဲ သေမင်း၏ လမ်းပြခေါ်ဆောင်ရာကို ခေါင်းမခါဖြစ်ခဲ့လေသလား။

ဘဝတစ်လျှောက်လုံး ပူပြင်းလောင်မြိုက်ခဲ့ရသည့် သောကမီးခဲအား အေးမြသော ချင်းတွင်းမြစ်ရေအလျှင်ဝယ် ငြိမ်းသတ်ရန် ချောက်ကမ္ဘားစွန်းမှ ခုန်ချသက်ဆင်းခဲ့လေသလား။

ဘဝတစ်ခုလုံးကို မိမိစိတ်တိုင်းကျ အဆုံးသတ်လိုက်ခြင်းမှာ ဤမျှ လွယ်ကူခဲ့ပါသလား လို့တော့ မမနှင်းကို မောင်အပြစ်မတင်ရက်တော့ပါလေ။

မမနှင်းကြုံတွေ့ခဲ့ရသော ဒုက္ခဆင်းရဲမှု အစုအပုံတို့မှာ သေမည်ဆိုလျှင်ပင် သေရန်လုံလောက်နေသော အကြောင်းပြချက်တို့ပင်တည်း။

ထိုနေ့ညသည် လပြည့်ညဖြစ်သည်တဲ့။ တောင်ပေါ်ဒေသဖြစ်၍ လရောင် ၏ ဖိတ်ဖိတ်ယို ရွှန်းစိုမှုကို ပြည့်ပြည့်ဝဝရပေလိမ့်မည်။

လရောင်ဖွေးဖွေး၊ ညရေးပြာပြာအောက်ဝယ် ချောက်ကမ္ဘားစွန်းသို့ တစ်လှမ်းခြင်း ရွေ့လျားနေခဲ့သည့် မမနှင်း၏ ခြေလှမ်းတို့မှာ တုံ့နှေးလေးလံနေပါ သလား၊ လျှင်မြန်သွက်လက်၍ နေပါသလား၊ ရုပ်ခန္ဓာနှင့် သိစိတ်အလျှင်တို့ ကြိုးကျစ်သလို ယှက်လိမ်ရှင်သန်ရသည့် လူ့ဘဝ၏ဟိုဘက်ကမ်းတွင် သည့်ထက် ပိုမိုကောင်းမွန်ခန့်ညားသည့်ဘဝများစွာ ရှိလိမ့်မည်ဟူ၍များ မမနှင်း ယုံကြည်မိ

www.facebook.com/NyisayEbookCreator



ခဲ့ပါသလား။ ဘာပဲဖြစ်ဖြစ် သေခြင်းတရားကတော့ အမှားမခံတတ်ပါချေ။ တစ်ကြိမ်တစ်ခါ မိုက်မှားမိသူကလေးရယ်လို့လည်း စာနာသနားတတ်မည်မဟုတ်ပါချေ။

မမနှင်း ဘယ်အချိန်က ဘယ်လိုခုန်ချကာ သေဆုံးသွားခဲ့သည်ရယ်လို့လည်း သိသူ၊ မြင်သူ မရှိခဲ့ဘူးတဲ့။ ဘယ်နေရာ၊ ဘယ်အချိန်မှာ မွေးဖွားခဲ့မှန်းမသိသူ တစ်ဦးအတွက်တော့ ဘယ်အချိန်တွင် ဘယ်လိုသေဆုံးသွားမှန်း မသိရခြင်းသည် မထူးဆန်းပါလေတော့။

ကမ္ဘားစွန်းတွင် ယှဉ်၍ ချွတ်ထားခဲ့သော ကတ္တီပါဖိနပ်အနက်ကလေးတစ်ရံသည်သာ မမနှင်း၏ဘဝခရီးလမ်းဆုံးအတွက် သဲလွန်စဖြစ်တော့သည်။

သတိရလို့မှ အလွမ်းပြေလာကြည့်စရာ မြေပုံမို့မို့ မရှိ၊ အမှတ်တရ ပန်းစည်း ချစရာ အေးစက်သော အင်္ဂတေ အုတ်ဂူမရှိ၊ လူဘဝ၏ ဗလာဖြစ်ခြင်းနှင့်အနှစ်သာရကင်းမဲ့မှုတို့အား နမူနာပြစရာ ရုပ်ခန္ဓာပင် မချန်ထားရစ်လေသော မမနှင်းပေတကား။

သေသွားမှတော့လည်း လမ်းကဆုံးနေချေပြီ။ မရေရာ၊ မသေချာသော နောင်ဖြစ်လတ္တံ့သောဘဝတို့အတွက်သာ ရည်စူး၍ကုသိုလ်ကောင်းမှုတို့ပြုကာ အမျှဝေရတော့သည်ပေါ့။ လောကတွင် အတည်မြဲဆုံးအရာကား အတိတ်ကာလပင်ဖြစ်တော့သည် ဆိုသည့်အတိုင်း အစဉ်တည်မြဲနေတော့မည်ဖြစ်သော မောင်တို့၏လွမ်းဆွတ်ဖွယ်အတိတ်ကာလများတွင်သာ အာရုံကိုကျက်စား၍ မမနှင်းအား ရှာဖွေရတော့မည်ပေါ့။

မမနှင်းနောက်ဆုံး မတ်တပ်ရပ်သွားခဲ့သော ကမ္ဘားစွန်းကလေးပေါ်တွင် မောင်လည်း ယခုရပ်နေမိပြီ။ မောင်ရွတ်ဖတ်နေခဲ့သော ပရိတ်တရားတော်တို့မှာလည်း အဆုံးပုဒ်သို့ ရောက်ရှိလေပြီ။။ မောင့်ဘေးပတ်ပတ်လည်မှ ဝန်းကျင်တစ်ခုလုံး နှင်းမှုံတို့ဖြင့် အေးစက်သိပ်သည်းလျက်ရှိ၏။ နှင်းတွေက တစ်ထပ်တည်းကျနေတာလည်းမဟုတ် ပါးလျားလိုက် ထူထပ်လိုက်ဖြင့် နှစ်ထပ်၊ သုံးထပ်ကျနေသည်။

အပေါ်ဆုံးအထပ်မှ နှင်းလွှာကို အလင်းငွေ့ငွေ့ဖြတ်သန်းရာမှ အောက်က နှင်းထုပေါ်တွင် အရိပ်ထင်သလို မှုံတစ်ရေးရေးစွန်းထင်းသည်။ ထိုနှင်း၏ အရိပ်ပေါ်တွင် မမနှင်း၏ ပုံရိပ်တို့သည် ရေလှိုင်းများမဟာ လှုပ်ရှားနေကြ၏။

နေဝင်တော့မည်။ မောင်လည်းအိမ်ကို ပြန်ရတော့မည်။ ဘဝအသစ်တစ်ခုကို စတင်ရန်ပြန်လည်အားယူရတော့မည်။ ကမ္ဘားစွန်းအား ကျောခိုင်း၍ ခြေလေး

www.facebook.com/NyisayEbookCreator



ငါးလှမ်းလှမ်းမီလျှင် ဆွတ်ပျံ့မွှန်ဝါးသော နှင်းထုတို့ကြားမှ ခပ်သင်းသင်းရနံ့တစ်ခု ကို မောင် ရှူရှိုက်မိသည်။

ဧကရာဇ်ပန်းရနံ့။

နောက်သို့ မောင်ပြန်လှည့်မကြည့်မိတော့ပါချေ။

တသွင်သွင် စီးဆင်းနေသော ချင်းတွင်းမြစ်၏ အော်ဟစ်ကြုံးဝါးသံတို့မှာ တဖြည်းဖြည်းဝေး၍ဝေး၍ ကျန်ရစ်ခဲ့သည်။

နှင်းတို့ကဖြင့် ပြာမှောင်လွှမ်းလှပါသည်လေ။

မောင်ရှင်စော

❐

www.facebook.com/NyisayEbookCreator




640004876
Price : 2000.00 K
နှင်းရိုပ်ပြာမှောင်(မောင်ရှင်စော)